# သမ္မာကျမ်း၏သော့ချက်များ

# THE BIBLE KEYS

J.C. Choate

## စာရေးသူ၏အမှာစာ

ဤစာစဉ်ကို ၁၉၆၂ ခုနှစ်၊ ပါကစ္စတန်ပြည်၊ လာဟောမြို့တွင် ပြင်ဆင်မှုကို ကျွန်တော်ပြုပါသည်။ နောက်ပိုင်းတွင် ကရာချိမြို့၌ စ၍သင်ခန်းစာ(၃၀)ပါသော စာပေးစာယူ သင်ခန်းစာအသွင်ရိုက်နှိပ်ခဲ့ပါသည်။ နှစ်အတန်ကြာသော် တစ်ပြည်လုံးတွင် ကျယ်ပြန့်စွာအသုံးချလာခဲ့ပါသည်။ အိန္ဒိယပြည်တွင် စာအုပ်အသွင်သို့ ရိုက်နှိပ်ခဲ့ပါသည်။

သမ္မာကျမ်း၏သော့ချက်များ၊ စာပေးစာယူသင်ခန်းစာများဟု ခေါ်ဆိုသည့်အတိုင်း ဖတ်ရှုလေ့လာသူတို့အား ဘုရားသခင်၏နှုတ်ကပတ်တော်နှင့် ရင်းနှီးရသောအခွင့်၊ ခရစ်တော်နှင့် သူ၏အသင်းတော်ကို သိကျွမ်းရသောအခွင့်၊ ကယ်တင်ခြင်းအကြောင်းသိရှိနားလည်နိုင်သော အခွင့်တို့ကိုပြင်ဆင်ပေးပါသည်။ စာအုပ်အသွင်ရိုက်နှိပ်ထုတ်ဝေသော်လည်း သင်ခန်းစာများအနေဖြင့် အသုံးပြုရန် သင့်တော်ပါသည်။

ပတ်ဝန်းကျင်၏ လိုအပ်ချက်များသည် စတင်ပြင်ဆင်သည့်အချိန်မှစ၍ ယနေ့အထိပါဝင်သောစာစဉ်များ အကျုံးဝင်နေသေးသဖြင့် ယနေ့ထပ်မံရိုက်နှိပ်ထုတ်ဝေရပါသည်။ ဤစာအုပ်ကို သမ္မာကျမ်းစာ၏ အလင်းရောင်၌ ဖတ်ရှုလေ့လာပါရန် မေတ္တာရပ်ခံပါသည်။ ဖတ်ရှုသူများအပေါ်သမ္မာတရား၏ အလင်းရောင်များ ကျရောက်သိရှိနိုင်ရန်၊ စာရေးသူ ဆုတောင်းအပ်ပါသည်။

ကျွန်တော်တို့များ ရှေ့လျှောက်အကူအညီပေးနိုင်မည့် အရာများရှိလျှင် လွတ်လပ်စွာဆက်သွယ်နိုင်ပါသည်။

J.C. Choate
Burton Drive
Winona, Mississippi
U.S.A.

# ဘာသာပြန်သူ၏အမှာစာ

စာရေးသူ J. C. Choate သည် ၁၉၃၂ ခုနှစ်၊ မစ္စစပီပြည်နယ် ဘမ်းစပေး(လ်)မြို့တွင် ဖွားမြင်ပြီး အလ်ဗားမားနှင့် မစ္စစပီနယ်တို့မှ ကျမ်းစာကျောင်း၊ ကျမ်းစာကောလိပ်များတွင် ဘွဲ့များရယူပြီး အဆိုပါဒေသများနှင့် မင်နီဆိုတာတစ်ဝိုက်တွင် ဘုရားသခင်အတွက် အမှုဆောင်ရွက်ခဲ့၏။ ဘုရားသခင်ဘက်၌ အားကြီးသူ Betty နှင့် ၁၉၅၅ခုနှစ် ဩဂုတ်လတွင် အိမ်ထောင်ကျကာ Darla, Sheila, Steve နှင့် Shannon တို့ ထွန်းကားလာခဲ့သည်။ ၁၉၆၂ ခုနှစ်မှစ၍ နယ်မြေရပ်ခြားအမှုတော်ဆောင်ရာ ပါကစ္စတန်၊ သီရိလင်္ကာနှင့် အိန္ဒိယတို့တွင် ကျယ်ပြန့်စွာဝိညာဉ်ရေး ကယ်တင်သောအမှုကို ရေဒီယို၊ စာပေ စသည်များနှင့်တကွ သစ္စာရှိစွာဖြင့် ဆောင်ရွက်လျက်ရှိပါသည်။

လူပေါင်းများစွာကို သမ္မာကျမ်းနှင့် ရင်းနှီးစေခြင်း၊ ခရစ်တော်ကို သိကျွမ်းခွင့်ရစေခြင်း၊ ခရစ်တော်တည်ဆောက်သော ခရစ်တော်၏ အသင်းတော်ကို သိကျွမ်းရခြင်းနှင့် ကယ်တင်ခြင်းလမ်းကြောင်းကို သိမြင်စေပြီး လျှောက်လှမ်းစေခဲ့ရုံမက ယုံကြည်သူတွေဟု ခေါ်ဝေါ်သော လောကတွင် ကွဲပြားသော ယုံကြည်ချက်များနှင့် ကျမ်းစာသွန်သင်ချက်များကို ဝေခွဲ၊ ဆင်ခြင်သုံးသပ်နိုင်ရန် သိမြင်စေသော ဤစာအုပ်ကို

မြန်မာဘာသာဖြင့် လေ့လာခွင့်ရစေရန် ခွင့်ပြုသူစာရေးဆရာရှင်ကို အထူးကျေးဇူးတင်လျက် ဘုရားသခင်ဂုဏ်တော်ကို ချီးမွမ်းအပ်ပါသည်။

သမ္မာကျမ်းလေ့လာသူတိုင်း ဤစာအုပ်ကို လက်ကိုင်အနေနှင့် ထားရှိပြီး ကျမ်းစာအလင်း၌ လေ့လာသင့်ပါသည်။ ဘုရားသခင်ခွင့်ပြုလျှင် နောင်များတွင် ထပ်မံ၍ ဤကဲ့သို့သော ထူးခြားကောင်းမွန်သည့်၊ ကျမ်းစာသင်ယူရာတွင် အကူပေးသည့်စာအုပ်ကောင်းများ ထွက်လာပေဦးမည်။

သမ္မာကျမ်းစာ သွန်သင်ချက်များ၊ အကြောင်းအချက်အလက်များနှင့် ပတ်သက်၍ ပိုမိုသိလိုပါက အောက်ပါလိပ်စာအတိုင်း လွတ်လပ်စွာ ဆက်သွယ်မေးမြန်း ဆွေးနွေးနိုင်ပါသည်။

ဂျော့အာချပ်

(George Achard)

၃၈၁၃၊ နွယ်နီ(၉)လမ်း၊ 'င'ရပ်ကွက်၊

မြောက်ဥက္ကလာပမြို့နယ်၊ရန်ကုန်။

# မာတိကာ


| စဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| ၁။ | သမ္မာကျမ်းစာနှင့်မိတ်ဆက်ခြင်း | ၁ |
| ၂။ | ဘုရားသခင်နှင့် ဖန်ဆင်းတော်မူခြင်း | ၇ |
| ၃။ | မောရှေ၏ပညတ်ချက်များ | ၁၃ |
| ၄။ | ခရစ်တော်ကြွလာခြင်း | ၁၉ |
| ၅။ | အသင်းတော်တည်ထောင်ခြင်း | ၂၅ |
| ၆။ | အသင်းတော်၏အနက်ဖွင့်ဆိုချက် | ၃၁ |
| ၇။ | အသင်းတော်စုစည်းပုံ | ၃၆ |
| ၈။ | အသင်းတော်၏လုပ်ငန်း | ၄၁ |
| ၉။ | အမည်နာမ | ၄၇ |
| ၁၀။ | ခရစ်တော်၏ဧဝံဂေလိတရား | ၅၃ |
| ၁၁။ | ကြားနာခြင်း | ၅၉ |
| ၁၂။ | ယုံကြည်ခြင်း | ၆၄ |
| ၁၃။ | နောင်တတရား | ၇၁ |
| ၁၄။ | ဝန်ခံခြင်း | ၇၇ |
| ၁၅။ | ဗတ္တိဇံ | ၈၂ |
| ၁၆။ | ဝတ်ပြုကိုးကွယ်ရာနေ့ရက် | ၈၉ |
| ၁၇။ | နှစ်သက်လက်ခံတော်မူဖွယ်သောဝတ်ပြုခြင်း | ၉၅ |
| ၁၈။ | သမ္မာကျမ်းစာလေ့လာခြင်း | ၁၀၁ |
| ၁၉။ | ဆုတောင်းခြင်း | ၁၀၈ |
| ၂၀။ | သီချင်းဆိုခြင်း | ၁၁၄ |

| စဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| ၂၁။ | ပွဲတော်မင်္ဂလာ | ၁၂၀ |
| ၂၂။ | ပေးလှူခြင်း | ၁၂၆ |
| ၂၃။ | ခရစ်ယာန်အသက်တာ | ၁၃၁ |
| ၂၄။ | လမ်းလွဲသောခရစ်ယာန် | ၁၃၇ |
| ၂၅။ | အစာရှောင်ခြင်း | ၁၄၃ |
| ၂၆။ | မင်္ဂလာဆောင်ခြင်း | ၁၄၉ |
| ၂၇။ | ဘာသာရေးဆိုင်ရာနေ့ရက်များ | ၁၅၅ |
| ၂၈။ | ဘာသာရေးဆိုင်ရာဘွဲ့နာမများ | ၁၆၁ |
| ၂၉။ | မှားယွင်းသောသွန်သင်ချက်များ | ၁၆၇ |
| ၃၀။ | သမ္မာကျမ်းစာ၏အခြေခံသွန်သင်ချက်များ | ၁၇၄ |

# အခန်း - ၁

## သမ္မာကျမ်းစာနှင့် မိတ်ဆက်ခြင်း

"သမ္မာကျမ်းစာ" ဟူသည်မှာ "စာအုပ်" ပင်ဖြစ်သည်။ ဤစာအုပ်မှာ ကမ္ဘာပေါ်၌ အကြီးမြတ်ဆုံးစာအုပ်ဖြစ်သည်။ အရောင်းရအတွင်ကျယ်ဆုံးလည်းဖြစ်သည်။ စင်စစ်များလှစွာသောကျမ်းများ စုပေါင်းထားခြင်းသာဖြစ်သည်။ သမ္မာကျမ်းစာကို(၂)ပိုင်းခွဲထားပါသည်။ ဓမ္မဟောင်းနှင့် ဓမ္မသစ်ကျမ်းဖြစ်သည်။ ဓမ္မဟောင်းကျမ်းသည် ရှေးလူတို့အတွက်ဘုရားသခင်၏ ပညတ်တော်များ၊ ထုံးစံဟောင်းများ၊ ဝိနည်းအထုံးအဖွဲ့များကို သွန်သင်ထားပြီး ဓမ္မသစ်ကျမ်းကမူ ပထမရှေးဟောင်းပညတ်တို့အစား ပညတ်သစ်၊ ဝိနည်းသစ်များကို သွန်သင်ထားပါသည်။

သမ္မာကျမ်းစာသည် စာအုပ်(၆၆)အုပ် စုပေါင်းထားခြင်းဖြစ်၍၊ ဓမ္မဟောင်းကျမ်း(၃၉)ကျမ်းနှင့် ဓမ္မသစ်ကျမ်း(၂၇)ကျမ်းပါဝင်၏။ ဓမ္မဟောင်းကျမ်းကို အောက်ပါအတိုင်းခွဲခြားထားပါသည်။ ပထမကျမ်း(၅)ကျမ်းမှာ ပညတ်ကျမ်းများဟုခေါ်သည်။ မောရှေ၏ ကျမ်းများဟုလည်းခေါ်သည်။ ၎င်းတို့မှာ - (၁)ကမ္ဘာဦးကျမ်း၊ (၂)ထွက်မြောက်ရာကျမ်း၊ (၃)ဝတ်ပြုရာကျမ်း၊ (၄)တောလည်ရာကျမ်း၊ (၅)တရားဟောရာကျမ်းများဖြစ်၏။ ၎င်းနောက် ဣသရေလသမိုင်းကျမ်း(၁၂)ကျမ်းပါဝင်၏။ ၎င်းတို့မှာ - (၁)ယောရှုမှတ်စာ၊ (၂)တရားသူကြီးမှတ်စာ၊ (၃)ရှုသဝတ္တု၊

(၄) ဓမ္မရာဇဝင်ပထမစောင်၊ (၅) ဒုတိယစောင်၊ (၆)တတိယစောင်၊ (၇)ဓမ္မရာဇဝင်စတုတ္ထစောင်၊ (၈)ရာဇဝင်ချုပ်ပထမစောင်၊ (၉)ရာဇဝင်ချုပ် ဒုတိယစောင်၊ (၁၀)ဇေရမှတ်စာ၊ (၁၁)နေဟာမိမှတ်စာ၊ (၁၂)သေတာ ဝတ္ထု တို့ဖြစ်၏။

၄င်းနောက် ကဗျာလင်္ကာဆိုင်ရာကျမ်း(၅)ကျမ်းပါဝင်၏။ (၁) ယောဘဝတ္ထု၊ (၂)ဆာလံကျမ်း၊ (၃)သုတ္တံကျမ်း၊ (၄)ဒေသနာကျမ်း၊ (၅)ရှောလမုန်သီချင်းတို့ဖြစ်၏။ ကျန်(၁၇)ကျမ်းသည် ပရောဖက်အနာဂတ္တိကျမ်းများဖြစ်၍ ၄င်းတို့ကိုလည်း (၂)ပိုင်းပိုင်းထားပါသည်။ အဓိက ကျသော ပရောဖက်ကျမ်း(၅)ကျမ်းမှာ – (၁)ဟေရှာယအနာဂတ္တိကျမ်း၊ (၂)ယေရမိအနာဂတ္တိကျမ်း၊ (၃)ယေရမိမြည်တမ်းစကား၊ (၄)ယေဇကျေ လအနာဂတ္တိကျမ်း၊ (၅)ဒံယေလအနာဂတ္တိကျမ်း တို့ဖြစ်၏။

သာမန်ပရောဖက်ကျမ်းများမှာ – (၁)ဟောရှေအနာဂတ္တိကျမ်း၊ (၂)ယောလအနာဂတ္တိကျမ်း၊ (၃)အာမုတ်အနာဂတ္တိကျမ်း၊ (၄)သြဗဒိ အနာဂတ္တိကျမ်း၊ (၅)ယောနဝတ္ထု၊ (၆)မိက္ခာအနာဂတ္တိကျမ်း၊ (၇)နာဟုံ အနာဂတ္တိကျမ်း၊ (၈)ဟဗက္ကုတ်အနာဂတ္တိကျမ်း၊ (၉)ဇေဖနိအနာဂတ္တိ ကျမ်း၊ (၁၀)ဟဂ္ဂဲအနာဂတ္တိကျမ်း၊ (၁၁)ဇာခရိအနာဂတ္တိကျမ်း၊ (၁၂) မာလခိအနာဂတ္တိကျမ်း တို့ဖြစ်၏။

ဓမ္မသစ်ကျမ်းတွင်လည်း ပိုင်းခြားထားသော ကဏ္ဍများရှိပါသည်။ ပထမကျမ်း(၄)ကျမ်းမှာ သခင်ယေရှုခရစ်တော်၏ အတ္ထုပ္ပတ္တိကျမ်းများ ဖြစ်၍ ရှင်မဿဲ၊ ရှင်မာကု၊ ရှင်လုကာ၊ ရှင်ယောဟန် တို့ဖြစ်၏။ ခရစ်ယာန်သမိုင်းကြောင်းကျမ်းအနေနှင့် တမန်တော်ဝတ္ထုရှိ၏။ ၄င်း နောက် ကျမ်း(၂၁)ကျမ်းမှာ သြဝါဒစာများဖြစ်၍ ခရစ်ယာန်အသက်ရှင်

ခြင်းဆိုင်ရာ လမ်းညွှန်ကျမ်းများဖြစ်၏။ ၎င်းတို့မှာ - (၁)ရောမသြဝါဒစာ၊ (၂)ကောရိန္သုသြဝါဒစာ(ပ)၊ ကောရိန္သုသြဝါဒစာ(ဒု)၊ (၃)ဂလာတိသြဝါဒစာ၊ (၄)ဧဖက်သြဝါဒစာ၊ (၅)ဖိလိပ္ပိသြဝါဒစာ၊ (၆)ကောလောသဲသြဝါဒစာ၊ (၇)သက်သာလောနိတ်သြဝါဒစာ(ပ)၊ (၈)သက်သာလောနိတ်သြဝါဒစာ(ဒု)၊ (၉)တိမောသေသြဝါဒစာ(ပ)၊ (၁၀)တိမောသေသြဝါဒစာ(ဒု)၊ (၁၁)တိတု၊ (၁၂)ဖိလေမုန်၊ (၁၃)ဟေဗြဲသြဝါဒစာ၊ (၁၄)ရှင်ယာကုပ်သြဝါဒစာ၊ (၁၅)ရှင်ပေတရုသြဝါဒစာ(ပ)၊ (၁၆)ရှင်ပေတရုသြဝါဒစာ(ဒု)၊ (၁၇)ရှင်ယောဟန်(ပ)၊ (၁၈)ရှင်ယောဟန်သြဝါဒစာ(ဒု)၊ (၁၉)ရှင်ယောဟန်သြဝါဒစာ(တ)၊ (၂၀)ရှင်ယုဒသြဝါဒစာတို့ဖြစ်၏။ နောက်ဆုံးတွင် နောင်ဖြစ်လတ္တံ့သောအရာတို့ကို ဖော်ပြသည့်ဗျာဒိတ်ကျမ်းရှိ၏။

သမ္မာကျမ်းစာသည် လူပေါင်းများစွာ၊ အလွှာပေါင်းများစွာ၊ နှစ်ပေါင်းကွာခြားမှုများစွာဖြင့် ရေးသားထားသော်လည်း အကြောင်းအရာတူညီမှု တစ်ခုတည်းသာရှိပြီး ဆက်စပ်ပေါင်းစည်းမှုမှာ အံ့သြလောက်ဖွယ်ရှိ၏။ တစ်ကျမ်းနှင့်တစ်ကျမ်း ဆန့်ကျင်ခြင်းလုံးဝမရှိ။ ဤအချက်ကကျမ်းစာသည် ဘုရားသခင်စီရင်တော်မူခြင်းဖြစ်၍ ဝိညာဉ်တော်အားဖြင့် ရေးသားရန် ညွှန်ကြားထားကြောင်း ထင်ရှားပါသည်။ ကမ္ဘာပေါ်၌ ဤသို့စုစည်းညီညွတ်သော စာအုပ်ရှိနိုင်ပါမည်လား။

သမ္မာကျမ်းစာသည် လူသားတို့အစကိုဖော်ပြ၍ လောက၌ လူဖြစ်ရခြင်း၏ ရည်ရွယ်ချက်၊ နောက်ဆုံးတမလွန်၌ သွားရမည့်အခြေကိုပင် ပေးထားပါ၏။ လူတို့၏ ကောင်းသောရှုထောင့်ကိုသာမက ဆိုးသောရှုထောင့်များကိုပါ ဖော်ပြထားပါသည်။

ဤသမ္မာကျမ်းစာအားဖြင့် ကျွန်ုပ်တို့၏ အတိတ်၊ ပစ္စုပ္ပန်၊ အနာဂတ်(၃)မျိုးကို သိမြင်နိုင်ပါသည်။ ပရောဖက်တို့၏ ဗျာဒိတ်စကားများသည် ပြည့်စုံခဲ့ပြီးဖြစ်၏။ သို့သော် ကျန်ကြွင်းသော မပြီးပြည့်စုံသေးသော ကတိတော်များလည်းရှိသေး၏။ ၄င်းတို့လည်း ကာလအချိန်တန်သော် ပြည့်စုံမည်မှာ ယုံမှားစရာအကြောင်းမရှိပါ။

တမန်တော်ကြီး ရှင်ပေါလုက - "ထိုကျမ်းစာရှိသမျှသည် ဘုရားသခင်မှုတ်သွင်းတော်မူသောအားဖြင့်ဖြစ်၍ ဘုရားသခင်၏လူသည် စုံလင်သောသူ၊ ကောင်းသောအမှုအမျိုးမျိုးတို့ကို ပြုစုခြင်းအလို့ငှာ ပြင်ဆင်သောသူ ဖြစ်မည်အကြောင်း ဩဝါဒပေးခြင်း၊ အပြစ်ကိုဖော်ပြခြင်း၊ ဖြောင့်မတ်စွာပြုပြင်ခြင်း၊ တရားကိုသွန်သင်ခြင်း ကျေးဇူးများတို့ကို ပြုတတ်၏။" (၂တိ ၃း၁၆-၁၇)

ကျမ်းစာသည် ဘုရားသခင် မှုတ်သွင်းတော်မူခြင်းဖြင့် ပြည့်စုံ၏။ ဘုရားရှင်ထံမှလာသော စကားတော်များဖြစ်၏။ ဘုရားရှင်၏ နှုတ်ကပတ်တော်ဖြစ်၏။ ထို့ကြောင့်လူကို ပြည့်စုံသော ညွှန်ကြားချက်များပေး၍ လူသည်လိုက်နာရန် တာဝန်ရှိပါသည်။

သခင်ယေရှုက (ယော ၈း၃၂၊ ၁၇း၁၇)တွင် နှုတ်ကပတ်တော်သည် သမ္မာတရားဖြစ်ကြောင်း၊ ထိုတရားသည် လူတို့ကို လွှတ်တော်မူမည့်အကြောင်း မိန့်တော်မူ၏။ ရှင်ပေတရုက (၁ပေတရု ၄း၁၁)၌ ဟောပြောသောသူသည် ဘုရားသခင်၏ ဗျာဒိတ်တော်နှင့်အညီ ဟောပြောစေရန်လည်းကောင်း၊ သမ္မာတရားကိုသာ ဟောပြောရန်လည်းကောင်း သွန်သင်ခဲ့၏။

ရှင်ပေါလုကကျမ်းစာကို လေ့လာရန်နှင့် သခင်ခရစ်တော်က

ရှုးစမ်းရှာဖွေရန် သွန်သင်ခဲ့ပါသည်။ (၂တိ ၂း၁၅၊ ယော ၅း၃၉) နောက်ဆုံး၊ ကျမ်းစာစကားကို ဖယ်ထုတ်ခြင်း၊ ပြင်ဆင်ဖြည့်စွက်ခြင်း မလုပ်ရန် အထူးသတိပေးထားတော်မူ၏။ (ဗျာဒိတ် ၂၂း၁၈–၁၉)။

မှန်ပါသည်။ သမ္မာကျမ်းစာသည် ကမ္ဘာပေါ်၌ အထူးခြားဆုံးသော စာအုပ်ဖြစ်၍ နာခံသူအား ကောင်းချီးခံစားစေပြီး လျစ်လျူရှုသူအား ကျိန်ခြင်းအမင်္ဂလာ သက်ရောက်စေမည်ဖြစ်၏။ ကျမ်းစာကို လေ့လာပါ၊ မြတ်နိုးပါ၊ နာခံပါ။ ဤသို့ဖြင့် သင့်အတွက် ယခုဘဝ၊ နောင်ဘဝတို့တွင် မြတ်သောမင်္ဂလာကျေးဇူး မုချခံရပေလိမ့်မည်။

## မေးခွန်းများ

၁။ သမ္မာကျမ်းစာဟူသည်အဘယ်နည်း။
၂။ ကမ္ဘာ၌ အရောင်းအကောင်းဆုံး စာအုပ်ကားအဘယ်နည်း။
၃။ ထိုစာအုပ်တွင် စာအုပ်မည်မျှ ပေါင်းစုထားသနည်း။
၄။ သမ္မာကျမ်း၏ အဓိကအပိုင်းကြီးနှစ်ပိုင်းကားအဘယ်နည်း။
၅။ ပဋိညာဉ်ဟူသည် အဘယ်နည်း။
၆။ ဓမ္မဟောင်းနှင့် ဓမ္မသစ်တို့ကား မည်သို့ခြားနားပါသနည်း။
၇။ ကျမ်းစာတစ်အုပ်လုံးတွင် စာအုပ်ပေါင်း မည်မျှပါဝင်နေသနည်း။
၈။ ဓမ္မဟောင်းကျမ်းတွင် စာအုပ်ပေါင်းမည်မျှပါဝင်သနည်း။
၉။ ဓမ္မသစ်ကျမ်းတွင် စာအုပ်ပေါင်းမည်မျှပါဝင်သနည်း။
၁၀။ ဓမ္မဟောင်းကျမ်း၏ အပိုင်း(၅)ပိုင်းကား အဘယ်နည်း။
၁၁။ ဓမ္မသစ်ကျမ်း၏ အပိုင်း(၄)ပိုင်းကား အဘယ်နည်း။

၁၂။ အမှားအမှန်ခြစ်ပါ။

(က) ကျမ်းစာတွင် ဆန့်ကျင်သောအချက်များ ပါဝင်လျက်ရှိသည်။

(ခ) ကျမ်းစာတွင် စာရေးဆရာများတို့၏ ရေးသားချက်များပါရှိသည်။

(ဂ) ကျမ်းစာကို ငါးနှစ်အတွင်း ရေးသားခဲ့သည်။

(ဃ) လူသား၏ အစသမိုင်းကို ကျမ်းစာတစ်အုပ်တည်းတွင်သာ ဖော်ပြထားသည်။

(င) လူသား၏ ရှေ့ရေးအကြောင်းကို ကျမ်းစာတွင် ဖော်ပြထားခြင်း မရှိ။

(စ) ကျမ်းစာတွင် ကြိုတင်ဟောပြောချက်များ ပါရှိ၍ ပြည့်စုံလာခြင်း မရှိခဲ့ပါ။

၁၃။ ဘုရားသခင်သည် ယနေ့မည်သို့စကားပြောလျက်ရှိသနည်း။

၁၄။ "ကျမ်းစာလာသမျှသည် မှုတ်သွင်းတော်မူသောအားဖြင့်" ဟူသော စကားကိုမည်သူပြောခဲ့သနည်း။

၁၅။ လူသားကို လွတ်မြောက်ခြင်း အခွင့်ပေးသော အရာကားအဘယ်နည်း။

၁၆။ ဘုရားသခင်၏စကားကို အသစ်သွင်းခြင်းသော်လည်းကောင်း .............. သော်လည်းကောင်း မပြုရ။

၁၇။ ဘုရားသခင်၏ စကားကို ကျွန်ုပ်တို့မည်သို့လေ့လာသင့်သနည်း။

၁၈။ ကျမ်းစာကို အသင်မည်သို့ထင်မြင်ပါသနည်း။

* * *

# အခန်း - ၂
# ဘုရားသခင်နှင့် ဖန်ဆင်းတော်မူခြင်း
## (ကမ္ဘာဦးကျမ်း ၁ နှင့် ၂)

သမ္မာကျမ်းစာ၏ အစတွင် "အစဦး၌ ဘုရားသခင်သည် ကောင်းကင်နှင့် မြေကြီးကို ဖန်ဆင်းတော်မူ၏" (ကမ္ဘာ ၁း၁)ဟု အစချီထားပါသည်။ သမ္မာကျမ်းစာတွင် မည်သည့်နေရာ၌မျှ ဘုရားသခင်တည်ရှိကြောင်း၊ အရာခပ်သိမ်းကို ဖန်ဆင်းတော်မူကြောင်း ဤမျှခိုင်လုံစွာ ဖော်ပြမထားပါ။ ဘုရားသခင်တည်ရှိတော်မူကြောင်း၊ ခပ်သိမ်းသောအရာတို့သည် ဖန်ဆင်းတော်မူခြင်းကြောင့်သာ ဖြစ်ကြောင်း ထင်ရှားနေပါသည်။ အားလုံးကလက်ခံထားသော အချက်ဖြစ်သည်။ လူသားတို့ အသိဉာဏ်ပညာ၊ တတ်စွမ်းနိုင်မှုစွမ်းအား၏ နောက်ကွယ်တွင် တန်ခိုးကြီးမားသော အင်အားတစ်ရပ်ရှိနေပါသည်။ ထိုအင်အားမှာ ဘုရားသခင်သာဖြစ်သည်။

ကမ္ဘာဦးကျမ်းက ကမ္ဘာပေါ်ပေါက်လာပုံ၊ ဖန်ဆင်းပုံအဆင့်ဆင့်ကို တိကျစွာ ဖော်ပြထားပါသည်။ ဘုရားကိုသိရန်အတွက် မြေကြီးဖန်ဆင်းပြီးနောက် နှစ်ပေါင်းမည်မျှကြာမှ တိရစ္ဆာန်များ ပေါ်ပေါက်လာသည်။ လူသားကိုဖန်ဆင်းရာ၌ နှစ်ပေါင်းမည်မျှ ကွာခြားသည်။ စသည်တို့ကို ကျွန်ုပ်တို့သိရှိရန် မလိုပါ။ ဘုရားသခင်၏ ဖန်ဆင်းတော်မူကြောင်း၊ ဟုတ်မှန်ကြောင်း သက်သေထုတ်ရန်မလိုပါ။ အရာခပ်သိမ်းသည် ဘုရားသခင်ရှိတော်မူကြောင်း ဖော်ပြနေပြီဖြစ်သည်။ ကမ္ဘာဦးကျမ်းအခန်းကြီး ၁ နှင့် ၂ ကို သေချာစွာလေ့လာပါက တွေ့ရှိနိုင်ပါသည်။

ဤကျမ်းစကားများသာလျှင် ဘုရားသခင်နှင့် ဖန်ဆင်းတော်မူခြင်း၏ တိကျခိုင်လုံသော သက်သေခံဖြစ်ပါသည်။

သို့သော်ဖန်ဆင်းတော်မူသမျှ အရာခပ်သိမ်း၏ အထက်တွင် ဘုရားသခင်သည် လူကိုဦးစားပေး၊ အမြင့်ဆုံးနေရာပေးကြောင်း သတိပြုရမည်။ လူသည်ကြက်ငှက်များ၊ ပင်လယ်ပြင်မှငါးများ၊ တောရိုင်းတိရစ္ဆာန်များ၏ အထက်တွင် တည်ရှိပါသည်။ ယခုတိုင် ဤသို့ရပ်တည်ဆဲဖြစ်၏။ လူထက်ကြီးမားသော သတ္တဝါများရှိသော်လည်း လူကယဉ်ကျေးအောင်သွန်သင်ပြီး သူ့စကားနားထောင်ရန် လေ့ကျင့်ပေးနိုင်သည်။ သက်ရှိသတ္တဝါအားလုံးသည် လူကိုသာကြောက်ရွံ့ကြရသည်မဟုတ်ပါလား။

ဘုရားသခင်ရှိတော်မူကြောင်း ယုံကြည်လောက်သည့် ခိုင်လုံသော သာဓကများစွာရှိပါသည်။ သဘာဝပတ်ဝန်းကျင်ကို လေ့လာကြည့်ပါ။ အရာခပ်သိမ်းသည် ဘုရားရှင်ကိုလည်းကောင်း ဖန်ဆင်းတော်မူခြင်း၏ ဆင့်ကဲဖြစ်စဉ်ကို ဖော်ပြနေကြောင်း တွေ့နိုင်ပါသည်။ သဘာဝနိယာမတရားတစ်ခုလုံးက ဤသို့ညွှန်ပြနေပါသည်။ မျက်စိဖြင့်မမြင်ရ၍ ဘုရားရှင်ကို လက်မခံနိုင်ဟု ငြင်းဆိုကောင်းငြင်းဆိုနိုင်သေးသည်။ သို့သော် လက်တော်နှင့် ပြုလုပ်ဖန်ဆင်းထားသည်များကို လေ့လာပါ။ ကျွန်ုပ်သည် သင်၏ဦးနှောက်ကို မျက်စိနှင့်မမြင်နိုင်ပါ။ သို့သော် သင်၌ဦးနှောက်ရှိ၍ ထိုဦးနှောက်ဖြင့် သင်အလုပ်လုပ်နေကြောင်း ကျွန်ုပ်ယုံကြည်လက်ခံပါသည်။ လက်မှလက်ပတ်နာရီကိုကြည့်ပြီး ပြုလုပ်တည်ထွင်သူကို မမြင်ဘူးသော်လည်း ထိုသူရှိ၍တည်ထွင်ခဲ့ခြင်းဖြစ်ကြောင်း ကျွန်ုပ်ယုံကြည်လက်ခံပါသည်။ အရာတိုင်းက ဖန်တီးတည်ထွင်ပြုလုပ်

သူရှိကြောင်း ဖော်ပြနေပါသည်။ ယုတ္တိဗေဒသဘောတရားပင်ဖြစ်၏။ လုပ်သူကိုမမြင်ရ၍ ပြုလုပ်သူမရှိဟုဆိုလျှင် မိုက်မဲသောငြင်းဆိုမှုသာ ဖြစ်ပေမည်။ ယနေ့ကမ္ဘာလောကကြီး၏ တည်ရှိမှုဖြစ်စဉ်ကို ကြိုးကိုင် ဖန်တီးရှင်မှာ ဘုရားသခင်သာဖြစ်ကြောင်း ထင်ရှားနေပါသည်။

လှပသော ပန်းမာန်များကို လေ့လာပါ။ ပြာသောမိုးကောင်း ကင်၊ မွေးဖွားကာစကလေးငယ်၊ ဤအရာအားလုံးကိုကြည့်ပြီး သူ့အလို လိုဖြစ်လာသည်။ ပြောင်းလဲမှုဖြစ်စဉ်နိယာမကြောင့်ဟုဆိုလျှင် သဘာဝ ကျပါမည်လား။ ဒါဝိဒ်မင်းကြီးက (ဆာလံ ၁၉း၁) "မိုးကောင်းကင်သည် ဘုရားသခင်၏ ဘုန်းအသရေတော်ကို ကြားပြော၍ မိုးမျက်နှာကျက် သည် လက်တော်နှင့်လုပ်သော အရာများကို ပြသ၏" ဟုဖော်ပြထား၏။

သမ္မာကျမ်းစာ၏ ခိုင်လုံသောသက်သေခံစကားအရ ဘုရား သခင်ရှိနေတော်မူ၏။ သမ္မာကျမ်းစာတစ်အုပ်လုံးက ဘုရားရှင်ကို ဖော် ပြထားသည်။ ဘုရားရှင်သည် နာမ်ဝိညာဉ်ဖြစ်တော်မူကြောင်း၊ အနန္တ တန်ခိုးရှင်ဖြစ်တော်မူကြောင်း၊ ခပ်သိမ်းသောအရာကို သိမြင်တော်မူ ကြောင်း၊ အရာခပ်သိမ်းကိုသိရှိတော်မူကြောင်း၊ ထာဝရအစမှအဆုံးတိုင် တည်ရှိတော်မူကြောင်း ခိုင်လုံစွာဖော်ပြထားပါသည်။

ကြောင်းကျိုးဆက်စပ်၍ ယုတ္တိဗေဒတွေးခေါ်မှုက ဖန်ဆင်းရှင် ဘုရားသခင်ကို ညွှန်ပြနေပါသည်။ ဘုရားသခင်မရှိဟု ငြင်းဆိုချက်က ပင် ရှိတော်မူ၍သာ ငြင်းဆိုနေခြင်းဖြစ်ကြောင်း ထောက်ပြနေပါသည်။ ဘုရားသခင်မရှိဟု တစ်ယူသန်ငြင်းဆိုနေခြင်းသည် အမှန်တရားကို လှည့်စားနေခြင်း၊ ဖန်ဆင်းသူမရှိဘဲ ကမ္ဘာလောကကြီး ပေါ်ပေါက်လာ သည်ကို မဖြစ်နိုင်ဟု ဇွတ်ငြင်းဆိုနေခြင်းမှာ မှန်ကန်မှုဖြစ်စဉ်ကို မျက်

စိစုံမှိတ်၍ ဥပေက္ခာပြုနေခြင်းသာဖြစ်သည်။ အိမ်တစ်အိမ်ကို ညွှန်ပြပြီး တစ်နေ့ခြင်းတွင် ရုတ်တရက်ပေါ်ပေါက်လာသော အရာသာဖြစ်သည်။ ဆောက်လုပ်သူ၏ ဆောက်လုပ်မှုဆင့်ကဲလုပ်ဆောင်မှုကြောင့် မဟုတ်ဟုပြောလျှင် ယုတ္တိရှိပါမည်လား။ ဘုရားသခင်မရှိဟု ငြင်းဆိုနေခြင်းမှာလည်း ဤဥပမာအတိုင်းသာဖြစ်ပါသည်။

ဆင့်ကဲပြောင်းလဲမှု ဖြစ်စဉ်သဘောတရားသည် ကမ္ဘာဦး၏ သမိုင်းကြောင်းအစဟု ညွှန်ပြပြောဆိုလျှင် ယနေ့တိုင်ပြောင်းလဲမှုမရှိသောလူ၊ သတ္တဝါတို့၏အခြေအနေမှာ အဘယ်ကြောင့်ဆက်လက်ပြောင်းလဲမနေပါသနည်း။ နှစ်ပေါင်းသန်းနှင့်ချီ၍ လာသော်လည်း လူနှင့်သတ္တဝါတို့သည် ဤအတိုင်းသာတည်ဆဲမဟုတ်ပါလား။ မကြာသေးမီက ကျွန်ုပ်အီဂျစ်နိုင်ငံ ကိုင်ရိုမြို့တော်ရှိ သမိုင်းပြတိုက်သို့ ရောက်ရှိခဲ့ရာ ဆေးစိမ်ထားသော "မံမီ" ရုပ်အလောင်း၊ မျောက်နှင့်ခွေးများကို တွေ့ခဲ့ရသည်။ ၄င်းတို့သက်တမ်းမှာ နှစ်ပေါင်း၅၀၀၀ရှိသည်။ လွန်ခဲ့သော နှစ်ပေါင်း ၅၀၀၀မှ မျောက်နှင့်ခွေးများ၏ အသွင်သဏ္ဌာန်မှာ ယနေ့ခွေးများ၊ မျောက်များနည်းတူဖြစ်သည်။ ပြောင်းလဲမှုလုံးဝမရှိပါ။ ခွေးသည်ခွေးသာဖြစ်၍ မျောက်သည်လည်း မျောက်သာဖြစ်ပါသည်။ ပြောင်းလဲမှုဖြစ်စဉ်တရား သီအိုရီသည်သာ မှန်ကန်ခဲ့လျှင် ယနေ့ကမ္ဘာပေါ်တွင် မျောက်များလုံးဝရှိတော့မည်မဟုတ်ပါ။ မျောက်များမှာ တစ်ဆင့်ပြီးတစ်ဆင့် ပြောင်းလဲ၍ ပို၍မြင့်သောအဆင့်သို့ ရောက်ရှိကုန်မည်သာဖြစ်သည်။ သို့သော်ယနေ့တိုင် ဤနိယာမ မှန်ကန်မှုကို မတွေ့ရပါ။ မျောက်မှပြောင်းလဲလာသော လူသားကိုလည်း မတွေ့ဘူးပါ။

ကျွန်ုပ်တို့သည် အတွေးအခေါ် အယူအဆများထက် ယုတ္တိဆန်၍ လက်တွေ့ကျသောအမှန်တရားကို ဦးစားပေးရမည်။ လူသည်လည်း

ဆင့်ကဲပြောင်းလဲနေမည်ဆိုလျှင် တန်ခိုးရှင်အဖြစ် ရောက်ရှိနေရမည်သာဖြစ်သည်မဟုတ်ပါလား။ ဒါဝိဒ်က မိုက်သောသူသာလျှင် ဘုရားသခင်မရှိဟုဆိုသည်။ (ဆာလံ ၁၄း၁) "ဘုရားသခင်မရှိဟု မိုက်သောသူသည် ထင်တက်၏။" ကောင်းမြတ်စုံလင်သော ဆုကျေးဇူးတော် ရှိသမျှတို့သည် ကောင်းကင်ဘုံရှင်ဘုရားသခင်ထံတော်မှ သက်ရောက်ကြောင်း ရှင်ယာကုပ်ကဖော်ပြထားသည်။ (ယာကုပ် ၁း၁၇) ရှင်ယောဟန်ကလည်း ဘုရားသခင်သည် မိမိ၌ တစ်ပါးတည်းသော သားတော်ကို စွန့်တော်မူသည့်တိုင်အောင် လောကီသားတို့ကို ချစ်တော်မူ၏ဟု ဖော်ပြခဲ့သည်။ (ယော ၃း၁၆)အရာခပ်သိမ်းသည် ဖန်ဆင်းတော်မူသော ဘုရားရှင်ကို ဖော်ညွှန်းနေပါသည်။ နေရာတိုင်းတွင် ဘုရားရှင်၏လုပ်ဆောင်မှုများ၊ ကောင်းချီမင်္ဂလာများ၊ ဂရုဏာတော်တို့ကို ထင်ရှားစွာတွေ့မြင်နိုင်ပါသည်။ မှန်ပါသည်။ ဘုရားသခင်သည် ယနေ့တိုင်ရှိတော်မူသော ဘုရားဖြစ်သည်။

## မေးခွန်းများ

၁။ ကျမ်းစာ၏ပထမဦးဆုံးသော ကျမ်းပိုဒ်ကို ဖော်ပြပါ။

၂။ ဘုရားသခင်ရှိကြောင်း သက်သေထူရန် ကျမ်းစာအဘယ်ကြောင့်ထူးခြားဖော်ပြခြင်းမရှိသနည်း။

၃။ ဘုရားတည်ရှိကြောင်း သက်သေထူနိုင်ရန် ဖန်ဆင်းခြင်းတို့၏အသေးစိတ်တို့ကို သိရန်လိုအပ်ပါသလား။

၄။ နောက်ဆုံးသော ဘုရားသခင်၏ ဖန်ဆင်းခြင်းအရာကား အဘယ်နည်း။

၅။ လူသားကိုကြောက်ရွံ့သော တိရိစ္ဆာန်ကား အဘယ်နည်း။

၆။ ဘုရားဖန်ဆင်းပြုလုပ်သော အရာများကို ဖော်ပြပါ။

(က)ပထမနေ့တွင် ..............................................

(ခ)ဒုတိယနေ့တွင် ..............................................

(ဂ)တတိယနေ့တွင် ..............................................

(ဃ)စတုတ္ထနေ့တွင် ..............................................

(င)ပဥ္စမနေ့တွင် ..............................................

(စ)ဆဋ္ဌမနေ့တွင် ..............................................

(ဆ)သတ္တမနေ့တွင် ..............................................

၇။ ဘုရားသခင်အား အဘယ်ကြောင့် ယုံကြည်ရန် လိုအပ်ကြောင်း အကြောင်းပြချက်သုံးရပ်ဖော်ပြပါ။

၈။ "မိုးကောင်းကင်သည် ဘုရားသခင်၏ ဘုန်းသရေတော်ကို ကြားပြော၍" ဟူသော စကားကို မည်သူပြောခဲ့သနည်း။

၉။ မိမိကိုဖန်ဆင်းသော အရှင်အား ယုံကြည်ရန် မျက်မြင်ကိုယ်တွေ့ဖြစ်ရန်လိုပါသလား။

၁၀။ ဆင့်ကဲမျိုးပွား သီအိုရီအရ ဆိုပါလျှင် လူသားသည် အဘယ်သို့ဖြစ်ရန် လိုပါသနည်း။

၁၁။ ဘုရားသခင်မရှိဟု မိုက်မဲသောသူသည် ထင်တတ်၏ဟူသော ကျမ်းချက်ကား အဘယ်နည်း။

၁၂။ အလုံးစုံကို မြင်နိုင်၊ သိနိုင်သော ထာဝရဖြစ်သည့်သူကား အဘယ်နည်း။

၁၃။ ဘုရားသခင် ပြုလုပ်ခဲ့ပြီးသော အရာအချို့ကား အဘယ်အရာများနည်း။ ဆက်လက်လုပ်ဆောင်နေသော အရာများကား အဘယ်နည်း။

*　*　*

# အခန်း - ၃

## မောရှေ၏ပညတ်ချက်များ

လူသည်ဖန်ဆင်းတော်မူစက ပြည့်စုံသော်လည်း ဘုရားရှင်၏ စကားကို နားမထောင်မှုကြောင့် ဘဝပျက်ခါ ပရဒသုဘုံမှနှင်ထုတ် ခြင်းခံခဲ့ရသည်။ (ကမ္ဘာဦး ၃း၂၀-၂၃)နောက်ပိုင်းတွင် ဘုရားသခင်သည် လူကိုရေလွှမ်းမိုးခြင်းဖြင့် ပျက်စီးခဲ့သည်။ နောဧ နှင့် သူ့မိသားစုမှာမူ ဖြောင့်မတ်သောကြောင့် အသက်ချမ်းသာခွင့်ရခဲ့သည်။ (ကမ္ဘာဦး ၆၊၇)

ထို့နောက်ပိုင်းတွင် ဘုရားသခင်သည် အာဗြဟံကိုရွေးချယ်၍ သူ့အားဖြင့် အားကြီးသောလူမျိုးတည်ထောင်ခဲ့သည်။ သို့သော်လည်း အာဗြဟံ၏ အမျိုးအနွယ်တို့သည် ဣသရေလလူမျိုးများအဖြစ် အဲဂုတ္တုပြည်(အီဂျစ်)၌ ကျွန်အဖြစ်ရောက်ခဲ့ပြီး၊ ဘုရားရှင်သည် မောရှေကို ရွေးချယ်ကာ ထိုလူမျိုးများကို ဦးဆောင်ရွေးနှုတ်ရန် စေခိုင်းတော်မူခဲ့ သည်။ ကာလအတော်ကြာအောင် ဣသရေလလူမျိုးများသည် ကျွန်ခံ နေရာ အဲဂုတ္တုပြည်မှ ထွက်ခွာ၍ ဘုရားရှင်၏ ကူညီလမ်းပြပို့ဆောင် မှုကြောင့် သိနတောင်သို့သွားခဲ့၍ ဘုရားရှင်ကသူတို့အား လိုက်နာ ရမည့် ပညတ်တော်များကို ချပေးခဲ့သည်။ ၄င်းတို့ကို မောရှေ၏ပညတ် ချက်များဟု ခေါ်ခဲ့သည်။ (ထွက်မြောက်ရာကျမ်း ၁၉၊၂၀)

ပညတ်တော်(၁၀)ပါးကို ချမှတ်ပေးခဲ့ရာ၊ ၄င်းတို့မှာ လူတို့၏ လူမှုရေးဆိုင်ရာ ကျင့်ဝတ်များနှင့် ဖန်ဆင်းရှင်ဘုရားသခင်နှင့် လူသား ဆက်သွယ်ရာ၌ လိုက်နာရမည့်ကျင့်စဉ်များပါဝင်သည်။ အထူးမှတ်သား

ရန်မှာ ဤပညတ်တော်သည် ဣသရေလလူမျိုးများနှင့်သာ သက်ဆိုင်ကြောင်း သိရှိရန်လိုအပ်သည်။ တစ်ပါးအမျိုးသားများအတွက်မဟုတ်သလို၊ အကြုံးလည်းမဝင်ပါ။ တစ်ပါးအမျိုးသားများသည် ယုဒလူမျိုးများဖြစ်လာမှသာ ဤပညတ်ချက်များက အကြုံးဝင်လာမည် ဖြစ်ပါသည်။

ဤသို့ဖြစ်လျှင် ဘာကြောင့်ဘုရားရှင်သည် ပညတ်များကို ချပေးခဲ့သနည်း။ သို့ဖြစ်၍ ပညတ်တရားသည် အဘယ်အကျိုးရှိသနည်းဟူမူကား "…. ကတိတော်ကိုခံသော အမျိုးအနွယ်မဖြစ်မီတိုင်အောင် ဒုစရိုက်များကြောင့် ထိုတရားကို ထပ်၍ပေးတော်မူ၏။ ထိုတရားကို ကောင်းကင်တမန်များအားဖြင့် အာမခံ၏လက်၌ထားတော်မူ၏။" (ဂလာတိ ၃း၁၉)ဤကျမ်းချက်၌ အဘယ်ကြောင့် ပညတ်တရားကို ပေးအပ်ခဲ့ကြောင်း ဖော်ပြထားသည်။ ဒုစရိုက်များကြောင့် ပေးတော်မူခြင်းဖြစ်သည်။ တစ်နည်းဆိုရလျှင် ဘုရားသခင်သည် သူ့လူမျိုးစုကို တစ်စုံတစ်ခုသော အချိန်မတိုင်မီ လိုက်နာကျင့်သုံးဖို့ရာ မူချပေးထားခြင်းဖြစ်သည်။ အဘယ်မျှလောက်ကြာအောင် အချိန်ယူထားပါသနည်း။ အမျိုးအနွယ်မဖြစ်မီတိုင်အောင်ဖြစ်သည်။ အဆိုပါအမျိုးအနွယ်ကား အဘယ်သူနည်း ခရစ်တော်ပင်ဖြစ်သည်။(ဂလာတိ ၃း၁၆) ရှင်ပေါလုက ဂလာတိ ၃း၂၉ ၌ ဤသို့ဖော်ပြထားသည်။ "ခရစ်တော်နှင့် စပ်ဆိုင်လျှင် အာဗြဟံ၏အမျိုးအနွယ်ပင်ဖြစ်၍ ကတိတော်အတိုင်း အမွေခံ၏အရာ၌တည်ကြ၏။" ဤကျမ်းစကားအရ မောရှေ၏ပညတ်တို့သည် ခရစ်တော်ကြွလာသောအခါ နိဂုံးချုပ်သွားပြီဖြစ်သည်။ ခရစ်တော်ကိုယ်တိုင် "ကောင်းကင်နှင့် မြေကြီးမပျက်စီးမီတိုင်အောင် ပညတ္တိကျမ်း၌ အငယ်ဆုံးသော စာလုံး ဗိန္ဒုတစ်လုံးမျှ ပြည့်စုံခြင်းသို့ မရောက်မီမပျက်စီးရ၊ (ရှင်မဿဲ ၅း၁၇–၁၈)၌ ဖော်ပြမိန့်တော်မူခဲ့သည်။ ထို့နောက် ကိုယ်တော်က

ဆက်လက်၍ "မောရှေ၏ ပညတ္တိကျမ်းစာ၌ လည်းကောင်း၊ ပရောဖက်တို့၏ ကျမ်းစာ၌လည်းကောင်း၊ ဆာလံကျမ်းစာ၌လည်းကောင်း၊ ငါကို ရည်မှတ်၍ ရေးထားသမျှသော အချက်တို့သည် ပြည့်စုံရမည်ဟု ငါသည် သင်တို့နှင့် အတူရှိစဉ်အခါ သင်တို့အားဟောပြောသော အကြောင်းအရာတို့ကား ဤအကြောင်းအရာပေတည်းဟု မိန့်တော်မူ၏" (ရှင်လုကာ ၂၄း၄၄)အကြောင်းအချက်တို့သည် ပြည့်စုံပြီလား။ ခရစ်တော်သည်ကား တိုင်ပေါ်၌ပင် "အမှုပြီးပြီ" ဟု မိန့်တော်မူခဲ့သည်။ ရှင်ပေါလုက ဆက်လက်၍ "ငါတို့နှင့် ဆန့်ကျင်ဘက်ဖြစ်သော ဝိနည်းအထုံးအဖွဲ့နှင့် စပ်ဆိုင်သော လက်မှတ်ကိုချေ၍ လက်ဝါးကပ်တိုင်မှာ ရိုက်ထားလျက် ငါတို့စပ်ကြားထဲက ပယ်ရှင်းတော်မူပြီး ...." (ကောလောသဲ ၂း၁၄)

သမ္မာကျမ်းစာက၊ တချိန်က ဘုရားသခင်သည် မောရှေအားဖြင့် လူများကို မိန့်တော်မူခဲ့သော်လည်း၊ ယခုအခါ သားတော်ယေရှုခရစ်တော်အားဖြင့် မိန့်တော်မူလျက်ရှိကြောင်း ဖော်ပြခဲ့သည်။ "ရှေးလွန်လေပြီးသောအခါ ပရောဖက်များအားဖြင့် ဘိုး–ဘေးတို့အား အထပ်ထပ်အနည်းနည်း ဗျာဒိတ်ပေးတော်မူသောဘုရားသခင်သည် ဤနောက်ဆုံးကာလအခါ မိမိသားတော်အားဖြင့် ငါတို့အား ဗျာဒိတ်ပေးတော်မူပြီ၊ ထိုသားတော်ကို အလုံးစုံတို့၏ အမွေခံသခင်အရာ၌ ခန့်ထားတော်မူပြီ၊ သားတော်အားဖြင့်လည်း လောကဓာတ်တို့ကို တည်တော်မူ၏"။ (ဟေဗြဲ ၁း၁–၂)

တောင်ပေါ်သို့ ပေတရု၊ ယာကုပ်၊ ယောဟန်တို့ကို ခေါ်၍ ကြွတော်မူရာ၊ မောရှေနှင့် ဧလိယတိုနှင့် ဆုံရာအရပ် သူတို့ရှေ့မှောက်၌ပင် ကောင်းကင်ကအသံတော်က "ဤသူသည် ငါနှစ်သက်မြတ်နိုးရာ ငါ၏ချစ်သားပေတည်း၊ သူ၏စကားကို နားထောင်ကြလော့"

(ရှင်မဿဲ ၁၇း၅)ဟု အတိအလင်းမိန့်တော်မူခဲ့သည်။ ဘုရားရှင်က မည်သူ့စကားကို နားထောင်ရမည်ဟု မိန့်တော်မူသနည်း။ မောရှေလား မဟုတ်ပါ။ နှစ်ခြင်းဆရာယောဟန်လားမဟုတ်ပါ။ တစ်ပါးတည်းသော သားတော်ယေရှုခရစ်သာဖြစ်သည်။

ဟေဗြဲဩဝါဒစာရေးသူကျမ်းဆရာက အခန်းကြီး(၁၀)၌ ပဋိညာဉ်ဟောင်းကို ပယ်ဖျက်၍ ပဋိညာဉ်သစ်ဖြင့် အစားထိုးပြီးဖြစ်ကြောင်း တိကျစွာဖော်ပြထားပါသည်။ ကျွန်ုပ်တို့သည် မောရှေ၏ ရှေးဟောင်းပဋိညာဉ်တရားလက်၌ မရှိတော့ဘဲ ခရစ်တော်အားဖြင့်ရရှိသော ကျေးဇူးတရားလက်အောက်၌ ရှိနေပြီဖြစ်သည်။(ယော ၁း၁၇) တိရစ္ဆာန်ယဇ်ပူဇော်ခြင်းကို တောင်းခံသော ဝိနည်းအထုံးအဖွဲ့ဆိုင်ရာ ပဋိညာဉ်များလက်အောက်၌ မဟုတ်တော့ဘဲ၊ ခရစ်တော်၏အသွေးတော်အားဖြင့် တစ်ကြိမ်တသမတ်တည်း တံဆိပ်ခပ်ပြီးဖြစ်သော ပဋိညာဉ်သစ်အောက်၌ ရှိနေကြပြီဖြစ်သည်။(ဟေဗြဲ ၉) ယနေ့လူပေါင်းများစွာတို့သည် မောရှေ၏ပဋိညာဉ်များ၊ အထူးသဖြင့် ပဋိညာဉ်တော်(၁၀)ပါးကို ခုံမင်စွာ စွဲကိုင်နေဆဲပင်ရှိနေသည်။ ခရစ်တော်အားဖြင့် ရရှိခဲ့သော ပဋိညာဉ်သစ်၊ ဓမ္မသစ်ပဋိညာဉ်တို့ကို လျစ်လျူရှုလျက် ဓမ္မဟောင်းပဋိညာဉ်တို့ကို လက်ဆုပ်လက်ကိုင်ပြုသွန်သင်ဆဲရှိသည်။ ပြည့်စုံသောပဋိညာဉ်ကို ရရှိလျက်နှင့် မပြည့်စုံသော ပဋိညာဉ်ဟောင်းကို အဘယ့်ကြောင့် လက်ခံနေပါသနည်း။ ပဋိညာဉ်ဟောင်းသည် တစ်စုံတစ်ယောက်ကိုမျှ ကယ်တင်ခြင်းမပေးနိုင်ပါ။ ခရစ်တော်၏အသွေးတော်ဖြင့် ပူဇော်ပြီးပါလျက် တိရစ္ဆာန်၏ယဇ်ပူဇော်ခြင်းများကို အဘယ်ကြောင့် ကျင့်သုံးနေပါသနည်း။

သမ္မာကျမ်းစာကို စေ့စပ်စွာ မလေ့လာသောသူသည် မောရှေ၏ ပဋိညာဉ်များကို ပြန်ဝင်ရောက်ရန် ကြိုးစားမည်ဖြစ်သည်။ မိုက်မဲရူးသွပ်

သောသူသာလျှင် ပညတ်(၂)မျိုးလုံးကို စွဲကိုင်ထားမည်ဖြစ်သည်။ ခြားနားသောနိုင်ငံ(၂)ခုမှ မတူညီသော ဥပဒေ(၂)မျိုးလုံးကို လက်ခံကျင့်သုံးသူလိုဖြစ်နေပေမည်။

ပညာရှိသောသူတို့သည် အတိတ်ပညတ်တို့ကို သမိုင်း၌သာထားခဲ့ပြီး၊ ဘုရားသခင်ခရစ်တော်အားဖြင့် ပေးအပ်ခဲ့သော ပဋိညာဉ်သစ်အတိုင်း လိုက်နာမည်ဖြစ်သည်။ ပညတ်သစ်၌ ထူးခြားချက်မှာ သတ္တမနေ့ ဥပုသ်နှင့်စပ်ဆိုင်သည့်အချက် ချန်လှပ်ထားခြင်းဖြစ်သည်။ ကျန်(၉)ချက်ကို ခရစ်တော်က ပညတ်သစ်ဖြင့် ပေါင်းစည်းပေးခဲ့သည်။ ဥပမာ–နိုင်ငံတော်အစိုးရဥပဒေသစ်ရေးဆွဲရာ၌ ဥပဒေဟောင်းသည် တရားမဝင်တော့ပါ။ သို့သော်လည်း အချို့ဥပဒေဟောင်းကို တရားဝင်ဖြစ်စေရန် ဥပဒေသစ်၌ ပြန်လည်ရေးဆွဲရသည်။ ဥပဒေသစ်ကို ပြည့်စုံစွာ စောင့်ရှောက်ခြင်းသည် ဥပဒေဟောင်းကို စောင့်ရှောက်ခြင်းမဟုတ်။

မောရှေ၏ပညတ်တို့သည် ဣသရေလလူမျိုးတို့အတွက်ဖြစ်ပြီး ခရစ်တော်၏ ပညတ်သစ်သည် လိုက်နာသူအားလုံးအတွက်ဖြစ်သည်။ ခရစ်တော်က လူအားလုံးကို ဖိတ်ခေါ်၍ ငြိမ်သက်ခြင်းဆုကျေးဇူးကို ခံစားစေမည်ဖြစ်သည်။ ဤသို့ဖြင့် ပညတ်သစ်သည် တရားဝင်ပဋိညာဉ်သစ်ဖြစ်လာပြီဖြစ်သည်။

## မေးခွန်းများ

၁။ အဦးပထမ၌ လူသည်မည်သည့်အခြေတွင် ရှိခဲ့ပါသနည်း။

၂။ လူသားသည် ဥယျာဉ်မှ အဘယ်ကြောင့် နှင်ထုတ်ခံရသနည်း။

၃။ ကမ္ဘာလောကကို မည်သို့မည်ပုံဖြင့် ဘုရားသခင်ဖျက်စီးခဲ့သနည်း။

၄။ မည်သူ၏အိမ်ထောင်သည် ချမ်းသာခွင့်ရခဲ့သနည်း။ အဘယ်ကြောင့် နည်း။

၅။ ဘုရားသခင်သည် လူမျိုးကြီးဖြစ်စေရန် မည်သူ့ကို ရွေးကောင်ခဲ့သနည်း။

၆။ အဲဂုတ္တုပြည်၌ အချီအနှောင်ခံရသောလူမျိုးကား အဘယ်နည်း။

၇။ ချီနှောင်ခံရသောသူကို ဦးဆောင်ပြီး လွတ်မြောက်ခြင်းသို့ ခေါ်ထုတ်သွားသူကား အဘယ်သူနည်း။

၈။ မည်သည့်တောင်ပေါ်တွင် ဘုရားသခင်သည် ပညတ်တော်ကို ပေးပါသနည်း။

၉။ ပညတ်တော်ဆယ်ပါးကား အဘယ်နည်း။

၁၀။ ပညတ်တော်ဆယ်ပါးအပြင် အခြားသောပညတ်များ ရှိပါသေးသလား။

၁၁။ မည်သည့်လူမျိုးစုကို ပညတ်များပေးခဲ့ပါသနည်း။

၁၂။ အဘယ်ကြောင့် ပေးခဲ့ပါသနည်း။

၁၃။ မည်သည့်အချိန်တိုင်အောင် ထိုပညတ်များ အကြုံးဝင်ပါသနည်း။

၁၄။ ထိုပညတ်တော်ကို မည်သူဖယ်ရှားပစ်သနည်း။

၁၅။ ယခုအခါမည်သူအားဖြင့် ဘုရားသခင်စကားပြောနေပါသနည်း။

၁၆။ ဓမ္မသစ်(ပညတ်တော်သစ်)တွင် ပညတ်တော်ဆယ်ပါးမှ မည်သည့်ပညတ်များ ပြန်လည်အကြုံးဝင်နေပါသနည်း။

၁၇။ ဆန့်ကျင်ဘက်ဖြစ်နေသော ပညတ်တော်ဟောင်းနှင့် ပညတ်တော်သစ်ကို တစ်ပြိုင်နက်လိုက်လျှောက် စောင့်ထိန်းနိုင်ပါသလား။

* * *

# အခန်း - ၄

## ခရစ်တော်ကြွလာခြင်း

(ရှင်လုကာ ၁-၄၊ ယော ၁း၊ ယော ၁၈း၂၁)

သခင်ယေရှုခရစ်သည် အစအဦးကပင်လျှင် ဘုရားသခင်နှင့် အတူရှိတော်မူ၏။ ဤအချက်ကို ဘုရားရှင် လူကို ဖန်ဆင်းတော်မူခြင်း၌ ဖော်ပြထားပါသည်။ (ကမ္ဘာ ၁း၂၆) "လူကို ငါတို့ပုံသဏ္ဌာန်နှင့် တညီ တသဏ္ဌာန်တည်းဖန်ဆင်းကြစို့"

ထို့နောက် လူသည်ဘုရားသခင်၏ စကားကိုနားမထောင်ဘဲ ဖောက်ပြန်၍ ဒေင်ဥယျာဉ်မှ နှင်ထုတ်ခံရပြီး လူကိုကယ်တင်ဖို့ရာ ကယ်တင်ရှင် လိုလာတော့၏။ ဤသို့ဖြင့် အပြစ်သားလူကို ကယ်တင်ရန် ခရစ်တော်သည် ဘုရားသခင်၏ ပထမကတိတော်ပင်ဖြစ်၏။ မြွေကိုမူကား ဘုရားသခင်သည် ကျိန်ခြင်းအမင်္ဂလာသက်ရောက်စေတော်မူ၏။ (ကမ္ဘာ ၃း၁၅)

ဆက်လက်၍ ဘုရားသခင်သည် အာဗြဟံ၏အမျိုးအနွယ် အားဖြင့် ကမ္ဘာပေါ်ရှိ လူအပေါင်းတို့ ကောင်းချီးမင်္ဂလာခံစားရမည့်အကြောင်း ဂတိပြုတော်မူ၏။(ကမ္ဘာ ၁၂း၁-၃) သခင်ခရစ်တော်သည် ဤကတိတော်၏ ပြည့်ဝစုံလင်သော အချက်ပင်ဖြစ်၏။ "ခရစ်တော်နှင့် စပ်ဆိုင်လျှင် အာဗြဟံ၏ အမျိုးအနွယ်ပင်ဖြစ်၍ ကတိတော်အတိုင်း အမွေခံ၏အရာ၌တည်ကြ၏" (ဂလာတိ ၃း၂၆-၂၉) ဤကတိတော်ကို လူအမျိုးအနွယ်တစ်ဆက်ပြီးတစ်ဆက် တိုင်အောင် ဘုရားသခင်ထား

တော်မူ၏။ ထားသည့်အတိုင်း ကတိတည်စေတော်မူ၏။

သခင်ခရစ်တော်သည် ဤလောကသို့ ကြွလာတော်မူမည့်အကြောင်း ပရောဖက်များအားဖြင့် ဗျာဒိတ်ထားတော်မူ၏။ ဟေရှာယ (၇း၁၃–၁၆)၌ ရှင်းလင်းစွာ တွေ့မြင်နိုင်ပါသည်။ အခန်းကြီး ၅၃ တစ်ပိုဒ်လုံးသည် ကယ်တင်ရှင် ဆင်းသက်လာမည့်အကြောင်း တိကျစွာ ဖော်ပြထားခဲ့၏။ ဓမ္မဟောင်းကျမ်းပရောဖက်တို့၏ အနာဂတ္တိစကားများကို ထောက်ရှုလေ့လာခြင်းဖြင့် သခင်ခရစ်တော်၏ ဘဝဖြစ်စဉ်တစ်ရပ်လုံးကို သိမြင်နိုင်ပါသည်။ တမန်တော်ဝတ္ထု ၈း၂၉–၄၀ တွင် အဲသယောပိအမတ်သည် ပရောဖက်ဟေရှာယ၏ ကျမ်းစာကို ဖတ်ခြင်းဖြင့် သခင်ခရစ်တော်၏ အကြောင်းကိုသိရှိခဲ့ရသည်။

ရှင်မဿဲခရစ်ဝင် ၁း၁၈ တွင် ဤသို့ရေးသားထား၏။ "ယေရှုခရစ်သည် ဖွားမြင်ခြင်းကိုခံတော်မူသော အကြောင်းအရာဟူမူကား" ဤသို့အစချီ၍ ပရောဖက်နှုတ်ထွက်စကားများ၏ ပြီးပြည့်စုံမှုကို ဖော်ပြထားပါသည်။ အောက်ပါအချက်များကို လေ့လာလျှင် သခင်ယေရှုခရစ်၏ ဖွားမြင်တော်မူခြင်းကို ပီပြင်စွာတွေ့နိုင်ပါသည်။

၁။ ကိုယ်တော်သည် အပျိုစင်မာရိမှ ဖွားမြင်တော်မူ၏။ (မဿဲ ၁း၂၃)
၂။ သူ၏အမည်ကို ယေရှုဟု မှည့်တွင်လတ္တံ့။ (မဿဲ ၁း၂၁)
၃။ သူသည်မိမိလူတို့အား အပြစ်မှကယ်ချွတ်မည့်သူဖြစ်၏။ (မဿဲ ၁း၂၁)

ဆက်လက်၍ သခင်ခရစ်တော်ကြွလာတော်မူခြင်းနှင့် စပ်လျဉ်း၍ မည်သို့မည်ပုံထူးခြားချက်များရှိမည်ကို ကျွန်ုပ်တို့အောက်ပါအချက်များအရ သိမြင်နိုင်ပါသည်။

၁။ နှစ်ခြင်းဆရာယောဟန်သည် ခရစ်တော်၏ သက်သေခံဖြစ်၏။ ခရစ်တော်ကြွလာတော်မူရာလမ်းကို ကြိုတင်ပြင်ဆင်ရသူလည်းဖြစ်၏။(ယော ၁း၆–၁၅၊ လုကာ ၇း၂၄–၂၈)

၂။ ခရစ်တော်သည် ဗက်လင်မြို့၌ ဖွားမြင်၍ နာဇရက်မြို့၌ ကြီးပြင်းတော်မူ၏။ (လုကာ ၂း၆–၇၊ မဿဲ ၂း၂၃)

၃။ ယေရှုသည် အစဉ်အတိုင်းကြီး၍ ပညာတိုးပွားလျက် ဘုရားသခင်ရှေ့၊ လူတို့ရှေ့မှာ မျက်နှာရတော်မူ၏။ (လုကာ ၂း၅၁–၅၂)

၄။ ယေရှုသည်အသက်(၃၀)အရွယ်၌ စတင်၍ ဒေသနာတော်ကို ဟောကြားတော်မူ၏။ (လုကာ ၃း၂၁–၂၃)

၅။ နှစ်ခြင်းမင်္ဂလာ (ဗတ္တိဇံ)ကို ကိုယ်တိုင်ခံယူခြင်းဖြင့် လူအများအတွက် ပုံသက်သေပြတော်မူ၏။ (မဿဲ ၃း၁၃–၁၇)

၆။ တပည့်တော်(၁၂)ပါးကို ရွေးကောက်တော်မူ၏။ (မဿဲ ၁၀း၂–၄)

၇။ ယေရှုသည် အနာဂတ္တိကျမ်းစကားများကို ပယ်ဖျက်ခြင်းငှာ လာခြင်းမဟုတ်၊ ပြည့်စုံစေခြင်းငှာ ကြွလာတော်မူ၏။(မဿဲ ၅း၁၇–၁၈)

၈။ စာတန်မာရ်နတ်၏ စုံစမ်းနှောင့်ယှက်ခြင်းကို ခံတော်မူ၏။ (မာကု ၁း၁၂–၁၃)

၉။ တောင်ပေါ်၌ မောရှေ၊ ဧလိယတို့နှင့်အတူ အသရေထင်ရှားတော်မူ၏။ (လုကာ ၉း၃၀–၃၁)

၁၀။ ကိုယ်တော်သည် များစွာသောနိမိတ်လက္ခဏာတို့ကို ပြတော်မူခဲ့၏။ (ယော ၂း၁–၁၁၊ ယော ၁၁၊ လုကာ ၈)

၁၁။ ဥပမာတော်များဖြင့် ဟောကြားတော်မူ၏။ (မဿဲ ၁၃း၃၄–၃၅၊ လုကာ ၁၃)

၁၂။ တပည့်တစ်ဦး၏ သစ္စာဖောက်ခြင်းကို ခံတော်မူ၏။ (မဿဲ ၂၆း၄၇၊ ယော ၁၈း၂)

၁၃။ တရားမျှတမှုမရှိသော စီရင်ခြင်းကိုခံရတော်မူ၏။ (လုကာ ၂၃၊ ယော ၁၉)

၁၄။ ကိုယ်တော်သည် အပြစ်နှင့်ကင်းစင်လျက်ပင် လောကီသားတို့၏ အပြစ်များအတွက် ကားတိုင်ပေါ်၌ အသက်စွန့်တော်မူ၏။ (ရောမ ၅း၆–၈)

၁၅။ မြှုပ်နှံပြီးနောက် (၃)ရက်မြောက်သောနေ့၌ ရှင်ပြန်ထမြောက်တော်မူ၏။ (မာကု ၁၆း၉၊ လုကာ ၂၄း၄၆)

၁၆။ တပည့်တော်တို့အား လောကီနိုင်ငံအရပ်ရပ်၌ ဧဝံဂေလိတရားကို ဟောပြောရန် မိန့်မှာတော်မူပြီးနောက် ကောင်းကင်နိုင်ငံတော်သို့ တက်ကြွတော်မူ၏။ (မဿဲ ၂၈း၁၉၊ မာကု ၁၆း၁၅–၁၉၊ တမန်တော် ၁)

ရှင်ယောဟန်က (ယော ၃း၁၆)၌ "ဘုရားသခင်၏သားတော်ကို ယုံကြည်သောသူအပေါင်းတို့သည် ပျက်စီးခြင်းသို့မရောက် ထာဝရအသက်ကိုရစေခြင်းငှာ ဘုရားသခင်သည် မိမိ၌ တစ်ပါးတည်းသောသားတော်ကို စွန့်တော်မူသည့်တိုင်အောင် လောကီသားတို့ကို ချစ်တော်မူ၏" ဟုဖော်ပြခဲ့၏။

ဤအရာများသည် ခရစ်တော်လောကသို့ကြွလာခြင်းနှင့်ပတ်

သက်၍လည်းကောင်း၊ ခရစ်တော်အသက်တာနှင့် ပတ်သက်၍လည်း ကောင်း၊ ထားခဲ့သောကတိတော်နှင့် ကြိုတင်ဟောထားချက်များကို ဘုရားသခင်တည်ခဲ့ခြင်းဖြစ်သည်။ ယုံကြည်၍အသက်တာကိုရမည်အကြောင်း၊ ဤအရာများကို ရေးထားလျက်ရှိသည်။ (ယောဟန် ၂၀း၃၀-၃၁)

သမ္မာကျမ်းစာက ခရစ်တော်သည် အာလဖဖြစ်၏။ ဩမေဃ ဖြစ်၏။ အဦးဆုံးသောသူ၊ နောက်ဆုံးသောသူဖြစ်၏ဟု ဖော်ပြထား၏။ ဘုရင်တကာတို့၏ ဘုရင်၊ သခင်တကာတို့၏သခင်ဖြစ်ကြောင်း (ဗျာဒိတ် ၁၉း၁၁-၁၆)၌လည်း တွေ့ရ၏။ လောက၌အမြင့်မြတ်ဆုံး အသက်ရှင်ခဲ့သော ပုဂ္ဂိုလ်ဖြစ်၍ အခြားသူမဟုတ်၊ သာမန်လူသားမဟုတ်၊ ဘုရားသခင်၏သားတော်ဖြစ်တော်မူ၏။ (မဿဲ ၁၇း၅)ကိုယ်တော်သည် လောက၏ ကယ်တင်ရှင်ဖြစ်တော်မူ၏။ အရာခပ်သိမ်းသည် ကိုယ်တော်အားဖြင့် ပြည့်ဝစုံလင်ခြင်းသို့ ရောက်တော်မူ၏။ ကိုယ်တော်သာလျှင် လောက၏အထွတ်အထိပ်ဖြစ်တော်မူ၏။

## မေးခွန်းများ

၁။ အစဦး၌ ခရစ်တော်အဘယ်မှာရှိသနည်း။

၂။ အစဦးဆုံး ခရစ်တော်ကို ကတိပြုဖော်ပြသော ကျမ်းချက်ကား အဘယ်နည်း။

၃။ အာဗြဟံအား ထားခဲ့သော ကတိတော်ကားအဘယ်နည်း။

၄။ ထိုကတိတော်ပြည့်စုံခြင်းအလို့ငှာ အသုံးခံရသောသူကားမည်သူနည်း။

၅။ ခရစ်တော်အကြောင်းကို ပရောဖက်များ ပြောဆိုခြင်းရှိခဲ့ဖူးပါသလား။

၆။ ခရစ်တော်အကြောင်းကို ပြောခဲ့ဖူးသော ပရောဖက်တစ်ဦးကို ဖော်ပြပါ။
၇။ ခရစ်တော်၏ သက်တော်စဉ်အကြောင်းကို ဓမ္မဟောင်းတွင် ဖတ်ရှုနိုင်ပါသလား။
၈။ ခရစ်တော်ယေရှု၏ မိခင်ဖြစ်မည့်သူမည်သူနည်း။
၉။ ထိုသူမသည် အပျိုဖြစ်မည်လား။
၁၀။ ခရစ်တော်အခေါ်ခံရမည့်အမည်ကား အဘယ်နည်း။
၁၁။ ခရစ်တော်လာရောက်ရခြင်းအကြောင်းကား အဘယ်နည်း။
၁၂။ မည်သည့်အသက်အရွယ်တွင် ခရစ်တော်တရား စဟောပါသနည်း။
၁၃။ အဘယ်ကြောင့် ခရစ်တော်ဗတ္တိဇံခံပါသနည်း။
၁၄။ ခရစ်တော်၏ ရှေ့ပြေးကား အဘယ်သူနည်း။
၁၅။ ခရစ်တော်၌ တမန်တော်မည်မျှရှိပါသနည်း။
၁၆။ မည်သူခရစ်တော်ကို သစ္စာဖောက်သနည်း။
၁၇။ ခရစ်တော်သည် မည်သို့အသတ်ခံရပါသနည်း။
၁၈။ ယခုခရစ်တော်မည်သည့်နေရာတွင် ရှိနေပါသနည်း။

* * *

# အခန်း - ၅
# အသင်းတော်တည်ထောင်ခြင်း

အသင်းတော်သည် အထူးရည်ရွယ်ချက်တစ်ရပ်အတွက် ခေါ်ထုတ်ခြင်းခံရသော လူအစုပင်ဖြစ်သည်။ ခရစ်တော်၏ အသင်းတော်သည် ခရစ်တော်ကိုယုံကြည်၍ သူ့အလိုတော်နှင့် သွန်သင်ချက်များကို စိတ်ထက်သန်စွာ လိုက်နာ၊ လျှောက်လိုက်သော လူအစုပင်ဖြစ်သည်။

ရှေးမဆွကပင် ဟေရှာယ၊ ယောလနှင့် ဒံယေလကဲ့သို့ ပရောဖက်များသည် အသင်းတော်တည်မည့်အကြောင်း၊ တည်မည့်နေရာ၊ တည်ထောင်မည့်သူ၊ တည်မည့်အချိန်နှင့် တည်ထောင်မည့်ရည်ရွယ်ချက်များကို ကြိုတင်ဟောပြောကြသည်။

ဟေရှာယက "နောက်ဆုံးသောကာလ၌ ထာဝရဘုရား၏ အိမ်တော်တည်သောတောင်သည် တောင်ကြီးတောင်ငယ်တို့၏ ထိပ်ပေါ်မှ ချီးမြှောက်၍တည်လိမ့်မည်။ ခပ်သိမ်းသောလူမျိုးတို့သည် ထိုတောင်သို့ စည်းဝေးကြလိမ့်မည်။ များပြားသော သူတို့ကလည်း လာကြလော့ ... ထာဝရဘုရားတောင်တော်၊ ယာကုပ်အမျိုး၏ ဘုရားသခင်အိမ်တော်သို့ တက်သွားကြကုန်အံ့၊ လမ်းခရီးတော်ကို ပြသသွန်သင်တော်မူ၍၊ ငါတို့သည် ခြေတော်ရာသို့ လိုက်သွားကြမည်ဟု ခရီးသွားလျက် ပြောဆိုကြလိမ့်မည်။ တရားတော်သည် ဇိအုန်တောင်မှလည်းကောင်း၊ ထာဝရဘုရား၏ နှုတ်ကပတ်တော်သည် ယေရုရှလင်မြို့မှလည်းကောင်း ပေါ်ထွက်လိမ့်မည်။ (ဟေရှာယ ၂း၂-၃) ... ဟု ကြိုတင်ဟောထားသည်။

ယောလသည်လည်း "ထို့နောက်မှ လူမျိုးတကာတို့အပေါ်သို့ ငါ၏ဝိညာဉ်ကို ငါသွန်းလောင်းမည်။ သင်တို့၏သားသမီးတို့သည် ပရောဖက်ဉာဏ်နှင့် ဟောပြောရလိမ့်မည်။ အသက်ကြီးသောသူတို့သည် နိမိတ်အိပ်မက်တို့ကို မြင်မက်ရကြလိမ့်မည်။ အသက်ငယ်သောသူတို့သည်လည်း ဗျာဒိတ်ရူပါရုံတို့ကို မြင်ရကြလိမ့်မည်။ ငါ၏အမှုကို ဆောင်ရွက်သော ယောကျ်ား မိန်းမတို့အပေါ်သို့ ငါ၏ဝိညာဉ်တော်ကို ငါသွန်းလောင်း၍ သူတို့သည် ပရောဖက်ဉာဏ်နှင့် ဟောပြောရကြလိမ့်မည်" (ယောလ ၂း၂၈–၂၉) ဟူ၍ကြိုပြောထားသည်။ ဒံယေလသည်လည်း "…. ပျက်စီးခြင်းသို့ မရောက်နိုင်သော နိုင်ငံတစ်ခုကို ထိုမင်းကြီးများလက်ထက်၌ ကောင်းကင်ဘုံရှင် ဘုရားသခင်သည် တည်ထောင်စေတော်မူမည် …." (ဒံယေ လ ၂း၄၅)ဟူ၍ ပြောထားသည်။

အသင်းတော်တည်ဆောက်မည့်အကြောင်း ပရောဖက်တို့၏ ကြိုတင်ပြောကြားချက်များ၊ အမြောက်အများရှိပါသည်။ သို့သော်ယေရှုခရစ်တော် အချိန်အခါ၌ ဘုရားသခင်၏ အသင်းတော်နှင့် စပ်လျဉ်းသော ကတိတော်အချို့ကို ရှာကြည့်ကြမည်။ ယေရှုက "ငါဆိုသည်ကား သင်သည် ပေတရုဖြစ်၏။ ဤကျောက်ပေါ်မှာ ငါ့အသင်းကို ငါတည်ဆောက်မည်။ ထိုအသင်းကို မရဏာနိုင်ငံ၏ တံခါးတို့သည် မနိုင်ရာ" (မဿဲ ၁၆း၁၈) ဟူ၍ ပြော၏။ ထိုအချိန်၌ အသင်းတော်သည် တည်ရှိခြင်း မရှိသေး ကြောင်း အထူးသတိပြုရမည်။ ပေတရု၏ဝန်ခံချက်အပေါ်တွင် ခရစ်တော်က မိမိအသင်းတော်ကို တည်ဆောက်မည်ဟု ပေတရုအား ပြော၏။ ဝန်ခံချက်ကားအဘယ်နည်း။ ယေရှုသည် ခရစ်တော် တည်းဟူသော အသက်ရှင်တော်မူသော ဘုရားသခင်၏ သားဖြစ်တော်

ခရစ်တော်သည် ထိုအသင်းတော်၏ဦးခေါင်း (ကောလောသဲ ၁း၁၈)၊ ကယ်တင်ရှင်(ဖေက် ၅း၂၃)၊ အုတ်မြစ်(၁ကော ၃း၁၁)ဖြစ်ပါသည်။ ထိုအသင်းတော်သည် ခရစ်တော်၏အမည်နာမကို ယူတင်ဝတ်ဆင်သည် (ရောမ ၁၆း၁၆)။ ခရစ်တော်သည် ထိုအသင်းတော်အတွက် တစ်နေ့ပြန်လာမည် (ဖေက် ၅း၂၇)။ ယုံကြည်သူသည် ခရစ်တော်အသင်းတော်၌ ရှိရမည်သာဖြစ်၍ လူတို့သည်အဘယ်ကြောင့်အခြားသော အသင်းတော်တို့တွင် ပါဝင်လိုကြသနည်း။

ခရစ်တော်၏အသင်းတော်နှင့် လူလုပ်အသင်းတော်များကို မည်သို့ခွဲခြားသိနိုင်သနည်း။ လွယ်ကူပါသည်။ ယေရုရှလင်၌ အစပြုခြင်းမရှိသော အသင်းတော်သည် ယေရှုအသင်းတော်မဟုတ်ပါ။ အေဒီ(၃၃)တွင် တည်သော အသင်းတော်မဟုတ်လျှင် ခရစ်တော်၏အသင်းတော်မဟုတ်ပါ။ ခရစ်တော်နာမကို ဆောင်ယူခြင်းမရှိသော အသင်းသည်ခရစ်တော်နှင့်မဆိုင်ပါ။ ယေရှုခရစ်တော်၏ သွန်သင်ခြင်း(ပဋိညာဉ်သစ်)အတိုင်း မလိုက်လျှောက်သော အသင်းတော်သည် ခရစ်တော်၏ အသင်းတော်မဟုတ်ကြောင်း ထင်ရှားစွာသိနိုင်သည်။

ရှင်ပေါလုကအသင်းတော် ၊ သို့မဟုတ် ခန္ဓာကိုယ်သည် တစ်ခုတည်းရှိကြောင်း ဖေက်ဩဝါ ၁(၄း၄)တွင် ဖော်ပြထားပါသည်။ ထိုအသင်းတော် သို့မဟုတ် ခန္ဓာကိုယ်သည် ခရစ်တော်ဆောက်သော အသင်းတော်သာဖြစ်ပါသည်။

## မေးခွန်းများ

၁။ အသင်းတော်တည်ဆောက်မည့်အကြောင်း ကြို၍ဟောသော ပရောဖက် အချို့ကားအဘယ်နည်း။

၂။ မည်သည့်နေရာတွင် အသင်းတော်ကို စ၍တည်မည်ဟုပြောခဲ့သနည်း။

၃။ မည်သည့်အချိန်တွင် အသင်းတော်ကို စတင်ခဲ့ပါသနည်း။
၄။ အသင်းတော်ကို မည်သူကတည်မည်ဟုဆိုခဲ့သနည်း။
၅။ မည်မျှကြာအောင် တည်လျက်ရှိမည်ဟု ပြောခဲ့သနည်း။
၆။ ခရစ်တော်သည် မည်သည့်အရာနှင့်တကွ အသင်းတော် လာရောက်မည်ဟု ပြောပါသနည်း။
၇။ အသင်းတော်နှင့် နိုင်ငံတော်သည် ခြားနားခြင်းရှိပါသလား။
၈။ နားထောင်နာခံသောသူတို့အား အသင်းတော်ထဲသို့ မည်သူသွင်းသနည်း။
၉။ မည်သည့်အရာပေါ်တွင် အသင်းတော်ကို တည်မည်ဟု ဆိုထားသနည်း။
၁၀။ မည်သည့်အမည်နာမကို အသင်းတော်သည် ယူတင်ဆောင်ထားပါသနည်း။
၁၁။ အသင်းတော်၏ ဦးခေါင်းကားမည်သူနည်း။
၁၂။ အသင်းတော်ကို ကယ်တင်သူသည် အဘယ်သူနည်း။
၁၃။ အသင်းတော်၏ပြင်ပ၌ ကယ်တင်ခြင်းရနိုင်မည်လား။
၁၄။ ခရစ်တော်ပိုင်ဆိုင်သော အသင်းတော်မည်မျှရှိသနည်း။
၁၅။ လူတို့အစပြုတည်ဆောက်သော အသင်းတော်များရှိပါသလား။
၁၆။ လူတို့တည်သော အသင်းတော်များနှင့် ခရစ်တော်တည်သော အသင်းတော်ကို မည်သို့ခွဲခြားသိနိုင်မည်နည်း။
၁၇။ သင်သည်ခရစ်တော်ပိုင်ဆိုင်သော အသင်းတော်၏ အသင်းသားဖြစ်လိုပါသလား။

*　　*　　*

# အခန်း - ၆
# အသင်းတော်၏အနက်ဖွင့်ဆိုချက်

ဘုရားသခင်၏ အသင်းတော်အကြောင်းပြောလျှင် ခရစ်တော်၏ အသင်းတော်ကား အဘယ်နည်းဟု မေးတတ်ကြသည်။ အကယ်စင်စစ် ကောင်းသောမေးခွန်းဖြစ်၍ ကျမ်းစာအဖြေကို ရယူရန်လိုပေသည်။

အသင်းတော်၏အဓိပ္ပာယ်မဖော်ပြမီ အသင်းတော်မဟုတ်သည့် အကြောင်းအရာများကား အဘယ်နည်းဆိုသည်ကို သိရန်လိုပေမည်။ လူအများစုသည် အသင်းတော်မဟုတ်သည့်အရာများကို အဟုတ်အမှန်ဟု ထင်မြင်နေကြသောကြောင့် အသင်းတော်နှင့်ပတ်သက်၍ ရှုပ်ထွေးနေကြပါသည်။

ခရစ်တော်၏အသင်းတော်သည် ကနဦးတည်ရှိချက်များနှင့် လုပ်ဆောင်ချက်များအရ ကာသိုလ်လစ်လည်းမဟုတ်၊ ရဟူဒီအသင်းလည်း မဟုတ်၊ ပရိုတက်စတင့်လည်းမဟုတ်၊ အသင်းဂိုဏ်းဂဏ၊ ဂိုဏ်းဂဏများ စုစည်းထားသော အဖွဲ့အစည်း၊ လူတို့စုဝေးသော အဆောက်အအုံ၊ နိုင်ငံရေးအဖွဲ့အစည်း၊ လူမှုရေးအဖွဲ့အစည်းသပ်သပ် စသည့်အဖွဲ့အစည်း များမဟုတ်ပါ။ အသင်းတော်ကို အများထင်မြင်နေကြသော အထက်ပါ အရာများ မဟုတ်ကြောင်းကြားသော် သင်အံ့သြချင်အံ့သြပေမည်။ ထိုသို့ နားလည်မှုမှားယွင်းခြင်းသည် ကွဲပြားသောဂိုဏ်းဂဏမူဝါဒများ၊ အဖွဲ့ အစည်းများအဖြစ်သို့ ဦးတည်မှုကို အားပေးနေသည်။ ဘုရားသခင်၏ အလိုတော်မှ လုံးဝသွေဖီခြင်းသာ ဖြစ်ပေသည်။

အသင်းတော်သည် အထက်ပါအရာများ မဟုတ်ဟုဆိုသော်

အဘယ်အရာများနည်း။ သမ္မာကျမ်းစာလာ "အသင်းတော်" ဟူသော စကားလုံးသည် နဂိုမူလဂရိဘာသာစကားလုံး "အက်ကလီးစီးယား" (Ekkleseia) ဆိုသော စကားလုံးဖြစ်၍ "ရွေးချယ်ခေါ်တော်မူခြင်းခံရသူများ" ဟုဆိုလိုသည်။ အဓိပ္ပာယ်မှာ လောကီမှောင်မိုက်နိုင်ငံမှ ဘုရားရှင်၏ အလင်းနိုင်ငံတွင်းသို့ ခေါ်ယူခြင်းခံရသူများဟု ဆိုလိုသည်။(ကောလောသဲ ၁း၁၃-၁၄) တစ်နည်းဆိုလျှင် ခရစ်တော်၏ဒေသနာကို ကြားနာလိုက်လျှောက်သောအားဖြင့် အပြစ်နှင့်မှ ကယ်တင်ခြင်းရသူများ စုပေါင်းထားခြင်းဟု ဆိုနိုင်သည်။ (တမန်တော် ၂း၃၈၊၄၇)

သမ္မာကျမ်းစာ၌ အသင်းတော်ကို အမည်အမျိုးမျိုးဖြင့် တင်စားဖော်ပြထားသည်။ ဥပမာ-လုပ်သားပိုမိုလိုအပ်သော နေရာမျိုး၌ စပျစ်ဥယျာဉ်ဟူ၍လည်းကောင်း၊ လောကီနိုင်ငံများအပေါ်ဝိညာဉ်ရေးရာ အုပ်စိုးမှုပြသည့်အခါမျိုးတွင် နိုင်ငံတော်ဟူ၍လည်းကောင်း၊ လုံခြုံမှုပိုင်းဆိုင်ရာတို့၌ သိုးခြံဟူ၍လည်းကောင်း၊ အမြဲလှပနေရန်နေရာမျိုးတွင် ခရစ်တော်တည်းဟူသော သတို့သားကို စောင့်မျှော်နေသည့် ခရစ်တော်၏ သတို့သမီးဟူ၍လည်းကောင်း၊ တည်ဆောက်ခြင်းပိုင်းတွင် ဘုရားသခင်၏ အိမ်တော်ဟူ၍လည်းကောင်း၊ ဖခင်-အစ်ကိုကြီး-ညီအစ်ကိုမောင်နှမများဆိုင်ရာမျိုးတွင် ဘုရားရှင်သည် ဖခင်၊ ခရစ်တော်သည် အစ်ကိုကြီး၊ ယုံကြည်သူများသည် ညီအစ်ကိုမောင်နှမများ တည်းဟူသော ဘုရားရှင်၏ မိသားစုဟူ၍လည်းကောင်း တွေ့ရှိနိုင်သည်။

အောက်ပါအချက်အလက်များသည် ခရစ်တော်၏ အသင်းတော်ကိုပိုမိုပီပြင်စွာ ပေါ်လွင်စေသည်။

၁။ ပရောဖက်ပြုကျမ်းများတွင် ဖော်ပြထားသည်။ (ဒံယေလ ၂း၄၅)

၂။ ခရစ်တော်ကတိပေးထားခဲ့သည်။ (ရှင်မဿဲ ၁၆း၁၈)

၃။ တန်ခိုးနှင့်တကွ ပေါ်ပေါက်လာမည်။ (ယောလ ၂း၂၈၊ မာကု ၉း၁)

၄။ ပင်တေကုတ္တေပွဲ၌ စတင်တည်ခဲ့သည်။ (တမန်တော် ၂)

၅။ အချိန်အားဖြင့် အေဒီ(၃၃)တွင် ဖြစ်သည်။ (တမန်တော် ၂)

၆။ နေရာမှာ ယေရုရှလင်မြို့၌ဖြစ်သည်။ (လုကာ ၂၄း၄၉၊ တမန်တော် ၂)

၇။ ခရစ်တော်နာမကို ယူတင်သည်။ (ရောမ ၁၆း၁၆)

၈။ ခရစ်တော်တည်းဟူသော ကျောက်ပေါ်တွင်တည်သည်။ (မဿဲ ၁၆း၁၈)

၉။ အသွေးဖြင့်ဝယ်ယူသော အသင်းဖြစ်သည်။ (တမန်တော် ၂၀း၂၈)

၁၀။ ခရစ်တော်သည် အသင်း၏ဦးခေါင်းဖြစ်သည်။ (ကောလောသဲ ၁း၁၈)

၁၁။ ခရစ်တော်သည် အသင်း၏ကယ်တင်ရှင်ဖြစ်သည်။ (ဧဖက် ၅း၂၃)

၁၂။ လိုက်နာ၍ ကယ်တင်ခြင်းရသူများကိုသာ ဝင်စေသည်။ (တမန် ၂း၄၇)

၁၃။ လုပ်ငန်းမှာ ဒေသနာပြောကြားရန်နှင့် လိုအပ်သူကို ကူညီရန်ဖြစ်သည်။ (မာကု ၁၆း၁၅) (ယာကုပ် ၁း၂၇)

၁၄။ ရက်သတ္တပတ်၏ ပထမနေ့ရက်၌ အစဉ်ဝတ်ပြုကိုးကွယ်ကြသည်။ (တမန်တော် ၂၀း၇)

၁၅။ ခရစ်ယာန်တစ်ဦးစီ ပေါင်းစည်းထားသည်။ (တမန်တော် ၁၁း၂၆)

၁၆။ ဌာနချုပ်သည် ကောင်းကင်ဘုံ၌ရှိသည်။ (တမန်တော် ၁း၁၀-၁၂)

၁၇။ သမ္မာကျမ်းစာသာလျှင် လမ်းညွှန်ဖြစ်သည်။ (၂တိ ၃း၁၆-၁၇)

၁၈။ ထိန်းသိမ်းလုပ်ဆောင်ရာ၌ အသင်းလူကြီးများ၊ သင်းထောက်များ၊

တရားဟောဆရာများ၊ သွန်သင်ညွှန်ပြဝါဒပေးသူများ၊ အသင်းသားများ အားလုံးပါဝင်သည်။ (၁တိမောသေ ၃၊ တိတု ၁)

၁၉။ ပျက်စီးခြင်းသို့မရောက်၊ အမြဲတည်လျက်နေမည်။ (ဟေဗြဲ ၁၂:၂၈)

၂၀။ အသင်းတော်အတွက် ခရစ်တော်တစ်နေ့ပြန်လာမည်။ (ဧဖက် ၅:၂၇)

၂၁။ တစ်ခုတည်းသော အသင်းတော်ဖြစ်သည်။ (ဧဖက် ၄:၄)

၂၂။ သင်းဝင်သူများအား ခရစ်ယာန်ဟုခေါ်သည်။ (၁ပေတရု ၄:၁၆)

ခရစ်တော်၏အသင်းတော်သည် ကမ္ဘာပေါ်တွင် အကြီးမြတ်ဆုံးသောအသင်းဖြစ်သည်။ အကြီးမြတ်ဆုံးသောသူကို လုပ်ကျွေးပြုစုရန်ဖြစ်သည်။ အကြီးမြတ်ဆုံးသောအလုပ်ကို လုပ်ဆောင်ရန်ဖြစ်သည်။ ရှင်းလင်းလွယ်ကူ၍ စုစည်းမှုစနစ်ရှိသည်။ အသင်းတော်သည် ကယ်တင်ရှင်မဟုတ်သော်လည်း ကယ်တင်ခြင်းရရန် အသင်းဝင်ဖြစ်ဖို့လိုအပ်ပေသည်။ အတုအပများစွာရှိသော်လည်း စစ်မှန်သော အသင်းတော်တစ်ခုတည်းသာရှိသည်။

ခရစ်တော်၏ အသင်းတော်ကို ကမ္ဘာအနှံ့တွေ့နိုင်သည်။ သို့သော်လည်းအများစုက ငြင်းဆန်ဆန့်ကျင်ကြသည်။ သမ္မာတရားကိုသာ သွန်သင်သောကြောင့် ကျော်ကြားမှုမရှိ၊ မိုက်မဲမှု၊ ဘာသာရေးအတုအပ၊ ကွဲပြားမှားယွင်းသော သွန်သင်ခြင်းစသည်တို့ကို ဆန့်ကျင်သောကြောင့် အငြိုငြင်၊ ဖိနှိပ်မှုများခံရသည်။ သို့သော်ခရစ်ယာန်များသာ ဤကမ္ဘာပေါ်၌ ယခုအသက်တာ၊ နောင်တစ်သက်တာအတွက် ကြီးမားသော မျှော်လင့်ခြင်းဖြင့် အကောင်းဆုံးသော ကောင်းချီးမင်္ဂလာများကို ခံစားရသူများဖြစ်သည်။

ဤအသင်းသည် ခရစ်တော်၏အသင်းတော် ဖြစ်သည်။

## မေးခွန်းများ

၁။ ခရစ်တော်၏ အသင်းတော်မဟုတ်သော အရာအချို့ကို ဖော်ပြပါ။

၂။ အသင်းတော်ဟူသော ဝေါဟာရကားအဘယ်နည်း။

၃။ အသင်းတော်တွင် ပါဝင်ပေါင်းစပ်ထားသော အရာများကား
အဘယ်နည်း။

၄။ နာခံ၊ နားထောင်သောသူများအား အသင်းတော်ထဲ ဝင်ရောက်စေ
သူကား မည်သူနည်း။

၅။ အသင်းတော်အား ကျမ်းစာဖော်ပြပါအမည်အချို့ကို ဖော်ပြပါ။

၆။ မည်သည့်မြို့တွင် အသင်းတော်ကို စတင်ခဲ့ပါသနည်း။

၇။ အသင်းတော်၏ ဦးခေါင်းကား အဘယ်သူနည်း။

၈။ မည်သည့်အရာပေါ်တွင် အသင်းတော်ကို တည်ထားပါသနည်း။

၉။ အသင်းတော်၏လုပ်ငန်းကား အဘယ်နည်း။

၁၀။ ရက်သတ္တတပတ်၏ မည်သည့်နေ့တွင် အသင်းတော်စုဝေးဝတ်ပြု
ကြသနည်း။

၁၁။ ခရစ်တော်၏ အသင်းတော်ဌာနချုပ်ကား အဘယ်မှာရှိသနည်း။

၁၂။ မည်မျှတိုင်အောင် အသင်းတော်သည် တည်လျက်ရှိမည်နည်း။

၁၃။ အသင်းတော်မည်မျှရှိသနည်း။

၁၄။ ခရစ်တော်၏ အသင်းတော်သည် ထင်ပေါ်ကျော်ကြားခြင်းရှိပါသ
လား။

၁၅။ ခရစ်တော်၏ အသင်းတော်အသင်းသားများ အဘယ်ကြောင့်ကောင်း
ကြီးခံစားရသနည်း။

* * *

# အခန်း - ၇
## အသင်းတော်စုစည်းပုံ

အသင်းတော်အကြောင်းကို သေချာစွာလေ့လာနိုင်ရန် အသင်းတော်၏ ထိန်းသိမ်းစုစည်းပုံကို လေ့လာရန်လိုသည်။ အရေးကြီးသော ဆင်ခြင်မှုတစ်ရပ်မှာ အသင်းဂိုဏ်းဂဏဆိုင်ရာ အဖွဲ့အစည်းမျိုးဟု ထင်မှတ်ခြင်းမပြုဘဲ သမ္မာကျမ်းစာက မည်သို့ ပုံဖော်ထားသည်ကို ပေါ်လွင်ရန် လိုလေသည်။

**ပထမ** - အသင်းတော်ကို ခရစ်တော်ကိုယ်တိုင် တည်ထောင်သည်ဟု သိရန်လိုသည်။ ထို့ကြောင့် ကိုယ်တော်သာဆောက်လုပ်သူ၊ ပိုင်သူအုပ်စိုးသူ၊ ဦးဆောင်သူ ဦးခေါင်းဖြစ်သည်။ "သားတော်သည်လည်း အသင်းတော်တည်းဟူသော ကိုယ်၏ ဦးခေါင်းဖြစ်တော်မူ၏။ အရာရာ၌ ထူးမြတ်ခြင်းငှါ မူလအရင်းဖြစ်၍" (ကောလောသဲ ၁း၁၇-၁၈)ဟူ၍ ပေါလုဖော်ပြထားသည်မှာ ကျမ်းစာ၌လေ့လာရသော အသင်းတော်အား လူပုဂ္ဂိုလ်အာဏာပိုင်ဆိုင်မှု၊ လူသားဦးဆောင်မှုနှင့် အခြားသော ထူးကဲ ဦးဆောင်မှုများ မရှိကြောင်း ရှင်းလင်းထင်ရှားသည်။

**ဒုတိယ** - ခရစ်တော်သည် အသင်းတော်၏ ဦးခေါင်း(ဦးဆောင်သူ)ဖြစ်၍ ကောင်းကင်ဘုံ၌ ရှိနေတော်မူသောကြောင့် အသင်းတော်၏ ဌာနချုပ်သည်လည်း ကောင်းကင်ဘုံ၌သာ ရှိနေလေသည်။ တစ်နည်းဆိုသော် ခရစ်တော်၏ အသင်းတော်သည် စတင်တည်စကတည်းမှ ယနေ့တိုင် ဌာနချုပ် ကမ္ဘာပေါ်တွင်မရှိ၊ နောင်ကိုလည်းရှိမည် မဟုတ်။

တတိယ – အသင်းတော်တစ်ခုတည်းရှိ၍ ဒေသအလိုက် စုဝေးသော အသင်းစုကလေးများ ပေါင်းစည်းလျက်ရှိသည်။ ခရစ်တော်သည် တစ်ခုတည်းသော အသင်းတော်ကို တည်မည်။ (မဿဲ ၁၆း၁၈) ဟု ဆိုရာတွင် ကမ္ဘာလုံးဆိုင်ရာ တစ်ခုတည်းဟုဆိုလိုသည်။ ခရစ်တော်၏ အသင်းတော်အပေါင်းတို့ (ရောမ ၁၆း၁၆)ဟူ၍ ပေါလုဆိုရာတွင် တစ်ခုတည်းသောအသင်း ကိုဖြစ်စေသည့် နေရာဒေသခြား အသင်းစုကလေးများဟု ဆိုလိုခြင်း ပင်ဖြစ်သည်။

စတုတ္ထ – အသင်းစုကလေးတိုင်းသည် လွတ်လပ်စွာ သီးခြားရပ်တည်မှုရှိကြသည်။ သမ္မာကျမ်းအားဖြင့် ပြည့်စုံမှုရှိကြ၍ တစ်ခုနှင့်တစ်ခုမှီတွယ်မှုမရှိပါ။ လုပ်ငန်းများတွင် ပူးပေါင်းဆောင်ရွက်မည်ဖြစ်သော်လည်း တစ်ခုနှင့်တစ်ခု ဩဇာအာဏာလွှမ်းမိုးခြင်းမရှိပါ။ သီးခြားထိန်းသိမ်းမှုရှိကြ၍ တစ်ခု၏အမှားအယွင်းသည် အခြားတစ်ခုအပေါ် သက်ရောက်ထိခိုက်နိုင်စွမ်းမရှိ။

ပဉ္စမ – အသင်းစုလေးတိုင်းတွင် သူ့အသင်းလူကြီးများနှင့်သူရှိကြသည်။ ၎င်းတို့၏ တာဝန်မှာ အာဏာစိုးမိုးရန်မဟုတ် အသင်းတော်အား သတိနှင့်ကြည့်ရှုလုပ်ကျွေးပြုစုရန်ဖြစ်သည်။ (တမန်တော် ၂၀း၂၈) သမ္မာကျမ်း၌ အသင်းလူကြီးများအား သင်းအုပ်များ၊ သိုးထိန်းများစောင့်ရှောက်သူများဟူ၍ ခေါ်ဝေါ်ထားသေးသည်။ ၎င်းထို့၏အရည်အချင်းကို ၁တိမောသေ ၃ နှင့် တိတု ၁ တွင် တွေ့ရသည်။ အရည်အချင်းနှင့် ပြည့်သူမရှိသေးသောအသင်းသည် အရည်အချင်းပြည့်လာသည်အထိ အသင်းလူကြီးများမရှိဘဲ ဆက်လက်အသက်ရှင်သွားနိုင်သည်။ အသင်းတော်၌ အမျိုးသားများသာလျှင် အသင်းလူကြီးများအဖြစ် ဆောင်ရွက်

နိုင်ကြောင်းကို သတိပြုရန်လိုသည်။

**ဆဋ္ဌမ** – အသင်းစုလေးတိုင်းတွင် သူ့သင်းထောက်များနှင့် သူရှိကြသည်။ ၎င်းတို့၏တာဝန်မှာ သင်းလူကြီးများကို ကူညီရန်ဖြစ်သည်။ အများသူတို့သည် ဝိညာဉ်ရေးဆိုင်ရာများကို သင်းလူကြီးများက ကြည့်ရှုရ၍ ကာယဆိုင်ရာအမှုများကို သင်းထောက်များက ကြည့်ရှုရ၏ဟုသာ ထင်တတ်ကြသည်။ သင်းထောက်အရည်အချင်းကို ၁တိမောသေ ၃ တွင် တွေ့ရသည်။ လူတိုင်းသင်းထောက်မဖြစ်နိုင်ကြောင်းကို သတိပြုနိုင်သည်။

**သတ္တမ** – အသင်းစုကလေးတိုင်းတွင် တရားဟောဆရာများ၊ သွန်သင်ဩဝါဒပေးသူများ၊ ယုံကြည်သူများ ပါဝင်လျက်ရှိသည်။ အသင်းသားများကို အထက်ပါအတိုင်းခွဲ၍ ဖော်ပြခြင်းသည် ရာထူးအဆင့်ကွဲနေခြင်းမဟုတ်၊ လုပ်ငန်းပိုင်းဆိုင်ရာအမျိုးမျိုးကို ဖော်ပြခြင်းဖြစ်သည်။ ခရစ်တော်၏ အသင်းတော်တွင် အသင်းဝင်သူများသည် ဖြည့်စွက်ရမည့်လုပ်ငန်းပိုင်းများရှိနေသည်။ အသင်းတော်၏ သဘာဝသည် ရှင်းလင်းလွယ်ကူ၍ ဘုရားရှင်စိုက်ထူထားသည့်အတိုင်းပင် အစဉ်ရှိနေစေအပ်သည်။

ဘာသာရေးလောကတစ်ခုလုံးကိုကြည့်လျှင် သမ္မာကျမ်းနှင့် မကိုက်ညီသော ဖွဲ့စည်းအုပ်ချုပ်ပုံဆောင်သည့် အဖွဲ့အစည်း ဂိုဏ်းဂဏများကို တွေ့ရ၏။ ထိုသို့နည်းစဉ်များ ပေါ်လာသည်နှင့်အမျှ အဖွဲ့များ အသင်းဝင်များသည် ဘုန်းကြီးလူတန်းစားနှင့် သာမန်လူတန်းစားဟူ၍ ခွဲခြားလာကြသည်။ အသင်းအဖွဲ့အစည်း၏ ထိပ်သီးများနှင့် အမိန့်နာခံသာရှိသော သာမန်အသင်းဝင်များဟူ၍ဖြစ်လာသည်။ ကာသိုလ်လစ်

စနစ်တွင် ပုပ်ရဟန်းသည် အဖွဲ့အစည်းတစ်ခုလုံး၏ ဦးဆောင်မှုပိုင်းကို ချုပ်ကိုင်ထားသည်။ ပရိုတက်စတန့်စနစ်များတွင် သင်းအုပ်၊ ဥက္ကဋ္ဌ၊ အရေးပါလူတစ်စုစသည်တို့၏ ကြိုးကိုင်မှုမျိုးကို တွေ့ရသည်။ အကယ် စင်စစ်အားလုံးသောသူတို့သည် သမ္မာကျမ်းသွန်သင်သော အသင်းတော် စုစည်းခြင်းသို့ အရောက်ပြန်ခြင်းသည် အကောင်းဆုံးပင် မဟုတ်ပါလား၊ လူတို့၏နည်းလမ်းအားဖြင့် လူပုဂ္ဂိုလ်ကိုသာ မြှောက်စားရာကျ၏။ ဘုရားရှင်၏ နည်းလမ်းသာလျှင် ခရစ်တော်ကို ဦးဆောင်သူ ဦးခေါင်းအဖြစ် ချီးမြှောက်ရာရောက်သည်။ အဘယ်သို့ဆိုစေ ဘုရားရှင်၏ နည်းလမ်းသာ စစ်မှန်၍ အချိန်ကာလ၏ စုံစမ်းခြင်းကို အစဉ်ရပ်တည်နိုင်မည်သာဖြစ်၏။

## မေးခွန်းများ

၁။ ခရစ်တော်၏အသင်းတော် ဖွဲ့စည်းပုံမှာ ဂိုဏ်းဂဏများ၏ ဖွဲ့စည်းပုံများနှင့် တူပါသလား။

၂။ ခရစ်တော်၏အသင်းတော်ကို ဦးဆောင်သူသည် အဘယ်သူနည်း။

၃။ ခရစ်တော်၏အသင်းတော်ကို ဦးဆောင်သူသည် ဦးဆောင်မှုကို အခြားသူတစ်ယောက်နှင့်အတူ လက်တွဲဦးဆောင်ပါသလား။

၄။ ခရစ်တော်၏အသင်းတော်ဌာနချုပ်သည် မည်သည့်နေရာတွင် ရှိပါသနည်း။

၅။ ကျမ်းစာသည် အသင်းတော်မည်မျှရှိကြောင်း ဖော်ပြသနည်း။

၆။ တစ်လောကလုံးဆိုင်ရာ အသင်းတော်သည် ဒေသအလိုက် တည်လျက်နေသော ခရစ်တော်အသင်းစုကလေးများဖြင့် တည်နေပါသလား။

၇။ အသင်းစုလေးများသည် တစ်ခုချင်း ..........................။

၈။ အသင်းစုများဖွဲ့စည်းပုံမှာ အသင်းတော်တစ်ခုလုံးကို ........မှကာကွယ်၏ ။

၉။ ခရစ်တော်လက်အောက်၌ မည်သူများက အသင်းတော်ကို လုပ်ကျွေးပြုစုရန်ရှိသနည်း။

၁၀။ အသင်းလူကြီးများအဖြစ် အမျိုးသမီးများက လုပ်ဆောင်နိုင်ပါသလား။

၁၁။ သင်းထောက်များသည် အသင်းတော်ကို မည်သို့လုပ်ကျွေးပြုစုသနည်း။

၁၂။ ခရစ်တော်အသင်းတော်တွင် တရားဟောဆရာများရှိပါသလား။

၁၃။ အသင်းဂိုဏ်းဂဏအဖွဲ့အစည်းများသည် ကျမ်းစာဖော်ပြချက်၊ ဘုရားသခင်၏အသင်းတော်ဖွဲ့စည်းပုံအတိုင်း လိုက်လျှောက်နေကြပါသလား။

၁၄။ ဂိုဏ်းဂဏများသည် မည်သည့်ပုံစံမျိုးများ ဖြစ်ကြသနည်း။

၁၅။ ကာသိုလ်လစ်အသင်းတော်ကို ဦးဆောင်သောသူသည် အဘယ်သူနည်း။

၁၆။ ဓမ္မသစ်ကျမ်းသွန်သင်မှုတွင် ထိုဦးဆောင်သူအား အာဏာပေးထားပါသလား။

* * *

# အခန်း - ၈

## အသင်းတော်၏လုပ်ငန်း

အသင်းတော်၏လုပ်ငန်းကား အဘယ်နည်း။ အသင်းတော်၌ တာဝန်လုပ်ငန်းရှိပါသည်။ အသင်းတော်လုပ်ငန်းဟုဆိုရာ၌ အရောင်းအဝယ် စီးပွားရေးလုပ်ငန်းမျိုးမဟုတ်ပါ။ အလုပ်ရှာဖွေပေးသော တာဝန်မျိုးလည်း မပါဝင်ပါ။ တရားဟောချင်သူတိုင်းကို လက်ခံ၊ ငွေရမ်းအခပေးပြီး စေလွှတ်ရန်လည်း မဟုတ်ပါ။ စာသင်ကျောင်းများတည်ထောင်၍ ပညာရေးလုပ်ငန်းတွင် ပါဝင်လုပ်ဆောင်ရန်လည်း မဟုတ်ပါ။ ဖော်ပြပါလုပ်ငန်းတို့သည် အရေးပါသော်လည်း ခရစ်တော်၏ ကိုယ်ခန္ဓာတော်ဖြစ်သော အသင်းတော်၏ အဓိကတာဝန်မဟုတ်ပါ။

အသင်းတော်၏လုပ်ငန်းသည် ကမ္ဘာပေါ်တွင် အကြီးကျယ်ဆုံးသော လုပ်ငန်းဖြစ်ပါသည်။ ကောင်းကင်ဘုံ၌ရှိတော်မူသော ဘုရားရှင်၏ ဘုန်းတော်ကို ထင်ရှားစေရသည့်အလုပ်မှာ အဘယ်မျှကြီးကျယ်မြင့်မြတ်သောလုပ်ငန်းဖြစ်သည်ကို ဆင်ခြင်ကြည့်နိုင်ပါသည်။ ဘုရားရှင်၏ အလိုတော်နှင့်အညီ မဟာအမှုတော်ဆောင်လုပ်ငန်းကြီးကို လုပ်ကိုင်ရန် သခင်ဘုရားခန့်ထားသော အသင်းတော်သည် တာဝန်ကျေပွန်အောင် သစ္စာရှိစွာ လုပ်ဆောင်ရမည်သာဖြစ်သည်။

အသင်းတော်၏ လုပ်ငန်းမှာ ကဏ္ဍ(၂)ပိုင်း ရှိပါသည်။

(၁) ဝိညာဉ်များကယ်တင်ခြင်းရရန် ဧဝံဂေလိတရားကို ဟောပြောသက်သေခံရန်။

(၂) ဆင်းရဲသောသူများနှင့် လိုအပ်နေသူများကို ထောက်ပံ့ကူညီမစရန်။

ပထမတာဝန်ဖြစ်သည့် ဧဝံဂေလိတရား ဟောကြားရန်ကဏ္ဍကို လေ့လာကြပါစို့။ ခရစ်တော်ကိုယ်တော်တိုင် မိန့်မှာတော်မူသော မဟာလုပ်ငန်းတာဝန်ကြီးမှာ .... "သင်တို့သည် လောကီနိုင်ငံအရပ်ရပ်ရှိသမျှသို့သွား၍ ဝေနေယျသတ္တဝါအပေါင်းတို့အား ဧဝံဂေလိတရားကို ဟောကြလော့။ ယုံကြည်၍ ဗတ္တိဇံကိုခံသောသူသည် ကယ်တင်တော်မူခြင်းသို့ ရောက်လတ္တံ့။ မယုံကြည်သောသူမူကား အပြစ်စီရင်ခြင်းကို ခံရလတ္တံ့"။ (ရှင်မာကု ၁၆း၁၅–၁၇)

ရှင်မဿဲခရစ်ဝင်၌ ဖော်ပြထားသည်မှာ .... "သင်တို့သွား၍ လူမျိုးတကာတို့ကို ငါ့တပည့်ဖြစ်စေလျက် ခမည်းတော်၊ သားတော်၊ သန့်ရှင်းသော ဝိညာဉ်တော်၏ နာမ၌ ဗတ္တိဇံကို ပေးကြလော့"။ (မဿဲ ၂၈း၁၉)အသင်းတော်၏ အဓိကအကျဆုံးတာဝန်မှာ 'သွား' ၍ ဧဝံဂေလိတရားကို လူမျိုးတကာအား ကြားပြောရန်ဖြစ်သည်။ 'သွား' ဆိုရာ၌ မည်သို့မည်ပုံသွားရမည်ကို ဖော်ပြခြင်းမရှိပါ။ 'ဟောပြော' ဆိုရာတွင်လည်း မည်သို့မည်ပုံ ဟောပြောရမည်ဟူ၍ ပုံစံကိုမပေးခဲ့ပါ။ ကမ္ဘာအနှံ့၊ နေရာတကာ၊ လူအသီးသီးတို့အား ခရစ်တော်၏ ဧဝံဂေလိတရားကို ဟောပြောသက်သေခံလျက် ဝိညာဉ်များ ကယ်တင်ခြင်းဆုကျေးဇူးရဖို့ အသင်းတော်သည် လှုပ်ရှားရမည်ဖြစ်၏။ မည်သို့မည်ပုံသွားရမည်ကို ခရစ်တော်က မဖော်ပြခဲ့ပါ။ သို့ရာတွင် ဧဝံဂေလိတရားကို ပြောဆိုရာတွင် လူ၏ဒေသနာ၊ လူ့သွန်သင်ချက်များ၊ ထင်မြင်ယူဆချက်များကို ဟောပြောရမည်မဟုတ်ပါ။ ဧဝံဂေလိတရားကိုသာ ဟောပြောရမည်။

တရားပလ္လင်ပေါ်မှသော်လည်းကောင်း၊ သတင်းစာစောင်များမှ သော်လည်းကောင်း၊ ဝေစာများမှသော်လည်းကောင်း၊ စာပေးစာယူသင် တန်းများဖြင့်သော်လည်းကောင်း၊ ရေဒီယို၊ တယ်လီဗေးရှင်း၊ နည်းမျိုးစုံ ဖြင့်သန့်စင်သော ဧဝံဂေလိတရားကို ဟောကြားနိုင်ပါသည်။ ရှင်ပေါ လုက ၂တိ ၄း၂ ၌ "နှုတ်ကပတ်တရားတော်ကို ဟောပြောလော့" ဟု သွန်သင်ခဲ့၏။ ဘာကိုဟောပြောခိုင်းသနည်း။ နှုတ်ကပတ်တရားတော်ကို သာဖြစ်ပါသည်။ အသင်းတော်လုပ်ဆောင်သမျှ လုပ်ငန်းတိုင်းသည် ဝိညာဉ်များ ကယ်တင်ခြင်းရရန်သာ အဓိကဖြစ်ရမည်။ (ခရစ်ယာန်ဟု မိမိကိုယ်မိမိ သမုတ်သူတိုင်း၏ တာဝန်သာဖြစ်သည်)

အသင်းတော်သည် ဤမဟာအမှုတော်မြတ်လုပ်ငန်းကို လုပ် ဆောင်ပြီးနောက် ဒုတိယပိုင်းအနေနှင့် အကူအညီလိုနေသူများကို လက် တွေ့မစ၊ ကူညီရန်ဖြစ်၏။ ခရစ်တော်လူသားအနေဖြင့်ရှိစဉ် လိုအပ်သူ များအား ကူညီစေခဲ့သည်။ ကျွန်ုပ်တို့ပတ်ဝန်းကျင်ရှိ လူများ၏ ဒုက္ခ ဆင်းရဲခံရမှု၊ စိတ်ဝိညာဉ်ညှိုးငယ်မှုကို လျစ်လျူရှုထားပါက ခရစ်တော်၏ စိတ်ဝိညာဉ်ကိုရသောခရစ်ယာန်များဟု အဘယ်သို့ခေါ်နိုင်ပါမည်နည်း။ (ရောမ ၈း၉) "ခရစ်တော်၏ ဝိညာဉ်ကို မရသောသူမည်သည်ကား ခရစ်တော်နှင့်မဆိုင်" ထိုသို့ကူညီ၊ မစရာ၌ တကယ်လိုအပ်နေသူများကို သာ ထိရောက်စွာကူညီ၊ မစရပေမည်။ (၁တိမောသေ ၅)

မထိုက်တန်သောသူများကို အချိန်၊ ငွေကြေး၊ အကုန်ခံ၍ ကူညီမစနေခြင်းသည် အသင်းတော်၏ တန်ဖိုးရှိလှသော လုပ်ငန်းကို အလွဲသုံးရာရောက်မည်ကို သတိချပ်သင့်သည်။ အသင်းတော်သည် မိမိတတ်စွမ်းနိုင်သ၍ ဆာငတ်နေသူများအား ကျွေးမွေးခြင်း၊ အဝတ်အ

ချည်းစည်းရှိသူများအား အဝတ်နှင့်ဖုံးလွှမ်းခြင်း၊ ခိုကိုးရာမဲ့သူများအား ခိုလှုံရန်ဖန်တီးပေးခြင်းစသည်တို့ကို လုပ်ဆောင်နိုင်၏။ ဖျားနာသူများအား မစခြင်း၊ သက်ကြီးရွယ်အိုများအား စောင့်ရှောက်ခြင်းသည် ဤလုပ်ငန်း၌ အကျုံးဝင်သည်။ ရှင်ယာကုပ်က .... "ခမည်းတော်ဘုရားသခင်ရှေ့၌ စင်ကြယ်သန့်ရှင်းသော သီလဟူမူကား မိဘမရှိသော သူငယ်နှင့် မုဆိုးမတို့သည် ဆင်းရဲခံရသောအခါ သူတို့ကို ကြည့်ရှုပြုစုခြင်း၊ ကိုယ်တိုင်လည်း လောကီအညစ်အကြေးနှင့် ကင်းစင်အံ့သောငှာ စောင့်ရှောက်ခြင်းပေတည်း" (ယာကုပ် ၁း၂၇)ဟု ဖော်ပြခဲ့၏။

ခရစ်ယာန်တစ်ဦးစီ၏ တာဝန်မှာ ဘုရားသခင်ရှေ့တော်၌ မိမိကိုယ်နှင့် မိမိ၏မိသားစုလိုအပ်မှုများကို ပြေလည်အောင် အကောင်းဆုံးဆောင်ရွက်ပေးရန်ပင်ဖြစ်၏။ "မိမိလူတို့ကိုမပြုစု၊ ထိုမျှမက မိမိအိမ်သူ အိမ်သားတို့ကို မပြုစုသောသူ မည်သည်ကား၊ ယုံကြည်ခြင်းတရားကို ငြင်းပယ်၏။ မယုံကြည်ဘူးသောသူထက်သာ၍ ယုတ်မာ၏။" (၁တိ ၅း၈) ဆာလောင်ငတ်မွတ်၊ နေစရာဘုံမရှိ၊ ချို့တဲ့နေသူသည် သူ့ဝိညာဉ်ရေးရာကိစ္စကို အဘယ်မှာ အလေးထားနိုင်ပါမည့်နည်း။ ထို့ကြောင့်လည်း ခရစ်တော်၏အသင်းတော်သည် လက်တွေ့လုပ်ဆောင်မှုကို လုပ်ဆောင်ရမည်သာ ဖြစ်၏။ သို့သော်ကာယအရေးထက် ဝိညာဉ်ရေးကို ပိုမိုဦးစားပေးရန်သတိပြုရမည်။

ဘုရားရှင်သည် ဝေနေယျလောကီသားတိုင်းကို ကယ်တင်ခြင်းရစေရန် အလိုတော်ရှိကြောင်း အမြဲသတိပြုရမည်။ အဘယ်သူမျှ မပျက်စီး၊ မဆုံးရှုံးဘဲ နောင်တရစေရန် အလိုတော်ရှိသည်။ သို့သော် လူသည် နှုတ်ကပတ်တော်ကို ကြားနာခွင့်ရပြီး လိုက်နာမှသာကယ်တင်ခြင်း ရ

နိုင်မည်ဖြစ်သည်။ ထို့ကြောင့်တရားဟောကြားခြင်းဖြင့်ဖြစ်စေ၊ ကူညီမစခြင်းဖြင့်ဖြစ်စေ၊ သမ္မာတရားကို ပြောကြားရပါသည်။ ဤသည်ပင် အသင်းတော်၏လုပ်ငန်းဖြစ်ပါသည်။

## မေးခွန်းများ

၁။ အသင်းတော်လုပ်ဆောင်ရန် အထူးတာဝန်ရှိပါသလား။
၂။ လွဲမှားယူဆကြသော အသင်းတော်၏တာဝန်အချို့ကို ဖော်ပြပါ။
၃။ အသင်းတော်တာဝန်ကို အသင်းတော်မှတစ်ပါး၊ အခြားသော အဖွဲ့အစည်းများလုပ်ဆောင်နိုင်ပါသလား။
၄။ အသင်းတော်၏တာဝန် အပိုင်းနှစ်ပိုင်းကား အဘယ်နည်း။
၅။ ဤနှစ်ပိုင်းစလုံးတွင် အဆုံးသတ်ရန်အချက်ကားအဘယ်နည်း။
၆။ ခရစ်ယာန်များသည် လောက၏ မည်သည့်နေရာသို့ သတင်းစကားကို ယူဆောင်ရမည်နည်း။
၇။ ခရစ်တော်အကြောင်းကို လူဦးရေမည်မျှကြားပြောစေရမည်နည်း။
၈။ "သွား" ဟူသောအမူတွင် အဘယ်အရာကို အသုံးပြုမည်နည်း။
၉။ လူတွေအား သွန်သင်မှုပြုရာတွင် မည်သည့်နည်းကို အသုံးပြုရမည်နည်း။
၁၀။ အသင်းတော်လုပ်ရပ်တိုင်း၏ နောက်ကျောတွင်ရှိသော ရည်ရွယ်ချက်ကား အဘယ်နည်း။
၁၁။ ဦးတည်ချက်နှင့်ပတ်သက်၍ ခရစ်တော်ကမ္ဘာပေါ်ရှိစဉ် အလေးထားခဲ့ပါသလား။

၁၂။ လူသားတို့၏ လိုအပ်မှုနှင့်ပတ်သက်၍ ကျွန်ုပ်တို့သတိမမူလျှင် ကျွန်ုပ်တို့၌ လိုအပ်သော အချက်ကားအဘယ်နည်း။

၁၃။ လိုအပ်မှုတောင်းဆိုလာသူတိုင်းအား အသင်းတော်က ကူညီရမည်လား။

၁၄။ ခရစ်ယာန်များသည် အဘယ်ကြောင့် ကူညီခြင်းအမှုနှင့် ပတ်သက်၍ အလေးထားအပ်သနည်း။

၁၅။ မည်သည့်ပုံစံမျိုးများကို ကူညီရမည်နည်း။

၁၆။ စင်ကြယ်သန့်ရှင်းသော သီလအမှုကို ယာကုပ်မည်သို့ဆိုထားသနည်း။

၁၇။ အကူညီတောင်းခံမည့်သူတစ်ယောက်သည် ရှေးဦးစွာ မည်သို့တာဝန်ရှိရမည်နည်း။

၁၈။ အသင်းတော်သည် ခန္ဓာကိုယ်ပိုင်းဆိုင်ရာအမှုနှင့် ဝိညာဉ်ရေးဆိုင်ရာအမှုတွင် မည်သည့်အမှုကို အလေးထားပါသနည်း။

* * *

# အခန်း - ၉
## အမည်နာမ

အမည်နာမသည် အထူးအရေးကြီးပါသည်။ လူတစ်ယောက်ကို မည်သူမည်ဝါဖြစ်ကြောင်း အမည်နာမကသာ ခွဲခြားဖော်ပြလေ့ရှိပါသည်။ ကုမ္ပဏီများဆိုလျှင် အလုပ်ကိစ္စပို၍ တွင်ကျယ်စေရန်လည်းကောင်း၊ စီးပွားရေးအရ လူသိများစေရန် ကြော်ငြာခြင်းကို အထူးဦးစားပေး အကုန်အကျခံကာ လူသိစေရန် ဖော်ပြလေ့ရှိသည်။ ကောင်း၊ မကောင်းကို အမည်နာမပေါ်မူတည်၍ ဆုံးဖြတ်လေ့ရှိသည်။ ဝိညာဉ်ရေးရာအသက်တာ၌လည်း ဤသို့ပင်ဖြစ်၏။ သမ္မာကျမ်းစာက .... "ထိုသခင်၏ နာမတော်မှတစ်ပါး၊ ငါတို့ကို ကယ်တင်နိုင်သော နာမတစ်စုံတစ်ခုမျှ ကောင်းကင်အောက် လူတို့တွင် မပေါ်မရှိ"။ (တမန် ၄း၁၂)

အမည်နာမသည် ဤမျှအရေးကြီးလျှင် ခရစ်တော်နှင့်စပ်ဆိုင်ကြောင်း ကျွန်ုပ်တို့ ဘယ်အမည်ကို အသုံးပြုမည်နည်း။ သမ္မာကျမ်းစာက ကျွန်ုပ်တို့အား ဘုရားသခင်၏ သားသမီးများ၊ သန့်ရှင်းသူများ၊ ထွက်မြောက်သူများ၊ သူတော်စင်များဟု သမုတ်ထားသော်လည်း ခရစ်တော်နှင့် စပ်ဆိုင်ကြောင်း သုံးစွဲသောနာမကပို၍ အရေးကြီးပါသည်။ ဘုရားသခင်၏ နှုတ်ကပတ်တော်အရ၊ ယုံကြည်သူများအား ပထမရာစု၌မည်သို့ခေါ်ဝေါ်ထားကြောင်း ပြန်လည်သုံးသတ်ကြည့်သော် သမ္မာကျမ်းစာက .... "တပည့်တော်တို့သည်လည်း ခရစ်ယာန်ဟူသော ခေါ်ဝေါ်သမုတ်ခြင်းကို အန္တိအုတ်မြို့၌ အဦးခံရကြ၏" (တမန်တော် ၁၁း၂၆)ဟု ဖော်ပြထားပါသည်။

ယခုအခါ၌လည်း မည်သို့ခေါ်ကြသနည်း။ ခရစ်ယာန်ဟုသာ ခေါ်ကြပါသည်။ နာမဝိသေသနတစ်မျိုးမျိုးကို အသုံးပြုကာ အမျိုးအစားခွဲ၍ ဘာ–ခရစ်ယာန်ဟုမခေါ်ဘဲ ခရစ်ယာန်ဟုသာ ခေါ်မြဲရှိပါသည်။ ခရစ်တော်နှင့် စပ်ဆိုင်လျက်၊ ခရစ်တော်ကဲ့သို့သော သူများကို အဓိပ္ပာယ်ရှိ၍လည်း ခရစ်ယာန်ဟုသာ ခေါ်ဝေါ်ခြင်းဖြစ်သည်။

**ပေတရုက** – "ခရစ်ယာန်ဖြစ်သောကြောင့် ခံရလျှင်မူကား ရှက်ကြောက်ခြင်းမရှိစေနှင့်။ ထိုအမှုကြောင့်ခံရလျှင် ဘုရားသခင်၏ ဂုဏ်တော်ကို ချီးမွမ်းစေ" (၁ပေ ၄း၁၆) ပေတရုသည် ခရစ်ယာန်များကို ခရစ်တော်၏နာမကြောင့် ကဲ့ရဲ့ခြင်းခံရလျှင် ရှက်ကြောက်ခြင်းမရှိဘဲ ခံယူသင့်ကြောင်း ဖော်ပြထားခြင်းဖြစ်ပါသည်။ ခရစ်ယာန်ဟု ရိုးသားစွာအခေါ်ခံရခြင်းကို ဂုဏ်ယူသင့်သည်။

**ပေါလုက** – "စကားပြောသော်လည်းကောင်း၊ အမှုဆောင်ရွက်သော်လည်းကောင်း၊ သခင်ယေရှု၏ နာမတော်ကို ထောက်၍ ခပ်သိမ်းသောအမှုတို့ကို ပြုမှုလျက် ကျေးဇူးတော်ကြီးလှပါ၏ဟု ထိုသခင်ကို အမှီပြုလျက် ခမည်းတော်ဘုရားသခင်ရှေ့၌ ဝန်ခံကြလော့" (ကောလောသဲ ၃း၁၇)

ခရစ်ယာန်တွင် ခရစ်တော်၏ နာမမှတစ်ပါး အခြားနာမသုံးစွဲစရာမလိုအပ်ပေ။ ဂိုဏ်းဂဏအမည်များ၊ လူတို့သမုတ်သောနာမည်များဖြင့် ခရစ်ယာန်ဟုအခေါ်ခံနေ၍ သင့်တော်ပါမည်လား၊ လူသည် ခရစ်တော်၏ အမည်နာမကိုခံယူသော ခရစ်ယာန်အဖြစ်ထက် မိမိစိတ်ကူးရှိသည့်အတိုင်း ကာသိုလစ်ခရစ်ယာန်၊ မက်သဒစ်ခရစ်ယာန်၊ ပရက်စ်ပတေးရီးယန်းခရစ်ယာန် စသည်ဖြင့် လူပြုလုပ်သော အသင်းအဖွဲ့အမည်များကို

မြတ်မြတ်နိုးနိုး အသုံးပြုနေခြင်းမှာ သမ္မာကျမ်းစာအရညီညွတ်မှု၊ ကိုက်ညီမှုရှိ၊မရှိ စဉ်းစားလျှင် အဖြေရနိုင်ပါသည်။ စစ်မှန်သော ခရစ်ယာန် ဆိုလျှင် ခရစ်ယာန်ရိုးရိုးသာအမည်ခံပြီး၊ သမ္မာကျမ်းစာအတိုင်း လိုက်နာကာ ခရစ်တော်၏အသင်းတော်၌ အသင်းသားတစ်ဦးဖြစ်ပေ သည်။ ဘုရားရှင်က ကျွန်ုပ်တို့အား သူ၏နာမတော်နှင့်သာ စပ်ဆိုင် စေလိုသည်။ လူသမုတ်သော နာမခံယူသည့်ခရစ်ယာန်များကို အလို မရှိပေ။

အသင်းတော်သည် ခရစ်ယာန်များ ပေါင်းစုထားသော အသင်း ဖြစ်၍ မည်သည့်နာမရှိသင့်သနည်း။ အသင်းတော်ကို မည်သူက ကတိ ထားခဲ့သနည်း။ ကယ်တင်ရှင်သခင်သည် မည်သူနည်း။ မည်သူက အသွေးတော်ဖြင့် ရွေးနှုတ်ထားသနည်း။ ဤအသင်းတော်အတွက် မည် သူက ပြန်ကြွလာဦးမည်နည်း။ ရှင်မဿဲ ၁၆း၁၈၊ တမန် ၂၊ ကော လောသဲ ၁း၁၈၊ ဧဖက် ၅း၂၃၊ တမန် ၂၀း၂၈၊ ဧဖက် ၅း၂၇ တို့တွင် အားလုံး၏အဖြေသည် ခရစ်တော်ပင်ဖြစ်ကြောင်း ဖော်ပြထားပါသည်။

ထို့ကြောင့်အသင်းတော်သည် ခရစ်တော်၏ အမည်ကိုသာခံယူ ရပေမည်။ ထို့ကြောင့်လည်း "ခရစ်တော်၏အသင်းတော်" ၌ အသင်း ဝင်များသည် ခရစ်ယာန်များဖြစ်ကြ၏ ထိုမျှပင်ရှင်းပါ၏။

ရောမ ၁၆း၁၆ ၌ ရှင်ပေါလုက – "ခရစ်တော်၏ အသင်းတော် အပေါင်းတို့သည် သင်တို့ကို နှုတ်ဆက်ကြ၏" ဟု ဖော်ပြထား၏။ အချို့က ရှင်ပေါလုသည် ခရစ်ယာန်ဂိုဏ်းဂဏအသင်းတော်များကို ခြုံ ၍ ခေါ်သည်ဟု စောဒကတက်ကောင်း တက်မည်ဖြစ်၏။ သို့သော် သေချာစွာ လေ့လာလျှင် တမန်တော်ကြီးက ကောရိန္သုမြို့ရှိ ခရစ်တော်၏

အသင်းတော်၊ သက်သလောနိတ်မြို့ရှိ ခရစ်တော်၏ အသင်းတော်စသည့်ခရစ်တော်၏ အသင်းတော်များကိုသာ ဆိုလိုကြောင်း ထင်ရှားပါ၏။ ဗျာဒိတ် ၁ မှ ၃ တွင် ဖော်ပြထားသော အသင်းတော်(၇)ခုသည် ဂိုဏ်းဂဏ(၇)ခု မဟုတ်ပါလားဟု တစ်စုံတစ်ယောက်က စောဒကတက်လိုက တက်မည်ဖြစ်၏။ ခရစ်တော်၏ အသင်းတော်များသာဖြစ်ကြောင်း သေ ချာစွာလေ့လာပါက တွေ့ရှိနိုင်ပါသည်။ ခရစ်တော်သည် တစ်ခုတည်းသော အသင်းတော်ကိုသာ တည်ထောင်ခဲ့သည်။ ကယ်တင်ခြင်းရရန်လမ်းလည်း တစ်လမ်းတည်းသာရှိသည်။ အသင်းတော်တွင် ခံယူရန်နာမမှာလည်း ခရစ်တော်၏ နာမသာဖြစ်သည်။

ခရစ်တော်၏နာမဖြင့် သမုတ်ခြင်းမခံရသော အသင်းအဖွဲ့သည် မည်ကဲ့သို့ ခရစ်တော်နှင့် စပ်ဆိုင်မည်နည်း။ လူ့အမည်နာမကို ခံယူခြင်းကြောင့် လူ့အသင်းတော်သာဖြစ်ပေမည်။ မိတ်ဆွေ - သင်သည် ခရစ်ယာန်တစ်ဦးဖြစ်ပါသလား။ ခရစ်တော်၏အသင်းတော်တွင် အသင်းသားတစ်ဦးဖြစ်ပါရဲ့လား။ ခရစ်တော်၏ နာမတော်ကို ခံယူကာ ခရစ်တော်အုပ်ချုပ်သော အသင်းတော်သည် ခရစ်ယာန်တိုင်းအတွက် ဖြစ်ပါသည်။

## မေးခွန်းများ

၁။ လူတိုင်း၌ အမည်နာမသည် အဘယ်ကြောင့် အရေးကြီးသနည်း။
၂။ အမည်နာမ မရှိလျှင် တစ်ဦးနှင့်တစ်ဦး ခွဲခြားနိုင်မည်လား။
၃။ ဝိညာဉ်ရေးဆိုင်ရာတွင် အမည်နာမသည် အရေးကြီးပါသလား။

၄။ ပထမရာစုတွင် ခရစ်တော်နောက်လိုက်များကို မည်သည့်အမည်နာမ နှင့် ခေါ်ဝေါ်ပါသနည်း။

၅။ သမ္မာကျမ်းအတိုင်းဆိုလျှင် ယနေ့ကျွန်ုပ်တို့ အဘယ်အမည်နာမကို ယူဆောင်အပ်သနည်း။

၆။ ခရစ်ယာန်ဟူသော အမည်သည် မည်သို့အဓိပ္ပာယ်ရှိသနည်း။

၇။ အဘယ်အမည်နာမနှင့် အကျွန်ုပ်တို့ ဘုရားသခင်၏ နာမကို ချီးမွမ်းရမည်နည်း။

၈။ ဤအချက်ကို မည်သည့်နေရာတွင် တွေ့နိုင်သနည်း။

၉။ ဖြည့်စွက်ပါ၊ ...............! လည်းကောင်း၊ ................ ၄င်းသခင် ယေရှု၏နာမကို ထောက်၍ ခပ်သိမ်းသောအမှုတို့ကို ပြုမူလျက် ကျေးဇူးတော်ကြီးလှပါ၏ဟု ထိုသခင်ကို အမှီပြု၍ ခမည်းတော် ဘုရားသခင်ရှေ့၌ ဝန်ခံကြလော့။

၁၀။ ခရစ်တော်၏နာမကို ယူတင်ဆောင်ယူခြင်းမရှိဘဲနှင့် ခရစ်တော်၏ နာမကို ထောက်၍ အမှုများပြုနိုင်မည်လား။

၁၁။ အချို့သူများ ကိုယ့်ကိုကိုယ် ခေါ်ဆောင်သော အမည်များမှာ .....။

၁၂။ ထိုသို့ဖြစ်နိုင်မည်လား။

၁၃။ ခရစ်ယာန်ထက်ပိုပြီးသော်လည်းကောင်း၊ လျှော့ပြီးသော်လည်း ကောင်း၊ အခေါ်ခံခြင်းမှာ ခရစ်ယာန်တစ်ယောက် ဖြစ်နိုင်မည်လား။

၁၄။ ခရစ်ယာန်များ စုပေါင်းခြင်းကို မည်သို့ခေါ်သနည်း။

၁၅။ ခရစ်တော်၏ အသင်းတော်ဟူ၍ အဘယ်ကြောင့် အသုံးပြုသနည်း။

၁၆။ အသင်းတော်ဟူသော အဓိပ္ပာယ် သို့မဟုတ် ဦးတည်ချက်ကား အဘယ်နည်း။

၁၇။ ရောမ ၁၆း၁၆ ၌ဖော်ပြသော "ခရစ်တော်၏ အသင်းတော်အပေါင်းတို့သည် ....." ဟူသော အချက်တစ်ချက်သည် ဂိုဏ်းဂဏများကို ဖော်ပြထားခြင်းဖြစ်ပါသလား။

၁၈။ အာရှိပြည်၌ရှိသော အသင်းတော်ခုနှစ်ပါးကား အဘယ်နည်း။

၁၉။ အသင်းတော်တစ်ပါးတည်းသာ တည်လျက်ရှိကြောင်း မည်သို့သိနိုင်သနည်း။

၂၀။ ဓမ္မသစ်တရားနှင့်အညီ အသက်ရှင်လုပ်ဆောင်ခြင်းမရှိလျှင် မိမိကိုယ်မိမိ ခရစ်ယာန်ဟူ၍ခေါ်ဝေါ်နိုင်မည်လား။

* * *

# အခန်း - ၁၀
## ခရစ်တော်၏ ဧဝံဂေလိတရား

ဧဝံဂေလိတရားဟူသည် ခရစ်တော်အကြောင်း သို့မဟုတ် သတင်းကောင်းပင်ဖြစ်သည်။ (ရောမ ၁၀း၁၅) ရှေးဦးစွာ ကတိတော် အနေနှင့် ဧဝံဂေလိကို ဟောခဲ့၍ နောက်ပိုင်း၌ အချက်အလက်ပြည့်စုံခြင်း အဖြစ်ဖြင့် ရောက်လာခဲ့သည်။ ရှင်ပေါလုက 'ငါသည် ခရစ်တော်၏ ဝံဂေလိတရားကြောင့် ရှက်ကြောက်ခြင်းမရှိ၊ အကြောင်းမူကား ထိုတရား သည် ရှေးဦးစွာ၌ ယုဒလူ၊ နောက်၌ဟေလသလူ၊ ယုံကြည်သမျှသော သူအပေါင်းတို့ကို ကယ်တင်စေသော ဘုရားသခင်၏ တန်ခိုးတော် ဖြစ်သည်။' (ရောမ ၁း၁၆)

ထိုတရားမှတစ်ပါး အခြားသောဧဝံဂေလိတရားသွန်သင်မှုကို ပေါလုက သတိပေးထားသည်။ "သင်တို့သည် အခြားသောဧဝံဂေလိ တရားကို ခံယူကြသောကြောင့် ငါသည်အံ့ဩခြင်းရှိ၏။ ထိုဧဝံဂေလိ တရားသည် ဧဝံဂေလိတရားမဟုတ်၊ သင်တို့ကို နှောင့်ယှက်၍ ခရစ်တော် ၏ ဧဝံဂေလိတရားကို မှောက်လှန်ချင်သော သူအချို့ရှိကြ၏။ သို့သော် လည်း သင်တို့အား ငါဟောပြောသော ဧဝံဂေလိတရားမှတစ်ပါး အခြား သော ဧဝံဂေလိတရားကို ငါတို့သည် ဟောပြောသော်လည်းကောင်း၊ ကောင်းကင်ဘုံမှလာသော ကောင်းကင်တမန်ဟောပြောသော် လည်း ကောင်း၊ ဟောပြောသောသူသည် ကျိန်တော်မူခြင်းကိုခံစေ။" (ဂလာတိ ၁း၆-၈) မည်သူမျှအခြားသော ဧဝံဂေလိတရားကို ဟောပြောရမည် မဟုတ်ဟု ဆင်ခြင်နိုင်ပါသည်။ သို့သော် ယနေ့များစွာသော အခြား

ဓမ္မဝေလီများကို ဟောပြောနေကြသည်။ ဥပမာ – ယုံကြည်ခြင်းတစ်ပါး တည်းဖြင့်သာ ကယ်တင်ခြင်းရသည်ဟူသော ဓမ္မဝေလီတရား၊ အသင်း တော်များစွာ ရှိခြင်းဆိုင်ရာ ဓမ္မဝေလီတရား၊ ကိုယ်စိတ်ထင်ကောင်းသလို ကိုးကွယ် ဝတ်ပြုနိုင်ခြင်းဟူသော ဓမ္မဝေလီတရား၊ ကျေးဇူးတော် သက်သက်သာ အကျုံးဝင်သည့်ဓမ္မဝေလီတရား၊ ရေလောင်းခြင်း–ရေဖြန်း ခြင်းဟူသောဓမ္မဝေလီတရား စသည်ဖြင့် ထိုဓမ္မဝေလီတရားများသည် မှားယွင်းသောဓမ္မဝေလီတရားများဖြစ်သည်။ မှန်ကန်သောဓမ္မဝေလီ တရားသည် တစ်ခုတည်းသာရှိသည်။ (မာကု ၁၆း၁၅–၁၆)

ဆက်လက်၍ ပေါလုသည် ဓမ္မဝေလီတရားကို နာမခံသောသူ တို့အား ဒဏ်ပေးခြင်းခံရမည်ဟု သတိပေးပြန်သည်။ "သခင်ယေရှု သည် တန်ခိုးရှိသော ကောင်းကင်တမန်တို့နှင့်အတူ ကောင်းကင်ဘုံက ပေါ်ထွန်းတော်မူ၍၊ ဘုရားသခင်ကို မသိသောသူ၊ ငါတို့သခင် ယေရှု ခရစ်၏ ဓမ္မဝေလီတရားကို နားမထောင်သော သူတို့ကို မီးလျှံအားဖြင့် ဒဏ်ပေးတော်မူသောအခါ သင်တို့ကို ဆင်းရဲစေဖူးသော သူတို့၌ ဆင်းရဲခြင်းကိုလည်းကောင်း၊ ဆင်းရဲခံရဖူးသော သင်တို့၌ ငါတို့နှင့်အတူ ချမ်းသာခြင်းကိုလည်းကောင်း ဘုရားသခင် ဆပ်ပေး၍ တရားသဖြင့် စီရင်တော်မူလိမ့်မည်။" (၂သက် ၁း၇–၈)

ခရစ်တော်၏ဓမ္မဝေလီတရားကို မည်သို့နားထောင်လိုက် လျှောက်နိုင်မည်နည်းဟု ဆိုသော် ....

*၁။* ခရစ်တော်၏ အသေခံတော်မူခြင်း၊ သင်္ဂြိုဟ်ခံခြင်း၊ ရှင်ပြန် ထမြောက်တော်မူခြင်းကို သိရှိခြင်းဖြစ်၏။ ၁ကော ၁၅း၁–၄ ၌ ရှင်ပေါ လုက – "ငါသည် ကိုယ်တိုင်ခံယူသည့်အတိုင်း သင်တို့အား ရှေးဦးစွာ အပ်ပေးသော အကြောင်းအရာဟူမူကား ခရစ်တော်သည် ကျမ်းစာလာ

သည့်အတိုင်း ငါတို့အပြစ်များအကြောင့် အသေခံတော်မူ၏။ သင်္ဂြိုဟ်ပြီးမှ ကျမ်းစာလာသည့်အတိုင်း သုံးရက်မြောက်သောနေ့၌ ထမြောက်တော်မူ၏။" ဝမ်းမြောက်ဖွယ်သတင်းစကားတည်းဟူသော ဧဝံဂေလိတရားသည် ဤအဓိကအချက်များပေါ်၌ အခြေခံသည်။ ဤအချက်များကို စိတ်နှလုံးအကြွင်းမဲ့ ယုံကြည်ရမည်။

၂။ ဧဝံဂေလိတရား၏ သွန်သင်မိန့်မှာချက်များရှိ၍ လိုက်နာရန်လိုအပ်သည်။ ရှေးဦးစွာတရားစကားကို ကြားနာရန်လိုသည်။ ရောမ ၁၀း၁၇၊ "ယုံကြည်ခြင်းသည် ကြားနာခြင်းအားဖြင့်ဖြစ်၏။ ကြားနာခြင်းသည်လည်း ဘုရားသခင်၏စကားတော်အားဖြင့် ဖြစ်၏" ဘုရားသခင်၏ ဝမ်းမြောက်ဖွယ်ရာသတင်းစကားကို ကြားနာပြီးသည့်နောက် ယုံကြည်လက်ခံရန် လိုအပ်သည်။ ဟေဗြဲ ၁၁း၆ ၌ "ယုံကြည်ခြင်းမရှိလျှင် ဘုရားသခင်၏စိတ်တော်နှင့် မတွေ့နိုင်၊ အကြောင်းမူကား ဘုရားသခင်အထံတော်သို့ ချဉ်းကပ်သောသူသည် ဘုရားသခင်ရှိတော်မူသည်ကိုလည်းကောင်း၊ ကိုယ်တော်ကို ရှာသောသူအား အကျိုးပေးတော်မူသည်ကိုလည်းကောင်း ယုံကြည်ရမည်" ဟု ဖော်ပြထား၏။ ယုံကြည်ပြီးနောက် လူသည် မိမိအပြစ်များအတွက် နောင်တရရန်လိုအပ်သည်။ (လုကာ ၁၃း၃)၌ သခင်ခရစ်တော်ကိုယ်တိုင်က "သင်တို့ရှိသမျှသည်လည်း နောင်တမရလျှင် ပျက်စီးခြင်းသို့ ရောက်ကြလိမ့်မည်" ဟု မိန့်တော်မူခဲ့၏။ တမန် ၁၇း၃၀ ၌ "ဘုရားသခင်သည် မိုက်မဲသောအချိန်ကာလတို့ကို အမှုမထားဘူးသော်လည်း၊ ယခုမှာကိုယ့်အပြစ်ကိုမြင်၍ နောင်တရကြလော့ဟု ခပ်သိမ်းသောအရပ်တို့၌ရှိသော လူအပေါင်းတို့အား ပညတ်တော်မူ၏"။

နောင်တရပြီးနောက် ခရစ်တော်သည် ဘုရားသခင်၏ သား

တော်ဖြစ်တော်မူသည်ဟု နှုတ်နှင့်ဝန်ခံရမည်။ ခရစ်တော်ကိုယ်တိုင်က "အကြင်သူသည် လူတို့ရှေ့မှာ ငါ့ကိုဝန်ခံအံ့၊ ကောင်းကင်ဘုံ၌ရှိတော်မူသော ငါ၏ခမည်းတော်ရှေ့မှာ ထိုသူကို ငါဝန်ခံမည်၊ အကြင်သူသည် လူတို့ရှေ့ငါ့ကို ငြင်းပယ်အံ့၊ ကောင်းကင်ဘုံ၌ရှိသော ငါ၏ခမည်းတော်ရှေ့မှာ ထိုသူကို ငါငြင်းပယ်မည်" (ရှင်မဿဲ ၁၀း၃၂)ဟု အတိအလင်း မိန့်တော်မူခဲ့သည်။ ပြီးနောက်နှစ်ခြင်းမင်္ဂလာခံယူရန်လိုသည်။ တမန် ၈း၃၇-၃၈ ၌ အဲသယောပိအမတ်သည် စိတ်နှလုံးအကြွင်းမဲ့ယေရှုကို ယုံကြည်ပြီးနောက် ဖိလိပ္ပုသည် ထိုအမတ်ကြီးကို မဆိုင်းမတွ နှစ်ခြင်း မင်္ဂလာခံယူစေခဲ့သည်။

ပင်တေကုတ္တေပွဲနေ့၌ ပေတရုက လူများတို့အား "သင်တို့၏ အပြစ်ကို လွတ်စေခြင်းငှာ နောင်တရ၍ တစ်ယောက်မျှမကြွင်း၊ ယေရှု ခရစ်၏နာမ၌ ဗတ္တိဇံကိုခံကြလော့၊ သို့ပြုလျှင်သန့်ရှင်းသော ဝိညာဉ်တော်တည်းဟူသော ဆုကျေးဇူးတော်ကို ခံရကြလိမ့်မည်" (တမန် ၂း၃၈)ဟု ဟောကြားခဲ့၏။ ခရစ်တော်ကလည်း (မာကု ၁၆း၁၆)၌ "ယုံကြည်၍ ဗတ္တိဇံကိုခံသောသူသည် ကယ်တင်တော်မူခြင်းသို့ ရောက်လတ္တံ့၊ မယုံကြည်သောသူမူကား အပြစ်စီရင်ခြင်းကို ခံရလတ္တံ့" ဟု မိန့်တော်မူခဲ့၏။

ဤရှင်းလင်းသော သွန်သင်ချက်များကို ရိုးသားစွာနာခံ၍ ကျင့်သုံးသောသူသည် ခရစ်တော်၏ဧဝံဂေလိစကားကို အကြွင်းမဲ့ခံယူသူဖြစ်ပြီး၊ ကယ်တင်ခြင်းခံရကာ ခရစ်တော်၏အသင်းတော်သို့ သင်းဝင်ကြသည်။(တမန် ၂း၄၇) သို့သော် အချို့သူများအတွက် ဤအဆင့်များမှာ ရိုးစင်းလွန်း၍ ကယ်တင်ခြင်းရရန်၊ ဤမျှနှင့်မလုံလောက်ဟုဆိုကာ ဥပဒေ၊ စည်းမျဉ်း၊ သွန်သင်မှုအသစ်များ ရေးဆွဲ၍ လူတို့ကို သွန်သင်လျက်ရှိကြောင်း အံ့ဩဖွယ်တွေ့ရပါသည်။ ဘုရားသခင်သည် ဤသွန်သင်ချက်

များကို လုံးဝနှစ်သက်တော်မူခြင်းမရှိပါ။ ကယ်တင်ခြင်းရရန် နည်းလမ်းမှာ တစ်လမ်းတည်းသာရှိ၍ ခရစ်တော်သွန်သင်ခဲ့သော နည်းလမ်းသာဖြစ်ပါသည်။ အခြားနည်းလမ်းမရှိပါ။

၃။ ဝမ်းမြောက်ဖွယ်ရာ သတင်းစကား၌ ကတိတော်ရှိပါသည်။ အတိတ်မှအပြစ်များမှ ပြေလွှတ်ခြင်းခံရ၍ ကယ်တင်ခြင်းရသည်။ (တမန် ၂း၃၈)သန့်ရှင်းသော ဝိညာဉ်တော်တည်းဟူသောဆုကျေးဇူးတော်ကို ရရှိသည်။ (တမန် ၂း၃၈၊ ၃း၁၉-၂၀) ဘုရားသခင်အား ဝတ်ပြုကိုးကွယ်ခွင့်ရရှိသည်။ (ယော ၄း၂၃-၂၄)ဝိညာဉ်ရေးရာ ဆုကျေးဇူးများ ခရစ်တော်၌သာရရှိသည်။ (ဧဖက် ၁း၃)သေသည့်တိုင်အောင် သစ္စာရှိလျှင် ထာဝရအသက်ကိုရမည်။ (ဗျာဒိတ် ၂း၁၀၊ မဿဲ ၂၅း၄၆)နာခံခြင်းနှင့် သစ္စာမရှိလျှင် လူ့ဘဝမှာအကျိုးမရှိပေ။

ဤသည်မှာ ခရစ်တော်၏ ဧဝံဂေလိတရားဖြစ်၍၊ ယုံကြည်ရန် အချက်များ၊ လိုက်နာရန်ညွှန်ကြားချက်များရရှိမည့် ကတိတော်များ ပြည့်စုံလှ၏။ ဘုရားရှင်သည် သူ၏အလိုတော်ကို လိုက်လျှောက်သူများနှင့် နာခံသူများကို အထူးအားရနှစ်သက်တော်မူ၏။ လူအားလုံးကို ကိုယ်တော်က သူ့ထံလာရန် ဖိတ်ခေါ်နေပါသည်။ ဘုရားရှင်၏ခေါ်သံတော်ကို တုံ့ပြန်ရန်မှာ ကျွန်ုပ်တို့တာဝန်သာဖြစ်သည်မဟုတ်ပါလား။

## မေးခွန်းများ

၁။ ဧဝံဂေလိဟူသော ဝေါဟာရကို ဖော်ပြပါ။

၂။ မည်သူ့ဧဝံဂေလိတရားဖြစ်သနည်း။

၃။ ဧဝံဂေလိတရားသည် ............. စေသော ဘုရားသခင်၏ တန်ခိုးတော်ဖြစ်၏။

၄။ ခရစ်တော်သည် ဧဝံဂေလိတရား ဘယ်နှစ်ခုပေးခဲ့သနည်း။

၅။ ဧဝံဂေလိတရားသစ်ကို တည်ထွင်သောသူများ မည်သို့ဖြစ်လာမည်နည်း။

၆။ အချို့သောလူများ ဟောပြောလျက်ရှိသည့် ဧဝံဂေလိတရားသစ်များကား အဘယ်နည်း။

၇။ စစ်မှန်သော ဧဝံဂေလိတရားကို နာခံမှုမပြုသောသူများ မည်သို့ဖြစ်မည်နည်း။

၈။ ထိုမနာခံသူများကို မည်သူက ဒဏ်ပေးမည်နည်း။

၉။ ဧဝံဂေလိတရား၏ အဓိကသုံးပိုင်းကား အဘယ်နည်း။

၁၀။ ဧဝံဂေလိတရား၏ အချက်အလက်များကား အဘယ်နည်း။

၁၁။ ဧဝံဂေလိတရား၏ မိန့်မှာချက်များကား အဘယ်နည်း။

၁၂။ ထိုမိန့်မှာချက် မည်မျှလောက်ကို နာခံရမည်နည်း။

၁၃။ ဧဝံဂေလိတရားကို နာခံသောအခါ ရရှိမည့်ရလဒ်များကား အဘယ်နည်း။

၁၄။ ရိုးလှသော အစီအစဉ်များကို လူသားများ ကျေနပ်မှုရှိပါသလား။

၁၅။ လူသားကယ်တင်ခြင်းရရန်အတွက် နည်းလမ်းမည်မျှရှိပါသနည်း။

၁၆။ ဧဝံဂေလိတရားကို နာခံမှုပြုလျှင် ရရှိမည့် ကောင်းချီးများကား အဘယ်နည်း။

၁၇။သေသည့်တိုင်သစ္စာစောင့်သောသူသည် မည်သည့်အရာကို ရရှိမည်နည်း။

၁၈။ လူသည်ဧဝံဂေလိတရားမရှိပါက မည်သည့်အရာသာရှိမည်နည်း။

၁၉။ ဧဝံဂေလိတရားကို နာခံရန်မည်သူ့တာဝန်ရှိသနည်း။

* * *

# အခန်း - ၁၁

## ကြားနာခြင်း

လူသည် ကောလာဟလ သတင်းတစ်ခုကိုကြားလျှင် သတင်းမှန်ဟု တသမတ်တည်းဆုံးဖြတ်၍ရပါသလား။ မသတ်မှတ်မဆုံးဖြတ်နိုင်ပါ။ ဝိညာဉ်ရေးဆိုင်ရာတွင်လည်း ဤသို့ပင်ဖြစ်သည်။ လူတို့သတ်မှတ်သည့် ဝတ်ပြုမှုဆိုင်ရာ နည်းသစ်များ၊ လုပ်နည်းသစ်များကို တွေ့ရကြားရပေမည်။ သို့သော်ဘုရားရှင်၏ နှုတ်ကပတ်တော်နှင့် မကိုက်ညီပါက အဓိပ္ပာယ်မရှိ၊ အကျိုးမရှိ၊ မခံယူအပ်ကြောင်း သတိပြုရပေမည်။ သို့မဟုတ် နားထောင်သွားမည်ဆိုပါက ထာဝရပျောက်ဆုံးမှုကို ဦးတည်သွားမည်ဖြစ်ကြောင်း သေချာပေသည်။

အစပြုရလျှင် ကျွန်ုပ်တို့သည် အကြောင်းအရာခပ်သိမ်း၏ အစစ်အမှန်ကို သိလိုကြသည်။ သတင်းမှားက နားဝတွင်ပဲ့တင်လာမည်ဖြစ်သော်လည်း ကယ်တင်ခြင်းတော့မပေးနိုင်ပါ။ လူ့အနေနှင့် လုပ်လိုသည့်အရာများစွာ ရှိမည်ဖြစ်သော်လည်း အမှန်တရားကို သိထားခြင်းမရှိလျှင် လုပ်သမျှ အချည်းနှီးသာဖြစ်ရပေမည်။ အမှန်တရား၊ သမ္မာတရားကား အဘယ်နည်း။ ခရစ်တော်က ဘုရားသခင်နှင့် စပ်လျဉ်း၍ မိန့်တော်မူရာ၌ "ကိုယ်တော်၏ သမ္မာကျမ်းအားဖြင့် သူတို့ကို သန့်ရှင်းစေတော်မူပါ။ ကိုယ်တော်၏နှုတ်ကပတ်သည် သမ္မာတရားဖြစ်ပါ၏" (ယောဟန် ၁၇း၁၇)ဟု အတိအလင်းမိန့်တော်မူသည်။ ဘုရားရှင်၏ နှုတ်ကပတ်တရားတော်သည် အမှန်တရားဖြစ်၍ ခရစ်တော်ကဆက်လက်ပြီး "သင်တို့သည် သမ္မာတရားကို သိကြသဖြင့် ထိုတရားသည် သင်တို့ကို လွတ်လိမ့်မည်"။ (ယော ၈း၃၂)၌ မိန့်ကြားခဲ့သည်။

ကျွန်ုပ်တို့သည် လူ့စကားကို နားမထောင်သင့်ပါ။ ခရစ်တော်၏စကား၊ ဘုရားသခင်၏စကားကိုသာ နားထောင်သင့်သည်။ ဘုရားသခင်က "ဤသူကား ငါနှစ်သက်မြတ်နိုးရာ ငါ၏ချစ်သားပေတည်း၊ သူ၏စကားကို နားထောင်ကြလော့" (မဿဲ ၁၇း၅)၌ မိန့်ကြားခဲ့သည်။ ဆက်လက်၍ (ဟေဗြဲ ၁း၁–၂)၌ "ရှေးလွန်လေပြီးသောအခါ ပရောဖက်များအားဖြင့် ဘိုးဘေးတို့အား အထပ်ထပ်အနည်းနည်း ဗျာဒိတ်ပေးတော်မူသော ဘုရားသခင်သည် ဤနောက်ဆုံးသောကာလအခါ မိမိသားတော်အားဖြင့် ငါတို့အား ဗျာဒိတ်ပေးတော်မူပြီ၊ ထိုသားတော်ကို အလုံးစုံတို့၏ အမွေခံသခင်အရာ၌ ခန့်ထားတော်မူ၏။ သားတော်အားဖြင့်လည်း လောကဓာတ်တို့ကို တည်တော်မူ၏" ဟု အတိအလင်းဆိုထား၏။ တစ်ချိန်က မောရှေနှင့် ပရောဖက်များဖြင့် ဗျာဒိတ်ပေးခဲ့သော ဘုရားရှင်သည် ယခုအခါသားတော်အားဖြင့် မိန့်တော်မူခဲ့သည်။ ယနေ့ကျွန်ုပ်တို့သည် နောက်ဆုံးသော နေ့ရက်ကာလများ၌ အသက်ရှင်နေကြပါသလား၊ မှန်ပါသည်။ ကားတိုင်၌ ကိုယ်တော် သက်တော်စွန့်သည့်အချိန်မှစ၍ နောက်ဆုံးသောနေ့ရက်များစတင်ခဲ့သည်။ ထို့ကြောင့် ကျွန်ုပ်တို့သည် ခရစ်တော်၏စကားသံကို နားထောင်ရပေ မည်။ မည်ကဲ့သို့ကြားနာ၊ နားထောင်နိုင်သနည်း။

အသံတော်အားဖြင့်လား၊ ရူပါရုံအားဖြင့်လား၊ လူတို့ပြုလုပ်ထားသော ကျင့်ထုံးကျင့်ဝတ်များဖြင့်လား၊ လုံးဝမဟုတ်ပါ။ သမ္မာကျမ်းစာ၌ ရေးသားထားသမျှကို စေ့ငှစွာလေ့လာခြင်းဖြင့်သာ သိရှိနားထောင်နိုင်ပါသည်။ (ယော ၂၀း၃၀–၃၁)၌ ရှင်ယောဟန်က ဤသို့ဖော်ပြထားပါသည်။ "ဤကျမ်းစာ၌ ရေး၍မထားသော အခြားသော နိမိတ်လက္ခဏာအများတို့ကိုလည်း ယေရှုသည် တပည့်တော်တို့ မျက်မှောက်၌ ပြတော်မူ

၏။ ယေရှုသည် ခရစ်တော်တည်းဟူသော ဘုရားသခင်၏ သားတော်ဖြစ်တော်မူသည်ကို သင်တို့ယုံကြည်မည်အကြောင်း၊ ထိုသို့ယုံ၍ နာမတော်အားဖြင့် အသက်ကိုရမည်အကြောင်း၊ ဤမျှလောက်ရေးထားလျက်ရှိသတည်း"။ သမ္မာတရားမှန်ကို ကြားနာရန် နည်းလမ်းများစွာ ရှိပါသည်။ ပေါလု၊ ပေတရု၊ ယောဟန်နှင့် အခြား တရားဟောဆရာများ၏ ဒေသနာများကို ဖတ်ရှုခြင်းအားဖြင့်သော်လည်းကောင်း၊ တစ်ဦးတစ်ယောက် ဖတ်ပြပေးခြင်းအားဖြင့်သော်လည်းကောင်း ကြားနိုင်ပါသည်။ သမ္မာကျမ်းစာကို လက်ကိုင်ပြုသည့် သစ္စာရှိသော ဆရာများထံမှလည်း ကြားနာနိုင်ပါသည်။ သို့ရာတွင် ဆရာများဟောပြောသမျှကိုလည်း တရားသေသမားကဲ့သို့ ယုံကြည်လက်ခံခြင်းမပြုသင့်။ သမ္မာကျမ်းစာနှင့် ကိုက်ညီမှုရှိ၊ မရှိလေ့လာသင့်သည်။ ဝေစာများ၊ ခရစ်ယာန်စာပေများမှလည်း ခရစ်တော်၏အကြောင်းကို ကြားနာနိုင်ပါသည်။ သိရှိနိုင်ပါသည်။

သမ္မာတရားအစစ်အမှန်သည် အရေးကြီးကြောင်း ခရစ်တော်ကိုယ်တိုင်က ဖော်ပြထားသည်။ "ကျမ်းစာအားဖြင့် ထာဝရအသက်ကိုရမည်ဟု စိတ်အထင်နှင့် သင်တို့သည် ကျမ်းစာကိုစေ့စေ့ကြည့်ရှုကြ၏။ ထိုကျမ်းစာပင် ငါ၏သက်သေဖြစ်၏"(ယော ၅း၃၉) တစ်ဖန် ရှင်ပေါလုက "သင်မူကား၊ ဝန်ခံတော်မူသောသူ၊ ရှက်ကြောက်စရာအကြောင်းမရှိဘဲ၊ သမ္မာတရားကို မှန်ကန်စွာပိုင်းခြားတတ်သော ဆရာသမားဖြစ်လျက် ဘုရားသခင်ရှေ့၌ ကိုယ့်ကိုယ်ကို ဆက်သတ်ခြင်းငှာ ကျိုးစားအားထုတ်လော့" ဟု (၂တိ ၂း၁၅)၌ တိမောသေအား ဖော်ပြထားသည်။ "ဗေရိမြို့သားတို့သည် သက်သာလောနိတ်မြို့သားတို့ထက် ထူးမြတ်သဖြင့် အလွန်ကြည်ညိုသော စေတနာစိတ်နှင့် နှုတ်ကပတ်တရားတော်ကို ခံယူ

၍ မှန်သည် မမှန်သည်ကို သိခြင်းငှာ ကျမ်းစာကို နေ့တိုင်း အစဉ်စေ့စေ့ ကြည့်ရှုကြ၏"။ (တမန် ၁၇း၁၁)

ဓမ္မသစ်ကျမ်းစာ၌ ခရစ်တော်ကို ယုံကြည်ပြောင်းလဲသူတို့၏ အသက်တာသည် ကြားနာခြင်းမှ အစပြုကြောင်းတွေ့ရပါသည်။ သမ္မာတရားစစ်ကို ကြားနာပြီးနောက် ယုံကြည်ခြင်းသည် နှလုံးသားများ၌ အမြစ်စွဲလာတော့၏။(ရောမ ၁၀း၁၇) ဤနည်းကို ယနေ့ထိကျင့်သုံးဆဲ ဖြစ်ပါသည်။ ကြားနာဖို့အရေးကြီးသည် မှန်သော်လည်း အမှန်တရားကို ကြားနာဖို့က ပို၍အရေးကြီးပါသည်။ သမ္မာတရားမှန်ကို ကြားနာရသော်လည်း ကယ်တင်ခြင်းရနိုင်ဖို့ မသေချာသေးပါ။ ကြားနာပြီးလိုက်နာ ကျင့်သုံးဖို့က လိုအပ်ပါသည်။ ဥပမာ – လူတစ်ယောက်သည် တစ်စုံ တစ်ခုသော ရုံးသို့သွားပြီး စာရွက်စာတမ်းများကို လက်မှတ်ထိုးလျှင် အိမ်ကြီးတစ်လုံးရမည်ဟု ကြားနာသိရှိသည်ဆိုပါစို့။ သို့သော် သူကိုယ်တိုင် သွားရောက်ခြင်းမရှိလျှင် ထိုအိမ်ကို ဘယ်သောအခါမှ ရမည်မဟုတ်ပါ။

ခရစ်တော်အားဖြင့် ရနိုင်သော ကယ်တင်ခြင်းကို ကြားသိရုံနှင့် မလုံလောက်ပါ။ သမ္မာတရားအတိုင်း လိုက်နာကျင့်သုံးမှသာ ရရှိမည်ဖြစ် ပါသည်။

သမ္မာတရားကို ကြားနာရန် စိတ်ထက်သန်မှုထားပါ။ ကြားနာရသည့်အရာတိုင်းကိုလည်း ချင့်ချိန်ပါ။ အကြောင်းအရာတစ်ခုကို "ကောင်းပါ၏" ဟုထင်ရုံမျှနှင့် လက်မခံပါနှင့်။ စဉ်းစားဆင်ခြင်ပါ။ ရှာဖွေကြည့်ပါ။ သမ္မာတရားဖြစ်မှသာလက်ခံပါ။ တန်ဖိုးထား၍ လိုက်နာပါ။

## မေးခွန်းများ

၁။ ကောလာဟလ သတင်းတစ်ခု၌ စိတ်ချမှုထားနိုင်ပါသလား။

၂။ မှားယွင်းမှုတစ်ခုကို ယုံကြည်မိလျှင် မည်သည့်ရလဒ်ရရှိမည်နည်း။

၃။ အမှန်တရား(သမ္မာတရား)ကားအဘယ်နည်း။
၄။ လူသားကို လွတ်ခြင်းခွင့်ပေးသော အရာကားအဘယ်နည်း။
၅။ ဝိညာဉ်ရေးဆိုင်ရာများ၌ နာခံရမည့်သူကားအဘယ်နည်း။
၆။ ခရစ်တော်စကားကို မည်သို့ကြားနာနိုင်သနည်း။
၇။ ဧဝံဂေလိတရားကို အဘယ်ကြောင့် ရေးသားရသည်ဟု ယောဟန် ဆိုထားသနည်း။
၈။ သမ္မာတရား(အမှန်တရား)ကို မည်သည့်နည်းအားဖြင့် ကြားနာနိုင်သနည်း။
၉။ လေ့လာစမ်းစစ်ချက်မရှိဘဲ တရားဟောဆရာ ပြောကြားချက်ကို လက်ခံသင့်ပါသလား။
၁၀။ သမ္မာကျမ်းစာကို အဘယ်ကြောင့် လေ့လာအပ်သနည်း။
၁၁။ ဗေရိမြို့သားတို့သည် အဘယ်ကြောင့် ထူးမြတ်ကြသနည်း။
၁၂။ ဓမ္မသစ်တွင် ပြောင်းလဲခြင်းတိုင်း၌ လူတို့သည် မည်သည့်အရာကို ပြုရသနည်း။
၁၃။ သမ္မာတရားကို ကြားပြီးသောအခါ လူသည်အဘယ်အမှုကို ပြုရသနည်း။
၁၄။ နာခံလိုက်လျှောက်မှုမပါသော ကြားနာခြင်းသည် အချည်းနှီးဖြစ်သည်။ (မှန်သည်၊ မှားသည်)
၁၅။ ဘာသာရေး၌ ကြားနာသမျှကို လက်ခံသင့်ပါသလား။
၁၆။ ကြားနာရသော အရာများ မှန်၊ မမှန်မည်သို့စမ်းစစ်ရမည်နည်း။
၁၇။ သမ္မာတရားကို ကြားနာရသောအခါ မည်သို့ဆောင်ရွက်သင့်သနည်း။

* * *

၁၂။ အပြစ်မှလွတ်ဖို့ရန်အတွက် မာကု ၁၆း၁၆ တွင် ဖော်ပြထားသော အချက်နှစ်ချက်ကားအဘယ်နည်း။

၁၃။ ယုံကြည်ခြင်းသည် မည်သည့်အရာကို လုပ်ဆောင်မှသာ ကယ်တင်သနည်း။

၁၄။ ရှင်ယာကုပ်သည် ယုံကြည်ခြင်းနှင့် အကျင့်အကြောင်းကို မည်သို့ပြောထားသနည်း။

၁၅။ ယုံကြည်ခြင်းမပါဘဲနှင့် ကယ်တင်ခြင်းရနိုင်ပါသလား။ အကျင့်(နာခံခြင်း)မပါဘဲနှင့် ကယ်တင်ခြင်းရနိုင်ပါသလား။

၁၆။ ယုံကြည်ခြင်းနှင့် အကျင့်ပေါင်းသော် ........................ ။

၁၇။ လူတို့ယုံကြည်ခြင်းသည် မည်သည့်အရာများကို ဦးတည်ပေးမည်နည်း။

၁၈။ ဖြောင့်မတ်သောသူသည် အဘယ်အရာအားဖြင့် အသက်ရှင်ရမည်နည်း။

၁၉။ ကျွန်ုပ်တို့သည် .................... အားဖြင့် လိုက်လျှောက်သည်မဟုတ် ...............................ဖြင့်သာ လိုက်လျှောက်ရမည်။

*　*　*

# အခန်း - ၁၃
# နောင်တတရား

နောင်တတရားဟူသည် တစ်စုံတစ်ခုသော လမ်းကြောင်းမှ ကျောခိုင်းစွန့်ခွာခြင်း၊ စိတ်နှလုံးအမူအကျင့်တို့ကို လုံးဝပြောင်းလဲလိုက်ခြင်းကို ဆိုသည်။ အပြစ်ဒုစရိုက်ကို ရပ်စဲလိုက်ခြင်းပင်ဖြစ်သည်။ လူသည်အပြစ်များကို စွန့်လွှတ်ပြီး ပြောင်းလဲသောအသက်တာကို လျှောက်လှမ်းလိုသောစိတ်မရှိလျှင် ဘုရားရှင်ဖြစ်စေလိုသော ပုံစံသို့ရောက်လာလိမ့်မည်မဟုတ်ပေ။

"သင်တို့ရှိသမျှသည်လည်း၊ နောင်တမရလျှင် ပျက်စီးခြင်းသို့ ရောက်ကြလိမ့်မည်...." (လုကာ ၁၃း၃)ဟု ခရစ်တော်က ရှင်းရှင်းလေး ပြောထားသည်။ နောင်တရပါ။ မရလျှင် ပျက်စီးမည်သာဖြစ်သည်။ ဤသို့ဆိုသော် သူသည်နောင်တရသည်ဖြစ်စေ၊ နောင်တမရဘဲ ပျက်စီးသွားသည်ဖြစ်စေ ဘုရားရှင်အတွက် ထူးခြားမှုရှိပါသလား။ ထူးခြားပါသည်။ ရှင်ပေတရုက "လူအချို့တို့သည် နှေးခြင်းကိုမှတ်တော်မူသည်အတိုင်း ထာဝရဘုရားသည် ကတိတော်အရာမှာ နှေးတော်မမူ၊ ငါတို့တွင် အဘယ်သူမျှမပျက်စီးဘဲ၊ ရှိသမျှတို့သည် နောင်တရစေခြင်းငှာ အလိုတော်ရှိ၍ ငါတို့ကို သည်းခံတော်မူ၏" (၂ပေ ၃း၉)ဟူ၍ ပြောထားပါသည်။ ဘုရားရှင်က လူတစ်ဦးတစ်ယောက်ကိုမျှ ပျက်စီးခြင်းငှာ အလိုတော်မရှိပါ။ သို့သော် လူက နောင်တရဖို့ ငြင်းဆန်နေလျှင် ပျက်စီးဆုံးရှုံးမည်သာဖြစ်၏။ ထို့ကြောင့်ဤကိစ္စသည် တစ်ဦးစီ၏ ဆုံးဖြတ်ချက်ပေါ်တည်ပါ၏။

အေသင်မြို့ အာရေအောင်ပေါ်တွင် ပေါလုတရားဟောရာ၌ "ဘုရားသခင်သည် မိုက်မဲသောအချိန်ကာလတို့ကို အမှုမထားဘူးသော်လည်း ယခုမှာ ကိုယ့်အပြစ်ကိုယ်မြင်၍ နောင်တရကြလော့ဟု ခပ်သိမ်းသော အရပ်တို့၌ရှိသော လူအပေါင်းတို့အား ပညတ်တော်မူ၏" (တမန် ၁၇း၃၀)ဟူ၍ တွေ့ရသည်။ ဘုရားရှင်သည် လူကိုနောင်တရရန် နှိုးဆော်ပြီးသားဖြစ်သည်။ နောင်တရရန် ပညတ်ထားခြင်းလည်း တွေ့ရသည်။ ထို့ကြောင့် အမှားအမှန်ကို ခွဲခြားနိုင်သော အရွယ်ရောက်သူတိုင်း ဤနောင်တတရား သွန်သင်မှုသည် အကျုံးဝင်ပါသည်။

လူသားတို့တွင် နောင်တရဖို့ရန် မလိုအပ်သည်အထိ အပြစ်ကင်း၍ ကောင်းမွန်သောသူမရှိပါ။ ထို့အတူ ပြောင်းလဲရန် စိတ်ဆန္ဒရှိပါက နောင်တမရနိုင်လောက်အောင် မိုက်မဲသူလည်းမရှိပါ။ လူမှန်လျှင် မည်သို့နေသည်မဆို အပြစ်သားသာဖြစ်၍ ကယ်တင်ခြင်းရရန် လိုပေသည်။ ရှင်ပေါလုက "အဘယ်ကြောင့်နည်းဟူမူကား လူအပေါင်းတို့သည် ဒုစရိုက်ကိုပြု၍ ဘုရားသခင်ရှေ့တော်၌ အသရေပျက်ကြပြီး" (ရောမ ၃း၂၃)ဟူ၍ ပြောထားသည်။ ခရစ်ယာန်အနေနှင့်ပင်လျှင် ရှင်ယောဟန်က "ကိုယ်အပြစ်မရှိဟု ငါတို့သည်ဆိုလျှင် ကိုယ့်ကိုကိုယ်လှည့်ဖြားကြ၏။ ငါတို့၌ သစ္စာတရားမရှိ" (၁ယော ၁း၈)ဟုပြောသည်။ ခရစ်ယာန်ပင်လျှင် ပြည့်စုံခြင်းမရှိဟု သိနိုင်သည်။ ခရစ်ယာန်တစ်ဦးသည် လူသား၏အားနည်းချက်ကြောင့်ဖြစ်စေ၊ လျစ်လျူရှုခြင်းကြောင့်ဖြစ်စေ မှားယွင်းတတ်၍ အပြစ်ပြုမိတတ်သည်။ ထိုကိစ္စမျိုးတွင် ယောဟန်က "ကိုယ့်အပြစ်ကို ဖော်ပြတောင်းပန်လျှင် ငါတို့အပြစ်များကိုလွှတ်၍ ဒုစရိုက်ရှိသမျှနှင့် ကင်းစင်စေခြင်းငှာ ဘုရားသခင်သည် သစ္စာတရားနှင့်လည်း

ကောင်း၊ ဖြောင့်မတ်ခြင်းတရားနှင့်လည်းကောင်း ပြည့်စုံတော်မူ၏" (၁ယော ၁း၉)ဟူ၍ ဖော်ပြထားသည်။

ဤသင်ခန်းစာတွင် ခရစ်ယာန်များကို အခြေခံထား၍ လေ့လာသည်မဟုတ်၊ အပြစ်သားများ ကယ်တင်ခြင်းအတွက် ဘာလုပ်ရမည်ကို လေ့လာခြင်းဖြစ်သည်။ ဤတွင် ဘုရားရှင်ကို ယုံကြည်မှုရရှိပြီးနောက် နောင်တရခြင်းရှိရမည်ကို တွေ့ရသည်။ ပြီးခဲ့သောသင်ခန်းစာ၌ လူသည် သမ္မာတရားကို ကြားနာပြီး ယုံကြည်ရမည်ဟု တွေ့ခဲ့ရသည်။ လာမည့် သင်ခန်းစာတွင် လူသည်ခရစ်တော်ကို ဝန်ခံ၍ ဗတ္တိဇံခံရမည်ဟူ၍ လေ့လာရပေမည်။ ယခုသင်ခန်းစာတွင် လူသည်နောင်တရရှိရမည်ကို လေ့လာနေခြင်းဖြစ်သည်။ ဥပမာ – ပင်တေကုတ္တေပွဲနေ့တွင် ပေတရုသည် ဧဝံဂေလိတရားကိုကြား၍ စိတ်နှလုံးထိမိမှုပန်လာသူတို့အား "…. သင်တို့၏အပြစ်ကို လွတ်စေခြင်းငှာ နောင်တရ၍ တစ်ယောက်မျှမကြွင်း၊ ယေရှုခရစ်၏ နာမ၌ဗတ္တိဇံကိုခံကြလော့။ သို့ပြုလျှင် သန့်ရှင်းသောဝိညာဉ်တော်တည်းဟူသော ဆုကျေးဇူးတော်ကို ခံကြရလိမ့်မည်" (တမန်တော် ၂း၃၈)ဟု မိန့်မှာခဲ့သည်။ နောက်တစ်ဖွဲ့အားလည်း၊ "ထို့ကြောင့် ထာဝရဘုရားသခင်ထံတော်မှ ချမ်းအေးသောအချိန်ကာလရောက်လာ၍ သင်တို့အဖို့အလို့ငှာ ခန့်ထားတော်မူနှင့်သော ယေရှုခရစ်ကို စေလွှတ်တော်မူမည်အကြောင်း၊ သင်တို့အပြစ်များကို ပြေစေခြင်းငှာ နောင်တရ၍ စိတ်ပြောင်းလဲခြင်းသို့ ရောက်ကြလော့…." (တမန် ၃း၁၉–၂၀)ဟု ဟောပြောခဲ့လေသည်။ လူသားများအား ကယ်တင်ခြင်းရရန်အတွက် နောင်တရဖို့ ဘုရားရှင်မိန့်မှာကြောင်းတွေ့ရသည်။ နောင်တရခြင်းသည် ဘုရားရှင်၏ အလိုတော်တစ်ရပ်ဖြစ်၍ ကယ်တင်ခြင်းအတွက် လိုအပ်ချက်

တစ်ရပ် ဖြစ်သည်။

တမန်တော်ဝတ္ထုဩ တွေ့နိုင်သောပြောင်းလဲခြင်းများတွင် တိုက်ရိုက်ဖြစ်စေ၊ သွယ်ဝိုက်သောနည်းဖြင့်ဖြစ်စေ၊ လူတို့သည် ဗတ္တိဇံမခံမီ အပြစ်မှနောင်တရကြကြောင်းကို တွေ့ရသည်။ ယနေ့လည်းထို့အတူပင် ဖြစ်သည်။ ဗတ္တိဇံမခံမီ နောင်တရမှသာဖြစ်မည်။ စစ်မှန်သောနောင်တမရဘဲ မည်မျှပင်ရေနှစ်ခြင်းခံနေပါစေ ကိုယ့်ကိုကိုယ်လှည့်စားခြင်းသာဖြစ်မည်။ နောင်တရ၊ မရကို ဘုရားရှင်သိတော်မူ၏။ စစ်မှန်သောနောင်တမဟုတ်ပါက ကယ်တင်ခြင်းမရနိုင်ပေ။

အပြစ်ဒုစရိုက်မှရပ်ဆိုင်းပြီး မွန်မြတ်သောအသက်တာကို လျှောက်ရန်လူသည် မိမိအပြစ်များအတွက် ဝမ်းနည်းခြင်းရှိရန် လိုအပ်ပေသည်။ (၂ကော ၇း၁၀)အပြစ်အတွက် ဝမ်းနည်းမှုသည် နောင်တရခြင်းသို့ပို့ဆောင်လျက် အပြစ်များကို အတိတ်၌ချန်လှပ်ထားရန် လိုအပ်သည်။ ချန်လှပ်လိုက်သောနေရာတွင် ဖြောင့်မတ်ခြင်းကို အစားသွင်းရပေမည်။ သို့မဟုတ်လျှင် အပြစ်များပြန်လည်ဝင်ရောက်လာပေမည်။ (ဂလာတိ. ၅း၁၉–၂၄၊ ဧဖက် ၄း၁၄–၁၉)

နောင်တတစ်ပါးတည်းဖြင့် ကယ်တင်ခြင်းမရနိုင်ပါ။ အပြစ်ကိုရပ်ဆိုင်းပြီး ကောင်းသောအသက်တာကို ကြိုးစားအသက်ရှင်နိုင်သော်လည်း အခြားသော အပြစ်လွတ်ခြင်းဆိုင်ရာ ဘုရားရှင်၏ မိန့်မှာချက်များကို ဖြည့်စွက်လိုက်နာခြင်းမရှိပါက ပျောက်ဆုံးမြဲအပြစ်သားပင်ဖြစ်နေပေမည်။ ဧဝံဂေလိတရားကို နာခံလျက် ခေတ္တခဏသာ လိုက်လျှောက်သောခရစ်ယာန်အသက်တာသည်လည်း အပြစ်ထဲသို့ ပြန်လည်ရွေ့လျောသွား၍ ကယ်တင်ခြင်းပျောက်ဆုံးသွားနိုင်သည်။ ထိုသို့ရွေ့လျော

သော ခရစ်ယာန်သည် နောင်တရပြီး ဆုတောင်းအသနားခံခြင်းဖြင့် ဘုရားရှင်ထံပြန်လှည့်နိုင်သည်။ မလှည့်သော် ပျက်စီးခြင်းအမှန်ရောက်ပေမည်။ (၂ပေ ၂း၂ဝ–၂၂)

ဘုရားရှင်၏ ပြောဆိုချက်များကို ရှေ့လျော့စေခြင်းဖြင့် မိမိအသက်တာနှင့် လောင်းကစားပြုနေခြင်းဖြစ်သည်ဟု သတိပြုမိလျှင် ဖြောင့်မတ်ခြင်းကိုပြုရန် လွယ်ကူပေသည်။ အပြစ်သည် လူကိုသေစေ၍ ဖြောင့်မတ်ခြင်းသာ ကယ်တင်သည်။(ရောမ ၆း၂၂–၂၃) လူသည် မိမိစိုက်ပျိုးသည့်အတိုင်းသာ နောက်ဆုံး၌ရိတ်သိမ်းရမည်။ (ဂလာတိ ၆း၇–၈)

## မေးခွန်းများ

၁။ နောင်တရခြင်းဟူသည်အဘယ်နည်း။

၂။ နောင်တရခြင်းမရှိဘဲနှင့် လူတစ်ယောက်သည် ဘုရားသခင်လိုအပ်သော အခြေကို ရောက်နိုင်မည်လား။

၃။ နောင်တမရလျှင် ......................................။

၄။ လူသည်နောင်တရခြင်းရှိ–မရှိ၊ ပျက်စီးခြင်းသို့ရောက်–မရောက် ကိစ္စနှင့် ပတ်သက်၍ ခရစ်တော်သည် အမှုထားပါသလား။

၅။ နောင်တရရန် ငြင်းသောသူကယ်တင်ခြင်းရနိုင်မည်လား။

၆။ မည်သည့်အရွယ်တွင် လူတစ်ဦးသည် နောင်တရရန် အကျုံးဝင်လာသနည်း။

၇။ နောင်တရရန် မလိုအပ်သောလူသားရှိပါသလား။

၈။ မိုက်မဲလွန်းအားကြီး၍ နောင်တမရနိုင်သော အခြေအနေတွင်ရှိသော လူသားရှိပါသလား။

၉။ ရောမ ၃း၂၃ သည် အဘယ်သို့ပြောထားသနည်း။

၁၀။ ခရစ်ယာန်တစ်ဦးသည် အပြစ်ကျူးလွန်၍ နောင်တရရန် လိုအပ်သော အခြေအနေရှိပါသလား။

၁၁။ လူသည်နောင်တမရမီ ဘုရားသခင်၌ရှိအပ်သော အရာကားအဘယ်နည်း။

၁၂။ ကယ်တင်ခြင်းရဖို့ရန်အတွက် နောင်တရပြီး လိုအပ်သောအချက် (၂)ချက်က အဘယ်နည်း။

၁၃။ နောင်တရခြင်းသည် ကယ်တင်ခြင်းအတွက် လိုအပ်ပါသလား။

၁၄။ တမန်တော်ဝတ္ထုတွင် တွေ့ရသော ပြောင်းလဲခြင်းများ၌ ပါဝင်နေသော အမှုတစ်ခုကားအဘယ်နည်း။

၁၅။ လူတစ်ဦးသည် .......... မရလျှင် မိမိ၏ ဗတ္တိဇံခံခြင်းအမှုသည် အပြစ်များဆေးကြောလိမ့်မည်မဟုတ်ပေ။

၁၆။ လူသည်မိုက်မဲသော နည်းလမ်းများနေရာတွင် .................... ကို အစားထိုးရန် လိုအပ်သည်။

၁၇။ နောင်တရခြင်းတစ်ပါးတည်းဖြင့် ကယ်တင်ခြင်းရနိုင်မည်လား။

၁၈။ နောင်တရပြီး ဧဝံဂေလိတရားကို နာခံလိုက်လျှောက်သောသူတစ်ယောက်အပြစ်ထဲသို့ ချော်လဲမိပြီး ဝင်ရောက်သွားကာ၊ ထိုအခြေအနေ၌ နေမြဲနေလျှင် ထိုသူသည်မည်သို့ဖြစ်သွားမည်နည်း။

၁၉။ လူသည် မိမိ.........................သည့်အတိုင်းသာ နောက်ဆုံး၌ ...............ရမည်။

* * *

# အခန်း - ၁၄
## ဝန်ခံခြင်း

ဝန်ခံခြင်းဆိုသည်မှာ မိမိယုံကြည်ချက်ကို ထုတ်ဖော်ခြင်း၊ အသိအမှတ်ပြုခြင်းပင်ဖြစ်သည်။ ယခုသင်ခန်းစာတွင်မူ ခရစ်တော်ကို ဘုရားရှင်၏သားတော်အဖြစ် ဝန်ခံခြင်းအကြောင်း လေ့လာခြင်းဖြစ်၏။ သမ္မာကျမ်းစာအရ ဤဝန်ခံခြင်းသည် လူရှေ့နှုတ်ဖြင့် အသိအမှတ်ပြုခြင်းဖြစ်သည်။

"အကြင်သူသည် လူတို့ရှေ့မှာ ငါ့ကိုဝန်ခံအံ့၊ ကောင်းကင်ဘုံ၌ရှိသော ငါ၏ခမည်းတော်ရှေ့မှာ ထိုသူကို ငါဝန်ခံမည်။ အကြင်သူသည် လူတို့ရှေ့မှာ ငါ့ကိုငြင်းပယ်အံ့၊ ကောင်းကင်ဘုံရှိငါ၏ခမည်းတော်ရှေ့မှာ ထိုသူကိုငါငြင်းပယ်မည်" (မဿဲ ၁၀း၃၂-၃၃)ဟူ၍ ခရစ်တော် ကိုယ်တိုင်ပြောခဲ့သည်။ "အကြင်သူ" ဟု သုံးထားသည်တွင် အဆင့်အတန်းမရွေး၊ လူမျိုးမရွေး မည်သူမဆိုဖြစ်သည်ဟု သိနိုင်သည်။ မည်သူမဆို လူရှေ့၌ ခရစ်တော်အား ဝန်ခံသူကို ခရစ်တော်က ဝန်ခံမည်ဖြစ်၍ ငြင်းဆိုသူအား ခရစ်တော်ငြင်းဆိုမည်ဖြစ်သည်။ ၄င်းမှာ ခရစ်တော်ကိုလည်းကောင်း၊ ခရစ်တော်အလိုတော်ကိုလည်းကောင်း ငြင်းဆန်သောသူအား တရားစီရင်ရာအချိန်၌ ငြင်းပယ်ခြင်းခံရမည် ဖြစ်သည်။

'ဖြောင့်မတ်ရာသို့ရောက်ခြင်းငှာ စိတ်နှလုံးဖြင့် ယုံကြည်ရ၏။ ကယ်တင်ခြင်းသို့ ရောက်ခြင်းငှာ နှုတ်ဖြင့်ဝန်ခံရ၏' (ရောမ ၁၀း၁၀-၁၁)၌ ပေါလုပြောထားပါသည်။ ဤတွင်အချက်နှစ်ချက်ကို သတိပြုနိုင်သည်။ ပထမအချက်အနေဖြင့် ဝန်ခံခြင်းသည် နှုတ်ဖြင့်ပြုလုပ်ရသည်။

ဒုတိယမှာ ယုံကြည်ခြင်းနှင့် ဝန်ခံခြင်းနှစ်ရပ်စလုံး "ကယ်တင်ခြင်းသို့ ရောက်ခြင်းငှာ" ဟူ၍ တွေ့ရသည်။ တစ်နည်းဆိုရသော် "ကယ်တင်ခြင်း ထံသို့ ဦးတည်ခြင်းအလို့ငှာ" ဟူသော အနက်ပေါ်လွင်သည်။ ယုံကြည် ရုံမျှနှင့် ကယ်တင်ခြင်းမရနိုင်။ ထို့အတူ ဝန်ခံရုံနှင့်လည်း ကယ်တင်ခြင်း မရသေး။ ထပ်မံလိုအပ်သော အဆင့်မှာ ခရစ်တော်ထဲသို့ ဝင်ရောက်သည့် ဗတ္တိဇံခံယူခြင်းပင်ဖြစ်သည်။ (နောက်သင်ခန်းစာတွင် လေ့လာပါမည်။ ရောမ ၆း၃–၄၊ ဂလာတိ ၃း၂၆–၂၇ကို ဖတ်ပါ)။

တမန်တော်ဝတ္ထု အခန်း(၈)ကို ဖတ်သော် လူရှေ့ဝန်ခံချက် ဥပမာ တွေ့ရသည်။ "အဲသယောပိအမတ်ထံသို့ သမ္မာတရားသွန်သင်ရန် ဖိလိပ္ပုအား ဘုရားသခင်စေလွှတ်ခဲ့သည်။ ကျမ်းစာ၌ "တဖန် ထာဝရ ဘုရား၏ ကောင်းကင်တမန်သည် ဖိလိပ္ပုအား သင်ထ၍ ယေရုရှလင်မြို့မှ ဂါဇမြို့သို့ သွားရာတောလမ်းတွင် တောင်မျက်နှာသို့ သွားလော့ဟု ဆိုသည် အတိုင်း၊ ဖိလိပ္ပုသည် ထ၍သွားလေ၏။ ထိုအခါ အဲသယောပိ ပြည်ကို အစိုးရသော မိဖုရားကန္ဒကဲထံ၌ ဘုန်းကြီးသောအမတ်ဖြစ်၍ ဘဏ္ဍာတော်ရှိသမျှကို အုပ်စိုးရသော အဲသယောပိပြည်သားတစ်ယောက် သည် ကိုးကွယ်ခြင်းအလို့ငှာ ယေရုရှလင်မြို့သို့ သွား၍ ပြန်စဉ်တွင် မိမိရထားပေါ်၌ထိုင်လျက် ပရောဖက်ဟေရှာယ၏ ကျမ်းစာကို ဖတ်လေ ၏။ ဝိညာဉ်တော်ကလည်း ထိုရထားသို့ချဉ်းကပ်၍ မှီဝဲလော့ဟု ဖိလိပ္ပု အား ဗျာဒိတ်ပေးတော်မူသဖြင့် ဖိလိပ္ပုသည် ရထားသို့ ပြေး၍ ပရောဖက် ဟေရှာယ၏ ကျမ်းစာ၌ ဖတ်သည်ကိုကြားလျှင်၊ ဖတ်သောအရာကို နားလည်ပါ၏လောဟု မေးမြန်း၏။ ထိုအမတ်ကလည်း သွန်သင်ပဲ့ပြင် သောသူမရှိလျှင် အဘယ်သို့နားလည်နိုင်မည်နည်းဟု ဆိုပြီးမှ မိမိနှင့်အတူ

ဖိလိပ္ပုတက်၍ ထိုင်နေပါမည်အကြောင်း တောင်းပန်၏။ ကျမ်းစာ၌ ဖတ်သောအချက်ဟူမူကား၊ အသေသတ်ခြင်းငှာ ဆောင်သွားသော သိုးကဲ့သို့သူကိုဆောင်သွား၍၊ သိုးသူငယ်သည် အမွေးညှပ်သောသူရှေ့မှာ မမြည်ဘဲနေသကဲ့သို့သူသည် နှုတ်ကိုမဖွင့်ဘဲနေ၏။ နှိမ့်ချခြင်းကိုခံစဉ်တွင် သူတစ်ပါးတို့သည် ထိုသူကို မတရားသဖြင့်စီရင်ကြ၏။ ထိုသူ၏ အသက်ကို မြေကြီးကသိမ်းရုပ်သည်ဖြစ်၍၊ သူ၏အမျိုးအနွယ်ကို အဘယ်သူပြည့်နိုင်မည်နည်းဟု ကျမ်းစာလာသတည်း။ ထိုအမတ်ကလည်း၊ ပရောဖက်သည် အဘယ်သူကို ရည်မှတ်၍ ဤသို့ဆိုပါသနည်း၊ ကိုယ်ကိုတည်းဆိုလိုသလော၊ သူတစ်ပါးကိုတည်း ဆိုလိုသလောဟု တောင်းပန်လျက် ဖိလိပ္ပုအားမေးမြန်းလျှင် ဖိလိပ္ပုသည် မိမိနှုတ်ကိုဖွင့်၍ ထိုကျမ်းစာချက်ကိုအစွဲပြုလျက်၊ ယေရှုအကြောင်းတည်းဟူသော ဧဝံဂေလိတရားကိုဟောလေ၏။ ထိုသို့လမ်း၌သွားကြစဉ် ရေရှိရာသို့ရောက်၍ အမတ်ကလည်းဤအရပ်တွင်ရေရှိပါ၏။ အကျွန်ုပ်ကို ဗတ္တိဇံမခံစေခြင်းငှာ မည်သည့်အကြောင်း ဆီးတားပါသနည်းဟု ပြောဆိုလျှင် ဖိလိပ္ပုက သင်သည် စိတ်နှလုံးအကြွင်းမဲ့ယုံကြည်လျှင် ခံရသည်ဟုဆိုလေ၏။ အမတ်ကလည်း ယေရှုခရစ်သည် ဘုရားသခင်၏သားတော် ဖြစ်တော်မူကြောင်းကို အကျွန်ုပ်ယုံကြည်ပါသည်ဟု ဝန်ခံ၍ရထားကိုရပ်စေခြင်းငှာ စီရင်ပြီးမှ ဖိလိပ္ပုသည် ထိုအမတ်နှင့်တကွ ရေထဲသို့ဆင်း၍ ဗတ္တိဇံကို ပေး၏။ ရေထဲကတက်ကြလျှင် ထာဝရဘုရား၏ ဝိညာဉ်တော်သည် ဖိလိပ္ပုကို ဆောင်ယူတော်မူ၍ အမတ်သည် ဖိလိပ္ပုကိုနောက်တစ်ဖန် မတွေ့မမြင်ရ၊ ဝမ်းမြောက်ဝမ်းသာခြင်းနှင့် မိမိသွားရသောလမ်းကို သွားလေ၏။ (တမန် ၈း၂၆–၃၉)။

အထက်ပါကျမ်းပိုဒ်တွင် ဖြစ်ပျက်ခြင်းများကို ရှင်းလင်းလွယ်ကူစွာ တွေ့နိုင်သည်။ အမတ်ထံသို့ ဖိလိပ္ပုအား ကောင်းကင်တမန်က စေလွှတ်သည်။ သတိပြုရန် – သမ္မာတရားပြောကြားရန် ကောင်းကင်တမန်ကိုယ်တိုင် သွားရောက်ခြင်းမရှိဘဲ တရားဟောသူတစ်ယောက်ကိုသာ စေလွှတ်ခဲ့သည်။ စေလွှတ်ခံရသူ ဖိလိပ္ပုသည် မိမိဟောပြောရမည့်သူ အဲသယောပိအမတ်ကို ယေရုရှလင်ဝတ်ပြုခြင်းမှ အပြန်လမ်းတွင် တွေ့ရသည်။ ပရောဖက်ကျမ်းမှ ယေရှုခရစ်တော်အကြောင်းကို ဖတ်နေသော်လည်း နားမလည်နိုင်သောကြောင့် ဖိလိပ္ပုကရှင်းပြ၍ ဧဝံဂေလိကို ဟောပြောသွန်သင်သည်။ ဧဝံဂေလိတရားကို အဲသယောပိအမတ် နာခံလိုက်လျှောက်ရာ၌ ဖိလိပ္ပုက ကူညီသည်။ ဧဝံဂေလိတရား၊ သမ္မာတရားကို နာခံလိုက်လျှောက်သူသည်ယုံကြည်၍ ခရစ်တော်အား ဘုရားရှင်သားတော်အဖြစ် ဝန်ခံပြီး အပြစ်လွတ်စေခြင်းငှာ ဗတ္တိဇံကို ခံယူသောသူဖြစ်သည်။ ထို့နောက်မှသာလျှင် ခရစ်ယာန်အဖြစ်ဖြင့် ဝမ်းမြောက်ဝမ်းသာခြင်းနှင့် ခရီးဆက်နိုင်ပေသည်။

ယေရှုခရစ်တော်အား ဘုရားသခင်၏ သားတော်ဖြစ်ကြောင်း နှုတ်ဖြင့်ဝန်ခံခြင်းသည် ကယ်တင်ခြင်းထံသို့ ဦးတည်စေသော အခြေတစ်ရပ်ဖြစ်ပါသည်။

**မေးခွန်းများ**

၁။ ဝန်ခံခြင်းဆိုသည်မှာ အဘယ်နည်း။
၂။ ခရစ်တော်၏ဖိတ်ခေါ်ချက်၌ မည်မျှလောက်သောသူများသည် ဝန်ခံဖို့ရန်ရှိသနည်း။
၃။ ဝန်ခံခြင်းသည် အခြားသောသူများရှေ့မှောက်တွင် ပြုရမည်လား။
၄။ ခရစ်တော်အား ဝန်ခံသောသူအား ခရစ်တော်ဘယ်အမှုကို ကတိပေးပါသနည်း။

၅။ ခရစ်တော်ကိုငြင်းဆန်လျှင် ခရစ်တော်အဘယ်သို့ပြုမည်နည်း။
၆။ ယုံကြည်ခြင်းနှင့် ဝန်ခံခြင်းနှစ်ရပ်စလုံးမှာ ကယ်တင်ခြင်းသို့ ............ စေခြင်းဖြစ်၏။
၇။ နာခံခြင်း၏ နောက်လှမ်းရမည့်ခြေလှမ်းမှာ ........................။
၈။ ယုံကြည်ခြင်းကို အခြေပြုပြီး နောင်တတရား၊ ဝန်ခံခြင်းပြီးနောက် ဗတ္တိဇံခံသောအမှုသည် လူတစ်ဦးအား ................ သို့ပို့ဆောင်၏။
၉။ အဲသယောပိအမတ်အား ကောင်းကင်တမန်က သွန်သင်မှုပြုပါသလား။
၁၀။ ထိုအဲသယောပိအမတ် ဖတ်၍နေသော ကျမ်းသည် အဘယ်ကျမ်းနည်း။
၁၁။ ထိုကျမ်းချက်၏ ကတ္တားသည် မည်သူဖြစ်ပါသလဲ။
၁၂။ ခရစ်တော်အကြောင်း ကြားသိ၊ ယုံကြည်ပြီးသော် အမတ်သည် မည်သည့် မေးခွန်းကို တင်ပါသနည်း။
၁၃။ ပထမအနေဖြင့် ဘာလုပ်ရမည်ဟု အမတ်အား ဖိလိပ္ပုက ပြောသနည်း။
၁၄။ အမတ်လုပ်ဆောင်သော အချက်နှစ်ချက်ကား အဘယ်နည်း။
၁၅။ ဗတ္တိဇံမခံမီအချိန်တွင် အမတ်သည် ခရစ်ယာန်ဖြစ်ပါသလား။
၁၆။ ဧဝံဂေလိတရားကို နာခံလိုက်လျှောက်ပြီး အမတ်သည် အဘယ်အရာကို ဆက်လုပ်သနည်း။
၁၇။ ယေရှုသည် ဘုရားသခင်၏သားတော်ဟု ဝန်ခံခြင်းသည် ................ ထံသို့ ဦးတည်စေသော အခြေတစ်ရပ်ဖြစ်သည်။

* * *

# အခန်း - ၁၅
## ဗတ္တိဇံ

ဗတ္တိဇံခံယူခြင်းသည် အပြစ်များကို ဖယ်ရှားပစ်ခြင်းနှင့် အသင်းတော်ထဲသို့ ဝင်ရောက်စေခြင်းအမှုဖြစ်သည်။ ဘုရားသခင်၏ ဗတ္တိဇံမိန့်မှာချက်သည် အခြားသောသမ္မာကျမ်းချက်များထက် ပိုမိုထူးခြားအရေးကြီးသောမိန့်မှာချက်မဟုတ်ပါ။ ခရစ်တော်ထဲသို့ ဝင်ရောက်စေသည့် နောက်ဆုံးအဆင့်ပင်ဖြစ်သည်။ ဘုရားသခင်၏မိန့်မှာချက်ဖြစ်၍ လိုက်နာရပေမည်။

ယုံကြည်ခြင်းတစ်ပါးတည်းဖြင့် ကယ်တင်ခြင်းမရနိုင်သည့်နည်းတူ ဗတ္တိဇံတစ်ပါးတည်းဖြင့်လည်း ကယ်တင်ခြင်းမရနိုင်ပါ။ ခရစ်တော်ထဲသို့ ရောက်ခြင်းငှာ ယုံကြည်ရ၏။ ခရစ်တော်ထံသို့ ရောက်ခြင်းငှာ နောင်တရအပ်သည်။ ခရစ်တော်ထံသို့ ရောက်ခြင်းငှာ နှုတ်ဖြင့် ဝန်ခံရသည်။ ခရစ်တော်ထံသို့ ဗတ္တိဇံကိုခံရ၏။ " .... တကိုယ်တည်း(ခရစ်တော်)ထဲသို့ ဗတ္တိဇံကိုခံကြ၏...." (၁ကော ၁၂း၁၃)တစ်နည်းဆိုသော် ယုံကြည်ခြင်း၊ နောင်တရခြင်း၊ ဝန်ခံခြင်း စသည့်လုပ်ရပ်များသည် ကယ်တင်ခြင်းထံသို့(ခရစ်တော်ထံသို့)ချဉ်းကပ်လာစေသော်လည်း ဘုရားသခင်အလိုတော်ရှိသော အချက်အလုံးစုံကို လုပ်ဆောင်မှသာလျှင် ကယ်တင်ခြင်းရမည်ဖြစ်သည်။ ပုံဖော်သော် - အိမ်တံခါးဝမှ အကွာအဝေးတစ်ခုတွင် ရပ်နေသူသည် အိမ်ရှိရာသို့ တစ်လှမ်းခြင်း လှမ်းလာရာ၊ ခြေလှမ်းတိုင်းသည် အိမ်သို့နီးလာစေသည်။ အိမ်ထဲသို့ဝင်ရောက်စေသည့်

နောက်ဆုံးသော ခြေလှမ်းကိုမူ ထိုသူမလှမ်းပါက အိမ်ထဲသို့ရောက်မည် မဟုတ်။ နောက်ဆုံးခြေလှမ်းသာလျှင် အရေးကြီးဆုံးဟု မသတ်မှတ်အပ်ပေ။ ခြေလှမ်းတိုင်းသည် အရေးပါပေသည်။ ဤသည် ရှင်းလင်းသော အချက်ဖြစ်ပါသည်။ ပေါလုက "ယေရှုခရစ်၌* (ထဲသို့)ဗတ္တိဇံခံသောသူရှိသမျှတို့သည် အသေခံတော်မူခြင်း၌*(ထဲသို့)ဗတ္တိဇံကိုခံရသည်ဟု သင်တို့မသိသလော၊ ထို့ကြောင့် အသေခံတော်မူခြင်း၌*(ထဲသို့) ဗတ္တိဇံကိုခံသောအားဖြင့် ထိုသခင်နှင့်အတူ သင်္ဂြိုဟ်ခြင်းကိုခံကြ၏။...." (ရောမ ၆း၃၊၄) ဟု ပြောထားသည်။ တစ်ဖန်ဂလာတိစာ၌လည်း 'ခရစ်တော်၌* (ထဲသို့) ဗတ္တိဇံခံသူရှိသမျှသည်လည်း ခရစ်တော်ကို ယူတင်ဝတ်ဆောင်သောသူဖြစ်ကြ၏' (ဂလာတိ ၃း၂၇)ဟူ၍ ပြောထားပြန်သည်။ [*ပြထားသော ဝိဘတ် Preposition ၏ ရှင်းလင်းချက်ကို ဤသင်ခန်းစာအဆုံး၌ တွေ့ရသော မှတ်ချက်တွင်လေ့လာပါရန်] ခရစ်တော်ထဲသို့ မည်သို့ဝင်ရောက်နိုင်သနည်း။ ယုံကြည်ခြင်းတစ်ခုတည်းဖြစ်ဝင်နိုင်သလော။ နှောင်တအားဖြင့်လား။ သမ္မာကျမ်းစာအရ ဗတ္တိဇံအားဖြင့် ဝင်ရောက်သည်ကို တွေ့ရသည်။ တစ်ဦးတစ်ယောက်သည် ခရစ်တော်၌ရှိသည်ဟု မည်မျှပင်ကြွေးကြော်နေစေကာမူ သမ္မာကျမ်းသွန်သင်သည့် ဗတ္တိဇံမပါဘဲ ခရစ်တော်ထဲ၌မရှိနိုင်။ ဗတ္တိဇံမပါဘဲ ကယ်တင်ခြင်းရသည်ဟုဆိုလျှင် ခရစ်တော်၏ပြင်ပ၌ ကယ်တင်ခြင်းရသည်ဟု ပြောဆိုခြင်းသာဖြစ်သည်။ ခရစ်တော်ထဲသို့ဝင်ရောက်စေသည့် လုပ်ဆောင်ချက်သည် ခရစ်တော်၏ ခန္ဓာကိုယ်(အသင်းတော်)ထဲသို့ ဝင်ရောက်စေသည့်အချက်ပင်ဖြစ်သည်။ "…. တစ်ကိုယ်တည်း (အသင်းတော်တစ်ခုတည်း)ထဲသို့ ဗတ္တိဇံကိုခံကြ၏ ...." (၁ကော ၁၂း၁၃)ဤနည်းအားဖြင့် ဘုရားရှင်သည် လိုက်နာသူများကို

သင်းဝင်စေတော်မူ၏။ (တမန် ၂း၄၇)

ဗတ္တိဇံ၏အနက်ကား စိတ်ကြိုက်ရွေးချယ်နိုင်သည့် ဖျန်းခြင်း၊ လောင်းခြင်းစသည်တို့မဟုတ်ပေ။ မူလဂရိဘာသာဖြင့် 'ဗတ္တိဇို' ဟူသော စကားလုံးဖြစ်၍ မြှုပ်နှံခြင်း၊ စိမ်းခြင်းသဘောကိုပြသည်။ ယခုလေ့လာနေသော ဗတ္တိဇံသည် ရေ၌မြှုပ်နှံခြင်းပင်ဖြစ်သည်။ (ရောမ ၆း၃-၄၊ ကောလောသဲ ၂း၁၂၊ တမန် ၈) ဗတ္တိဇံသည်တစ်မျိုးတည်း၊ (ဧဖက် ၄း၅)သာရှိ၍ မြှုပ်နှံခြင်း(ကော ၂း၁၂)ဖြစ်သည်။ ဖျန်းခြင်း၊ လောင်းခြင်း စသော အခြားနည်းဖြင့် ခံယူထားသောသူသည် သမ္မာကျမ်းစာ၏ ဗတ္တိဇံကို မခံစားရသေးသောသူဖြစ်သည်။ မည်သူမည်သို့ပင်သွန်သင်ပါစေ၊ သမ္မာကျမ်းသွန်သင်ချက်သည်သာ အမှန်ဖြစ်ပါသည်။

သမ္မာကျမ်းစာအရ ကယ်တင်ခြင်းအတွက် ဗတ္တိဇံခံရန် လိုအပ်ပေသည်။ 'ခရစ်တော်က ယုံကြည်၍ ဗတ္တိဇံကိုခံသောသူသည် ကယ်တင်တော်မူခြင်းသို့ ရောက်လတ္တံ့၊ မယုံကြည်သောသူမူကား အပြစ်စီရင်ခြင်းကို ခံရလတ္တံ့။' (မာကု ၁၆း၁၆)ဟူ၍လည်းကောင်း၊ ပေတရုက '.... ယခုတွင် ဗတ္တိဇံသည် ယေရှုခရစ်ထမြောက်တော်မူသောအားဖြင့်၊ ငါတို့ကို ကယ်တင်တတ်၏....' (၁ပေ ၃း၂၁)ဟူ၍လည်းကောင်း၊ ဗတ္တိဇံသည် ကယ်တင်ကြောင်း ပြောထားသည်။ ဗတ္တိဇံသည် အဘယ်ကြောင့် ကယ်တင်သနည်း။ အကောင်းဆုံးဖြေဆိုရလျှင် ဘုရားရှင်မိန့်မှာတော်မူသောကြောင့်ဖြစ်သည်။ ဗတ္တိဇံသည် ကယ်တင်တတ်၏။ သို့သော် ဗတ္တိဇံတစ်ပါးတည်းသာ ကယ်တင်သည်ဟူ၍ သမ္မာကျမ်းစာသွန်သင်ခြင်းမရှိပေ။

'.... သင်တို့အပြစ်လွတ်စေခြင်းငှာ နောင်တရ၍ တစ်ယောက်မျှ

မကြွင်း၊ ယေရှုခရစ်၏ နာမ၌ ဗတ္တိဇံကိုခံကြလော့' (တမန် ၂း၃၈)ဟူ၍ ပေတရုမိန့်မှာခဲ့၏။ တစ်ဖန် ကော်နေလိအိမ်သူအိမ်သားများအား 'သခင်ဘုရား၏ နာမ၌ ဗတ္တိဇံကိုခံစေမည့်အကြောင်း စီရင်လေ၏' (တမန် ၁၀း၄၈)ဟု မိန့်မှာပြန်သည်။ ရှောလုကိုလည်း '....ထလော့၊ ဘုရားသခင်ကို ပဌာနာပြုလျက် ဗတ္တိဇံကိုခံ၍ သင့်၏အပြစ်များကို ဆေးကြောလော့....' (တမန် ၂၂း၁၆)တွင် အာနနိ၏ မိန့်ခြွင်းခံရ၏။ သမ္မာကျမ်း၌ ဗတ္တိဇံခံယူခြင်းသည် မိန့်မှာချက်ဖြစ်ကြောင်းထင်ရှား၏။ မည်သည့်အတွက် ခံယူရမည်ကိုလည်း ပြထားပါသည်။ ပြောင်းလဲခြင်း အမှုများတွင်လည်း ဗတ္တိဇံခံယူရန် မိန့်မှာချက်များရှိ၍ နာခံမှုများကို တွေ့ရသည်။ (တမန်တော် အခန်း ၂၊၃၊၈၊၉၊၁၀ နှင့် ၁၆ တို့ကိုဖတ်ပါ။

ဗတ္တိဇံသည် ခရစ်တော်၏ သေခြင်း၊ မြှုပ်နှံခြင်းနှင့် ရှင်ပြန်ထမြောက်ခြင်းတို့ကို ပြသသည်။ လူသည်မိမိအပြစ်များကို စတေ၍ ခရစ်တော်နှင့်အတူ သေခြင်းထဲသို့ ဗတ္တိဇံကိုခံ၏။ ရေ၌မြှုပ်နှံသင်္ဂြိုလ်ခံပြီးနောက် ခရစ်တော်နှင့်အတူ အသစ်သောအသက်တာကို ရှင်ပြန်ထမြောက်၏။ (ရောမ ၆ ကို အသေးစိတ်လေ့လာပါ)ဗတ္တိဇံခံယူသောအမှုတွင် အသစ်သောမွေးဖွားခြင်းကိုဆောင်၏။ လူသည်ဒုတိယမွေးဖွားခြင်းဟူသော ရေနှင့်ဝိညာဉ်တော် မွေးဖွားခြင်းခံယူရန် ဘုရားရှင်အလိုရှိသည်။ ခရစ်တော်ထဲသို့ ဝင်ရောက်စေသည့် နောက်ဆုံးခြေလှမ်းဖြစ်သော ရေ၌ဗတ္တိဇံခံသောအချိန်တွင် သန့်ရှင်းသောဝိညာဉ်တော်၏ ဆုကျေးဇူးကိုရရှိသည်။(တမန် ၂း၃၈) ရေနှင့် သန့်ရှင်းသောဝိညာဉ်တော် (တစ်ပြိုင်နက်)မွေးဖွားခြင်းပင်ဖြစ်သည်။ (ယောဟန် ၃)

အဲသယောပိအမတ်နည်းတူ လိုက်လျှောက်၍ ဗတ္တိဇံဖြင့် သင့်၏

အပြစ်များကိုဆေးကြောပါ။ ထို့နောက် ခရစ်ယာန်အသက်တာကို ဝမ်းမြောက်ဝမ်းသာဖြင့် ဆက်လက်အသက်ရှင်နိုင်ပေမည်။ (တမန် ၈) ဘုရားသခင်၏ မိန့်မှာတော်မူချက်ဖြစ်ပါသည်။

**မှတ်ချက်**

ဂရိဘာသာစကားလုံး e'v နှင့် eis ကို အသေးစိတ်လေ့လာရာတွင်

e'v ဟူသော ဝိဘတ် Preposition သည် တည်ရှိခြင်းပြစာလုံးဖြစ်သည်။ အတွင်း၌၊ အထဲ၌၊ စသည့်တစ်ခုခုအတွင်းတွင် တည်ရှိကြောင်းကိုပြသည်။(in)

eis ဟူသော ဝိဘတ် Preposition သည် ဦးတည်ချက်ပြစာလုံးဖြစ်သည်။ အတွင်းသို့၊ အထဲသို့စသည့် အရာတစ်ခုအတွင်းစီသို့ ဦးတည်သော ဦးတည်ချက်ကိုပြသည်။ (into)

ရောမ ၆း၂-၃၊ ဂလာတိ ၃း၂၇ နှင့် ၁ကော ၁၂း၁၃ တို့တွင် တွေ့ရသော မူလဂရိ Preposition သည် eis ဖြစ်ပါသည်။ ယုဒသန် မြန်မာပြန်ဆိုမှု၏ ၁ကော ၁၂း၁၃ တွင် 'ထဲသို့'ဟု ပြန်ထားပါသော်လည်း ရောမ ၆း၂-၃ နှင့် ဂလာတိ ၃း၂၇ တို့တွင် '၌' ဟူ၍ အားနည်းစွာပြန်ထားပါသည်။ ဂဲရက်မြန်မာပြန်တွင်မူ သုံးနေရာစလုံး၌ ပိုမိုလေးနက်သော 'ထဲသို့' အသုံးကို တွေ့ရသည်။ အင်္ဂလိပ်ဘာသာပြန်တိုင်းတွင်လည်း 'into' ဟူ၍သာ တွေ့ရပါသည်။

[ယေရှုခရစ်တော်ထဲသို့ ဗတ္တိဇံခံသောသူ .... (ရောမ ၆း၃) ခရစ်တော်ထဲသို့ ဗတ္တိဇံကို ခံသောသူရှိသမျှ .... တစ်ကိုယ်တည်းထဲသို့ ဗတ္တိဇံကိုခံကြ၏ .... ၁ကော ၁၂း၁၃]။

# မေးခွန်းများ

၁။ ဗတ္တိဇံခံခြင်းသည် မည်သည့်အမှုကို ဖြစ်စေသနည်း။

၂။ ဗတ္တိဇံခံဖို့ရန် မိန့်မှာချက်သည် ဓမ္မသစ်၌အရေးကြီးဆုံးသော အချက်ဖြစ်ပါသလား။

၃။ ဗတ္တိဇံခံခြင်း အမှုတစ်ခုတည်းနှင့် ကယ်တင်ခြင်းရနိုင်မည်လား။

၄။ ဗတ္တိဇံသည် မည်သည့်အခြေအနေများနှင့် ပေါင်းစပ်မှသာ တစ်ဦး၏အပြစ်ကို ဆေးကြောသနည်း။

၅။ ခရစ်တော်ထဲသို့ မည်သို့ဝင်ရောက်ရသနည်း။

၆။ သင်သည် ဗတ္တိဇံမခံသေးဘဲနှင့် ကယ်တင်ခြင်းရသည်ဟုဆိုလျှင် အဘယ်အမှုကို ထောက်ခံခြင်းပြုပါသနည်း။

၇။ အသင်းတော်သို့ ယုံကြည်သူများအား မည်သည့်နည်းဖြင့် ပါဝင်စေပါသနည်း။

၈။ ငါတို့ရှိသမျှသည် ဝိညာဉ်တော်တစ်ပါးတည်းအားဖြင့်.............. ..................ထဲသို့..........................။

၉။ ရေဖျန်းခြင်းသည် ဗတ္တိဇံမည်ပါသလား ..........................။
ရေလောင်းခြင်းသည် ဗတ္တိဇံမည်ပါသလား ......................။

၁၀။ ဗတ္တိဇံဟူသည် အဘယ်နည်း။

၁၁။ ဗတ္တိဇံကိုခံသောအားဖြင့် ထိုသခင်နှင့်အတူ ...............ခြင်းကိုခံရ၏။

၁၂။ ဘုရားသခင်ရှေ့မှောက် လက်ခံတော်မူသော ဗတ္တိဇံဘယ်နှစ်ခု ရှိပါသနည်း။

၁၃။ ကျမ်းစာနှင့်ကိုက်ညီသော ဗတ္တိဇံသည် ကယ်တင်တော်မူပါ သလော။

၁၄။ ဗတ္တိဇံခံရန် မိန့်မှာချက်ပါသော ဥပမာ(၂)ခုကိုပေးပါ။
၁၅။ အခြားသော ဗတ္တိဇံခံခြင်း ဥပမာများရှိပါသေးသလား။
၁၆။ ဓမ္မသစ်တွင်ပါသော ပြောင်းလဲခြင်းအမှုတိုင်းတွင် ဗတ္တိဇံခံခြင်း အမှုပါဝင်ပါသလား။
၁၇။ ဗတ္တိဇံခံခြင်းသည် မည်သည့်အရာကို ပုံဖော်သနည်း။
၁၈။ ခရစ်တော်၏သေခြင်း၊ မြှုပ်နှံခြင်းနှင့် ရှင်ပြန်ထမြောက်ခြင်းအမှုတို့ကို ဗတ္တိဇံမှတစ်ပါး အခြားသောအမှုတို့ဖြင့် ပုံပေါ်လွင်စေပါသလား။
၁၉။ ဗတ္တိဇံခံသောအမှုတွင် ...................... ကိုဆောင်၏။
၂၀။ မည်သည့်အချိန်တွင် လူတစ်ယောက်သည် ဆက်သွားရာလမ်းကို ဝမ်းမြောက်စွာ သွားနိုင်သနည်း။

* * *

# အခန်း - ၁၆
## ဝတ်ပြုကိုးကွယ်ရာနေ့ရက်

မည်သည့်နေ့ရက်သည် ဝတ်ပြုကိုးကွယ်ရာနေ့ရက် ဖြစ်ပါသနည်း။ သောကြာနေ့၊ စနေနေ့၊ တနင်္ဂနွေနေ့၊ မည်သည့်နေ့ ဖြစ်သနည်း။ အစ္စလာမ်များက သောကြာနေ့ဟု ဖြေကြမည်။ ဓမ္မဟောင်းကျမ်း၏ စိုးမိုးမှုလက်အောက်သို့ ပြန်လည်ဝင်ရောက်လို သူများက စနေ၊ ခရစ်ယာန်အကြောင်း သိကျွမ်းသူ၊ သို့မဟုတ်ခရစ်ယာန်အမည်ကို ခံထားသောသူတွေက တနင်္ဂနွေ ဟူ၍ ပြောကြပေလိမ့်မည်။ သမ္မာကျမ်းစာ မည်သို့ သွန်သင်ပါသနည်း။

သမ္မာကျမ်းစာတွင် အစ္စလာမ်အကြောင်း သွန်သင်ခြင်းမရှိသောကြောင့် သောကြာနေ့ကို စဉ်းစာရန်မလိုတော့ပါ။ စနေနေ့မူကား ဓမ္မဟောင်းအချိန်တွင် ဥပုသ်နေ့အနေဖြင့် သန့်ရှင်းစေခဲ့ကြ၏။ ဤအချက်မှာ ကျွန်ုပ်တို့သည် ပညတ်တော်လက်အောက်မှ လွတ်လာကြပြီးဖြစ်၍၊ ဥပုသ်နေ့ကို စောင့်ထိန်းခြင်းအမှုမှာ ပတ်သက်ခြင်းမရှိတော့ပါ။ ထို့အတူ စနေနေ့ဝတ်ပြုကိုးကွယ်ခြင်းအမှုသည် အတူတူပင်ဖြစ်ပါသည်။ ပဋိညာဉ်သစ်သည် ရောက်ရှိလာပြီဖြစ်၍ ဝတ်ပြုစည်းဝေးရာ နေ့ရက်အသစ်လည်း ရောက်ရှိလာပေပြီ။ ဘုရားသခင်အတွက် နောက်ဆုံးသောနေ့ရက် မဟုတ်တော့ပါ။ ပထမဦးဆုံးသောနေ့ရက် ဖြစ်လာခဲ့ပြီ။ ဘုရားသခင်သည် ကျွန်ုပ်တို့အားစည်းဝေးဝတ်ပြုကိုးကွယ်ရန် ခုနှစ်ရက်တွင် သတ္တမနေ့ရက် မဟုတ်တော့ဘဲ၊ ခုနှစ်ရက်တွင် ပထမနေ့ရက်၌ ပြုလုပ်ကြရန် ကျမ်းစာအားဖြင့် သွန်သင်ပါသည်။ (တမန်တော် ၂၀း၇)

'ခုနစ်ရက်တွင် ပထမနေ့ရက်၌ မုန့်ကိုဖဲ့ခြင်းငှာ စည်းဝေးကြသောအခါ၊ ပေါလုသည်နက်ဖြန်နေ့၌ ထွက်သွားမည်ဖြစ်၍၊ သန်းခေါင်တိုင်အောင် ဟောပြောလျက်နေလေ၏' (တမန်တော် ၂၀း၇)သတိပြုပါ၊ ရက်တစ်ပတ်၏ ပထမနေ့ဖြစ်သည်။ ခုနစ်ရက်နေ့(သတ္တမနေ့) မဟုတ်တော့ပါ။ ဤခုနစ်ရက်၏ ပထမနေ့၌ပင် ခရစ်တော်သည် ရှင်ပြန်ထမြောက်ခဲ့ပါသည်။ ခရစ်ယာန်များအား ဤပထမနေ့ရက်၌ သူ၏ရှင်ပြန်ထမြောက်ခြင်းကို သတိရရန် မုန့်ချိုးဖဲ့ခြင်း၊ စပျစ်ရည်သောက်ခြင်းအမှုပြုရန် မိန့်မှာခဲ့ပါသည်။

တစ်ဖန်ပေးကမ်းလှူဒါန်းခြင်းနှင့် ပတ်သက်၍၊ ရှင်ပေါလုက "သန့်ရှင်းသူတို့အဖို့လှူဒါန်း၍ စုထားခြင်းအမှုမှာ .... ခုနစ်ရက်တွင် ပထမနေ့ရက်၌ အသီးသီးကောင်းစားသည့်အတိုင်း မိမိဥစ္စာတစ်ဘို့ကို ထုတ်၍ စုထားကြလော့" (၁ယော ၁၆း၁-၂)အဘယ်ကြောင့် ပထမနေ့၌ လှူဒါန်းစုထားခြင်းအမှုကို ပြုလုပ်စေသနည်း။ ခရစ်ယာန်များ ဝတ်ပြုရန် စုဝေးကြသော နေ့ရက်ဖြစ်၍ အဆင်ပြေမှုသည် ထင်ရှားလှ၏။ အကယ်၍သာ ခရစ်ယာန်တို့သည် အခြားသောနေ့ရက်တစ်ခုခု၌ စုဝေးဝတ်ပြုကြရမည်မှန်လျှင် ပေါလုသည် ခုနစ်ရက်တွင် ပထမနေ့ရက်ဟု တိတိကျကျသွန်သင်လိမ့်မည်မဟုတ်ပါ။

နှိုးဆော်ချက်တစ်ရပ်ကိုလည်း ကြည့်ကြပါဦးစို့။ "လူအချို့တို့၏ ထုံးစံရှိသည့်အတိုင်း အချင်းချင်းစုဝေးခြင်းအမှုကို မရှောင်မလွှဲကြနှင့်။ အချင်းချင်းတို့ကို တိုက်တွန်းနှိုးဆော်ကြလော့။ ကာလအချိန်ရောက်လုနီးသည်ကို ထောက်သဖြင့် သာ၍ကြိုးစားကြလော့"။ (ဟေဗြဲ ၁၀း၂၅) သေချာစွာထပ်မံကြည့်ကြပါစို့။ (၁)အချို့တို့၏ ထုံးစံရှိသည့်အတိုင်း၊

(၂)စုဝေးခြင်းအမှုကို မရှောင်မလွှဲကြနှင့်၊ (၃)အချင်းချင်းတိုက်တွန်းနှိုးဆော်ကြ၊ (၄)အချိန်ကာလရောက်လုနီးသည်ကို ထောက်သဖြင့်၊ ဤတွင်ကားတိုင်ပေါ်ဝယ် ဥပုသ်နေ့ပညတ်တော်သည် အဆုံးသတ်ပယ်ရှင်းခြင်းသို့ ရောက်ခဲ့သည့်အချိန်မှစ၍ ခရစ်ယာန်တို့သည် ဝတ်ပြုစည်းဝေးခြင်းအမှုကို တိကျသောနေ့တစ်ရက်၊ (ခုနစ်ရက်တွင် ပထမနေ့)၌ ပြုကြသည်မှာ ထင်ရှား၏။

တစ်ချိန်၌လည်း ယောဟန်သည် 'သခင်ဘုရားနေ့၌ ဝိညာဉ်တော်ကိုခံရ၍' (ဗျာဒိတ် ၁း၁၀)ဟူ၍ ကျမ်းစာ၌တွေ့ရ၏။ နေ့တိုင်းသည် ဘုရားသခင်၏ နေ့ရက်ဖြစ်သည်ဟု တချို့ကဆိုပေမည်။ မှန်ပါသည်၊ အချိန်တိုင်းကို ဘုရားသခင်ပိုင်စိုးတော်မူပါသည်။ သို့သော်ယောဟန်သည် "ဘုရားသခင်နေ့" ဟု တိကျသောတစ်နေ့ကို ဖော်ပြထားပါသည်။ နေ့ရက်တိုင်းသည် ထူးခြားမှုမရှိပါက ယောဟန်ထိုသို့ပြောရန် အကြောင်းရှိသည်မဟုတ်ပါ။ ဘုရားသခင်နေ့ဟူ၍ ခုနစ်ရက်တွင် ပထမနေ့ကို ယောဟန်သည်ဦးတည်၍ ဖော်ပြနေခြင်းပင်ဖြစ်ပါသည်။

ယေရှု ရှင်ပြန်ထမြောက်သောနေ့ကို တစ်ဖန်ပြန်ကြည့်သော် 'ခုနစ်ရက်တွင် ပထမနေ့' (မဿဲ ၂၈း၁၊ မာကု ၁၆း၁–၂)ဟူ၍ ထင်ရှားစွာတွေ့ရသည်။ အချို့ဆင်ခြေပေးကြသည်မှာ ဥပုသ်နေ့သည် သန့်ရှင်းရာနေ့ဖြစ်သောကြောင့် နောက်တစ်ရက်မှသာ ရှင်ပြန်ခြင်းဖြစ်သည်ဟုဆိုကြ၏။ မိုက်မဲသောဆင်ခြေပင်ဖြစ်ပါသည်။ အဘယ်ကြောင့်ဆိုသော် ယေရှုကိုယ်တိုင်ပင် ဥပုသ်နေ့၌ ကျန်းမာအောင် ကုသမှုများပြုခဲ့သည်မဟုတ်ပါလား။ ပထမနေ့၌ ရှင်ပြန်ခြင်းသည် အောက်မေ့သတိရစည်းဝေးဝတ်ပြုရန် လူတိုင်းသိသာစေရန်အတွက်ဖြစ်သည်။

ဝတ်ပြုစည်းဝေးသောနည်းဟောင်းကို ခရစ်တော်သည် ပယ်ရှင်းတော်မူ၍ နည်းသစ်နှင့်နေ့ရက်သစ်ကို ပေးခဲ့ပါပြီ။ ပညတ်တော်အဟောင်းအစား ပညတ်တော်သစ်၊ ဝတ်ပြုရာနည်းဟောင်းအစား ဝတ်ပြုနည်းသစ်၊ ဇာတိပကတိနိုင်ငံအစား ဝိညာဉ်ရေးနိုင်ငံတော်၊ တိရစ္ဆာန်အသွေးအစား ခရစ်တော်၏အသွေးတော်၊ ယုံကြည်သူတွေ၏အမည်ဟောင်းအစား ခရစ်ယာန်ဟူသော အမည်သစ် စသည်ဖြင့် အသစ်တို့သည် ပယ်ရှင်းခြင်းခံရသော အဟောင်းများ၏နေရာတွင် ဝင်ရောက်လာကြပြီး ဘုရားသခင်၏ ပညတ်တော်သည် ပြည့်စုံစွာပြောင်းလဲခဲ့ပေပြီ။

အသင်သည် ဘုရားသခင်ကို သမ္မာကျမ်းစာနှင့်အညီ ဝတ်ပြုကိုးကွယ်လိုသော် ဘုရားသခင်စီမံသော ဤခုနစ်ရက်တွင် ပထမနေ့ရက်၌ ဝတ်ပြုကိုးကွယ်ရပေမည်။ နေ့ရက်နှင့် ပတ်သက်၍ ထူးခြားမှုရှိသောကြောင့်သာလျှင် ဘုရားသခင်သည် တိကျစွာဖော်ပြထားပါသည်။ မိန့်မှာချက်ကို ၁ကော ၁၆း၂ တွင် တွေ့ရပြီး၊ ခရစ်ယာန်များ ဤခုနစ်ရက်တွင် ပထမနေ့၌ စည်းဝေးဝတ်ပြုကြောင်း ဥပမာတွေ့ရပါသည်။ ဤအမှုသည် ခရစ်ယာန်တိုင်းကို စိုးမိုးလျက်ရှိပါသည်။

## မေးခွန်းများ

၁။ အစ္စလာမ်ဘာသာအရ ဝတ်ပြုကိုးကွယ်ရာနေ့သည် မည်သည့်နေ့ဖြစ်ပါသနည်း။

၂။ ဂျူးဘာသာရေးအရ ဝတ်ပြုကိုးကွယ်ရာနေ့သည် မည်သည့်နေ့ဖြစ်ပါသနည်း။

၃။ သမ္မာကျမ်းစာသစ်အရ ဝတ်ပြုကိုးကွယ်ရာနေ့သည် မည်သည့်နေ့ ဖြစ်ပါသနည်း။

၄။ ဘုရားသခင်၏စိတ်တော်နှင့် တွေ့နိုင်စေရန် အဘယ်အရာကို လက်ခံရမည်နည်း။

၅။ အဘယ်ကြောင့် ဥပုသ်နေ့ကို ဝတ်ပြုကိုးကွယ်ရာနေ့ဟု ယနေ့မထား အပ်ပါသနည်း။

၆။ ဘုရားသခင်အတွက် ..............မဟုတ်၊ ............. ဖြစ်လာခဲ့ပါပြီ။

၇။ တမန်တော် ၂၀း၇ အရ မည်သည့်နေ့တွင် ခရစ်ယာန်များဝတ်ပြုရန် စုဝေးကြသနည်း။

၈။ ခရစ်တော်အား မုန့်ချိုးဖွဲ့ခြင်းအမှုဖြင့် အောက်မေ့သတိရရန် .......... နေ့ရက်၌ ခရစ်ယာန်များ စုဝေးဝတ်ပြုကြသည်။

၉။ မည်သည့်နေ့ရက်တွင် လှူဒါန်းခြင်းပြုရန် မိန့်မှာထားပါသနည်း။

၁၀။ ဟေဗြဲ ၁၀း၂၅ ၌တွေ့ရသော အချက်(၄)ချက်ကား အဘယ်နည်း။

၁၁။ မည်သည့်နေ့ရက်တွင် ဗိညာဉ်တော်ကို ခံရသည်ဟု ယောဟန်ဆို ပါသနည်း။

၁၂။ အချိန်တိုင်းကို ဘုရားသခင်ပိုင်ဆိုင်ပါသလား။

၁၃။ 'ဘုရားသခင်၏နေ့ရက်' ဟူ၍ အတိအကျ ဖော်ပြခြင်းသည် အဘယ်ကြောင့် ထူးခြားသော လက္ခဏာ အခြေအနေရှိသနည်း။

၁၄။ ခရစ်တော်သည် မည်သည့်နေ့တွင် ရှင်ပြန်ထမြောက်ပါသနည်း။

၁၅။ အချို့က ဥပုသ်နေ့သည် သန့်ရှင်းရာနေ့ဖြစ်သောကြောင့် ထိုနေ့၌ ရှင်ပြန်ခြင်းမရှိဟူသော အချက်မှာ မိုက်မဲကြောင်း မည်သို့သိနိုင် မည်နည်း။

၁၆။ ဥပုသ်နေ့၌ အဘယ်ကြောင့် ခရစ်တော်မထမြောက်သနည်း။

၁၇။ ပညတ်တော် .................. သည် ပယ်ရှင်းခြင်းသို့ရောက်၍ ပညတ်တော် .................... ရောက်လာပြီဖြစ်သည်။

၁၈။ ဝတ်ပြုနည်း ............ အစားဝတ်ပြုနည်း ............ ဝင်ရောက်လာပြီး။

၁၉။ ဝတ်ပြုရာနေ့ ................ သည်ဝတ်ပြုရာနေ့ .............. အစားထိုးဝင်လာခဲ့ပြီ။

၂၀။ နိုင်ငံတော် ..................... အစား ................. နိုင်ငံသစ်သည် ဝင်ရောက်ခဲ့ပြီ။

၂၁။ တိရစ္ဆာန်များ၏ ...................... အစား ခရစ်တော်၏ ................... သည် ဝင်ရောက်လာခဲ့ပြီ။

၂၂။ ယုံကြည်သူတွေ၏ အမည် ......................... (ဣသရေလ)သည် ယခု ...................... ဟူသော အမည်သစ်ဖြစ်လာပြီ။

၂၃။ သစ္စာရှိသော ခရစ်ယာန်များ ဖြစ်ဖို့ရန် မိန့်မှာချက်သစ်များအတိုင်း ဝတ်ပြုကိုးကွယ်ရပါမည်လား။

* * *

# အခန်း - ၁၇
## နှစ်သက်လက်ခံတော်မူဖွယ်သော ဝတ်ပြုခြင်း

မှန်ကန်သောဝတ်ပြုရာ နည်းလမ်းရှိသကဲ့သို့ မှားယွင်းသော ဝတ်ပြုနည်းလည်း ရှိပါ၏။ လူတို့၏ ထင်မြင်ယူဆသော နည်းလမ်းနှင့် ကျမ်းစာသွန်သင်သည့်နည်းလမ်းဟူ၍ရှိပါသည်။ အချို့ကမည်သည့်နည်း ပင်ဖြစ်ဖြစ် ဟန်မဆောင်သော၊ ရိုးသားသော ဘာသာရေးကိုင်းရှိုင်းမှု ဖြင့် ဝတ်ပြုလျှင် ရပါသည်။ ထူးခြားမှုမရှိဟုဆိုကြပါသည်။ သို့သော် သမ္မာကျမ်းစာသွန်သင်ချက်သည် ဘုရားသခင်စီမံထားသော ဝတ်ပြုရာ နည်းလမ်းတစ်ခုတည်းရှိသည်ဟူ၍ဖြစ်ပါသည်။

ခရစ်တော်ကိုယ်တိုင် 'ဘုရားသခင်သည် နာမ်ဝိညာဉ်ဖြစ်တော်မူ၏။ ဘုရားသခင်ကို ကိုးကွယ်သောသူတို့သည် နာမ်ဝိညာဉ်နှင့်လည်းကောင်း၊ သစ္စာနှင့်လည်းကောင်း၊ ကိုးကွယ်ရမည်ဟု မိန့်တော်မူ၏' (ယောဟန် ၄း၂၄)ဟူ၍ပြော၏။ ထို့ကြောင့် ဝတ်ပြုရာတွင် ဤနည်းဖြင့်သာ ဝတ်ပြုရမည်ဖြစ်သည်။ ကျွန်ုပ်တို့စိတ်နှင့် ကိုက်ညီသောနည်းလမ်း၊ အဆင်ပြေသောနည်းလမ်းဖြင့် ပြုလုပ်နိုင်သည်ဟု မဆိုထားပါ။ ထို့ကြောင့် နှစ်သက်လက်ခံဖွယ်သော ဝတ်ပြုခြင်းမှာ ဘုရားသခင်ကို ဦးတည်ချက်ထားလျက် နာမ်ဝိညာဉ်နှင့်လည်းကောင်း၊ သစ္စာ(truth)နှင့် လည်းကောင်း၊ ဝတ်ပြုရမည်ဖြစ်သည်။ တစ်နည်းဆိုသော် ဝတ်ပြုကိုးကွယ်ခြင်းသည် သိရှိနားလည်ခြင်းဖြင့် ဖြစ်ရမည်။ ဟန်မဆောင်သော၊ ရိုးသားသောအမှုနှင့် ဖြစ်ရမည်။ သစ္စာ(truth)နှင့် ၄င်းဆိုရာ၌ သမ္မာ

ကျမ်းစာ သွန်သင်သည့်အတိုင်းဖြစ်ရမည်။ သစ္စာစကားသည် သမ္မာတရားဖြစ်၏။ ဘုရားသခင်၏ နှုတ်ကပတ်တော်ဖြစ်ပါ၏။ သိရှိ နားလည်ခြင်းပါဝင်ပြီး သစ္စာ(ဘုရားသခင်နှုတ်ကပတ်တော်)နှင့် မကိုက်ညီသောဝတ်ပြုနည်းများစွာရှိ၏။ သမ္မာတရားသွန်သင်သည့်အတိုင်း ဖြစ်သော်လည်း ဟန်ဆောင်ခြင်း၊ မရိုးသားခြင်းဖြင့် ဝတ်ပြုကြသော အမှုများလည်းရှိကြပါသည်။ နှစ်မျိုးစလုံးကို ဘုရားသခင် လက်ခံမည်မဟုတ်ပါ။ ဘုရားသခင်လက်ခံဖွယ်သော ဝတ်ပြုကိုးကွယ်ခြင်းသည် နာမ် ဝိညာဉ်နှင့်လည်းကောင်း၊ သစ္စာ(truth)နှင့်လည်းကောင်းဖြစ်ရပေမည်။

ဝတ်ပြုခြင်းနှင့် ပတ်သက်၍ ဓမ္မသစ်ကျမ်းက မည်သို့သွန်သင်ပါသနည်း။ ဝတ်ပြုခြင်းနှင့် ပတ်သက်သော ကျမ်းများကို လေ့လာခြင်းဖြင့် ဝတ်ပြုလိုသူအား အလိုတော်ရှိတော်မူသော ဝတ်ပြုခြင်း လုပ်ဆောင်မှုငါးမျိုးကို တွေ့ရပေမည်။ တစ်ခုခြင်းကို လေ့လာကြည့်သော် ....

*(၁)* ခရစ်ယာန်တို့သည် ခုနှစ်ရက်တွင် ပထမနေ့ရက်၌ ဘုရားသခင်သားသမီးများနှင့် စုဝေးလျက် သမ္မာကျမ်းစာကိုလေ့လာရမည်။ "သင်မူကား ဝန်ခံတော်မူသောသူ၊ ရှက်ကြောက်စရာ အကြောင်းမရှိဘဲ သမ္မာတရားကို မှန်ကန်စွာ ပိုင်းခြားတတ်သော ဆရာသမားဖြစ်လျက် ဘုရားသခင်ရှေ့၌ ကိုယ့်ကိုကိုယ် ဆက်သခြင်းငှာ ကြိုးစားအားထုတ်လော့"။ (၂တိ ၂း၁၅)

*(၂)* ခရစ်ယာန်တို့သည် ဘုရားသခင်နေ့ (ပထမနေ့-တနင်္ဂနွေ)တွင် အချင်းချင်းစုဝေး၍ ဆုတောင်းရမည်။ ကျမ်းချက်များစွာတို့သည် ဤသည်ကို သွန်သင်လျက်ရှိသည်။ ဥပမာ-တမန်တော် ၂း၄၂ တွင် ယုံကြည်သူများ အမြဲစုဝေး ဆောင်ရွက်ရမည်ဖြစ်သော တမန်တော်တို့၏

ဆုံးမဩဝါဒကို ခံခြင်းအမှုတွင် ဆုတောင်းခြင်းပါဝင်နေပါသည်။ တမန်တော်ပေါလု သွန်သင်သည်မှာ 'မခြားမလပ်ဆုတောင်း ပဌာနပြုကြလော့' (၁သက် ၅း၁၇) လုကာကလည်း 'အားမလျှော့ဘဲ ကြိုးစားဆုတောင်းရမည်။' (လုကာ ၁၈း၁)

(၃) ဘုရားသခင်အား ခရစ်ယာန်များစုဝေးလျက် ဂုဏ်တော်ချီးမွမ်းသီချင်း ဆိုကြရမည်။ "ဆာလံသီချင်း စသော ဓမ္မသီချင်းအမျိုးမျိုးတို့ကို အချင်းချင်းပြောဆို ဖတ်ရွတ်၍ နူးညွတ်သော စိတ်နှလုံးနှင့် ဘုရားသခင်ရှေ့တော်၌ ကျူး၍ သီချင်းဆိုကြလော့"။ (ဧဖက် ၅း၁၉)။ "ခရစ်တော်၏နှုတ်ကပတ်တရားသည် ပညာအမျိုးမျိုးနှင့် သင်တို့အထဲ၌ ကြွယ်ဝစွာတည်နေ၍ သင်တို့သည် ဆာလံသီချင်းမှစသော ဓမ္မသီချင်းအမျိုးမျိုးအားဖြင့် အချင်းချင်းတို့ကို ဆုံးမသွန်သင်ခြင်း၊ သတိပေးခြင်းကိုပြု၍ နူးညွတ်သောစိတ်နှလုံးနှင့် ဘုရားသခင်ရှေ့တော်၌ တင့်တယ်လျောက်ပတ်စွာ သီချင်းဆိုကြလော့"။ (ကောလောသဲ ၃း၁၆)။

(၄) ခုနစ်ရက်တွင် ပထမနေ့၌ ခရစ်ယာန်များစုဝေးကာ ခရစ်တော်ကို အောက်မေ့သတိရရန် မုန့်ချိုးဖွဲ့ရမည်။ ခရစ်တော် ခန္ဓာကိုယ်ကို အောက်မေ့ဖို့ရန် မုန့်နှင့် အသွေးတော်ကိုအောက်မေ့ဖို့ရန် စပျစ်ရည်တို့ကို စားသောက်မှု၌ပါဝင်ရမည်။ ခရစ်တော်ကိုယ်တိုင် သွန်သင်သောအချက်ကို ကျေးဇူးပြု၍နားထောင်ပါ။ 'ယေရှုသည်မုန့်ကို ယူ၍ ကျေးဇူးတော်ကို ချီးမွမ်းပြီးမှ မုန့်ကိုဖွဲ့၍ ဤမုန့်ကား ငါ၏ကိုယ်ဖြစ်၏ယူ၍ စားကြလော့ဟု မိန့်တော်မူလျက် တပည့်တော်တို့အား ပေးတော်မူ၏။ ခွက်ကိုလည်းယူ၍ ကျေးဇူးတော်ကို ချီးမွမ်းပြီးမှ သူတို့အားပေးတော်မူ၍ သင်တို့ရှိသမျှသည် သောက်ကြလော့၊ ဤခွက်ကား ပဋိညာဉ်တရား

သစ်နှင့်ဆိုင်၍ လူများတို့၏ အပြစ်ကိုလွှတ်စေခြင်းငှာ သွန်းသောငါ၏ အသွေးဖြစ်၏' (မဿဲ ၂၆း၂၆-၂၈) ရှင်ပေါလုကလည်း ၁ကော ၁၁ တွင် ဤအချက်ကို ထပ်မံသွန်သင်ထားပါသည်။ ဤအမှုကို ခုနစ်ရက်တွင် ပထမနေ့၌ ခရစ်ယာန်များ ပြုလုပ်ခဲ့ခြင်းကို တမန် ၂၀း၇ တွင် ဥပမာအဖြစ်ဖြင့် တွေ့ရ၏။

(၅) ပေးကမ်းလှူဒါန်းစုဆောင်းခြင်းအမှုကိုလည်း ခုနစ်ရက်တွင် ပထမနေ့၌ ပြုလုပ်ရမည့် မိန့်မှာချက်များကို တွေ့ရသည်။ 'သန့်ရှင်းသောသူတို့အဖို့ လှူဒါန်း၍ စုထားခြင်းအမှုမှာ .... ခုနစ်ရက်တွင် ပထမနေ့၌ အသီးသီးကောင်းစားသည့်အတိုင်း မိမိဥစ္စာတဘို့ထုတ်၍ စုထားကြလော့' (၁ကော ၁၆း၁-၂)။ 'နှမြောသောစိတ်နှင့် မလှူရ၊ မလှူဘဲမနေရဟု စိတ်ထင်နှင့် မလှူရ၊ အကြောင်းမူကား စေတနာစိတ်နှင့် လှူသောသူကိုသာ ဘုရားသခင်နှစ်သက်တော်မူ၏'။ (၂ကော ၉း၇)

ဤနည်းအားဖြင့် ဘုရားသခင်ကို ဝတ်ပြုရမည်ဖြစ်သည်။ ဤအချက်များထက်များသွားပါက များလွန်းလှပါသည်။ ဤအချက်များထက် လျော့နေပါက နည်းလွန်းလှပါသည်။ ထို့ကြောင့် ဘုရားသခင်သည် ဝတ်ပြုခြင်းနှင့်ပတ်သက်၍ ဤသို့ပြောဆိုထားပါပြီ။ လူသည်လိုက်လျှောက်ရန် ဖြစ်သည်။

ဘုရားသခင်၏နည်းလမ်းမှာ ရှင်းလင်းလွယ်ကူလှပါသည်။ ဆင်းရဲချမ်းသာမရွေး၊ ပညာရှိ၊ ပညာမဲ့၊ မည်သည့်အခြေပဲရှိရှိ အားလုံးဝတ်ပြုနိုင်ကြပါသည်။ သို့သော်လည်း တချို့သောသူတို့သည် ရှင်းလင်းလှသော ဘုရားသခင်၏ ဝတ်ပြုခြင်းအစီစဉ်တွင် အများအယွင်းမဟုတ်ဟု

ထင်မှတ်၍ အစားထိုးခြင်း၊ ချန်လှပ်ထားခြင်းများကို အဆင်ပြေမည်ဟု ထင်မှတ်ကြသည့်အတိုင်း မွမ်းမံပြုပြင်ဆင်လုပ်ဆောင်ကြကုန်၏။ ဥပမာ– တစ်ဦးချင်းဦးညွှတ်ခြင်း၊ သံနေတေးဖြင့် အထပ်ထပ်မြွက်ဆိုခြင်း၊ ဖယောင်းတိုင်ထွန်းညှိခြင်း၊ ချီတက်ခြင်းစသည်ဖြင့်ဖြစ်ကြ၏။ ဤအရာများသည် လူတွေတီထွင်ထားသော အရာများသာဖြစ်၍ ဘုရားနှင့်မဆိုင်ကြောင်း သိမှတ်ကြရန် လိုပါသည်။

အကယ်၍သာ အားလုံးသောသူတို့သည် ဘုရားသခင်ကို ဝတ်ပြုကြမည်ဆိုလျှင် နည်းတစ်နည်းသာဖြစ်၍ ထိုနည်းမှာ သမ္မာကျမ်းစာသွန်သင်သောနည်းပင်ဖြစ်ပါသည်။

## မေးခွန်းများ

၁။ ဝတ်ပြုခြင်းနှင့် ပတ်သက်၍ လူတို့သည် မည်သို့ပြောဆိုနေကြသနည်း။

၂။ ကျွန်ုပ်တို့၏ ဝတ်ပြုခြင်းသည် မည်သူ့အား ရည်စူးပါသနည်း။

၃။ ကျွန်ုပ်တို့သည် ဘုရားသခင်အား .............. နှင့်လည်းကောင်း ............. နှင့် လည်းကောင်း ကိုးကွယ်ရမည်။

၄။ နာမ်ဝိညာဉ်နှင့်ဟူသည် အဘယ်နည်း။

၅။ သစ္စာနှင့်ဟူသည် အဘယ်နည်း။

၆။ ဝတ်ပြုကိုးကွယ်ရာ၌ ကျွန်ုပ်တို့လုပ်ဆောင်ချက်ကို နားမလည်လျှင် ဘုရားသခင်လက်ခံဖွယ်သော ဝတ်ပြုခြင်းဖြစ်မည်လား။

၇။ ဘုရားသခင်ချထားပေးသော ပုံစံအတိုင်း ဝတ်ပြုခြင်းမပြုလျှင် ထိုဝတ်ပြုခြင်းသည် လက်ခံဖွယ်ရာ ဝတ်ပြုခြင်းဖြစ်ပါမည်လား။

၈။ ဝတ်ပြုခြင်း၌ပါဝင်သော လုပ်ဆောင်ချက်မည်မျှပါဝင်သနည်း။
၉။ လုပ်ဆောင်ချက်ငါးချက်ကို ဖော်ပြပါ။
၁၀။ အဘယ်ကြောင့် ကျွန်ုပ်တို့လေ့လာအပ်သနည်း။
၁၁။ ကျွန်ုပ်တို့၏ဆုတောင်းချက်သည် မည်သူ့ကိုရည်စူးဦးတည်သနည်း။
၁၂။ သီချင်းဆိုရာ၌ ကျွန်ုပ်တို့သည် ............................. ချီးမွမ်း၍ ...................... တို့ကို ဆုံးမသွန်သင်ခြင်း၊ သတိပေးခြင်းကိုပြုသည်။
၁၃။ မုန့်ချိုးဖဲ့ခြင်း၌ ပါဝင်မှုသည် ခရစ်တော်၏ ...................... ကို အောက်မေ့သတိရသည်။
၁၄။ စပျစ်ရည်သောက်မှု၌ ခရစ်တော်၏ ...................... ကို အောက်မေ့သတိရသည်။
၁၅။ ......................သောသူကို ဘုရားသခင်နှစ်သက်တော်မူ၏။
၁၆။ လူတိုင်းသည် ကိုယ့်အစီစဉ်နှင့်ကိုယ်ဘုရားအားဝတ်ပြုနိုင်၏။ (မှားသည်၊ မှန်သည်)
၁၇။ လူအားလုံးသည် ဘုရားကို ...................... ဆိုလျှင် .................. သာဖြစ်၍ ထိုနည်းမှာ ...................... နည်းပင်ဖြစ်သည်။

*　*　*

# အခန်း - ၁၈
## သမ္မာကျမ်းစာလေ့လာခြင်း

သမ္မာကျမ်းစာလေ့လာခြင်းအတွက် သွန်သင်ပြသပေးရန် မလိုအပ်ဟု ထင်မှတ်ရသော်လည်း အချက်အလက်များကို အသေးစိတ်သတိပြုမိစေရန် လိုအပ်လှကြောင်း တွေ့ရပေမည်။

တနင်္ဂနွေနေ့ ဝတ်ပြုရာအချိန်၌ဖြစ်စေ၊ နေအိမ်၌ ကျမ်းစာလေ့လာမှုတွင်ဖြစ်စေ၊ ဖတ်ရှုလေ့လာမှုမရှိလျှင် အဘယ်သို့ အဓိပ္ပာယ်ရမည်နည်း။ ဆိုလိုသည်မှာ လက်စွဲစာအုပ်များ၊ ဘာသာရေးအယူဝါဒအယူအဆများ၊ လူတို့၏သွန်သင်ချက်များ၊ လူလုပ်စည်းကမ်းဥပဒေများကိုကိုင်တွယ်ခြင်းအား ချန်လှပ်ထားခြင်းပင်ဖြစ်သည်။ လူသည် ကျမ်းစာကို သိရန်လိုပါသည်။ ယင်းအားလေ့လာခြင်းဖြင့် ဘာသာရေးအယူအဆသွန်သင်ချက်များနှင့် ဘုရားသခင်အလိုတော်သည် ကွာခြားလျှက်ရှိသည်ကို တွေ့နိုင်ဖေမည်။

ဝတ်ပြုစည်းဝေးတိုင်းတွင် ကျမ်းစာလေ့လာမှုသည် အရေးကြီးသော အပိုင်းတစ်ခုဖြစ်သည်ကို မမေ့အပ်ပါ။ ကျမ်းစာလေ့လာမှုသည် လေ့လာသူအား ဘုရားနှင့်နီးစေပါသည်။ လေ့လာသူအား ဘုရားအကြောင်းသိစေပါသည်။ တစ်လောကလုံး၏အပြစ်အတွက် ခရစ်တော်သည် မိမိကိုယ်ကို ပေးအပ်လိုကြောင်း သိရစေပါသည်။ အသင်းတော်တည်ပုံကိုလည်း သိမြင်ရပါသည်။ လေ့လာသူ၏အသက်တာကို ဘုရားသခင်၏အလိုတော်သည် မည်သို့စိုးမိုးနေကြောင်းကိုလည်း သိစေပါသည်။ သမ္မာကျမ်းလေ့လာမှုသည် လေ့လာသူအား ပိုမိုကောင်းမွန်သော ခရစ်

ယာန် အသက်တာကို ပေါ်လွင်စေပြီး တခြားသောသူများအား ဝေငှ သွန်သင်နိုင်သော သဘောကိုသွန်သင်ပါသည်။

သမ္မာကျမ်းစာကို နေ့စဉ်မပြတ်လေ့လာရန် လိုပါသည်။ နှုတ်ကပတ်တော်အပေါ် နေ့စဉ်မှီဝဲမှုမရှိလျှင် ဝိညာဉ်ရေးသေဆုံးမှုအထိ ဆုံးရှုံးမှုရောက်နိုင်ပါသည်။ ယုံကြည်သူတစ်ယောက်သည် ဘုရားသခင်နေ့ ၌ရရှိသော ဝိညာဉ်စာကို လုံလောက်သည်ဟု မထင်အပ်ပါ။ နေ့စဉ်မှီဝဲရန် လိုပါသည်။ ဘုရားသခင်နှုတ်ကပတ်တော်ကို ဖတ်ခြင်းဖြင့် ဘုရားသခင်စကားပြောဆိုခြင်းကို ခံရပေသည်။ ဤသို့ဖြင့် ဘုရားသခင်အလိုတော်ကိုသိပြီး ထာဝရအသက်အတွက် ပြင်ဆင်မှုပြုနိုင်ပေမည်။ လူတိုင်းအတွက် အရေးကြီးသောအချက်ပင်ဖြစ်ပါသည်။

"သင်မူကား ဝန်ခံသောသူ၊ ရှက်ကြောက်စရာအကြောင်းမရှိဘဲ၊ သမ္မာတရားကို မှန်ကန်စွာ ပိုင်းခြားတတ်သော ဆရာသမားဖြစ်လျက် ဘုရားသခင်ရှေ့၌ ကိုယ့်ကိုယ်ကိုယ်ဆက်သခြင်းငှာ ကြိုးစားအားထုတ်လော့' (၂တိ ၂:၁၅)ဟု ပေါလု၏ တစ်ဦးချင်းသတိပေးနှိုးဆော်ချက်ကို သတိပြုကြပါစို့ (၁)- 'သင်မူကား' ကိုယ့်ကိုကိုယ် လျစ်လျူရှုမိသည်အထိ လူများတကာအတွက် စိုးရိမ်ပူပန်မှု ပြုမိတတ်ကြောင်း သတိပေးခြင်းဖြစ်သည်။ (၂)- 'ဝန်ခံသောသူ' ဘုရားသခင်ကို သိရှိမှုမရှိလျှင် မည်သို့ဝန်ခံမည်နည်း။ ဘုရားသခင်ကို ကောင်းမွန်စွာသိရန် အလိုတော်ကို လေ့လာခြင်းအမှုအတွက် တိုက်တွန်းခြင်းတစ်ရပ်ဖြစ်သည်။ (၃)-'ရှက်ကြောက်စရာအကြောင်းမရှိ' သမ္မာတရားကို သိခြင်းဖြင့် ဘုရားသခင်၊ ခရစ်တော်၊ ဧဝံဂေလိတရား၊ အသင်းတော်၊ ခရစ်ယာန်အသက်တာ စသည် ဘုရားအလိုတော်ကို သဲသဲကွဲကွဲသိရှိနိုင်မည်။ သိရှိနားလည်းမှုသည် ရှက်ကြောက်

ခြင်းအမှုကို ပယ်ဖျက်၏။ ထို့ကြောင့် လေ့လာမှုသည် အရေးကြီးပါ၏။ (၄) – 'သမ္မာတရားကိုမှန်ကန်စွာပိုင်းခြားတတ်' ယနေ့အဘယ်ကြောင့် ဆယ်ဘို့တစ်ဘို့၊ ပညတ်တော်ဆယ်ပါး၊ ဥပုသ်နေ့အမှုစသော မောရှေ ပညတ် များကို ချီနှောင်နေကြသနည်း။ မှန်ကန်စွာ ပိုင်းခြားတတ်ရန် လေ့လာမှုသည် အရေးကြီးပါသည်။ (၅)–'ဆရာသမားဖြစ်လျက်' .... ယုံကြည်သူတိုင်းသည် သမ္မာတရားဝေငှရန်တာဝန်ရှိ၏။ သမ္မာတရားကို မသိဘဲ မည်သို့လုပ်ဆောင်နိုင်မည်နည်း။ သမ္မာတရားကို ပိုမိုသိကျွမ်း ခြင်းသည် ဘုရားသခင်အတွက် ပိုမိုလုပ်ဆောင်ပေးနိုင်မည့် ဆရာသမား ဖြစ်ပေမည်။ လေ့လာမှုအရေးကြီး၏။ (၆)–'ကိုယ်ကိုယ်ကိုယ်ဆက်သခြင်း' .... လူများတကာအတွက် ပို၍ ဂရုစိုက်အားကြီးလွန်သော် ကိုယ့်ကိုယ်ကိုယ် လျစ်လျူရှုသည့်အပိုင်း ရောက်သွားပေမည်။ ထိုအခါ ဘုရားရှေ့၌ ကိုယ့် ကိုယ်ကိုယ်ဆက်သမှုသည် အားနည်းရုံသာမက ဂရုစိုက်စိုးရိမ်ခံရသောသူ အတွက် လုပ်ဆောင်ပေးမှုသည် မထိရောက်တော့ပေ၊ ထို့ကြောင့် ကိုယ့် ကိုယ်ကိုယ် ဆက်သတတ်ဖို့ရန် ပထမအရေးကြီးပါသည်။ (၇)–'ကြိုး စားအားထုတ်ကြလော့' .... ဤအမှုများ ပီပြင်ဖို့ သမ္မာကျမ်းစာကို မလေ့လာဘဲနှင့် မည်သို့မျှမကြိုးစားနိုင်ပါ။ ဤကြိုးစားအားထုတ်မှုသည် လေ့လာမှုပင်ဖြစ်ပါသည်။ ဤကျမ်းချက်ကို မူလဘာသာအားဖြင့် 'လေ့ လာပါ' (study)ဟူသော ဝေါဟာရဖြင့် အစချီထားပါသည်။ ရှင်ပေါလု သည် သမ္မာကျမ်းစာကို လေ့လာရန် ကျမ်းချက်မြောက်များစွာနှင့် သတိပေးထားပါသည်။ ထိုသို့သတိမမူမိလျှင် အရေးကြီးသော အချက် များအတွက် လျစ်လျူရှုမှု နည်းသွားပေလိမ့်မည်။

မည်သည့်နေရာ၌ပင်ဖြစ်စေ သမ္မာကျမ်းလေ့လာမှု၌ ပိုမိုအကျိုး

အမြတ်ရနိုင်ရန် လေ့လာမှုစည်းမျဉ်းများကို သတိပြုကြပါဦးစို့။

(၁) မည်သူပြောဆိုနေပါသနည်း။ မောရှေပင်လော၊ ခရစ်တော်လော၊ ပေါလုလော၊ မည်သူနည်း။ ဤမေးခွန်းကို ကျမ်းချက်ဖတ်တိုင်းမေးလျှင် နားလည်နိုင်မှုကို ပို၍ရရှိမည်။

(၂) မည်သည့်အချိန်၌ ပြောသနည်း။ မောရှေပညတ်တော် (ပဋိညာဉ်ဟောင်း) လက်ထက်၌ဖြစ်ပါသလား၊ ခရစ်တော်ပညတ်သည် (ပဋိညာဉ်သစ်)လက်ထက်၌လား၊ ကျမ်းချက်ကို ကောင်းစွာသိရှိနိုင်ရန် အချိန်အခါနှင့် ပဋိညာဉ်များကို မှန်ကန်စွာပိုင်းခြားတတ်ရပါမည်။

(၃) မည်သူ့အား ပြောကြားနေသနည်း။ ပြောကြားသူ၏ ခေတ်အချိန်၌ တစ်ဦးတစ်ယောက်ကို ပြောနေပါသလား၊ သို့မဟုတ် ယနေ့ကျွန်ုပ်တို့အား ပြောနေပါသလား။

(၄) စနစ်တကျလေ့လာပါ။ သမ္မာကျမ်းစာကို ကြိုက်သလိုဖွင့်မှတ်ပြီး ကျရာနေရာ၌ လျှောက်ဖတ်သောပုံစံမပြုလုပ်ပါနှင့်၊ တစ်အုပ်ပြီးတစ်အုပ်၊ သို့မဟုတ်အကြောင်းအရာတစ်ခုပြီးတစ်ခုလေ့လာပါ။

(၅) ဝေါဟာရအတိုင်း အတည်ပြောဆိုခြင်းလော၊ သို့မဟုတ် ခိုင်းနှိုင်းတင်စားပြောဆိုခြင်းပင်ဖြစ်ပါသလား။ သမ္မာကျမ်းအသုံးအနှုန်းကို သတိပြုပြီး ခိုင်းနှိုင်းတင်စားမှုကို အတည်မယူအပ်(သို့မဟုတ်)အတည်ဝေါဟာရကို ခိုင်းနှိုင်းတင်စားမှုအဖြစ်မယူရ၊ အချို့သောသူများသည် အသုံးအနှုန်းတိုင်းကို ခိုင်းနှိုင်းတင်စားမှုအဖြစ် ယူတတ်ကြ၏။ အချို့မှာမူ ခိုင်းနှိုင်းတင်စားသော အသုံးအနှုန်းတိုင်းကို အတည်ယူတတ်ကြသည်။ နီးစပ်ရာကျမ်းချက်များနှင့် အမြဲစမ်းစစ်ကာ မည်သို့ဖြစ်သည်ကို သေချာစွာသတိပြုအပ်သည်။

*(၆)* အသိဉာဏ်တရားကို အသုံးပြုပါ။ သွန်သင်ချက်များသည် မိန့်မှာချက်များ၊ ဥပမာများ၊ လိုအပ်သောတင်ပြမှုများဖြင့် လာတတ်၏။ သွန်သင်ချက်ရှိလျက်နှင့် သွန်သင်ခြင်းမရှိဟု လွယ်လင့်တကူ အဆင်ပြေစွာ ဆုံးဖြတ်ချက်မချနှင့်၊ ကိုယ်လိုရာသို့ တစ်ချက်နှင့်တစ်ချက်ကို ဆွဲထုတ်သွားခြင်းမပြုပါနှင့်၊ ကျမ်းချက်တိုင်းသည် တစ်ခုကိုတစ်ခု ဆန့်ကျင်ခြင်းမရှိ အမြဲတစေလျော်ညီစွာ ဆက်စပ်လျက်သာရှိပါ၏။

*(၇)* ရှေ့နောက်လိုက် ကျမ်းချက် အစီအစဉ်တစ်ခုလုံးဖတ်ပါ။ ပတ်ဝန်းကျင်အစီအစဉ်ပါ ကျမ်းချက်များကို လျစ်လျူရှုပြီး လိုသော ကျမ်းချက်တစ်ချက်တည်းကို ဆွဲထုတ်၍ လိုရာအကြောင်းတစ်ခုကို သက်သေမထူနှင့်။ ပေးထားသော ဝေါဟာရနှင့် ဆိုင်သော ကျမ်းချက်တိုင်းကို လေ့လာပြီးမှသာ ဆိုလိုချက်ကို ရယူပါ။

မှန်ပါသည်၊ ကျမ်းစာအကြောင်း လေ့လာရန်နှင့် မည်သို့လေ့လာရမည်ဟု ဆိုရာ၌ များစွာသော နက်နဲမှုကိုတွေ့ရပါသည်။ မည်သူပင်ဖြစ်စေ မည်မျှလောက်ပင် လေ့လာပြီးသူဖြစ်စေ သမ္မာကျမ်းကို အမြဲလေ့လာရန်လိုပါသည်။ သမ္မာကျမ်းကို ပိုမိုသိရှိလာနိုင်သည်နှင့်အမျှ ကျွန်ုပ်တို့၏ နေ့စဉ်အသက်တာတွင် သွန်သင်ချက်များကို ပိုမိုကောင်းမွန်စွာ အသုံးချ အသက်ရှင်သွားနိုင်မည်ဖြစ်ပါသည်။

## မေးခွန်းများ

၁။ သမ္မာကျမ်းစာလေ့လာရန်အတွက် လက်ကိုင်စာအုပ်များကား အဘယ်နည်း။

၂။ လူအများတို့သည် မည်သည့်အရာဖြင့် အစားထိုးဖလှယ်ကြသနည်း။
၃။ လူတွေ၏သွန်သင်ချက်နှင့် ပတ်သက်၍ သမ္မာကျမ်းလေ့လာမှုသည် မည်သည့်ကို ပေါ်လွင်စေသနည်း။
၄။ သမ္မာကျမ်းလေ့လာမှုသည် ဝတ်ပြုခြင်း၏ အစိတ်အပိုင်းဖြစ်ပါသလား။
၅။ ကျွန်ုပ်တို့၏ နေ့စဉ်အသက်ရှင်မှု အစိတ်အပိုင်းကော ဖြစ်သလား။
၆။ ကျမ်းစာလေ့လာမှုဖြင့် လေ့လာမိနိုင်သော အချို့အချက်များကား အဘယ်နည်း။
၇။ ဘုရားသခင်နှုတ်ကပတ်တော်ကို တနင်္ဂနွေတစ်ရက်သာ လေ့လာလျှင် လုံလောက်ပါမည်လား။
၈။ ကျွန်ုပ်တို့အား ရေးသားထားသော ...............ဖြင့် ဘုရားသခင်သည် စကားပြောနေ၏
၉။ ၂တိမောသေ ၂း၁၅ တွင် အဘယ်အရာကို မိန့်မှာထားသနည်း။
၁၀။ ဤကျမ်းချက်သည် မည်သူကို အကျုံးဝင်ပါသနည်း။
၁၁။ ယုံကြည်သူတစ်ဦးစီသည် သမ္မာကျမ်းလေ့လာခြင်းဖြင့် .................. အကြောင်းမရှိဘဲ သမ္မာကျမ်းကို ..................... တတ်သော ဆရာသမားဖြစ်လျက် ဘုရားသခင်ရှေ့၌ ...................၄ာ ကြိုးစားအားထုတ်ရမည်။
၁၂။ ယနေ့ရှုပ်ထွေးမှု များပြားခြင်းမှာ သမ္မာတရားကို မှန်ကန်စွာပိုင်းခြားတတ်ခြင်းမရှိသောကြောင့်ဖြစ်သည်။ (မှားသည်၊ မှန်သည်)

၁၃။ ကျမ်းစာလေ့လာမှုအတွက် အခြေခံစည်းမျဉ်း ခုနှစ်ခုကား အဘယ်နည်း။

၁၄။ ပွင့်ရာနေရာမှ ကျမ်းစာကို ကောက်ဖတ်ခြင်းဖြင့် ကျမ်းစာကို လေ့လာနိုင်မှုပြုနိုင်ပါသလား။

၁၅။ ကျမ်းစာသွန်သင်ချက်များသည် မည်သည့်ပုံစံသုံးရပ်အားဖြင့် လာတတ်ပါသနည်း။

၁၆။ ကျမ်းချက်များသည် တစ်ခုနှင့်တစ်ခု ................ မရှိ၊ အမြဲတစေ ................................ လျက်သာရှိ၏။

၁၇။ သမ္မာကျမ်းစာကို သိရှိခြင်းအားဖြင့် ကျွန်ုပ်တို့၏ ............ တွင် ................................ ပိုမိုကောင်းမွန်စွာ အသုံးချ အသက်ရှင်သွားနိုင်မည်။

*　　*　　*

# အခန်း - ၁၉
# ဆုတောင်းခြင်း

ဆုတောင်းခြင်းသည် အရေးပါသော ကဏ္ဍတစ်ရပ်ဖြစ်၏။ သို့ဖြစ်ရခြင်းမှာ ဆုတောင်းခြင်းသည် ဝတ်ပြုခြင်း၏ တစ်စိတ်တစ်ဒေသ ဖြစ်၍ ခရစ်ယာန်အသက်တာ၏ မျက်နှာစာတစ်ခုဖြစ်ခြင်းကြောင့်ဖြစ်၏။ ဆုတောင်းခြင်းကို ခရစ်ယာန်အသက်တာမှ ဖယ်ထုတ်၍မရ၊ ခရစ်တော်က ရှင်လုကာ ၁၈း၈ ၌ 'လူတို့သည် အားမလျှော့ဘဲ ကြိုးစား၍ ဆုတောင်းရမည့်အကြောင်းကို ....' ဟူ၍လည်းကောင်း၊ ရှင်ပေါလုက (၁သက် ၅း၁၇) ၌ 'မခြားမလပ်ဆုတောင်းပဌနာပြုကြလော့' ဟူ၍လည်းကောင်း၊ သွန်သင်ထားပါသည်။ ကျမ်းချက်နှစ်ခုလုံး၌ ခရစ်တော်နှင့် ရှင်ပေါလုက လူတို့သည် အခွင့်ရတိုင်းဆုတောင်းရန် ဖော်ပြထားပါသည်။ မည်သို့ဆုတောင်းရမည်နည်း။ အများထင်မြင်သကဲ့သို့ တခမ်းတနားဖြင့်သာ ဝတ်ပြုဆုတောင်းရမည်လော၊ မဟုတ်ပါ၊ လူတိုင်းသီးသန့်သော်လည်းကောင်း၊ အများနှင့်သော်လည်းကောင်း၊ ဆုတောင်းခြင်းဝတ်ကို ပြုနိုင်ပါသည်။ နှုတ်မှအသံထွက်၍လည်းကောင်း၊ တိတ်ဆိတ်စွာအာရုံပြု၍လည်းကောင်း၊ ဝတ်ပြုဆုတောင်းနိုင်ပါသည်။ မည်သည့်နေရာမည်သည့်အချိန်၌မဆို ဆုမွန်တောင်းခံနိုင်ပါသည်။ ဤသည်ကို သမ္မာကျမ်းစာက သွန်သင်ထားပါသည်။

ဆုတောင်းရာ၌ ဘုရားသခင်၏အလိုတော်အတိုင်း ဆုတောင်းရပေမည်။ ရှင်ယောဟန်က "ငါတို့သည် ဘုရားသခင်အထံတော်၌ ရဲရင့်ခြင်းအကြောင်းဟူမူကား ငါတို့သည် အလိုတော်နှင့်အညီ တစ်စုံတစ်ခ

သောဆုကို တောင်းလျှင် ဘုရားသခင်သည် နားထောင်တော်မူသည်"။ (၁ယော ၅း၁၄)ဟုဆိုထားသည်။ အချို့သောသူများက မိမိတို့ဆုတောင်းခြင်းများကို ဘုရားရှင်အဘယ်ကြောင့် အဖြေမပေးသနည်းဟု နားမလည်နိုင်ဖြစ်ကြရသည်။ ဤကျမ်းပိုဒ်က အဖြေပေးနေပါသည်။ ဘုရားသခင်အနေနှင့် ကြားနာရန်နှင့် အဖြေပေးရန်မှာ အလိုတော်နှင့်အညီ တောင်းခံမှသာရမည်ဖြစ်ပါသည်။ ကျွန်ုပ်တို့ဆုတောင်းသမျှမှာ အလိုတော်နှင့်ညီသည်ဟု ခဏခဏထင်ကောင်းထင်ပါလိမ့်မည်။ သို့သော်လည်း အလိုတော်နှင့်မညီ၍သာ အဖြေမရခြင်းဖြစ်ကြောင်း သတိပြုရမည်။ ကျွန်ုပ်တို့နှင့် မသင့်တော်သော အရာတစ်ခုခုကို တောင်းမိ၍သော်လည်းကောင်း၊ နှုတ်ကပတ်တော်မှ သွေဖီ၍ တောင်းမိလျှင်သော်လည်းကောင်း အဖြေမရခြင်းဖြစ်ပေမည်။

အချို့က ဘုရားရှင်သည် ဆုတောင်းသမျှကို အဖြေပေးသည်ဟုဆိုကြ၏။ အချို့ဆုတောင်းခြင်းများကို ပြည့်စုံစေလျက်၊ အချို့ကို ငြင်းပယ်တော်မူ၏။ မှန်ပါသည် ဘုရားရှင်သည် ဆုတောင်းသံတိုင်းကို အဖြေပေးတော်မူပါသည်။ သို့သော် အဖြေမပေးမီ ကျွန်ုပ်တို့တောင်းခံခြင်းသည် သူ၏အလိုတော်နှင့် ညီညွတ်မှုရှိ၊ မရှိ စမ်းစစ်တော်မူသည်။ မည်သို့ဆုတောင်းရမည်ကို မသိသောကြောင့် ဆုတောင်းခြင်းများသည် အားနည်းပြီး ကနဦးပိုင်းမှစ၍ မှားယွင်းသွေဖီမှုများရှိတတ်သည်။ ဤအချက်ကြောင့် ကျွန်ုပ်တို့မည်သို့ဆုတောင်းရမည်ကို ကျမ်းစာ၌ လေ့လာရန်လိုသည်။

ကိုယ်တော်က လူမြင်ကောင်းရန်၊ လူအသိအမှတ်ပြုခြင်း ခံနိုင်ရန် ဆုတောင်းခြင်းများကို အပြစ်တင်တော်မူ၏။ ဆုတောင်းရှည်ကြီး

များတောင်းခံခြင်း၊ ထပ်တလဲလဲရွတ်ဆိုခြင်းမျိုးကို အပြစ်တင်တော်မူ၏။ ခရစ်တော်က စိတ်နှလုံးထဲမှ လှိုက်လှဲစွာဆုတောင်းရန်အလိုရှိသည်။ ကောင်းချီးမင်္ဂလာများကိုသာ တောင်းခံခြင်းမဟုတ်ဘဲ၊ ခံစားရသမျှသော ဆုကျေးဇူးတို့အတွက် ကျေးဇူးတော်ချီးမွမ်းရန် အလိုရှိတော်မူ၏။ (ရှင်မဿဲ ၆)

သို့ဖြစ်လျှင် အပြစ်သားအတွက်မူ မည်သို့ရှိပါသနည်း။ ဘုရားရှင်သည် အပြစ်သား၏ ဆုတောင်းသံကို နာခံတော်မူပါသလား၊ အပြစ်သားသည် ဆုတောင်းခြင်းဖြင့် ကယ်တင်ခြင်းရမည်လား။ အကောင်းဆုံးသောအဖြေမှာ ရှင်ယောဟန် ၉း၃၁ တွင် တွေ့ရပါသည်။ "ဘုရားသခင်သည် လူဆိုးတို့စကားတို့ နားထောင်တော်မမူသည်ကို ငါတို့သိကြ၏။ ဘုရားသခင်ကို ရိုသေလေးမြတ်၍ အလိုတော်သို့လိုက်သောသူဖြစ်လျှင် ထိုသူ၏စကားကို နားထောင်တော်မူ၏" ဘုရားသခင်သည် အပြစ်သား (ဆိုးသောသူ)တို့၏ စကားကို နားထောင်၍ အဖြေပေးတော်မူမည်မဟုတ်ကြောင်း၊ ကယ်တင်လိမ့်မည်မဟုတ်ကြောင်း သိရပါသည်။ အပြစ်သားသည် ခရစ်ယာန်ဖြစ်လိုပါက ဧဝံဂေလိတရားကို နာခံရမည်၊ လိုက် လျှောက်ရမည်။ သို့မှသာ ဘုရားရှင်၏ သားကဲ့သို့ ဆုတောင်းခံနိုင်မည်။ အခြေခံအချက်နှစ်ချက်ကို လိုက်လျှောက်ရမည် ဖြစ်ကြောင်း အထူးသတိ ပြုအပ်သည်။ (၁)သူသည်ဘုရားရှင်ကို စိတ်နှလုံးအကြွင်းမဲ့ ကိုးကွယ်သူ ဖြစ်ရမည်။ (၂)ဘုရားရှင်အလိုတော်ကို လိုက်နာကျင့်သုံးသူဖြစ်ရမည်။

အခြားအရေးကြီးသော ဆုတောင်းခြင်း အကြောင်းတစ်ခုမှာ ဘုရားရှင်ကို သစ္စာခံပြီးမှ ဖောက်ပြန်သွားသော ခရစ်ယာန်တစ်ဦးအနေ

နှင့် အပြစ်များကို ဝန်ချတောင်းပန်ပြီး ဝိညာဉ်ရေးရာအရ၊ ဘုရားရှင်ကို ကုသပေးပါရန် တောင်းခံခြင်းဖြစ်သည်။ "အချင်းချင်းတစ်ယောက်နှင့်တစ်ယောက်၊ ကိုယ့်အပြစ်ကို ဖော်ပြတောင်းပန်ကြလော့ ချမ်းသာရမည့်အကြောင်း၊ အချင်းချင်းတို့အဖို့ ဆုတောင်းကြလော့၊ သူတော်ကောင်းဆုတောင်း၍ အရှိန်ကြီးသော ပဌာနာသည် အလွန်တန်ခိုးပါ၏" (ယာကုပ် ၅း၁၆)ဟူ၍ ရှင်ယာကုပ်ကဆိုပါသည်။

ကျွန်ုပ်တို့ဆုတောင်းသောအခါ သတိရအပ်သည်မှာ -

(၁)ရောဂါဝေဒနာခံစားရ၍ ဒုက္ခရောက်နေသူများအတွက်

(၂)အမိနိုင်ငံခေါင်းဆောင်ကြီးများနှင့် အခြားကမ္ဘာ့ခေါင်းဆောင်များအတွက်၊

(၃)ဘုရားသခင်ကျွန်ုပ်တို့အပေါ် ချပေးခဲ့သော ကျေးဇူးတော်အလုံးစုံအတွက်၊

(၄)နေရာအနှံ့ရှိ ဘုရားသခင်၏ သားသမီးများအတွက်

(၅)အသက်တာ၏လိုအပ်ချက်များအတွက်

(၆)ကျွန်ုပ်တို့ကျူးလွန်မိသော အပြစ်များလွှတ်ရန် ဝန်ချတောင်းပန်မှု၊

(၇)ဆက်လက်၍ ခွန်အားသတ္တိနှင့်ပြည့်စုံစွာ အသက်ရှင်နိုင်ရေးအတွက်

(၈)ခရစ်တော်၏နာမ၌သာ ဆုတောင်းအသနားခံခြင်း ပြုရမည်။

ဘုရားရှင်အား ဆုတောင်းခြင်းဖြင့် ဝတ်ပြုကိုးကွယ်၍ ဘုရားရှင်၏အမှုတော်ကိုလည်း ဆုတောင်းခြင်းဖြင့် ထမ်းဆောင်ရမည်။ ဆုတောင်းခြင်းသည် အကောင်းဆုံးသောလက်နက်ဖြစ်ပါသည်။ တောင်မြင့်များသဖွယ် ကာရံလျက်ရှိသော ပြဿနာများကို ဖြေရှင်းနိုင်ကြောင်းတွေ့နိုင်သည်။ သင့်အသက်တာတွင်လည်း ထူးခြားချက်များကို တွေ့

လာရပေမည်။ ဘုရားသခင်သည် ကျွန်ုပ်တို့အား နှုတ်ကပတ်တော်အားဖြင့်သာ စကားပြောလျက်ရှိပြီး။ ကျွန်ုပ်တို့လည်း ဘုရားရှင်အား ဆုတောင်းခြင်းဖြင့်သာ စကားပြောနိုင်ကြောင်းကို သတိပြုပါ။ ဤသည်မှာ ထူးခြားသော အခွင့်အရေးကြီးတစ်ရပ်ဖြစ်ပါ၍ ကျွန်ုပ်တို့အမြဲအသုံးပြုရန်လိုအပ်သည်။

## မေးခွန်းများ

၁။ ဆုတောင်းခြင်းသည် အဘယ်ကြောင့် အရေးကြီးပါသနည်း။

၂။ ခရစ်တော်က လူတို့သည် အားမလျှော့ဘဲကြိုးစား၍ .............. ရမည်ဟု ပြောထားသည်။

၃။ ပေါလုကလည်း မခြားမလပ် ..................... ပြုကြလော့ဟူ၍ ပြောထားသည်။

၄။ လူအများတို့သည် ......................... ဖြင့် ဆုတောင်းရမည်ဟု ထင်မှတ်ကြသည်။

၅။ ထိုအချက်နှင့်ပတ်သက်၍ သမ္မာကျမ်းမည်သို့သွန်သင်ပါသနည်း။

၆။ ကျွန်ုပ်တို့၏ဆုတောင်းချက်များသည် မည်သည်နှင့် ကိုက်ညီရပါမည်နည်း။

၇။ ဆုတောင်းသံတိုင်းကို ဘုရားသခင်နားထောင်တော်မူပါသလား။

၈။ တိုက်ရိုက်အဖြေမရသော ဆုတောင်းချက်များကို အဖြေမရဟု မှတ်ချက်ချနိုင်မည်လား။

၉။ ပိုမိုကောင်းမွန်သော ဆုတောင်းနည်းကို မည်သို့လေ့လာသိရှိနိုင်သနည်း။

၁၀။ ဘုရားသခင် အပြစ်တင်တော်မူသော ဆုတောင်းချက်မျိုးကား အဘယ်နည်း။

၁၁။ ရှည်လျားခြင်း၊ ထပ်တလဲလဲရွတ်ဆိုခြင်းများဖြစ်သော ဆုတောင်းခြင်းမျိုးဖြစ်ရပါမည်လား။

၁၂။ ဆုတောင်းခြင်းဖြင့် အပြစ်သားတစ်ယောက်ကို ဘုရားသခင်ကယ်တင်ပါသလား။

၁၃။ တစ်ဦးတစ်ယောက်၏ ဆုတောင်းသံကို ဘုရားသခင်နားထောင်ရန်အတွက် လိုအပ်သောအခြေနှစ်ရပ်ကား အဘယ်နည်း။

၁၄။ မှားယွင်းရွေ့လျောသော ခရစ်ယာန်တစ်ဦးသည် မည်သည့်နည်းဖြင့် ဆုတောင်းရမည်နည်း။

၁၅။ ဆုတောင်းအပ်သောအချက်အချို့ကိုတင်ပြပါ။

၁၆။ ကျွန်ုပ်တို့အား ဘုရားသခင်သည် မည်သည့်နည်းအားဖြင့် စကားပြောနေပါသနည်း။

၁၇။ ဘုရားသခင်အား အကျွန်ုပ်တို့ မည်သည့်နည်းဖြင့် စကားပြောပါသနည်း။

၁၈။ ဆုတောင်းခြင်းသည် မည်သည့်အရာများကို ဖယ်ရှားစေသနည်း။

၁၉။ ကျွန်ုပ်တို့ဆုတောင်းခြင်းများသည် မည်သူ့နာမဖြင့်ဖြစ်ရမည်နည်း။

* * *

# အခန်း - ၂၀
# သီချင်းဆိုခြင်း

ခရစ်ယာန်ဟူသည် ထူးကဲပြည့်ဝသော ဘာသာဖြစ်သည်။ သီချင်းဆိုသော ဘာသာလည်းဖြစ်သည်။ သီချင်းဆိုခြင်းသည် ဝတ်ပြုကိုးကွယ်ခြင်းတစ်ရပ်ဖြစ်ကြောင်းကို ကျမ်းစာက သွန်သင်ပါသည်။ ထို့ကြောင့်ရက်သတ္တပတ်၏ ပထမနေ့ရက်တွင် ခရစ်ယာန်များစုဝေးခြင်းအမှုမှာ ဘုရားရှင်၏ ဂုဏ်တော်ကို စုပေါင်းသီဆိုကျူးရေန် အခြေခံရည်ရွယ်ချက်တစ်ရပ်ပင်ဖြစ်သည်။

တမန်တော်ရှင်ပေါလုက 'ဆာလံသီချင်းမှစသော ဓမ္မသီချင်းအမျိုးမျိုးတို့ကို အချင်းချင်းပြောဆိုဖတ်ရွတ်၍ နူးညံ့သောစိတ်နှလုံးနှင့် သခင်ဘုရားရှေ့တော်၌ ကျူး၍သီဆိုကြလော့။' (ဧဖက် ၅း၁၉)ဟူ၍ ဆိုထားသည်။ ဤတွင်ပေါလုက တစ်ဖွဲ့လုံးပါဝင်နေသူအားလုံး၏ သီဆိုခြင်းကို ဖော်ပြသည်။ ထို့အပြင် ဆာလံသီချင်း၊ ဓမ္မသီချင်းအမျိုးမျိုးကို ယောက်တိုင်းယောက်တိုင်း အချင်းချင်းပြောဆိုရန် ညွှန်နေသည်။ မည်သည့်အမျိုးအစားမဆို သီချင်းများမှာ တစ်ဦးတစ်ယောက်အား ဘုရားသခင်ထံဆွဲဆောင်နိုင်သော ဝိညာဉ်ရေးဆိုင်ရာ သဘာဝရှိသီချင်းများဖြစ်ရမည်။ မည်သို့ကျူးရမည်ဟူသော် စိတ်နှလုံးနှင့် ကျူး၍ သီချင်းဆိုရမည်ဖြစ်ပါသည်။ လူရှေ့၊ လူ့ထံသို့ဦးတည်ခြင်းမဟုတ်ဘဲ ဘုရားရှေ့တော်၌ ဘုရားသခင်ထံတော်သို့ ကျူးခြင်းဖြစ်ပါသည်။

ထိုနည်းတူ ပေါလုသည် 'ခရစ်တော်၏ နှုတ်ကပတ်တရားသည် ပညာအမျိုးမျိုးနှင့် သင်တို့အထဲ၌ ကြွယ်ဝစွာတည်နေ၍ သင်တို့သည်

ဆာလံသီချင်းမှစသော ဓမ္မသီချင်းအမျိုးမျိုးအားဖြင့် အချင်းချင်းတို့ကို ဆုံးမသွန်သင်ခြင်း၊ သတိပေးခြင်းပြု၍ နူးညွတ်သောစိတ်နှလုံးနှင့် ဘုရားသခင်ရှေ့တော်၌ တင့်တယ်လျှောက်ပတ်စွာ သီချင်းဆိုကြလော့။' (ကော ၃း၁၆)ဟူ၍လည်း ဆိုထားသည်။ ဤကျမ်းချက်တွင် ထူးခြားသော အချက်တစ်ချက်ကို သတိပြုရမည်။ ကျွန်ုပ်တို့သည် ဓမ္မသီချင်းအမျိုးမျိုးအားဖြင့် အချင်းချင်းသွန်သင်ဆုံးမခြင်း၊ သတိပေးခြင်းတို့ကို ပြုရမည်။ ထို့ကြောင့် သီချင်းဆိုခြင်းအမှုသည် ဘုရားသခင်၏ဂုဏ်တော်ကို ချီးမြှောက်၍ ဝတ်ပြုခြင်းဖြစ်ကာ ရှေ့မှောက်တွင် ပါဝင်နေသူအားလုံး၏ ဝိညာဉ်ရေးတည်ဆောက်ခြင်းအဖြစ် သွန်သင်ဩဝါဒပေးခြင်းပင်ဖြစ်သည်။

ခရစ်ယာန်သီချင်းဆိုခြင်းအမှု၌ အရေးကြီးဆုံးသော မေးခွန်းတစ်ရပ်အစဉ်ပေါ်ထွက်တတ်၏။ ခရစ်ယာန်ဝတ်ပြုသီချင်းဆိုခြင်း၌ တူရိယာ အတီးအမှုတ်ပါဝင်သင့်ပါသလားဟူ၍ ဖြစ်သည်။ အဖြေမှာကား ႔ ပါဝင်ခြင်းမရှိအပ်ပေ။ ထိုသို့ဆိုသော် အတီးအမှုတ်ပါဝင်သင့်ကြောင်း ပေါ်ထွက်လာသော ဆင်ခြေများကို သမ္မာကျမ်းစာဖြင့် လေ့လာကြည့်သော် ခိုင်လုံခြင်းလုံးဝမရှိကြောင်းသာ တွေ့ရပေသည်။

ပထမအနေဖြင့် တစ်ချိန်ကဘုရားရှင်သည် လူသားများအား၊ မောရှေအားဖြင့် ပညတ်တရားကိုပေးခဲ့ပါသည်။ အချိန်တန်သော် 'ငါ တို့စပ်ကြားမှ ပယ်ရှင်းတော်မူပြီး'၊ သာ၍မြတ်သော ပဋိညာဉ်တရား တော်အသစ်ကို ခရစ်တော်အားဖြင့် ပေးခဲ့ပါသည်။ ပထမပဋိညာဉ်တရား ဟောင်းလက်ထက်တွင် အတီးအမှုတ်ကို တိရစ္ဆာန်သွေးပူဇော်ခြင်းများနှင့် တကွ ခွင့်ပြုခဲ့သည်။ ပဋိညာဉ်သစ်လက်ထက်တွင်မူ ဝတ်ပြုရာနည်းသစ် ကို ချမှတ်ထားပေး၍ သီချင်းဆိုရန် ခေါ်ယူပါသည်။ 'အတီးအမှုတ်မသုံး ရ' ဟု ပညတ်ထားခြင်းမရှိပါဟူ၍ စောဒကတက်လာတတ်၏။ တစ်စုံ

တစ်ရာကို ပြုလုပ်ရန် မိန့်မှာသည့်အခါ ကျန်ရှိသော လုပ်ဆောင်ချက်ကို ချန်လှပ်ထားခြင်း ဖြစ်ပါသည်။ 'သီချင်းဆို' ဟု ဆိုရာတွင် အတီးအမှုတ်ကျန်လပ်နေပါပြီ။ ဥပမာဆိုသော် – ခရစ်တော်၏ ခန္ဓာကိုယ်ကို အောက်မေ့သတိရရန်အတွက် တဆေးမပါသောမုန့်ကို ချိုးဖဲ့၍ အသွေးတော်ကို အောက်မေ့ဖို့ရန် စပျစ်ရည်ကို သောက်သုံးသည်ဟု ဆိုရာတွင် ကိတ်မုန့်နှင့်အချိုရည်ကို မသုံးရဟု မပြောထားသောကြောင့် အသုံးပြုကြမည်ဟူ၍ စောဒကတက်ရန် အကြောင်းမရှိပါ။ တဆေးမပါသောမုန့်နှင့် စပျစ်ရည်ကို အသုံးပြုရန် ပြောထားသောကြောင့် ကိတ်မုန့်နှင့် အချိုရည်တို့သည် အလိုအလျောက် ကျန်လပ်၍နေပါသည်။

ထပ်၍ကြည့်သော် ကျွန်ုပ်တို့လက်ဖြင့် ထုလုပ်သော အရာများနှင့် ဖန်ဆင်းထားသော ဖန်ဆင်းခြင်းခံအရာများဖြင့် ဖန်ဆင်းရှင်ကို ဝတ်ပြုပါက ဘုရားသခင်၏ ဂုဏ်တော်ကို ချီးမြှောက် ဂုဏ်ယူရာမကျဘဲ ကိုယ့်တီထွင်မှုအတွက် မိမိကိုယ်မိမိ ဂုဏ်ယူစရာပင် ဖြစ်တော့သည်။ ဟေဗြဲဆရာက 'ထို့ကြောင့်ငါတို့သည် ဘုရားသခင်၏ ကျေးဇူးတော်ကို ဝန်ခံလျက်နှုတ်ခမ်းအသီးတည်းဟူသော ချီးမွမ်းခြင်း၊ ယဇ်ကိုသခင်ယေရှုခရစ်အားဖြင့် ဘုရားသခင်ရှေ့တော်၌ အစဉ်ပူဇော်ကြကုန်အံ့' (ဟေဗြဲ ၁၃း၁၅) ဟူ၍ ဆိုထားပါသည်။

ဧဖက် ၅း၁၉ နှင့် ကော ၃း၁၆ တွင် ကျွန်ုပ်တို့လေ့လာပြီးသည့်အတိုင်း သီချင်းကိုအတီးအမှုတ်နှင့်တကွ သီဆိုရန်မဟုတ်ဘဲ၊ စိတ်နှလုံးနှင့် သီဆိုကျူးရေန်သာဖြစ်ပါသည်။ အချို့သောအင်္ဂလိပ်ဘာသာသို့ပြန်ဆိုသော ဘာသာပြန်အားနည်းမှုများကြောင့် ငြင်းဆိုနိုင်ဖွယ်ရှိသည်ဟု ထင်ရသော်လည်း သဒ္ဒါအရ သတိပြုမိပါက ထင်ရှားနိုင်ပါသည်။ ဘာသာပြန်အားနည်းမှုကြောင့် အခက်တွေ့ရသည့်အခါမျိုးတွင် မူလဂရိ

ဘာသာကို ပြန်လေ့လာသော် သီချင်းဆိုခြင်းကိုသာ မိန့်မှာထားကြောင်း ထင်ရှားပါသည်။

အချို့က 'အတီးအမှုတ်ကိုနှစ်သက်၏' ဟူ၍ ဆင်ခြေပေးမည်။ ကြိုက်နှစ်သက်သောအရာ အမြောက်အမြားရှိသော်လည်း ဝတ်ပြုခြင်း၌ ထည့်သွင်းမသုံးနိုင်ပါ။ ကောင်းကင်နိုင်ငံ၏ တေးဂီတနှင့်ပတ်သက်၍ ဆိုလာသော် .... ကျွန်ုပ်တို့သည် လတ်တလော လောက၌အသက်ရှင် နေသည်ဖြစ်၍ ကျွန်ုပ်တို့ထံမှ ဘုရားသခင်လိုအပ်မှုများကို ပေးခြင်းဖြင့်သာ တင်းတိမ်ရောင့်ရဲရပေမည်။ ကောင်းကင်၌လည်း လောကဆိုင်ရာ အရာများ ရှိမည်မဟုတ်သည့်အတွက် လူလုပ်တူရိယာများလည်းရှိမည်မ ဟုတ်ပေ။

လူလုပ်တူရိယာအတီးအမှုတ်များ အသုံးပြုဝတ်ပြုနိုင်ရန် ငြင်းဆိုမှုအများအပြားရှိသော်လည်း ဘုရားသခင်၏ နှုတ်ကပတ်တော်နှင့် ဆန်းစစ်ကြည့်သည့်အခါ တစ်ခုမျှရပ်တည်နိုင်မှုမရှိကြောင်း ထင်ရှားပါသည်။ နေအိမ်၊ လက်ထက်ပွဲစသည့်နေရာများတွင် လူလုပ်အတီးအမှုတ်များသည် ကောင်းသော်ငြားလည်း ဘုရားသခင်အား ဝတ်ပြုသည့်အခါသုံးရန် မိန့်မှာထားခြင်းမရှိသည့်အတွက် ဝတ်ပြုရာတွင် ချန်လှပ်ထားရပေမည်။ ဓမ္မသစ်တွင် သီချင်းဆိုခြင်းအမှုနှင့် ပတ်သက်၍ ဖော်ပြထားသော နေရာများတွင် အတီးအမှုတ်သုံးရန်သော်လည်းကောင်း၊ အသုံးပြုခဲ့ကြောင်းသော်လည်းကောင်း၊ အသုံးပြုရန်အကြံပေးခြင်းသော်လည်းကောင်း တစ်နေရာတွင်မျှမပါရှိပေ။ ယနေ့အဘယ်ကြောင့် လူများသုံးနေကြသနည်း၊ အဘယ်ကြောင့် သုံးရန် လိုလားနေကြသနည်း။ အမှား–အမှန်ကိုကား မဆန်းစစ်ကြတော့ပေ၊ ယောက်တိုင်း သမ္မာကျမ်းကို ဖတ်ရှုလေ့လာပြီး ဘုရားသခင်အလိုတော် မည်သို့ရှိသည်ကို တစ်ဦးချင်း မိမိကိုယ်တိုင် ရှာဖွေရန် လိုပါသည်။ အတီးအမှုတ်သုံး၍ ဝတ်ပြုခြင်းကို ကျမ်းစာက

သွန်သင်နေပါက အသုံးပြုပါ။ သွန်သင်ခြင်းမရှိက ချန်လှပ်ထား ရပေမည်။ သို့မဟုတ် ပျက်စီးခြင်းကို ခံရပေမည်။ (ဖျာဒိတ် ၂၂း၁၈-၁၉)

ခရစ်ယာန်များသည် သီချင်းဆို ဝတ်ပြုရပေမည်။ ဤအချက်ကို အားလုံး လက်ခံကြပါသည်။ တူရိယာအတီးအမှုတ်မပါဘဲနှင့် ဝတ်ပြုနိုင်ကြောင်းကိုလည်း အားလုံးလက်ခံပါသည်။ မှန်ကန်သည်ဟု ထင်ရှားစွာ သိသောအရာများကိုသာ လုပ်ဆောင်ကြပါစို့။ စိတ်ချရသောနေရာ၌သာ တည်နေကြပါစို့။

## မေးခွန်းများ

၁။ ခရစ်ယာန်သည် ..................................သော ဘာသာဖြစ်သည်။

၂။ ဘုရားသခင်နေ့၌ ခရစ်ယာန်များ စုဝေးရခြင်း အခြေခံအကြောင်း တစ်ရပ်ကား အဘယ်နည်း။

၃။ သီချင်းဆိုခြင်းအမှုနှင့်ပတ်သက်၍ ဧဖက် ၅း၁၉ ကား အဘယ်သို့ ပြောထားသနည်း။

၄။ ဖော်ပြပါသီချင်းအမျိုးအစားများကား အဘယ်နည်း။

၅။ သီချင်းကို ကျူးရောတွင် မည်သည့်နှင့် ကျူးရေမည်နည်း။

၆။ ..........................အမျိုးမျိုးအားဖြင့် ကျွန်ုပ်တို့သည် တစ်ယောက်ကိုတစ်ယောက် ...................ခြင်း၊ .....................ခြင်းများကို ပြု၍ နှုးညံ့သော ..........................နှင့် သီချင်းဆိုကြရမည်။

၇။ ခရစ်ယာန် သီချင်းဆိုခြင်း အမှုနှင့်ပတ်သက်၍ ပေါ်ပေါက်လျက် ရှိသော မေးခွန်းကား အဘယ်နည်း။

၈။ ပဋိညာဉ်ဟောင်း(မောရှေပညတ်တော်)လက်အောက်တွင် တူရိယာ အတီးအမှုတ် အသုံးပြုရန် မိန့်မှာချက်ရှိပါသလား။

၉။ ပဋိညာဉ်သစ်လက်အောက်တွင် တူရိယာအတီးအမှုတ် အသုံးပြုရန် မိန့်မှာချက်ရှိပါသလား။

၁၀။ ဘုရားသခင်အား ..............များကသာ ဝတ်ပြုရန် အလိုတော်ရှိတော်မူ၏။ လက်ဖြင့် ထုလုပ်သော .............များနှင့် ဝတ်ပြုခြင်းကို အလိုရှိသည်မဟုတ်ပါ။

၁၁။ ကျွန်ုပ်တို့..............အရာများအားဖြင့် ဝတ်ပြုရန် ဘုရားသခင်ပြောဆိုချက်မရှိပါ။

၁၂။ ကျွန်ုပ်တို့ ပူဇော်အပ်သောယဇ်ကား...........တည်းဟူသော ချီးမွမ်းခြင်းယဇ်ဖြစ်၏။

၁၃။ အဘယ်ကြောင့် ဖေက် ၅း၁၉ တွင် ငြင်းဆိုနိုင်ချက်ရှိပါသနည်း။

၁၄။ ထိုငြင်းဆိုချက်သည် မှန်ကန်ပါသလား။

၁၅။ ဘာသာပြန်တစ်ရပ်သည် မေးစရာဖြစ်လာသော် မည်သည်နှင့် ခိုင်းနှိုင်း ကြည့်အပ်သနည်း။

၁၆။ ကောင်းကင်နိုင်ငံ၌ အတီးအမှုတ်ရှိပါသလား။

၁၇။ နေအိမ်၌ အတီးအမှုတ်သုံးခြင်းသည် မှားယွင်းပါသလား။

၁၈။ ပဋိညာဉ်သစ် အချိန်ကာလတွင် ဝတ်ပြုသီချင်းဆိုရာ၌ အတီးအမှုတ် အသုံးပြုရန် မိန့်မှာချက်၊ သို့မဟုတ် အကြံပေးချက်၊ သို့မဟုတ် ဥပမာများရှိသလား။

၁၉။ သီချင်းဆိုခြင်းအမှုနှင့် ပတ်သက်၍ သမ္မာကျမ်း သွန်သင်သည့်အတိုင်းသာ လိုက်လျှောက်ရမည်။ သို့မဟုတ်.....................ကို ခံရပေမည်။

* * *

# အခန်း - ၂၁
# ပွဲတော်မင်္ဂလာ

သမ္မာကျမ်းစာက ခရစ်ယာန်များသည် ပထမနေ့ရက်တွင် စုဝေး၍ သခင်ဘုရား၏ပွဲတော်မင်္ဂလာ၌ ပါဝင်ကြရန် သွန်သင်ထားပါသည်။ ကနဦး ခရစ်ယာန်တို့သည် ဤအတိုင်းပြုလုပ်ခဲ့ကြောင်း သာဓကအထင်အရှား ရှိပါသည်။ (တမန် ၂၀း၇) 'ခုနက်ရက်တွင် ပထမနေ့ရက်၌ မုန့်ကိုဖဲ့ခြင်းငှာ စည်းဝေးကြသောအခါ ပေါလုသည် နက်ဖြန်နေ့၌ ထွက်ခွာသွားမည်ဖြစ်၍ သန်းခေါင်တိုင်အောင် ဟောပြောလျက်နေလေ၏...'

သခင်ဘုရား၏ ပွဲတော်မင်္ဂလာမှာ အဘယ်နည်း...။ ၄င်းသည် ပွဲတော်တစ်ခု၊ ညစာစားခြင်း၊ သခင်ယေရှုကို အောက်မေ့ဖို့ရာ မင်္ဂလာအစီအစဉ် တစ်ခုသာဖြစ်သည်။ စပျစ်ရည်နှင့် မုန့်သည် ခရစ်တော်၏ ကိုယ်ခန္ဓာနှင့် သွန်းတော်မူသော အသွေးတော်ကို ရည်ညွှန်းသည်။ (မဿဲ ၂၆း၂၆-၂၈) 'ထိုအခါ စားလျက်နေကြစဉ်တွင် ယေရှုသည် မုန့်ကိုယူ၍ ကျေးဇူးတော်ကို ချီးမွမ်းပြီးမှ မုန့်ကိုဖဲ့၍ ဤမုန့်ကား ငါ၏ကိုယ်ဖြစ်၏၊ ယူ၍စားကြလော့ဟု မိန့်တော်မူလျက် တပည့်တော်တို့အား ပေးတော်မူ၏။ ခွက်ကိုလည်းယူ၍ ကျေးဇူးတော်ကို ချီးမွမ်းပြီးမှ သူတို့အား ပေးတော်မူ၍ သင်တို့ရှိသမျှသည် သောက်ကြလော့၊ ဤခွက်ကား ပဋိညာဉ်တရားသစ်နှင့်ဆိုင်၍ လူများ၏အပြစ်ကို လွှတ်စေခြင်းငှာ သွန်းသော ငါ၏အသွေးဖြစ်၏။'

ကောရိန္သု အသင်းတော်သို့ ရေးသော ရှင်ပေါလု၏ ဩဝါဒစာ၌ ရှေးဦးစွာ ၄င်းတို့၏ ပွဲတော်မင်္ဂလာကို ပျော်ပွဲတစ်ခုအနေနှင့် လုပ်ဆောင်ခြင်းကို ကဲ့ရဲ့ပြစ်တင်ပြီး၊ ပွဲတော်၏ စစ်မှန်သော ရည်ရွယ်ချက်ကို ဆက်လက်ဖော်ပြထားသည်ကို တွေ့ရသည်။ (၁ ကော ၁၁း၁၇–၃၀)

'တစ်ဖန်တုံ – သင်တို့သည် အကျိုးကိုပြုစေခြင်းငှာ စည်းဝေးကြသည်မဟုတ်၊ အကျိုးကိုနည်းစေခြင်းငှာ စည်းဝေးကြသည်ဖြစ်၍ ငါသည် ပညတ်ထားစဉ်တွင် သင်တို့ကို မချီးမွမ်းရ။ ပထမအကြောင်းဟူမူကား.. သင်တို့သည် အသင်းတော်၌ စည်းဝေးကြသောအခါ အချင်းချင်း ကွဲပြားခြင်းရှိသည်ကို ငါကြားရ၏၊ ကြားရသည့်အတိုင်း မှန်ကောင်း မှန်လိမ့်မည်။ အကြောင်းမူကား သင်တို့တွင် ကောင်းမွန်သော သူတို့ကို ထင်ရှားစိမ့်သောငှာ သင်းခွဲခြင်းရှိရမည်။ သင်တို့သည် အတူ စည်းဝေးကြသောအခါ သခင်ဘုရား၏ ပွဲတော်ကို စားအံ့သောငှာ စည်းဝေးကြသည် မဟုတ်။ အကြောင်းမူကား သင်တို့သည် စားကြသည်တွင် ကိုယ်စီကိုယ်စီ မိမိအစာကို အရင်ယူ၍၊ တချို့ကားဆာမွတ်လျက်၊ တချို့ကား စားသောက်ကြူးလျက် ရှိကြ၏။ သင်တို့သည် စားသောက်ရာဖို့ ကိုယ့်အိမ်မရှိသလော။ သို့မဟုတ် ဘုရားသခင်၏ အသင်းတော်ကို မထီမဲ့မြင်ပြု၍ ဆင်းရဲသော သူတို့ကို ရှက်ကြောက်စေသလော။ အဘယ်သို့ ငါဆိုရမည်နည်း။ ဤအမှုမှာ သင်တို့ကို ချီးမွမ်းရမည်လော။ မချီးမွမ်းရ။

အကြောင်းမူကား သင်တို့၌ ငါအပ်ပေးသောအရာကို သခင်ဘုရားထံ၌ငါခံရပြီ၊ ခံရသောအရာမူကား သခင်ယေရှုသည် ရန်သူ့

လက်သို့အပ်နှံခြင်းကို ခံသောနေ့ညမှာ မုန့်ကိုယူ၍ ကျေးဇူးတော်ကို ချီးမွမ်းပြီးမှ မုန့်ကိုဖဲ့၍ ဤမုန့်ကား သင်တို့အဖို့အလို့ငှာ ချိုးဖဲ့သော ငါ၏ကိုယ်ဖြစ်၏။ ယူ၍စားကြလော့...၊ ငါ့ကိုအောက်မေ့ဖို့ရာ ဤသို့ ပြုကြလော့ဟု မိန့်တော်မူ၏။ ထိုနည်းတူ ညစာစားပြီးမှ ခွက်ကိုလည်း ယူ၍ ဤခွက်ကား ငါ၏အသွေး၌တည်သော ပဋိညာဉ်တရားသစ်ဖြစ်၏။ ဤခွက်ကို သောက်သောအခါခါ၊ ငါ့ကိုအောက်မေ့ဖို့ရာ ယူ၍ သောက်ကြလော့ဟု မိန့်တော်မူ၏။ အကြောင်းမူကား သင်တို့သည် ထိုမုန့်ကိုစား၍ ထိုခွက်ကို သောက်သောအခါခါ၊ သခင်ဘုရားအသေခံတော်မူခြင်းကို ကြွလာတော်မမူမီတိုင်အောင် ပြကြ၏။ ထို့ကြောင့် သခင်ဘုရား၏ မုန့်နှင့်ခွက်ကို မထိုက်တန်ဘဲ စားသောက်သူမည်သည်ကား၊ သခင်ဘုရား၏ ကိုယ်တော်နှင့် အသွေးတော်ကို ပြစ်မှားရာရောက်၏။ သို့ဖြစ်၍ လူတိုင်း ကိုယ့်ကိုယ်ကိုယ် စစ်ကြောပြီးမှ မုန့်ကိုစားစေ၊ ထို့နည်းတူ ခွက်ကိုလည်းသောက်စေ၊ အကြောင်းမူကား မထိုက်မတန်ဘဲ စားသောက်သောသူသည် သခင်ဘုရား၏ ကိုယ်တော်ကို ပိုင်းခြား၍ မသိသောကြောင့် မိမိအပေါ်သို့ အပြစ်ရောက်စေခြင်းငှာ စားသောက်သောသူ ဖြစ်၏။ ထိုအကြောင်းကြောင့် သင်တို့တွင် အားနည်းသောသူ၊ မကျန်းမမာသောသူ အများရှိကြ၏။ သေသောသူအများလည်းရှိကြ၏...'

အထက်ပါကျမ်းစကားမှ ရှင်ပေါလု၏သွန်သင်ချက်များကို ကောက်နှုတ်ရလျှင်....

၁။ ရှင်ပေါလုသည် ကောရိန္တုအသင်းတော်အား ကွဲပြားနေခြင်းကြောင့် ပြစ်တင်ရှုံ့ချခဲ့သည်။

၂။ သခင်ဘုရား၏ ပွဲတော်မင်္ဂလာကို စားသောက်ပွဲပမာ ပြုမူနေ၍

အပြစ်တင်သည်။ အစားအစာကို အိမ်တွင်စားရန်လည်းကောင်း၊ သခင်ဘုရား၏ပွဲတော်သည် စားသောက်ပွဲ မဟုတ်၍၊ သခင်ဘုရားကို ဝတ်ပြုကိုးကွယ်ရန် အတူတကွပါဝင်ရန် သွန်သင်ခဲ့၏။

၃။ သူသွန်သင်သမျှသည် သခင်ဘုရားထံမှ သူခံယူရသော အရာများသာ ဖြစ်ကြောင်း ဖော်ပြခဲ့၏။

၄။ သခင်ယေရှု နောက်ဆုံးညစာစားပွဲ၌ မိန့်တော်မူချက်များကို ပြန်လည်ဖော်ညွှန်းခဲ့သည်။

၅။ မထိုက်မတန်ဘဲ ပွဲတော်၌ စားသောက်သောသူတို့သည် သခင်ဘုရား၏ ကိုယ်တော်နှင့် အသွေးတော်ကို ပြစ်မှားရာရောက်ကြောင်း သတိပေးခဲ့၏။ တစ်နည်းဆိုသော် သစ္စာမရှိသော ခရစ်ယာန်သည် ပျောက်ဆုံးပျက်စီးမည်ဖြစ်သည်။

၆။ ထို့ကြောင့် ပွဲတော်မင်္ဂလာမယူမီ လူတိုင်းမိမိကိုယ်မိမိ ပြန်လည်စစ်ဆေးသင့်ကြောင်း၊ ဘုရားသခင်နှင့် သူ၏စပ်ဆိုင်မှုကို ပြန်လည်သုံးသပ်သင့်ကြောင်း၊ ဝန်ချတောင်းပန်ရန်ရှိသမျှ နောင်တနှင့် ဝန်ချတောင်းပန်ပြီးမှသာ ပွဲတော်မင်္ဂလာကို ဝင်ရောက်ရမည်။

၇။ ထိုသို့မဟုတ်ဘဲ ပေါ့ဆ၍ မှားယွင်းစွာ ဝင်ရောက်သောသူသည် သစ္စာမဲ့သော ခရစ်ယာန်ဖြစ်ပြီး၊ သူ့ကိုယ်သူ အပြစ်ရောက်ရန် ဖန်တီးခြင်းသာဖြစ်ကြောင်း၊ ပွဲတော်မင်္ဂလာက သူ၏အပြစ်များမှ သူ့ကို ကင်းလွတ်စေပြီး ကယ်တင်မည်မဟုတ်သည်သာမက၊ နောင်တရခြင်းမရှိလျှင် ပိုမိုအပြစ်ကြီးအောင် ဖန်တီးသကဲ့သို့ဖြစ်ပြီး ပျောက်ဆုံးမည်ဟု သတိပေးခဲ့သည်။

ထို့ကြောင့် ပွဲတော်မင်္ဂလာ ဝင်ရောက်ခြင်းသည် အထူးအလေးအနက်ပြုရန်ဖြစ်သည်။ သန့်ရှင်း၍ မြင့်မြတ်သော မင်္ဂလာအခမ်းအနား

တစ်ခုဖြစ်၏။ ရိုသေစွာ၊ နှိမ့်ချစွာ၊ လေးစားစွာ ပါဝင်သင့်ပါသည်။ အထူးသဖြင့် ခရစ်တော်၏ အပြစ်အခ ပေးဆပ်သွားခြင်းကို ပီပီပြင်ပြင် သုံးသပ်သတိရရန်လို၏။

ခရစ်ယာန်သည် ရက်သတ္တပတ်၏ ပထမနေ့ရက်တွင် ဝတ်ပြုခြင်း၌ ပွဲတော်ခံယူရုံသာမဟုတ်ဘဲ၊ ခရစ်တော် ဒုတိယအကြိမ်ကြွလာသည်အထိ ခရစ်တော်အား အောက်မေ့သတိရရန် ပါဝင်ရာဖြစ်သည်။ ဘုရားရှင်၏နေ့ရက်တိုင်းတွင် သတိမမူဘဲ ပွဲတော်ပါဝင်ခြင်းမရှိက ခရစ်တော်အား မည်သို့ သတိရနိုင်မည်နည်း။ တစ်နှစ်တစ်ကြိမ် ပွဲတော်ခံယူခြင်းသည် မလုံလောက်၊ တစ်လတစ်ကြိမ်လည်း မလုံလောက်၊ နှစ်ပတ်တစ်ကြိမ်လည်း မလုံလောက်ပေ။ ဖြောင့်မတ်ခြင်း၊ ရိုးသားခြင်း၊ သစ္စာရှိခြင်းဖြင့် ခရစ်ယာန်တစ်ဦးအဖြစ် တည်နေရန် ခရစ်တော် ဒုတိယအကြိမ်လာသည့်တိုင် ခုနစ်ရက်တွင် ပထမနေ့ရက်တိုင်း၌ ပွဲတော်ပါဝင်ရသည်။

## မေးခွန်းများ

၁။ ပွဲတော်မင်္ဂလာအား မည်သူတွေကို စုဝေးပါဝင်စေရန် မိန့်မှာထားသနည်း။

၂။ မည်သည့်နေ့တွင် စုဝေးစေသနည်း။

၃။ မည်မျှအကြာတွင် တစ်ကြိမ်ပြုလုပ်စေထားသနည်း။

၄။ ဤပွဲတော်မင်္ဂလာလုပ်ဆောင်ရန် မည်သူမိန့်မှာထားသနည်း။

၅။ ပွဲတော်မင်္ဂလာဟူသည် အဘယ်နည်း။

၆။ မည်သည့်အရာနှစ်ခုသည် ဤပွဲတော်မင်္ဂလာကို တည်ဆောက်ထားပါသနည်း။

၇။ မုန့်သည် မည်သည့်အရာကို သတိရအောက်မေ့စေရန်ဖြစ်သနည်း။
၈။ စပျစ်ရည်သောက်ခြင်းသည် မည်သည့်အမှုကို အောက်မေ့စေသနည်း။
၉။ ကောရိန္သုခရစ်ယာန်များသည် ဤပွဲတော်မင်္ဂလာအား မည်သို့ဖြစ်စေကြသနည်း။
၁၀။ ခရစ်တော်၏ ........................ကို ပွဲတော်ပါဝင်ခြင်းဖြင့် သတိရစေပါသည်။
၁၁။ ကျွန်ုပ်တို့သည် ..............................ကို ပွဲတော်မင်္ဂလာအားဖြင့် ရှေ့ရှု မြင်တွေ့ပါသည်။
၁၂။ မထိုက်မတန် စားသောက်သောသူသည် အဘယ်အရာဖြစ်စေရန် စားသောက်ခြင်းနည်း။
၁၃။ ဘုရားသခင်ရှေ့ ကိုယ့်ကိုယ်ကို စစ်ကြောပြီးမှ အဘယ်အမှုပြုရမည်နည်း။
၁၄။ ပွဲတော်မင်္ဂလာကို ..............................ပါဝင်၍ ခရစ်တော်၏ အပြစ်အခ........................ကို သတိရပေမည်။
၁၅။ ခုနစ်ရက်တွင် ပထမနေ့၊ တနင်္ဂနွေအပတ်တိုင်း ပွဲတော်မင်္ဂလာပါဝင်မှုမရှိဘဲလျက်၊ ခရစ်တော်ကို အောက်မေ့သတိရနိုင်မည်လား။
၁၆။ တစ်လတစ်ကြိမ်ပွဲတော်ယူခြင်းသည် လုံလောက်ပါသလား။
၁၇။ ကျွန်ုပ်တို့သည်...................၊ ........................၊ .....................ဖြင့် ခရစ်ယာန်တစ်ဦးအဖြစ် တည်နေရန် ခရစ်တော် ဒုတိယအကြိမ်လာသည့်တိုင် ခုနစ်ရက်တွင် ပထမနေ့တိုင်း၌ ပွဲတော်ပါဝင်ရပေမည်။

*　*　*

# အခန်း - ၂၂
## ပေးလှူခြင်း

သမ္မာကျမ်းစာ၏ ရှင်းလင်းသော သွန်သင်ချက်များအနက် ပေးလှူခြင်းသည် ထင်ရှားသော သွန်သင်ချက်ဖြစ်ပါသည်။ ဘုရားသခင်သည် ခရစ်ယာန်များအား ခုနစ်ရက်တွင် ပထမနေ့ရက်၌ စုဆောင်းရန် မိန့်မှာကြောင်း အထူးသတိပြုရန် လိုသည်။ 'ငါရောက်လာသောအခါ လှူဒါန်း၍ စုထားစရာမရှိစေခြင်းငှာ၊ ခုနစ်ရက်တွင် ပထမနေ့ရက်၌ အသီးသီးကောင်းစားသည်အတိုင်း မိမိတို့ဥစ္စာတဘို့ကိုထုတ်၍ စုထားကြလော့။' (၁ ကော ၁၆း၂)

အထက်ပါ ပေါလု၏ ဩဝါဒကို တစ်ပိုင်းခြင်း သေချာစွာ စစ်ဆေး လေ့လာကြည့်ကြပါစို့။

၁။ 'ငါရောက်လာသောအခါ လှူဒါန်း၍စုထားစရာ မရှိစေခြင်းငှာ...' ပေါလုရောက်လာချိန်တွင် လိုအပ်သူများအတွက် အလှူဒါနများ အဆင့် သင့်ရှိစေရန်၊ ရက်သတ္တပတ်၏ ပထမနေ့ရက်တွင် စုထားရန် ဖြစ်သည်။ ယနေ့ ဧဝံဂေလိတရား ပျံ့နှံ့ရန်၊ လိုအပ်သော ကုန်ကျစရိတ်များကို အဆင်သင့်ရှိစေရန် ကျွန်ုပ်တို့သည် ခုနစ်ရက်တွင်၊ ပထမနေ့ရက်၌ စုထားခြင်းအမှုကို ပြုအပ်သည်။ အဆင်သင့်မရှိခြင်းကြောင့်၊ ဘုရားရှင်အတွက် လုပ်ငန်းပျက်ကွက်မှုများ မရှိအပ်ပေ။

၂။ 'ခုနစ်ရက်နေ့တွင် ပထမနေ့ရက်' စုထားခြင်းအမှုပြုသည့် နေ့ရက်ဖြစ်သည်။ အခြားသောနေ့ရက်များ၌ အဘယ်ကြောင့် မပြောထားပါသနည်း။ ဤနေ့ရက်တွင် ခရစ်ယာန်များ ဝတ်ပြုရန် စည်းဝေးကြ

သောကြောင့် အဆင်ပြေဆုံးဟု ဆင်ခြင်နိုင်ပါသည်။ အချို့သောသူများက အလှူငွေကောက်ခံခြင်းအမှုကို တွေ့ဆုံစည်းဝေးခြင်းတိုင်း၌ ကောက်ခံစုထားလိုကြသည်။ ဘုရားသခင်၏ သားသမီးသည် ဘုရားသခင်တိကျစွာဖော်ပြထားသော ဤပထမနေ့ရက် (ဘုရားသခင်၏နေ့ရက်)၌ စုထားခြင်းအမှုကို ပြုသည်။ သမ္မာကျမ်းစာနှင့် ကိုက်ညီလိုပါက ဤနေ့ရက်၌ ကျွန်ုပ်တို့လည်း ပြု အပ်သည်။

၃။ 'အသီးသီး' မည်သူ့ကိုဆိုပါသနည်း။ ခရစ်ယာန်တိုင်းကို ဖြစ်သည်။ ခရစ်ယာန်များသည် နှုတ်ကပတ်တော် သွန်သင်ချက်များအား လိုက်နာလျက် ဘုရားရှင်၏ နိုင်ငံတော်သားများ ဖြစ်လာရကာ သမ္မာတရားကို အရှိတိုင်းဝေငှဖော်ထုတ်ပေးရန် တာဝန်ရှိကြပေသည်။ ဧဝံဂေလိတရား ပျံ့နှံ့ရေးအတွက် လုပ်ဆောင်ကြရမည်ဖြစ်ရာ၊ လိုအပ်လာသော အကုန်အကျကြေးငွေကို ခရစ်ယာန်များက၊ စုဆောင်းပေးလှူခြင်းဖြင့် အသင်းတော်၏ လုပ်ငန်းများကို လုပ်ဆောင်သွားနိုင်ပေသည်။ ခရစ်ယာန်တိုင်းကို သွန်သင်ထားခြင်းဖြစ်သည်။

၄။ 'ကောင်းစားသည်အတိုင်း' ခရစ်ယာန်များသည် မိမိကောင်းစားသည်အတိုင်း ပေးလှူရမည်။ ကောင်းစားခြင်းမရှိက လှူဒါန်းနိုင်ရန် မျှော်လင့်စရာမရှိပါ။ ဘုရားသခင်က ကောင်းချီးပေး၍ ကောင်းစားသောသူသည် ပေးလှူခြင်းမရှိပါက ဘုရားသခင်၏ဥစ္စာကို လုယူ၊ ခိုးယူသောသူဖြစ်၏။ ပညတ်တော်အဟောင်းအရ၊ ယုဒလူတို့သည် လုပ်ဆောင်၍ရသမျှမှ၊ ဆယ်ဘို့တစ်ဘို့ကို ပေးလှူရသည်။ ယနေ့ ကျွန်ုပ်တို့သည် သာ၍ကောင်းမွန်သော ပညတ်တော်သစ် လက်အောက်၌ ဆယ်ဘို့တစ်ဘို့သာမဟုတ်ဘဲ၊ ကောင်းစားသည်အတိုင်း စေတနာစိတ်

နှင့် ရက်ရောစွာ ပေးလှူရပါမည်။

၅။ 'စုထားကြလော့' ခရစ်ယာန်များသည် မိမိဌ္ဌရှိသော ပိုင်ဆိုင်မှု အတွင်းမှ စုထားရန်ဖြစ်သည်။ ငွေရှိသူသည် ငွေကိုပေးလှူသည်။ အခြားသောဥစ္စာပစ္စည်း သီးနှံစသော မိမိပိုင်အရာများလည်း ပေးလှူ နိုင်ပါသည်။

အထက်ပါလေ့လာချက်များအရ ပေးလှူခြင်းအကြောင်းကို ထင်ရှားစွာတွေ့ရသည်။ (၂ကော ၉း၆–၇)တွင်လည်း ပေါလုက 'အနည်းငယ်သော မျိုးစေ့ကိုကြဲသောသူသည် စပါးအနည်း ငယ်သာရိတ်ရမည်။ များစွာကြဲသောသူသည် များစွာရိတ်ရမည်ဟု မှတ်ကြလော့။ လူတိုင်းကိုယ်အလိုအလျောက်လှူရ၏။ နှမြောသောစိတ်နှင့် မလှူရ၊ မလှူဘဲ မနေရဟု စိတ်ထင်နှင့်မလှူရ၊ အကြောင်းမူကား စေတနာစိတ်နှင့် လှူသောသူကိုသာ ဘုရားသခင်နှစ်သက်တော်မူ၏။' ဤသွန်သင်ချက်တွင် သော့ချက်မှာ အနည်းငယ်သာ လှူသောသူသည် အနည်းငယ်သာရမည်။ သာ၍လှူသောသူသည် များစွာသော ကောင်းချီးကို ခံစားရမည်ဟု ဆိုလိုပါသည်။ ထပ်ဆင့်၍ ခရစ်ယာန်သည် ကောင်းစားသည့်အတိုင်း ပေးလှူရသည်။ ရသမျှ မည်မျှလှူဒါန်းမည်ကို ကြိုတင်၍ စိတ်ပြဋ္ဌာန်းပြီး အချိန်တန်သော ထိုပြဋ္ဌာန်းချက်ကို အကောင် အထည်ဖော်သင့်သည်။ ထိုသို့ပြုသွားပါက နှမြောသောစိတ်နှင့် ပေးလှူခြင်းသဘော၊ မပေးမဖြစ် လို့အပ်၍သာ ပေးလှူသော သဘောထား တို့ကို ကင်းဝေးစေပြီး ဝမ်းမြောက်.စေတနာစိတ်နှင့် ပေးလှူတတ်သူ ဖြစ်လာရန် တည်ဆောက်မှုရပေမည်။

ဘုရားသခင်၏ မိန့်မှာချက်တစ်ရပ်ကို သတိပြုအပ်မည်။ 'အစွန့်

အကြဲခံခြင်း အရာထက် စွန့်ကြဲခြင်းအရာသည် သာ၍မင်္ဂလာရှိ၏။' (တမန် ၂၀း၃၅) အချို့က ဤအချက်ကို သတိမမူဘဲ ပြောင်းပြန် အသုံးပြုမိနေတတ်သည်။ ပေးလှူခံရမှုကို ပေးလှူခြင်းအမှုထက် မြတ် နိုးမိကြသည်။ ဤသို့မဖြစ်သင့်ရာ။

သမ္မာကျမ်းစာ သွန်သင်သည့်အတိုင်း ပေးလှူခြင်းမရှိသောသူ သည် ခရစ်ယာန်ဟု ခေါ်ဆိုနိုင်ရန်ခက်ခဲပေမည်။ ကိုယ့်ဥစ္စာပစ္စည်းကို သာမက မိမိကိုယ်မိမိ ဆက်ကပ်ပေးလှူတတ်သူဖြစ်ရန် တိုး၍ကြိုးစား သင့်သည်။ ထိုသို့ပြုလျှင် ဤလောက၌ ကောင်းချီးများစွာ ခံစားရပြီး တစ်နေ့ ထာဝရအသက်နှင့် ချီးမြှင့်ခြင်းခံရပေမည်။ လူသည် စိုက်သည့် အတိုင်း ရိတ်သိမ်းရမည်ကို သတိမလစ်အပ်ပေ။

## မေးခွန်းများ

၁။ ပေးလှူခြင်းသည် ကျမ်းစာ၏သွန်သင်ချက်ဖြစ်ပါသလား။
၂။ မည်သူတွေ ပေးလှူရမည်ဟု မိန့်မှာထားပါသနည်း။
၃။ မည်သည့်အခါနှင့် မည်မျှတိုင်အောင် ပေးကမ်းလှူဒါန်းရမည်နည်း။
၄။ အသင်းဂိုဏ်းဂဏများသည် မည်မျှတိုင်အောင် အလှူငွေ ကောက်ခံ တတ်ကြပါသနည်း။
၅။ ဤအမှုကို သမ္မာကျမ်းစာသွန်သင်မှု၊ ထောက်မမှုပြုပါသလား။
၆။ ပေးလှူရန်မိန့်မှာချက်သည် ခရစ်ယာန်တိုင်းအတွက် ဖြစ်ပါသလား။
၇။ မည်သည့်အရာကို ပေးလှူရမည်နည်း။
၈။ ကောင်းစားမှုမရှိလျှင် ပေးလှူနိုင်မည်လား။

၉။ ဘုရားသခင်၏ ဥစ္စာကို ....................သောသူ မဖြစ်အပ်ပါ။
၁၀။ မောရှေပညတ်တော်တွင်း၌ လူတစ်ဦးသည် မည်မျှပေးလှူရပါသနည်း။
၁၁။ ပဋိညာဉ်သစ်တွင် အသက်ရှင်သောသူတို့ အဘယ်ကြောင့် ပို၍ပေးလှူအပ်သနည်း။
၁၂။ ခုနစ်ရက်တွင် ပထမနေ့၌ ပုံမှန်ပေးလှူရန် မိန့်ဆိုခြင်းသည် အဘယ်ကြောင့်နည်း။
၁၃။ များစွာကြဲလျှင် မည်ကဲ့သို့ရိတ်သိမ်းရမည်နည်း။
၁၄။ ကျွန်ုပ်တို့သည် ........................ လှူရ၏။
၁၅။ နှမြောစိတ်နှင့် လှူခြင်းသည် မှားယွင်းပါသလား။
၁၆။ ....................စိတ်ဖြင့် လှူသောသူကို ဘုရားသခင်နှစ်သက်တော်မူ၏။
၁၇။ ..........................ခြင်းအရာထက် ..........................ခြင်းအရာသည် သာ၍မင်္ဂလာရှိ၏။
၁၈။ ကျမ်းစာသွန်သင်သည့်အတိုင်း ပေးလှူခြင်းမရှိသောသူသည် ခရစ်ယာန်ဟု ခေါ်ဝေါ်နိုင်မည်လား။
၁၉။ ပေးကမ်းလှူဒါန်းခြင်းအတွက် မည်သည့်ကောင်းချီးမျိုးကို ခံစားရမည်နည်း။

* * *

# အခန်း - ၂၃
## ခရစ်ယာန်အသက်တာ

လောကထဲသို့ မည်သူတစ်ယောက်မျှ ခရစ်ယာန်အဖြစ် မွေးဖွားလာခြင်းမရှိ။ ထိုနည်းတူပင် တစ်ဦးတစ်ယောက်က မိမိကိုယ်မိမိ ခရစ်ယာန်ဖြစ်သည်ဟု ဆိုရုံမျှနှင့် ခရစ်ယာန်ဖြစ်မလာပါ။ ခရစ်ယာန်တစ်ယောက် ဖြစ်ရန်အတွက် လူသည် ခရစ်တော်၏ ဧဝံဂေလိတရားကို လိုက်နာလိုက်လျှောက်ပြီး ဆက်လက်၍ ထိုတရားတွင် တည်နေသွားနိုင်ရန် ခရစ်ယာန်အသက်တာကို လိုက်လျှောက်ရပေမည်။

ပင်တေကုတ္တေပွဲနေ့၌ ပထမဆုံးပြောင်းလဲသူများနှင့် ပတ်သက်၍ 'ထိုသူများသည် တမန်တော်တို့၏ ဆုံးမဩဝါဒကိုခံခြင်း၊ အပေါင်းအသင်းဖွဲ့ခြင်း၊ မုန့်ကိုဖဲ့ခြင်း၊ ပဋ္ဌနာပြုခြင်းတို့ကို အမြဲဆောင်ရွက်နေကြ၏။' (တမန် ၂း၄၂)ဟူ၍ ဖော်ပြထားသည်။

အများအားဖြင့် ဓမ္မသစ်အရေးအသားများသည် ခရစ်ယာန်များ ဘုရားရှင်ကို သစ္စာရှိစေရန် ခွန်အားပေးနေခြင်းများဖြစ်သည်။ ဦးစွာ ကျမ်းချက်အချို့ကို ဖတ်ကြည့်ကြပါစို့။ 'ထို့ကြောင့် ငါချစ်သော ညီအစ်ကိုတို့၊ သင်တို့သည် သခင်ဘုရား၏အမှုတော်ကို ဆောင်ရွက်၍ အကျိုးကြီးသည်ကို သိမှတ်သဖြင့် တည်ကြည်သောစိတ်နှင့် ပြည့်စုံ၍ မရွေ့မလျော့ မတိမ်းယိမ်းဘဲလျက်၊ သခင်ဘုရား၏အမှုတော်ကို ကြိုးစားအားထုတ်ကြလော့။' (၁ ကော ၁၅း၅၈) ရှင်ယာကုပ်ကလည်း 'ကိုယ့်ကိုယ်ကို လှည့်ဖြား၍၊ နှုတ်ကပတ်တရားကို နာရုံမျှသာ ပြုသောသူမဟုတ်၊ တရားကို ကျင့်သောသူဖြစ်ကြလော့။' (ယာကုပ် ၁း၂၂) ဟု

ဆိုသည်။ ထို့မျှမက '........ကိုယ်ကိုကယ်တင်ခြင်း၌ ကိုယ်တိုင်ကြိုးစားအားထုတ်ကြလော့။' (ဖိလိပ္ပိ ၂း၁၂)ဟူ၍လည်း ကျမ်းချက်လာပေသည်။

ထို့နောက် ခရစ်ယာန်အသက်တာ လိုက်လျှောက်လိုသူများထံမှ မျှော်လင့်ရသည့် အချက်များကို ပို၍သတိပြုပြီး လေ့လာမည်။ အရေးကြီးသော တာဝန်တစ်ရပ်မှာ ဘုရားရှင်ကို ဝတ်ပြုကိုးကွယ်ခြင်းဖြစ်သည်။ ခုနစ်ရက်တွင် ပထမနေ့ရက်၌ စုဝေး၍ ဘုရား၏ ဂုဏ်တော်ကို ချီးမွမ်း၍ ဝတ်ပြုခြင်းဖြင့် မိမိကိုယ်မိမိ သွန်သင်နိုးဆော်ရာ၏။ 'လူအချို့တို့၏ ထုံးစံရှိသည့်အတိုင်း၊ အချင်းချင်း စည်းဝေးခြင်းအမှုကို မရှောင်မလွှဲကြနှင့်၊ အချင်းချင်းတို့ကို တိုက်တွန်းနှိုးဆော်ကြလော့၊ ကာလအချိန်ရောက်လုနီးသည်ကို ထောက်သဖြင့် ⁄သာ၍ကြိုးစားကြလော့။' (ဟေဗြဲ ၁ဝး၂၅) သန့်စင်သောဘာသာရေးကို ကျင့်သုံးရမည်။ ဤတွင် လိုအပ်သူများကို ကူညီခြင်းလည်း ပါဝင်ပါသည်။ ယာကုပ်က 'ခမည်းတော်ဘုရားသခင်ရှေ့၌ စင်ကြယ်သန့်ရှင်းသောသီလဟူမူကား၊ မိဘမရှိသော သူငယ်တို့နှင့် မုဆိုးမတို့သည် ဆင်းရဲခံရသောအခါ သူတို့ကိုကြည့်ရှုပြုစုခြင်း၊ ကိုယ်တိုင်လည်း လောကီအညစ်အကြေးနှင့် ကင်းစင်အံ့သောငှာ စောင့်ရှောက်ခြင်းပေတည်း။' (ယာကုပ် ၁း၂၇)ဟူ၍ ဆိုထားသည်။ 'ပျောက်ဆုံးနေသူများထံသို့ ဧဝံဂေလိတရား သယ်ယူပေးသူလည်း ဖြစ်ရမည်။ ခရစ်တော်က ဧဝံဂေလိသွန်သင်ပြောကြားရန် မိန့်မှာတော်မူ၏။ ပေါလုကလည်း ကျွန်ုပ်တို့ကို ထိုဧဝံဂေလိတရား ဟောပြောရမည်ဟု ဆို၏။ (မာကု ၁၆း၁၅၊ ၂ တိ ၄း၂)

ဘုရားရှင်အတွက် အသက်ရှင်ခြင်းတွင် နှစ်ဘက်နှစ်လမ်းရှိသည်။ မလုပ်အပ်သောအရာများရှိသည့်နည်းတူ အသက်တာတစ်ခုတွင် လိုအပ်သောအရာများ တွေ့ရှိနိုင်ရန်လိုပေသည်။ ယင်းနှင့်ပတ်သက်၍

ပေါလုက ဇာတိပကတိအလုပ်နှင့်ဝိညာဉ်အလုပ်ဟူ၍ ခွဲခြားထားပါသည်။ 'ဇာတိပကတိအကျင့်တို့သည် ထင်ရှားကြ၏။ ထိုအကျင့်တို့မှုကား.... သူ့မယားကိုပြစ်မှားခြင်း၊ မတရားသောမေထုန်ဒွိမှီဝဲခြင်း၊ ညစ်ညူးစွာကျင့်ခြင်း၊ ကိလေသာလွန်ကျူးခြင်း၊ ရုပ်တုကို ကိုးကွယ်ခြင်း၊ သူတစ်ပါးကို ပြုစားခြင်း၊ ရန်ညှိုးဖွဲ့ခြင်း၊ ရန်တွေ့ခြင်း၊ ဂုဏ်ပြိုင်ခြင်း၊ အမျက်ထွက်ခြင်း၊ ငြင်းခုံခြင်း၊ အချင်းချင်းကွဲပြားခြင်း၊ သင်းကွဲခြင်း၊ သူ့အကျိုးကိုငြူစူခြင်း၊ လူအသက်ကိုသတ်ခြင်း၊ ယစ်မျိုးကိုသောက်ကြူးခြင်း၊ ပွဲလုပ်ခြင်းမှစ၍ ထိုသို့သောအကျင့်ပေတည်း။ ထိုသို့သောအကျင့်ကို ကျင့်သောသူတို့သည် ဘုရားသခင်၏နိုင်ငံတော်ကို အမွေမခံကြရဟု အထက်ကငါပြောနှင့်ခဲ့ပြီးသည်အတိုင်း ယခုပင်လည်းငါပြောနှင့်၏။ ဝိညာဉ်ပကတိ၏အကျိုးမှုကား... ချစ်ခြင်း၊ ဝမ်းမြောက်ခြင်း၊ ငြိမ်သက်ခြင်း၊ စိတ်ရှည်ခြင်း၊ ကျေးဇူးပြုခြင်း၊ ကောင်းမြတ်ခြင်း၊ သစ္စာစောင့်ခြင်း၊ နူးညံ့သိမ်မွေ့ခြင်း၊ ကာမဂုဏ်ချုပ်တည်းခြင်းပေတည်း။ ထိုသို့သော အကျင့်ကို အဘယ်တရားမျှမမြစ်တား။ ခရစ်တော်နှင့်စပ်ဆိုင်သောသူတို့သည် ဇာတိပကတိကိုလည်းကောင်း၊ ဇာတိပကတိစိတ်များနှင့် အလိုဆန္ဒများကိုလည်းကောင်း လက်ဝါးကပ်တိုင်မှာ ရိုက်ထားကြပြီ။ သို့ဖြစ်၍ ငါတို့သည် ဝိညာဉ်ပကတိကြောင့် အသက်ရှင်လျှင် ဝိညာဉ်ပကတိအတိုင်း ကျင့်ကြကုန်အံ့။ အချည်းနှီးသော ကျော်စောကီတ္တိကိုတပ်မက်ခြင်း၊ အချင်းချင်း ချုပ်ချယ်နှောင့်ယှက်ခြင်း၊ အချင်းချင်းငြူစူခြင်းတို့ကို ရှောင်၍နေကြကုန်အံ့။' (ဂလာတိ ၅း၁၉–၂၆)။ တမန်တော်ပေါလုက ဆက်လက်၍ 'အကြောင်းမှုကား မင်္ဂလာရှိသော မျှော်လင့်ရာကိုလည်းကောင်း၊ ကြီးမြတ်သော ဘုရားသခင်တည်းဟူသော ငါတို့ကိုကယ်တင်တော်မူသော အရှင်သခင် ယေရှုခရစ်၏ ဘုန်းအသရေတော်

ထင်ရှားပေါ်ထွန်းခြင်းကိုလည်းကောင်း၊ ငါတို့သည် မျှော်လင့်လျက် ဘုရားမဲ့–တရားမဲ့နေခြင်း၊ လောကီတပ်မက်ခြင်းကို ပယ်ရှားလျက်၊ ယခုဘဝ၌ ဣန္ဒြေစောင့်ခြင်း၊ တရားသဖြင့်ကျင့်ခြင်း၊ ဘုရားဝတ်၌ မွေ့လျော်ခြင်းတို့ကို ပြုနေရမည်အကြောင်း၊ ငါတို့ကို ဆုံးမသွန်သင်၍ လူအပေါင်းတို့ကို ကယ်တတ်သော ဘုရားသခင်၏ ကျေးဇူးတော်သည် ထင်ရှားပေါ်ထွန်းလျက်ရှိ၏။' (တိတု ၂း၁၁–၁၃)ဟူ၍ ပြောထားသည်။ မည်သည့်အရာပြုရမည်ကို ခရစ်ယာန်များအား ပြောပြထားရုံမက လုပ်ဆောင်ခြင်းမပြုရမည့် အရာများကိုလည်း ပြောထားသည်။ ဤနှစ်ရပ်စလုံးသည် ခရစ်ယာန်အသက်ရှင်မှုအတွက် အရေးကြီးပါသည်။

ခရစ်ယာန်အသက်ရှင်ခြင်းနှင့်ပတ်သက်၍ အချို့သောအချက်များကို ပို၍ သတိပြုကြည့်ကြပါစို့။ ဘုရားကိုချစ်ရမည် (မဿဲ ၂၂း၃၇)၊ ကိုယ်နှင့် စပ်ဆိုင်သောသူကို ကိုယ်နှင့်အမျှ ချစ်ရမည် (မဿဲ ၂၂း၃၉) ဘုရားရှင်၏ နှုတ်ကပတ်တော်ကို လေးစားရမည် (ဗျာဒိတ် ၂၂း၁၀–၁၉)၊ ဆုတောင်းရမည် (၁သက် ၅း၁၇)၊ အကြွေးကင်းရမည်(ရောမ ၁၃း၈)၊ အလုံးစုံ၌ သစ္စာရှိရမည်(ရောမ ၁၂း၁၇)၊ မိသားစုကို ပြုစုစောင့်ရှောက်ရမည်(၁တိ ၅း၈)။ ခြုံ၍ကြည့်သော် ဘုရားသခင်၏ အလိုကို ဆောင်ရွက်ရမည် (မဿဲ ၇း၂၁)၊ ပေါလုက အလုံးစုံသော ပြောဆိုမှု၊ ဆောင်ရွက်မှုတို့ကို သခင်ယေရှုခရစ်တော်နာမ၌ (ဝါ) သခင်ယေရှုခရစ်တော် မိန့်မှာသည့်အတိုင်း လုပ်ဆောင်ရန်ပြောဆိုထားသည်။ (ကော ၃း၁၇)

ခရစ်ယာန်အသက်တာသည် လွယ်ကူသည်မဟုတ်။ ခရစ်ယာန်ဖြစ်လျှင်လည်း အလုပ်အကိုင် အနေအထိုင် လွယ်ကူခြင်းရှိသည်ဟု စိတ်ချ၍မရနိုင်ပါ။ ခက်ခဲမှု၊ ဖိနှိပ်ညှင်းဆဲမှု ကင်းမဲ့မည်ဟူ၍မဟုတ်ပါ။

သို့သော် ခရစ်ယာန်ဖြစ်လာခြင်းနှင့် ခရစ်ယာန်အသက်တာတို့ လိုက်လျှောက်ခြင်းသည် ယခုအသက်တာ၊ နောင်လာမည့်အသက်တာတို့တွင် ကောင်းချီးများ ခံစားရပြီး ကယ်တင်ခြင်းကို ရမည်အမှန်ဖြစ်သည်။

ထို့ကြောင့် ခရစ်ယာန်မဖြစ်လာမီ အဖိုးအခကို ရေတွက်သင့်သည်။ ခရစ်ယာန်တစ်ယောက်ဖြစ်လာရန် စိတ်ဆုံးဖြတ်ပါက ရှိသမျှအလုံးစုံကို ပေးအပ်နိုင်ရပေမည်။ အယောင်အဆောင်မဟုတ်ဘဲ ဘုရားရှင်၌ မြှုပ်နှံရမည်။ လူသားများကို လှည့်စားသူမဟုတ်ဘဲ စစ်မှန်ရိုးသားမှုနှင့် ကူညီမစရမည်။ သစ္စာရှိစွာအသက်ရှင်ခြင်း ရှေ့လျှောက်ပါကလည်း လဲလျောင်းပြီး ပျောက်ဆုံးသွားပေမည်။

သမ္မာကျမ်းစာသည် သစ္စာရှိသော ခရစ်ယာန်သာ ဆုကျေးဇူးကို ရမည်ဟု သွန်သင်ပါသည်။ ခရစ်ယာန်အသက်တာသို့ ဝင်ရောက်လျှင် ပန်းတိုင်သို့ မနေမနား ကြိုးစားပြေးရပေမည်။

'သေသည့်တိုင်အောင် သစ္စာစောင့်လော့၊ အသက်သရဖူကို ငါပေးမည်။' (ဗျာ ၂း၁၀)ဟူ၍ ကတိတော်ရှိပါသည်။

## မေးခွန်းများ

၁။ လောကထဲသို့ ခရစ်ယာန်တစ်ယောက်အဖြစ် ဖွားမြင်လာသောသူ ရှိပါသလား။

၂။ ခရစ်ယာန်တစ်ဦး မည်သို့ဖြစ်လာပါသနည်း။

၃။ ဓမ္မသစ်ကျမ်းသည် အများအားဖြင့် မည်သူတို့အား ဦးတည်ထားသနည်း။

၄။ ကျွန်ုပ်တို့သည် ................၊ ..............၊ ဘဲလျက် ဘုရားသခင်၏ အမှုကို ကြိုးစားအားထုတ်ကြလော့။

၅။ ဘုရားသခင်အား ........ရန် ခရစ်ယာန်သည် ယုံကြည်သူများနှင့် ဘုရားသခင်နေ့၌ တွေ့ဆုံစည်းဝေးမှုကို မရှေ့လျော့စေရ။
၆။ စင်ကြယ်သန့်ရှင်းသော သီလပြုမှု၌ ........ကြည့်ရှုပြုစုခြင်းလည်း ပါ၏။
၇။ ခရစ်ယာန်သည် ဧဝံဂေလိနှင့် ပတ်သက်၍ မည်သို့ဆောင်ရွက်ရမည်နည်း။
၈။ ခရစ်ယာန်အသက်ရှင်မှု၌ ဘယ်နှစ်ဘက်၊ ဘယ်နှစ်လမ်း ရှိပါသနည်း။
၉။ မလုပ်အပ်သော အရာများကိုသာ မလုပ်မိရန် ကျွန်ုပ်တို့ ကြိုးစားအပ်သလား။
၁၀။ ကောင်းသော အမှုပြုရန်သာ ကျွန်ုပ်တို့ ကြိုးစားအပ်သလား။
၁၁။ ဇာတိပကတိ၏ လုပ်ရပ်အချို့ကား အဘယ်နည်း။
၁၂။ ဝိညာဉ်ပကတိ၏ လုပ်ရပ်အချို့ကား အဘယ်နည်း။
၁၃။ လောက၌ မည်သို့အသက်ရှင်ရမည်နည်း။
၁၄။ ပိုမိုတိကျသော မိန့်မှာချက်အချို့ကား အဘယ်နည်း။
၁၅။ ခရစ်ယာန်အသက်ရှင်မှုသည် လွယ်ကူပါသလား။
၁၆။ ခရစ်ယာန်ဖြစ်ခြင်းအမှုသည် အလုပ်အကိုင် သေချာမှုပင်လား၊ လွယ်ကူသော အသက်တာနေထိုင်ရရန်လား။
၁၇။ ခရစ်ယာန်အသက်တာသည် ဖိနှိပ်ညှင်းဆဲမှုမှ ကာကွယ်လုံခြုံသော အသက်တာများ ဖြစ်ပါသလား။
၁၈။ ခရစ်ယာန်အသက်တာအတွက် ရရှိမည့် ကတိတော်ကား အဘယ်နည်း။

*  *  *

# အခန်း ၂၄
# လမ်းလွဲသောခရစ်ယာန်

ခရစ်ယာန်တစ်ယောက်သည် ကျေးဇူးတော်မှ ရွေ့လျော့ကျဆင်းသွားနိုင်ပါသလား။ တစ်နည်းဆိုသော် ခရစ်ယာန်တစ်ဦးသည် ပျောက်ဆုံးနိုင်သည်အထိ အပြစ်လုပ်မိနိုင်ပါသလား။ များသောအားဖြင့် မလုပ်နိုင်ဟုဆိုကြမည်။ သမ္မာကျမ်းစာကမူ လုပ်မိ၊ ဖြစ်မိနိုင်သည်ဟု ဆိုထားသည်။ ထိုသို့ဆိုသော် ခရစ်ယာန်တစ်ဦးသည် ကျဆင်းရွေ့လျော့ပြီးမှသာ သစ္စာမဲ့သူဖြစ်သွားသည်ဟု ဆိုလိုခြင်းမဟုတ်ပါ။ ဆိုလိုရင်းမှာ ထိုသူသည် ယခင်ဖြစ်ဖူးသည့်နည်းတူ ယခုလည်း ဖြစ်လာနိုင်ကြောင်းပင်ဖြစ်သည်။

ပဋိညာဉ်သစ်တွင် တွေ့ရသော သတိပေးချက်တိုင်းသည် ခရစ်ယာန်တစ်ယောက် ချွတ်ချော်မှားယွင်းသော ဘုရားရှင်သားသမီးတစ်ယောက် ဖြစ်လာနိုင်ကြောင်းများကို အကြံပြုထားပါသည်။ ထိုသို့မဖြစ်လာနိုင်ပါဟုဆိုလျှင် အဘယ်ကြောင့် ထိုသတိပေးချက်များ ဖော်ပြထားပါသနည်း။ ထင်ရှားလှသော မိန့်မှာချက်များသည်လည်း ပျောက်ဆုံးသည်အထိ အပြစ်လုပ်မိနိုင်ကြောင်း သာဓကပြနေပါသည်။ ထိုမိန့်မှာချက်များကို ယုံကြည်သူ ခရစ်ယာန်တစ်ယောက် နာခံခြင်းမရှိပါကမည်သို့ဖြစ်လာမည်နည်း။ ဘုရားသခင်စကားကို နာမခံ၍ ပျောက်ဆုံးခြင်းသို့ ဦးတည်မည်မဟုတ်ပါလား။ ပျောက်ဆုံးလေမည်အမှန်ဖြစ်သည်။

ဖော်ပြပါအချက်များသည် မှန်ကန်သည်သာမက ထိုမှားယွင်းသော ခရစ်ယာန်သည် ဘုရားသခင်အပေါ် မိမိမူလထားရှိသော အချစ်ကို ပြန်လည်စုစည်းထားပြန်ရန် ကျမ်းစာက သွန်သင်ပါသည်။ ယာကုပ်က

'အချင်းချင်း တစ်ယောက်နှင့်တစ်ယောက် ကိုယ့်အပြစ်ကို ဖော်ပြတောင်း ပန်ကြလော့။ ချမ်းသာရမည်အကြောင်း အချင်းချင်းတို့အဖို့ ဆုတောင်း ကြလော့။ သူတော်ကောင်းဆုတောင်း၍ အရှိန်ကြီးသောပဌနာသည် အလွန်တန်ခိုးပါ၏။' (ယာကုပ် ၅း၁၆)ဟူ၍ နောင်တတရားကို တိကျစွာ မဖော်ထားသော်လည်း လိုအပ်ချက်တစ်ရပ်ဖြစ်ကြောင်း ပြောထားသည်။ ထိုသို့မှားယွင်းသော ခရစ်ယာန်သည် အပြစ်မှရပ်တန့်ကျောခိုင်းပြီး ပြန်လှည့်ကာ ဝန်ခံရန် လိုအပ်ပါသည်။ ထို့နောက် ဝိညာဉ်ကုသမှု သို့မဟုတ် အပြစ်ဖြေလွှတ်မှုအတွက် ဆုတောင်းအသနားခံရန် လိုပေ သည်။

ထို့ကြောင့် ယုံကြည်သူတစ်ယောက်သည် ဘုရားသခင်အား စိတ်နှလုံး၌ ပြစ်မှားလျှင် နောင်တရပြီး ဘုရားအားဝန်ခံလျက် အပြစ် လွှတ်ရန် အသနားခံရပါမည်။ ကိုယ်နှင့်စပ်ဆိုင်သူအား သို့မဟုတ် မိတ်ဆွေတစ်ဦးအား ပြစ်မှားမိသော် ထိုသူရှေ့ ဤအမှုကိုဝန်ခံ တောင်း ပန်ပြီး အပြစ်လွှတ်ရန် အသနားခံရပေမည်။ မည်သို့ပင်ဖြစ်စေ အသင်း တော်တစ်ခုလုံးနှင့် ပတ်ဝန်းကျင်ကြားသိအောင် အပြစ်လုပ်မိပါက အ သင်းတော်ရှေ့ ထိုအမှုကို ယူဆောင်ရမည်။ အပြစ်ကျူးလွန်သူအား နောင်တတရားသည် ထိုသို့ပြုစေရန် စင်စစ်ပို့ဆောင်ပေးမည်ဖြစ်သည်။ ယာကုပ် ၅း၁၆ ကလည်း အပြစ်လွှတ်ခြင်း ခွင့်ရစေရန် နောင်တတရား သည် ယုံကြည်သူအား ပို့ဆောင်သည် မှန်သော်လည်း တစ်ဦးနှင့်တစ် ဦး ဝန်ခံတောင်းပန်ခြင်း၊ ဘုရားသခင်အား ဆုတောင်းအသနားခံခြင်း တို့လည်း အရေးကြီးကြောင်းတင်ပြထားသည်။ ထို့ကြောင့် အများရှေ့၌ ပြစ်မှားခြင်းအတွက် အများရှေ့၌ ဝန်ခံတောင်းပန်ခြင်းသည် အရေးကြီး သည်။ ပြစ်မှားမိသူ ယုံကြည်သူတစ်ဦး အပြစ်လွှတ်ခြင်း ခွင့်ရရန်အ

တွက် ဘုရားရှင်အလိုတော်ရှိသော အချက်များဖြစ်သည်။ သို့မဟုတ်လျှင် ထိုယုံကြည်သူသည် ပျောက်ဆုံးပေမည်။

ဓမ္မသစ်ကျမ်းတွင် တစ်ခုထက်မကသော ဥပမာများကို တွေ့ရှိနိုင်သည်။ မှော်ဆရာရှိမုန်သည် လူများကို မှော်ဆရာအနေဖြင့် လှည့်စားနေခဲ့သည်။ ရှမာရိပြည်သို့ ဖိလိပ္ပုသွားရောက်ပြီး ဧဝံဂေလိဟောပြောသွန်သင်ရာတွင် လူအများကြားနာ၍ ဧဝံဂေလိတရားကို နာခံကြသည်။ ထိုတွင် ရှိမုန်တစ်ယောက် အပါအဝင်ဖြစ်ခဲ့သည်။ ဤအမှုကို ဖတ်ကြည့်ရာ 'ရှိမုန်သည်လည်း ကိုယ်တိုင်ယုံကြည်သည်ဖြစ်၍ ဗတ္တိဇံကိုခံပြီးမှ ဖိလိပ္ပုထံ၌ မှီဝဲဆည်းကပ်သဖြင့်၊ ထူးဆန်းသော တန်ခိုးကြီးသော နိမိတ်လက္ခဏာများမြင်၍ မိန်းမောတွေဝေလျက် ရှိလေ၏။ ရှမာရိမြို့သားတို့သည် ဘုရားသခင်၏ နှုတ်ကပတ်တော်ကို ခံယူကြပြီဟု ယေရုရှလင်မြို့၌ရှိသော တမန်တော်တို့သည် သိကြားလျှင် ပေတရုနှင့်ယောဟန်တို့ကို စေလွှတ်ကြ၏။ ထိုမြို့သူမြို့သားတို့သည် သခင်ယေရှုနာမ၌ ဗတ္တိဇံကို ခံရုံမျှသာရှိသဖြင့်၊ တစ်စုံတစ်ယောက်သောသူအပေါ်၌ သန့်ရှင်းသောဝိညာဉ်တော်သည် သက်ရောက်မမူသေးသည်ဖြစ်၍၊ တမန်တော်တို့သည် ရောက်ကြလျှင် ဝိညာဉ်တော်ကို ခံရမည်အကြောင်း ထိုမြို့သူ–မြို့သားတို့အဖို့ ဆုတောင်း၍ ထိုသူတို့အပေါ်၌ လက်ကိုတင်သောအားဖြင့် သူတို့သည် သန့်ရှင်းသောဝိညာဉ်တော်ကို ခံရကြ၏။ တမန်တော်တို့လက်ကိုတင်သောအားဖြင့် သန့်ရှင်းသောဝိညာဉ်တော်သက်ရောက်သည်ကို ရှိမုန်မြင်လျှင် ငွေကိုယူဆောင်ခဲ့၍ အကျွန်ုပ်၏လက်တင်ခြင်းကို ခံယူသောသူသည် သန့်ရှင်းသောဝိညာဉ်တော်ကို ခံရမည်အကြောင်း အကျွန်ုပ်အားအခွင့်ပေးပါဟုတောင်းသော်၊ ပေတရုက ဘုရားသခင်၏ကျေးဇူးတော်ကို ငွေနှင့်ဝယ်ယူမည်ဟုအကြံရှိသောကြောင့်၊

သင်နှင့်တကွ သင်၏ငွေသည် ပျက်စီးခြင်းသို့ရောက်ပါစေ။ သင်သည် ဤအမှုအရာနှင့် မဆက်ဆံသောသူဖြစ်၏။ အကြောင်းမူကား...သင်၏ စိတ်နှစ်လုံးသည် ဘုရားသခင်ရှေ့တော်၌ ဖြောင့်မတ်ခြင်းမရှိ၊ ထို့ကြောင့် သင်သည် ယခု ဆိုးညစ်သောအမှုကို နောင်တရလော့၊ သင်၏စိတ် နှလုံး၌ ကြံစည်ခြင်းအပြစ်ကို လွှတ်ကောင်းလွှတ်လိမ့်မည်ဖြစ်၍ ဘုရား သခင်ကိုတောင်းပန်လော့၊ သင်သည် ခါးစွာသောသည်းခြေစွဲသည်ဖြစ် ၍၊ ဒုစရိုက်အနှောင်အဖွဲ့နှင့်မလွတ်ကြောင်းကို ငါသိမြင်သည်ဟုဆို၏။ ရှိမုန်ကလည်း မိန့်တော်မူသောအရာတစ်စုံတစ်ခုမျှ အကျွန်ုပ်အပေါ်သို့ မရောက်ပါမည်အကြောင်း၊ ထာဝရဘုရားကို အကျွန်ုပ်အဖို့အလို့ငှာ ဆုတောင်းတော်မူကြပါဟု ပြန်ပြော၏။' (တမန် ၈း၁၃-၂၄) မည်သို့ တွေ့ရပါသနည်း။ ခရစ်ယာန်တစ်ယောက် ပြစ်မှားကြောင်းတွေ့ရသည်။ အဘယ်သို့ပြုရန် မှာကြားခြင်းခံရသနည်း။ နောင်တရ၍ အပြစ်ဖြေလွှတ် လိုဖြေလွှတ်ငြား ဆုတောင်းခိုင်းပါသည်။ ထိုသူလုပ်ဆောင်ပါသလား။ လုပ်ဆောင်ရုံမက ထိုအရာများ သူ့အပေါ် မကျရောက်စေရန် ရှင်ပေတရု ကို ဆုတောင်းခိုင်းပါသည်။ ထိုသည်မှာ အပြစ်ကို ဝန်ခံလျက် အပြစ် လွှတ်ခြင်းကို လိုလားသောကြောင့်ပင်ဖြစ်သည်။

ရှင်လုကာ ၁၅ ခန်းမြောက်တွင်လည်း ပျောက်ဆုံးသောသား၏ ဥပမာကို တွေ့နိုင်သေးသည်။ အဦး၌ သူသည် ဖခင်နှင့်အတူရှိပြီး ထွက်ခွာသွားသည်။ နောက်ဆုံး အပြစ်နွံအတွင်းမှ မိမိကိုယ်ကိုမိမိသိပြီး နဂိုမူလနေရာသို့ပြန်ရန် စိုင်းပြင်းသည်။ ပြစ်မှားကြောင်းဝန်ခံ၍ ပြန် လည်လက်ခံရန် အဖအားအသနားခံသည်။ ဖခင်သည် လက်ခံသည်။ ဘုရားသခင်ထံမှ မှားယွင်းမှုဖြင့် ကွာဝေးသွားခဲ့သော ဘုရားသခင်၏ သားဖြစ်ပြီး နောက်တရပြီး၊ ဝန်ခံခြင်း၊ ပြန်လည်အသနားခံခြင်းဖြင့်

ဖခင်၏ခွင့်လွှတ်ခြင်းကို ရယူခဲ့လေသည်။

ခရစ်ယာန်တစ်ယောက်သည် အပြစ်ကျူးလွန်ပြီး လဲလျောင်းသွားသော်၊ သို့မဟုတ် အသင်းတော်ကို ရပ်ဆိုင်းထားလိုက်သော် ထိုသူသည် ထိုအခြေ၌ပင် ပျောက်ဆုံးနေပေသည်။ ထိုသို့ဆက်လက်၍သာ နေသွားခဲ့ပါလျှင် အမှန်တကယ်ပင် ပျောက်ဆုံးသွားပေမည်။ သို့မဟုတ်လျှင် နောင်တရ၊ အပြစ်ဝန်ခံ၊ အပြစ်လွှတ်ခွင့် ဆုတောင်းအသနားခံပြီး ဘုရားသခင်အတွက် အသက်ရှင်နိုင်ပါသည်။ တစ်ဦးတစ်ယောက်သည် ခရစ်ယာန်ဖြစ်လာပြီးလျှင် ကိုယ်ထင်သည့် နည်းဟောင်းအတိုင်း ဆက်လက်နေသွားဖြင်းဖြင့် ကောင်းကင်နိုင်ငံသို့ မရောက်နိုင်။ အသက်သရဖူကိုရယူလိုလျှင် ထိုသူသည် သမ္မာကျမ်းစာသွန်သင်သည့်အတိုင်း လိုက်လျှောက်ရပေမည်။

## မေးခွန်းများ

၁။ ခရစ်ယာန်တစ်ယောက်သည် ကျေးဇူးတော်မှ ကျဆင်းသွားနိုင်ပါသလား။

၂။ ပဋိညာဉ်သစ်တွင် သတိပေးနှိုးဆော်ချက်များသည် အဘယ်အရာကို အကြံပြုနေကြပါသနည်း။

၃။ ဘုရားသခင်စကား နာခံလိုက်လျှောက်မှုရှေ့လျော့လျှင် ထိုခရစ်ယာန်သည် မည်သည့်အခြေ၌ ရှိမည်နည်း။

၄။ လမ်းလွဲသောခရစ်ယာန်သည် ဘုရားရှင်၏ ခွင့်လွှတ်ချက်ရရန် မည်သည့်လုပ်ဆောင်ချက် သုံးရပ်ကို ပြုရမည်နည်း။

၅။ စိတ်နှလုံး၌သာ ပြစ်မှားသူသည် အဘယ်သို့ပြုအပ်သနည်း။

၆။ သူတစ်ပါးကို ပြစ်မှားသူသည် အဘယ်သို့ပြုရမည်နည်း။

၇။ အသင်းတော်တစ်ခုလုံးကို ပြစ်မှားသူသည် မည်သို့ပြုရမည်နည်း။
၈။ ဘုရားသခင်ထံပြန်လှည့်ရန် ငြင်းဆန်သူသည် မည်သို့ဖြစ်ရမည်နည်း။
၉။ မှော်ဆရာရှိမုန်သည် အဘယ်အမှုကို ကြိုးစားခဲ့သနည်း။
၁၀။ ပေတရုသည် ရှိမုန်အား အဘယ်သို့ပြောကြားခဲ့သနည်း။
၁၁။ ရှိမုန်သည် မည်သို့တုံ့ပြန်ခဲ့သနည်း။
၁၂။ ပျောက်ဆုံးသောသား ပုံပမာတွင် ဖခင်လုပ်သူသည် မည်သူ့ကို ပုံဆောင်ပါသနည်း။
၁၃။ ပျောက်ဆုံးသောသားသည် မည်သူ့ကို ပုံဆောင်သနည်း။
၁၄။ ဖခင်၏ လုံခြုံမှုဖြစ်သော နေအိမ်မှ ဆင်းသွားသောသားသည် အဘယ်အမှုကို ပြုသနည်း။
၁၅။ မိမိ၏ ဒုက္ခအခက်အခဲကို တွေ့မြင်လာသော် အဘယ်အမှုကို ထိုသူပြုသနည်း။
၁၆။ ထိုသူ၏ဖခင်သည် အဘယ်သို့ပြုသနည်း။
၁၇။ ခရစ်ယာန်တစ်ဦးသည် အဘယ်အမှုကို ပြုလျှင် ပျောက်ဆုံးပါသနည်း။
၁၈။ ပြန်မလှည့်ဘဲ ထိုအတိုင်းသာ ဆက်သွားလျှင် ထိုခရစ်ယာန်သည် အဘယ်သို့ ဖြစ်သွားမည်နည်း။
၁၉။ ဘုရားရှင်အတွက် ပြန်လည်အသက်ရှင်နိုင်ရန် အဘယ်အမှုကို ဦးစွာပြုရမည်နည်း။
၂၀။ အသက်သရဖူကို ရရန် ခရစ်ယာန်တစ်ယောက် မည်သို့အသက်ရှင်ရမည်နည်း။

* * *

# အခန်း - ၂၅
## အစာရှောင်ခြင်း

ဘာသာရေး စိတ်အားကြီးသူများသည် ကမ္ဘာအရပ်ရပ်၌ရှိပြီး အစာရှောင်ခြင်းကို အထူးအလေးထား ပြုမူလေ့ရှိပါသည်။ အစာရှောင်ခြင်းမှာ ဘာသာရေးဆိုင်ရာ အသစ်အဆန်းအမှုမဟုတ်ပါ။ ဘုရားရှင်၏ လူများသည် နှစ်ပေါင်းရာနှင့်ချီ၍ အစဉ်အဆက်က ပွဲနေ့၊ အခါသမယ များတွင် အစာရှောင်လေ့ရှိပါသည်။ မေးခွန်းတစ်ရပ်မှာ ယနေ့ခရစ်ယာန်များ အစာရှောင်ရန် ခရစ်တော်က သွန်သင်ခဲ့ပါသလား။

ဤမေးခွန်းကို ကျမ်းစာအရ လေ့လာခြင်းမပြုမီ အစာရှောင်ခြင်းသည် တစ်ဘက်စွန်းမရောက်လျှင် ကောင်းမွန်သော လုပ်ငန်းတစ်ခု ဖြစ်ကြောင်းကို သိထားရန်လိုပါသည်။ များသောအားဖြင့် အစာရှောင်သောသူအချို့သည် စစ်မှန်သော အစာရှောင်ခြင်းမျိုးကို မပြုဘဲ၊ ၎င်း၏ အနှစ်သာရကို သရော်နေကြသည်က များပါသည်။ ဘုရားရှင်၏ ဘုန်းတော်ကို ထင်ရှားစေရန်ထက် လူအထင်ကြီးခံလို၍၊ လူမြင်ကောင်းအောင်၊ လူအသိအမှတ်ပြုခံရအောင် ပြုနေသည့်သဘောက ပို၍များနေသည်ကို တွေ့ရပါသည်။ သူတစ်ပါးနှင့် တစ်မူထူးခြားရန်အတွက်၊ သူတစ်ပါးအား ကလဲ့စားချေရန်အတွက်၊ မိမိစိတ်ဆန္ဒများကို ချုပ်ကိုင်နိုင်ရန်အတွက် အစာရှောင်ခြင်းမျိုးများကို သမ္မာကျမ်းစာ၌ မည်သည့်နေရာတွင်မှ သွန်သင်ထားခြင်းမရှိပါ။ မည်သည့်အချိန်များ၌ အစာရှောင်ရမည်ဟူ၍လည်း သတ်မှတ်သွန်သင်ခြင်းမရှိပါ။ အစာကို အချိန်

ကန့်သတ်၍ ရှောင်ပြီး ကျန်သောအချိန်များမှာ စားသောက်လျက် ပျော်မြူးခြင်းမှာ အဓိပ္ပာယ်မရှိပါ။ နေ့အချိန်အစာရှောင်၍ ညပိုင်းတွင် လွန်ကျူးစွာ စားသောက်ခြင်းမှာလည်း သဘာဝမကျပါ။ မိမိကိုယ်မိမိ လှည့်စားရာသာကျပါ၏။

သမ္မာကျမ်းစာတွင် ဓမ္မဟောင်းကျမ်းကာလ၌ လူများသည် အစာရှောင်ခြင်းပြုကြောင်း တွေ့ရသည်သာမက ခရစ်တော်ကိုယ်တိုင် နေ့နှင့်ည ရက်ပေါင်း(၄၀)အစာရေစာမစားဘဲ အစာရှောင်ခဲ့သည်။ (မဿဲ – ၄) တပည့်တော်များကို အစာရှောင်ရန် သွန်သင်ခဲ့သော်လည်း၊ ဟန်ဆောင်လျှို့ဝှက်သောသူတို့နည်းတူ မဖြစ်ဖို့ သတိပေးတားမြစ်ခဲ့သည်။ 'သင်တို့သည် အစာရှောင်ခြင်း အကျင့်ကို ကျင့်သောအခါ လျှို့ဝှက်သောသူတို့နည်းတူ မျက်နှာညှိုးငယ်ခြင်းမရှိကြနှင့်၊ ထိုသူတို့သည် မိမိတို့အစာရှောင်သည်ကို လူများတို့ရှေ့မှာ ထင်ရှားစေခြင်းငှာ မိမိတို့ မျက်နှာကို ဖျက်တတ်ကြ၏။ ငါအမှန်အကန်ဆိုသည်ကား၊ ထိုသူတို့ သည် မိမိတို့အကျိုးကို ခံရကြ၏။ သင်သည် အစာရှောင်သောအခါ အစာရှောင်သည်ကို လူများတို့ရှေ့မှာ မထင်ရှားစေဘဲ၊ မထင်ရှားသော အရပ်၌ ရှိတော်မူသော သင်တို့အဖရှေ့တော်၌သာ ထင်ရှားစေခြင်းငှာ ခေါင်းကိုလိမ်းကျံလော့၊ မျက်နှာကိုလည်းသစ်လော့၊ မထင်ရှားသော အရာကို မြင်တော်မူသော သင်တို့အဖသည်၊ အကျိုးကိုထင်ရှားစွာ ပေးတော်မူလတ္တံ့။' (မဿဲ ၆း၁၆–၁၈) ထို့ကြောင့် ကိုယ်တော်သည် အစာရှောင်ခြင်းအမှုကို အပြစ်တင်တော်မမူ၊ စင်စစ်ကိုယ်တော်သည် တပည့်တော်များအား ဆုတောင်းအစာရှောင်ရန် မျှော်လင့်ပုံရှိသည်ဟု ဆင်ခြင်နိုင်သည်။ သူ့ခေတ်သူ့အခါက ဘာသာရေး ဟန်ဆောင်သမား များ၏ လူမြင်ကောင်းအောင်ပြုတတ်သော ဓလေ့ကိုသာ ရှုံ့ချပြစ်တင်

တော်မူခြင်းဖြစ်ပါသည်။ ခရစ်တော်က ကျွန်ုပ်တို့ အစာရှောင်လျှင် လူများမသိမမြင်ဘဲ ဘုရားရှင်အား တကယ်စစ်မှန်စွာ ဆက်ကပ်လျှင် ဘုရားသခင်စိတ်တော်နှင့် တွေ့နိုင်ပေမည်ဟု ဆိုလာသည်။

သို့သော် ပဋိညာဉ်သစ်ကျမ်း၌ အစာရှောင်ခြင်းကို ခရစ်ယာန်များ လုပ်ဆောင်ရမည့်တာဝန်တစ်ရပ်အနေဖြင့် သတ်မှတ်ခြင်းမရှိပါ။ အခွင့်အခါထူးများ၌လည်း ခရစ်ယာန်များ အစာရှောင်ဆုတောင်းရန် ပညတ်မထားပါ။ ဝတ်ပြုခြင်းအားဖြင့်မှာ အစာရှောင်ခြင်းကိုလည်း မိန့်မှာမထားပါ။ ဤအမှုကို ခရစ်ယာန်များ မိမိခံယူသည့်အတိုင်း လွတ်လပ်စွာ လုပ်ဆောင်ရန် ကိုယ်တော်က ခွင့်ပြုထားသည့် သဘောရှိပါသည်။ အစာရှောင်လိုသူများသည် လွပ်လပ်စွာ အစာရှောင်နိုင်သည်။ ဝတ်တစ်ခု အဖြစ် မလုပ်မနေရမဟုတ်ပါ။ ပညတ်ထားခြင်း မရှိသောကြောင့် ခရစ်ယာန် တစ်ယောက်သည် အခြားခရစ်ယာန် တစ်ယောက်အပေါ် ဤအမှုကို ချုပ်ကိုင်မှုမပြုရ၊ ချုပ်ကိုင်သော သူသည်သာ မှားယွင်းသော သူဖြစ်၏။

ခရစ်တော်သည် အစာရှောင်ခဲ့သည်ဟူသော ဥပမာကို တွေ့ရသော်လည်း၊ ကိုယ်တော်က မည်သူ့ကိုမျှ အစာရှောင်ရန် ပညတ်ထားကြောင်းမရှိပါ။ ဤအမှုကို တစ်ဦးတစ်ယောက်အား၊ တစ်ဦးတစ်ယောက်က ချုပ်ကိုင်လာသော ချုပ်ကိုင်သူသည် ခရစ်ယာန်တိုင်းအား ခရစ်တော်နည်းတူ ကားတိုင်ပေါ်တွင် အသတ်ခံအပ်သည်ဟု ချုပ်ကိုင်အပ်မည်လား။ ယုံကြည်ခြင်းခွန်အားဖြည့်တင်းမှုနှင့် ဘုရားနှင့်နီးကပ်မှုအတွက် ထိရောက်မှုမရှိလျှင် အစာရှောင်ခြင်းများသည် တန်ဖိုးမရှိ။

သို့သော် အဘယ်ကြောင့် အစာရှောင်ကြသနည်း။ ယေရှု အစာရှောင်ခဲ့ရာ၌ ဘုရားနှင့်နီးစေရန်၊ ခွန်အားရရန်၊ ဝိညာဉ်ရေးဆိုင်ရာ

အရာများအပေါ် စိတ်တည်နိုင်ရန်၊ မာနကို ကျော်လွှားနိုင်ရန် ရည်ရွယ်သည့်ပုံစံ ပေါ်လွင်ပါသည်။ ထို့အတူ ခရစ်တော်နောက်လိုက်များလည်း အစာရှောင်ရာ၌ ဤဦးတည်ချက်များ ဖြစ်အပ်ကြောင်း တွေ့နိုင်သည်။ အမြတ်အစွန်းရရန် ရည်ရွယ်ချက်ဖြင့် မဟုတ်ဘဲ ဝိညာဉ်ရေးရာ အကူအညီရရှိရန်အတွက်သာ အစာရှောင်ခဲ့ကြကြောင်း ဖြစ်သည်။

ယနေ့ ခရစ်ယာန်များအဘယ်ကြောင့် အစာရှောင်အပ်သနည်း။ လောကီဆိုင်ရာ တပ်မက်မှုများမှနေ၍ ဝိညာဉ်ရေးဆိုင်ရာ အရာများအပေါ်သို့ စိတ်ပြောင်းလွှဲ၍ တည်စေရန် ဘုရားရှင်နှင့် ပို၍နီးစေရန်၊ ပိုမိုဆုတောင်းလာနိုင်ရန်၊ ခွန်အားရနိုင်ရန်၊ အဟာန့်အတားမျိုးများကို ကျော်လွှားနိုင်ရန်၊ သန့်ရှင်းစွာ နေထိုင်နိုင်ရန် စသည်တို့သည် အစာရှောင်ခြင်း၏ ရည်ရွယ်ချက်အချို့ဖြစ်သောကြောင့်ဖြစ်သည်။

ခရစ်ယာန်များတွင်သော်လည်းကောင်း၊ ခရစ်ယာန်ဟု သမုတ်ခြင်းခံသောသူများတွင်သော်လည်းကောင်း၊ ယနေ့အစာရှောင်ခြင်း အနည်းငယ်သာရှိကြောင်း တွေ့ရသည်။ အစာရှောင်ခြင်းကို မိန့်မှာထားခြင်း မရှိသော်လည်း ခရစ်ယာန်အသက်တာတွင် နေရာမရှိခြင်းမဟုတ်ပါ။ ဤအမှု၌ တစ်ဘက်စွန်းရောက်ပြီး ပျက်စီးခြင်းသို့ရောက်စေမည့် အချင်းအရာမှလွှဲ၍ အစာရှောင်ခြင်းသည် နေရာမှန်ပါ၏။ ခရစ်ယာန်များသည် လူများမတွေ့စေဘဲ ဘုရားသိသော အစာရှောင်ခြင်းမျိုးကို ကောင်းစွာပြုနိုင်သည်။ လူသိရန်မလိုပါ။ ဘုရားသိလျှင် ကောင်းချီးခံစားရပေမည်။

တစ်စုံတစ်ရာ၏ ထုံးစံ၊ အစဉ်အလာ၊ အလေးချိန်လျှော့ရန်၊ ဂုဏ်ယူရန် စသည့်အတွက်ကြောင့် ရှောင်သော အစာရှောင်ခြင်းမျိုးများသည် အချည်းနှီးပင်ဖြစ်သည်။ ဘုရားရှင်နှင့် နီးကပ်စေရန် ပြုသော

အစာရှောင်ခြင်းမျိုးမှန်လျှင် ဘုရားသခင်ကောင်းချီးပေးပါမည်။ ဤအရာများသည် ဆင်ခြင်အပ်သော အရာများဖြစ်သည်။

## မေးခွန်းများ

၁။ အစာရှောင်ခြင်းအမှုသည် အသစ်အဆန်းဖြစ်ပါသလား။
၂။ တစ်ကမ္ဘာလုံးတွင် အစာရှောင်ခြင်းအမှုသည် လုပ်ရိုးလုပ်စဉ်ဖြစ်ပါသလား။
၃။ အစာရှောင်ခြင်းအမှု တစ်ဘက်စွန်းရောက်ခြင်းသည် မှားယွင်းပါသလား။
၄။ များသောအားဖြင့် အစာရှောင်ခြင်းသည် မည်သူ့မြင်ကွင်းအတွက်ဖြစ်သနည်း။
၅။ ဤအမှုကို ဘုရားရှင် နှစ်သက်တော်မူပါသလား။
၆။ နေ့တွင် ရှောင်ရှားပြီး ညအခါစားသောက်ခြင်းသည် မှန်ကန်သောအစာရှောင်ခြင်းမည်ပါသလား။
၇။ ခရစ်တော် အစာရှောင်ခဲ့ဖူးသလား။
၈။ လျှို့ဝှက်သောသူတို့ မည်ကဲ့သို့ အစာရှောင်သည်ကို ခရစ်တော်မည်သို့ ပြောပြသနည်း။
၉။ အဘယ်အရာနှင့် ဆန့်ကျင်၍ သတိပြုရန် ခရစ်တော်သည် မိမိတပည့်တော်များကို သတိပေးပါသနည်း။
၁၀။ ဘုရားသခင်သိဖို့ရန်အတွက် အစာရှောင်ခြင်းအမှုကို အများရှေ့ပြုလုပ်အပ်ပါသလား။

၁၁။ အခွင့်အခါ နေ့ရက်ထူးများ၌ အစာရှောင်ခြင်းအမှုပြုရန် မိန့်မှာချက်များ ရှိပါသလား။

၁၂။ အစာရှောင်ခြင်းအမှုသည် ဝတ်ပြုခြင်း၏ တစ်စိတ်တစ်ဒေသဖြစ်ပါသလား။

၁၃။ အစာရှောင်ခြင်းသည် မှားယွင်းပါသလား။

၁၄။ အဘယ်အမှုနှစ်ခုကို ဖြစ်စေခြင်းငှာ ထိရောက်မှုမရှိလျှင် အစာရှောင်ခြင်းသည် အကျိုးမရှိဖြစ်သနည်း။

၁၅။ အစာရှောင်ခြင်းအမှုမှ မည်သူသည် အခြေခံအကူအညီ ရရှိမည်ဖြစ်သနည်း။

၁၆။ ယနေ့အဘယ်ကြောင့် ခရစ်ယာန်များ အစာရှောင်ခြင်းပြုကြသနည်း။

၁၇။ ခရစ်ယာန်အများစု အစာရှောင်ကြပါသလား။

၁၈။ အစာရှောင်ခြင်းအတွက် အချည်းနှီးဖြစ်သော ဆင်ခြင်မှုများကား အဘယ်နည်း။

၁၉။ မှန်ကန်သော အစာရှောင်မှုပြုလျှင် မည်သည့်ရလဒ်ကို ရမည်နည်း။

* * *

# အခန်း - ၂၆
## မင်္ဂလာဆောင်ခြင်း

မင်္ဂလာဆောင်ခြင်းသည် ကမ္ဘာဦးစကပင် လူနှင့်အတူ ပေါ်ပေါက်ခဲ့သော အမှုပင်ဖြစ်သည်။ အစဦးကတည်းကပင် ဤသန့်ရှင်းသော စုံဖက်မှုကို ထိန်းသိမ်းရန် ဘုရားသခင်သည် စည်းမျဉ်းများ ချပေးခဲ့သည်။ "ထာဝရဘုရားသခင်ကလည်း ယောကျ်ားသည် တစ်ယောက်တည်းမနေကောင်း သူနှင့်တော်သော အထောက်အမကို သူ့ဖို့ ငါလုပ်ဦးမည်ဟု အကြံရှိတော်မူ၏။ ထာဝရဘုရားသည် မြေတိရစ္ဆာန်တို့နှင့် မိုးကောင်းကင် ငှက်အပေါင်းတို့ကို မြေဖြင့် ဖန်ဆင်းတော်မူပြီးလျှင်၊ လူသည် အဘယ်သို့ ခေါ်ဝေါ်သမုတ်မည်ကို သိခြင်းငှာ လူရှိရာသို့ ဆောင်ခဲ့တော်မူ၏။ လူသည်လည်း အသက်ရှင်သော သတ္တဝါအပေါင်းတို့ကို ခေါ်ဝေါ်သမုတ်သည်အတိုင်း၊နာမည်အသီးသီး ရှိကြ၏။ ထိုသို့ လူသည် သားယဉ်အပေါင်းတို့ကို လည်းကောင်း၊ မိုးကောင်းကင်ငှက်အပေါင်းတို့ကိုလည်းကောင်း၊ သားရဲတို့ကိုလည်းကောင်း၊ အမည်ပေး၍ မှည့်လေ၏။ သို့သော်လည်း လူနှင့်တော်သော အထောက်အမ မပေါ်မရှိသေး၊ ထိုအခါ ထာဝရဘုရားသခင်သည် လူကို ကြီးသော အိပ်ခြင်းဖြင့် အိပ်စေတော်မူ၍၊ လူသည် အိပ်ပျော်စဉ်၊ နံရိုးတစ်ချောင်းကို ဘုရားသခင်ထုတ်ပြီးလျှင် ထိုအရိုးအစား အသားကို စေ့စပ်စေတော်မူ၏။ ထာဝရအရှင် ဘုရားသခင်သည် လူထဲက ထုတ်သော နံရိုးဖြင့် လူမိန်းမကို ဖန်ဆင်း၍ လူရှိရာသို့ ဆောင်ခဲ့တော်မူ၏။ လူကလည်း ယခုဤသူသည် ငါ့အရိုးထဲက အရိုး၊ ငါ့အသားထဲကအသား

ဖြစ်၏။ လူထဲကထုတ်သောကြောင့် သူ့ကို လူမိန်းမဟု ခေါ်ဝေါ်အပ်သည်ဟုဆိုလေ၏။ ထိုအကြောင်းကြောင့် ယောကျ်ားသည် ကိုယ်မိဘကိုစွန့်၍၊ ကိုယ့်ခင်ပွန်း၌ မှီဝဲသဖြင့် ထိုသူတို့သည် တစ်သားတစ်ကိုယ်တည်း ဖြစ်ရလိမ့်မည်။" (ကမ္ဘာဦး ၂:၁၈–၂၄)။

ခရစ်တော်၏ နေ့ရက်များ၌လည်း ဤသို့ တွေ့ရသည်။ 'ဖာရိရှဲတို့သည် အထံတော်သို့လာ၍ လူသည် ခပ်သိမ်းသော အပြစ်ကြောင့် မိမိမယားနှင့် ကွာအပ်သလောဟု စုံစမ်းနှောက်ယှက်ခြင်းငှာ မေးလျှောက်ကြသော်၊ ကိုယ်တော်က အစဦးဖန်ဆင်းတော်မူသောသူသည် ယောကျ်ားနှင့်မိန်းမ နှစ်ယောက်တည်းကို ဖန်ဆင်းတော်မူ၏။ ထိုအကြောင်းကြောင့် ယောကျ်ားသည် ကိုယ့်မိဘကို စွန့်၍ ကိုယ်ခင်ပွန်း၌ မှီဝဲသဖြင့်၊ ထိုသူနှစ်ယောက်တို့သည် တစ်သားတစ်ကိုယ်တည်း ဖြစ်ရလိမ့်မည်ဟု ကျမ်းဆိုသည်ကို သင်တို့ မဖတ်ဘူးသလော။ ထိုကြောင့် လင်မယားတို့သည် နှစ်ဦးမဟုတ် တစ်ဦးတည်းဖြစ်၏။ ဘုရားသခင်ဘက်စပ်၍ ထမ်းဘိုးတင်တော်မူသောအရာကို လူမခွဲခွာစေနှင့်ဟု မိန့်တော်မူ၏။ ဖာရိရှဲတို့ကလည်း ထိုသို့မှန်လျှင် ဖြတ်စာကိုပေး၍ မယားနှင့်ကွာစေခြင်းငှာ မောရှေသည် အဘယ်ကြောင့် စီရင်သနည်းဟု လျှောက်ကြသော်၊ ကိုယ်တော်က၊ သင်တို့ စိတ်နှလုံးခိုင်မာသော ကြောင့် မယားနှင့်ကွာရသော အခွင့်ကို မောရှေသည် စီရင်၏။ အစဦး၌ ထိုသို့မဟုတ်၊ ငါပညတ်သည်ကား မှားယွင်းခြင်းအကြောင်းမှ တစ်ပါး အခြားသော အကြောင်းဖြင့် မိမိမယားနှင့် ကွာ၍ အခြားသော မိန်းမနှင့် စုံဖက်သော သူသည် မိမိမယားကို ပြစ်မှား၏။ ကွာသောမယားနှင့် စုံဖက်သော သူသည်လည်း သူ့မယားကို ပြစ်မှားသည်ဟု မိန့်တော်မူ၏။' (မဿဲ ၁၉:၃–၉)။

ထပ်မံ၍ ခရစ်တော်က 'တစ်ဖန်တုံ မယားနှင့်ကွာလိုလျှင် ဖြတ်စာကို ပေးစေဟူသော ပညတ်စကားရှိပြီး၊ ငါပညတ်သည်ကား၊ မှားယွင်းခြင်းအကြောင်းမှတစ်ပါး၊ အခြားသောအကြောင်းဖြင့် မိမိမယား နှင့်ကွာသောသူသည် မိမိမယားကို မှားယွင်းစေ၏။ ကွာသော မိန်းမ နှင့် စုံဖက်ခြင်းကို ပြုသောသူသည်လည်း သူ့မယားကို ပြစ်မှား၏'။ (မဿဲ ၅း၃၁–၃၂)

အထက်ပါကျမ်းချက်များမှ အောက်ပါ အမှန်တရားများကို လေ့လာရရှိနိုင်ပါသည်။

၁။ မင်္ဂလာဆောင်ခြင်းအမှုကို ဘုရားသခင်ကိုယ်တော်တိုင် စီမံပြုလုပ် သတ်မှတ်သည်။

၂။ လူယောကျ်ားသည် တစ်ယောက်တည်းမနေကောင်း၊ မိမိနှင့်တော် သော အထောက်အမ၊ အဖော်လိုအပ်ကြောင်း ဘုရားသခင် သိတော်မူ၏။

၃။ လူယောကျ်ားသည် ကိုယ့်မိဘကို စွန့်၍ ခင်ပွန်း၌ မှီဝဲရသည်။

၄။ မင်္ဂလာဆောင်ခြင်း၌ ယောကျ်ားနှင့် မိန်းမတို့သည် တစ်သား၊ တစ်ကိုယ်တည်းဖြစ်လာသည်။

၅။ ဘုရားသခင်သည် အစဦးကပင် မင်္ဂလာဆောင်ခြင်း တစ်ခုတွင် ယောကျ်ားတစ်ဦးနှင့် မိန်းမတစ်ဦးသား ပါဝင်ကြောင်း အလိုရှိသည် ဟုခရစ်တော်သွန်သင်သည်။

၆။ ခရစ်တော်က ဆက်လက်ပြီး ဘုရားသခင် စုံဖက်တော်မူသောအရာ ကို လူမခွဲခွာစေနှင့် ဟူ၍ သွန်သင်သည်။

၇။ မယားနှင့်ကွာလိုလျှင် ဖြတ်စာပေးစေဟု မောရှေလက်ထက်၌ ပညတ်ခဲ့ခြင်းမှာ လူတို့၏ စိတ်နှလုံး ခိုင်မာသောကြောင့်ဖြစ်သည်။ ဘုရားရှင်သည် ကွဲကွာခြင်းကို အစဦးကပင် အလိုတော်မရှိ။

၈။ မှားယွင်းခြင်းအကြောင်းမှတစ်ပါး ကွာရှင်းခြင်း၊ တစ်ဖန်နောက်ထပ် အိမ်ထောင်ပြုခြင်းအခွင့် လုံးဝမရှိကြောင်း ခရစ်တော် သွန်သင်ပါသည်။

၉။ မှားယွင်းခြင်းအကြောင်းကြောင့် မဟုတ်ဘဲ အခြားအကြောင်းများဖြင့် မိမိယောကျ်ား၊ မိန်းမနှင့်ကွာ၍ အခြားသော မိန်းမ၊ ယောကျ်ားနှင့်စုံဖက်သောသူသည် မတရားသော မေထုန်ကို ပြုရာကျသည်။

သမ္မာကျမ်းစာအရ လူသည် မင်္ဂလာဆောင်သောအခါ တစ်သက်တာလုံးအတွက် ထာဝရဖြစ်ရမည်။ လူသည် မှားယွင်းခြင်းမှတစ်ပါး အခြားအကြောင်းများကြောင့် မိမိစုံဖက်သူကို စွန့်ပစ်ခြင်းသော်လည်းကောင်း၊ စုံဖက်သူတစ်ဦးထက်ပို၍ ယူခြင်းသော်လည်းကောင်း၊ ဘုရားရှင်သည် တိကျစွာ တားမြစ်တော်မူသည်။

သို့သော် မိမိနှင့်စုံဖက်သူသည် မှားယွင်းခြင်းအကြောင်းကို ပြုသော် ခွဲခွာ၍နေရမည်။ အိမ်ထောင်သစ်ကို ထပ်မံမပြုနိုင်ပါ။ စုံဖက်သူ သေဆုံးသွားလျှင် အိမ်ထောင်သစ်ပြုနိုင်သည်။ ဤအကြောင်းရပ်မှလွဲ၍ အခြားအကြောင်းများကြောင့် တစ်ဖန်ပြန်လည်၍ အိမ်ထောင်သစ်ပြုခြင်းအခွင့် လုံးဝမရှိ။

တစ်ဦးတစ်ယောက်သည် စုံဖက်သူတစ်ဦးမက၊ ရှိနေလျှင် သို့မဟုတ် မတရားသော မေထုန်ဖြင့် အသက်ရှင်နေလျှင် ခရစ်ယာန်ဖြစ်လာရန်အတွက် ထိုသူသည် ပထမဦးဆုံး စုံဖက်သူမှလွဲ၍ ကျန်စုံဖက်သူများကို ခွဲခွာပစ်ပြီး ထိုမတရားသော မေထုန်မှ ရပ်တန့်ရပေမည်။

အဘယ်ကြောင့်ဆိုသော် မင်္ဂလာဆောင်ခြင်းသည် သန့်ရှင်းမြင့်မြတ်သော အမှုတစ်ခု ဖြစ်၍ တစ်ဦးတစ်ယောက်အား စုံဖက်သူတစ်ဦးနှင့်အတူ နေသွားရန်၊ အသစ်သော အရာများဖန်တီးရန်၊ ကမ္ဘာလောကအား သားသမီးများဖြင့် ပွားများစေရန်၊ စသည်တို့ကြောင့် ဖြစ်သည်။

မင်္ဂလာဆောင်ခြင်း၊ ကွဲကွာခြင်းနှင့် တစ်ဖန်ပြန်လည်၍ အိမ်ထောင်သစ်ပြုခြင်းနှင့် ပတ်သတ်သော စည်းမျဉ်းများသာ ရှိသည်မဟုတ်၊ လင်ယောကျ်ား၊ မယားနှင့် သားသမီးများအတွက်လည်း စည်းမျဉ်းများရှိပါသည်။ လင်ယောကျ်ားသည် မယားကို ချစ်ရမည်ဖြစ်၍ မယားသည်လည်း လင်ယောကျ်ားကို ချစ်ခင်ရိုသေရမည်။ မိဘများက သားသမီးများအား မိမိတို့အပေါ် ရိုသေသမှုပြုရန် ကောင်းမွန်စွာ ထိန်းသိမ်းသွန်သင် ပို့ဆောင်ရပေမည်။ ဧဖက် ၆း၁–၄၊ ဧဖက် ၅း၂၂–၂၅၊ ကောလောသဲ ၃း၁၈–၂၁ ကို ဖတ်ကြည့်ပါ။

ထို့ကြောင့် ခပ်သိမ်းသော သူတို့၌ မင်္ဂလာဆောင်ခြင်းအမှုသည် အသရေရှိစေကြရမည်။ သက်ဆိုင်ရာ ဘုရားသခင်၏ အလိုတော်နှင့် စည်းမျဉ်းများကို ထိန်းသိမ်းလိုက်လျှောက်ခြင်းဖြင့် ကောင်းချီးကြွယ်ဝစွာ ခံစားကြရပေမည်။ သို့မဟုတ်သော် အခက်အခဲပေါင်းများစွာနှင့် ရင်ဆိုင်ပြီး ရလဒ်များကို ယခုနှင့် နောင်ကာလ၌ ခံစားရုံသာရှိပေမည်။

## မေးခွန်းများ

၁။ မည်သည့်အချိန်မှစ၍ လူသားအတွက် မင်္ဂလာဆောင်ခြင်းသည် သမရိုးကျ ဖြစ်ခဲ့သနည်း။

၂။ အဘယ်ကြောင့် လူမိန်းမကို ဘုရားဖန်ဆင်းသနည်း။

၃။ အဘယ်ကြောင့် အာဒံ၏နံရိုးမှ ဖန်ဆင်းသော သက်ရှိကို လူမိန်းမဟု ခေါ်ဝေါ်သနည်း။

၄။ လူသည် အိမ်ထောင်ကျသောအခါ ......ကိုစွန့်၍ ကိုယ့်.....၌...... ရပါသည်။

၅။ အကြောင်းအရာတိုင်းကြောင့် လူသည်ကိုယ့်ခင်ပွန်းကို ခွဲခွာခြင်းသည် မှန်ကန်ပါသလား။

၆။ ဘုရားသခင် ဆက်စပ်ထားသော အရာကိုလူတို့ ...............စေရ။
၇။ အဘယ်ကြောင့် မောရှေပညတ်တော်သည် မယားနှင့်ကွဲကွာရသော အခွင့်ကို ပြုသနည်း။
၈။ ဤအမှုသည် ကနဦးစကပင် ဘုရားသခင်အလိုတော်ရှိခဲ့ပါသလား။
၉။ ကွဲကွာခြင်းအမှုအတွက် လက်ခံသော တစ်ခုတည်းသော အကြောင်းကားအဘယ်နည်း။
၁၀။ ဘုရားသခင်၏ မင်္ဂလာဆောင်ခြင်း အမှုစည်းမျဉ်းကို ချိုးဖောက်သူသည် အဘယ်အပြစ်ကို ကျူးလွန်သနည်း။
၁၁။ မင်္ဂလာဆောင်မှုကို မည်သူစီမံစတင်သနည်း။
၁၂။ မင်္ဂလာဆောင်မှုတွင် လူယောကျ်ားနှင့်လူမိန်းမသည် ........................ ဖြစ်လာ၏။
၁၃။ မည်မျှတိုင်အောင် မင်္ဂလာဆောင်မှုသည် တည်မြဲရမည်နည်း။
၁၄။ လင်မယားတွင် တစ်ဦးဦးသေးဆုံးက ကျန်တစ်ဦးသည် ထပ်မံအိမ်ထောင်ပြုနိုင်ပါသလား။
၁၅။ လူတစ်ယောက်သည် တစ်ဦးထက်ပို၍ အိမ်ထောင်ပြုနိုင်ပါသလား။
၁၆။ မောရှေပညတ်တော်သည် မကြာခဏတစ်ဦးထက်ပိုသော အိမ်ထောင်ကျမှုမျိုးကို လက်ခံလျက်ရှိခဲ့၏။ ယနေ့ကျွန်ုပ်တို့သည် ထိုပညတ်လက်အောက်၌ ရှိသေးသလား။
၁၇။ ခရစ်တော်၏ စည်းမျဉ်းဥပဒေတွင် လူသည်တစ်ဦးထက်ပိုပြီး အိမ်ထောင်ပြုနိုင်ပါသလား။
၁၈။ မင်္ဂလာဆောင်ခြင်းအမှု၏ ရည်ရွယ်ချက်ကား အဘယ်နည်း။
၁၉။ လင်ယောကျ်ားနှင့် မယားတို့သည် တစ်ဦးကိုတစ်ဦး .................. ရမည်၊ သားသမီးများအား .................. ရမည်။

* * *

# အခန်း - ၂၇
## ဘာသာရေးဆိုင်ရာ နေ့ရက်များ

ဘာသာရေးတိုင်းတွင် ပွဲလမ်းများ၊ ပျော်ရွှင်မှုများ ပြုလုပ်ကြသည့် ဘာသာရေးဆိုင်ရာ နေ့ရက်များ ရှိကြသည်။ များသောအားဖြင့် ဤနေ့ရက်များကို တစ်နှစ်လျှင်တစ်ကြိမ် ကျင်းပလေ့ရှိပြီး၊ အချိန်ကျရောက်သည့်အခါတွင် ယောက်ယက်ခတ်ခြင်း၊ပြာပြာသလဲရှိခြင်းတို့ဖြင့် ပြည့်နေတက်သည်။ ဤနေ့ရက်များကို အမည်ခံ ခရစ်ယာန်တို့သည် ငြင်းပယ်ခြင်း၊ ကန့်ကွက်ခြင်းများ မရှိကြပေ။ ဤတွင်အမည်ခံ ခရစ်ယာန်များကို ဆိုလိုခြင်းဖြစ်သည်။ အဘယ်ကြောင့်ဆိုသော် စစ်မှန်သော ခရစ်ယာန်များသည် ဘာသာရေးဆိုင်ရာ နေ့ရက်များကို ပါဝင်ခြင်း မရှိကြပေ။ ဤအမှုကို ကျမ်းစာက တိကျစွာ အပြစ်တင်ထားပါသည်။ ဂလာတိအသင်းကို ရှင်ပေါလုက ဤနေ့ရက်ဆိုင်ရာနှင့် ပတ်သက်၍ အပြစ်တင်ပုံမှာ .... 'နှစ်လ၊နေ့ရက် အချိန်ကာလများကို စောင့်ကြပြီး တကား၊ ငါသည် သင်တို့ဆီမှာ အချည်းနှီးကြိုးစားအားထုတ်သည်ဟု သင်တို့၏ အကြောင်းကြောင့် စိုးရိမ်လျက်ရှိ၏' (ဂလာတိ ၄း၁၀-၁၁)။ ယနေ့တိုင် ရှင်ပေါလု အသက်ရှင်နေဦးမည်ဆိုလျှင် ယုံကြည်သူဟု ခေါ်ခံနေသူများကို အပြစ်တင်မည်မှာမလွဲပေ။ အဘယ်ကြောင့်ဆိုသော် ယနေ့ခရစ်ယာန်ဟု အခေါ်ခံသူအများစုသည် မိုက်မဲသော ဂလာတိသားများကဲ့သို့ နေ့ထူး၊နေ့မြတ်၊ ရက်၊လ၊နှစ်၊ အချိန် စသည်တို့ကို စောင့်ထိန်းနေကြသောကြောင့်ပင် မဟုတ်ပါလား။

သမ္မာကျမ်းစာနှင့် ကိုက်ညီမှုမရှိသော ယနေ့ဘာသာရေးအပိုင်းက ပြုကျင့်၊ စောင့်ရှောက်နေကြသော နေ့တူးရက်မြတ်ကြီးတစ်ခုမှာ ယေရှု

ခရစ်တော် မွေးနေ့ဟု သိနိုင်သော ခရစ်စမတ်ပွဲနေ့ကြီး ဖြစ်၏။ အချက်မှာ ယေရှုမွေးဖွားရာနေ့ကို စောင့်ထိန်းရန် သမ္မာကျမ်းက မည်သည့်နေရာ၌မျှ ပြောထားခြင်းမရှိ၊ ဒီဇင်ဘာလ(၂၅)ရက်နေ့၊ သို့မဟုတ် တစ်ရက်ရက်သည် ယေရှုမွေးသောနေ့ ဖြစ်သည်ဟု သမ္မာကျမ်းက ပြောထားခြင်း မရှိ။ အရေးကြီးသည့် တစ်ချက်သည် ကမ္ဘာပေါ်တွင် ယေရှုမွေးဖွားလာသည် ဟူ၍ပင်ဖြစ်သည်။ သို့သော် သတိရအောင့်မေ့ဖို့ရာအတွက် ဘုရားရှင်၏ သွန်သင်ချက်မရှိ၊ ခရစ်တော်၏သေခြင်း၊ မြှုပ်နှံခြင်း၊ ရှင်ပြန်ထမြောက်ခြင်းကို သတိရရန်သာ သွန်သင်ထားပါသည်။ အကြောင်းမှာလည်း ခရစ်တော်၏ သေခြင်းဖြင့် ကျွန်ုပ်တို့ အပြစ်လွတ်ခြင်း၊ ထာဝရအသက်မျှော်လင့်နိုင်ခြင်းကြောင့် ဖြစ်သည်။ အောက်မေ့သတိရခြင်း အမှုကိုပြုသော် တစ်နှစ်တစ်ကြိမ်မဟုတ်ဘဲ အပတ်တိုင်း အရှင်မြတ်၏ ပွဲတော်မင်္ဂလာ၌ ပါဝင်ခြင်းဖြင့် ပြုရမည်။ (မဿဲ ၂၆း၂၆–၂၈၊ တမန် ၂၀း၇)။ ထိုသို့ဆိုသော် ခရစ်စမတ်ပွဲကို မည်သူက စတင်ခဲ့ပါသနည်း။ ကာသိုလ်လစ်အသင်းတော်ဖြစ်၏။ထိုသူတို့၏ ဆင်ခြင်လုပ်ဆောင်မှုကား သန့်ရှင်းသူများအား ဂုဏ်ပြုရန် 'မတ်စ်'(Mass)ခေါ် ဝတ်ပြုခြင်းများထားရှိ၍ ခရစ်တော်အတွက်လည်း ရှိအပ်သည်ဟူ၍ ခရစ်တော်မတ်စ်ခေါ် ဝတ်ပြုခြင်းတစ်ရပ်ကို စတင်လေသည်။ ရုပ်တုဆင်းတု ကိုးကွယ်သူများ၏ နေဘုရားကို ကိုးကွယ်ဂုဏ်ပြုသော ပွဲနေ့တွင် ခရစ်တော်မတ်စ်ကို ပြုလုပ်ကာ ခရစ်စမတ်အသွင်သို့ ရောက်စေခဲ့ကြသည်။ နှစ်ပေါင်းများစွာ ကျော်ဖြတ်လာ၍ ခရစ်စမတ်ပွဲနေ့သည် အစဉ်အလာတစ်ရပ် ဖြစ်လာကာ၊ ယနေ့လူအများက ဝိညာဉ်ရေးဆိုင်ရာ နေ့ရက်မြတ်ကြီးတစ်ခုအနေဖြင့် ဆောင်ယူနေကြသည်။ သမ္မာကျမ်း သွန်သင်မှုဖြင့်ကား ကွာခြားလှပေသည်။ ကျမ်းစာဖတ်သူသည် ' ဆန်တာကလော့'ခေါ် ခရစ်စမတ်ဖခင်ကြီး၊ ခရစ်စမတ်

သစ်ပင်၊ ရက်ရောဖြုန်းတီးသော လက်ဆောင်များ စသည်ဖြင့်တို့ကို ဝိညာဉ်ရေးဆိုင်ရာ အရာများအဖြစ် ပြုလုပ်ဆောင်ရွက်နိုင်ရန် မရှိကြောင်း သိကြပေမည်။ စစ်မှန်သော ခရစ်ယာန်များသည် ဤဘာသာရေးဆိုင်ရာ နေ့ရက်ကြီးကို ကျင်းပလုပ်ဆောင်မည် မဟုတ်ပါ။ ရုပ်တုဆင်းတုကိုး ကွယ်သူတို့၏ နေ့၊ လ၊ ပွဲနေ့များကို ငြင်းဆန်လျစ်လျူရှုသည့်နည်းတူ ပြုပေမည်။

ခရစ်ယာန်အမည်ခံသူ အများစု၏ ကျင်းပစောင့်ထိန်းကြသည့် 'အီစတာ'သည်လည်း အဓိကကျသော ပွဲနေ့တစ်ခု ဖြစ်သည်။ ခရစ်တော်၏ သေခြင်းနှင့် ရှင်ပြန်ထမြောက်ခြင်းသည် ထိုနေ့ရက်ကို အထွတ်အထိပ်ထား၍ ကျင်းပသည့် ရည်ရွယ်ချက်ဖြစ်သည်။ ထို့ကြောင့် ခရစ်တော် သေသည့်နေ့ကို 'မဟာသောကြာ' (Good Friday) နေ့ဟူ၍လည်းကောင်း၊ ခရစ်တော် ရှင်ပြန်သည့်နေ့ကို 'အီစတာတနင်္ဂနွေ' (Ester Sunday)နေ့ဟူ၍လည်းကောင်း၊ အီစတာမတိုင်မီကာလကို ဝါရှောင်သော 'အခါ'(Lent)ကာလဟူ၍လည်းကောင်း၊ ဖြစ်ပေါ်လာပါသည်။ ဝါရှောင်သော အခါကာလတွင်၊ ဂိုဏ်းဂဏများမှ များစွာသော သူတို့သည် အစာရှောင်ခြင်း အမျိုးမျိုးပြုကြလေသည်။ အီစတာ တနင်္ဂနွေနေ့တွင် အာရုံဝတ်ပြုခြင်းခေါ် အထူးအစည်းအဝေးများ ပြုကြပြီး ကလေးများအတွက် အီစတာမုန့်လုံးများ၊ အီစတာကြက်ဥများ၊ အီစတာလေလီပန်းများ ပြုလုပ်တတ်ကြသည်။ အီစတာ အဝတ်အစားများ ဟူ၍လည်း ထူးခြားသောအဝတ်များ ဝတ်စားတက်ကြသည်။ တစ်ခုလုံးကိုခြုံသော် ယုတ္တိမရှိသောအရာသာဖြစ်ပါသည်။ ရုပ်တုဆင်းတုကိုးကွယ်ခြင်း၏ နွေဦးပေါက်ပွဲလမ်းတစ်မှ ဖြစ်ပေါ်လာကြောင်းကို သင်သိသောအခါ ပို၍ ထင်ရှားပါလိမ့်မည်။ ဘုရင်ဂျီရောမ အသင်းတော်က ဤရုပ်တုဆင်းတု ကိုးကွယ်ခြင်း၏ နေ့ရက်ကို ဘာသာရေးနေ့

ရက်တစ်ရက်အဖြစ်သို့ ကူပြောင်းစေခဲ့ပါသည်။ သို့သော် သမ္မာကျမ်းစာ၌ အောက်မေ့ရန် သွန်သင်သောအချက်မှာ ခရစ်တော်၏ ရှင်ပြန်ထမြောက်ခြင်းကို ခုနစ် ရက်တွင် ပထမနေ့ရက်တိုင်း (တမန် ၂၀း၇၊ ၁ကော ၁၁)၌ ပါဝင်အောက် မေ့ရမည် ဖြစ်ပါသည်။ အဘယ်ကြောင့် တနှစ်မှ တစ်ကြိမ်သာ ရွေးချယ်ပါသနည်း။ အီစတာတနင်္ဂနွေသည် သမ္မာကျမ်းစာနှင့် ကိုက်ညီမှုမရှိပါ။ ခရစ်ယာန်များအနေဖြင့်လည်း ထိုအမှုများနှင့် ပါဝင်ပတ်သတ်မှုရှိစေရန် ဘုရားသခင်သားသမီးအခြေမှ နိမ့်ကျ၍ မသွားစေသင့်ပါ။

တစ်နှစ်ပတ်လုံးတွင် ဘာသာရေးပွဲနေ့၊ နေ့ရက်များစွာရှိသော်လည်း ကျမ်းစာကိုလွန်းကျူးခြင်းများသာ ဖြစ်ကြပါသည်။ ပွဲနေ့၊ လ၊ နှစ်များနှင့် ပတ်သတ်၍ ခရစ်ယာန်များမှားယွင်းမှုရှိနိုင်သောကြောင့် ဘုရားသခင်သည် စောင့်ထိန်းရန် မိန့်မှာခြင်းမရှိသည့်အပြင်၊ တားမြစ်အပြစ်တင်ခြင်းကိုပင် ပြုတော်မူသည်။ လူတို့သည် မိမိထင်မှတ်ရာကို စွဲမြဲစွာ လုပ်ဆောင်၍ ထိုနေ့ရက်အမှုများကို ကျင်းပလုပ်ဆောင်ကြသည်မှာ ဆန်းကြယ်လှပါသည်။ လူသားသည် မိမိလုပ်ဆောင်ချက်များကို မိမိနည်း၊ မိမိဟန်ဖြင့်သာ ဆန်းစစ်ကြသည့်သဘောရှိသည်။ အချို့သောသူများသည် ဤပွဲနေ့၊ လဆန်းနေ့များကို စောင့်ထိန်းခြင်းသည် သမ္မာကျမ်းနှင့် ကိုက်ညီပါသည်ဟု ပြောဆိုလာခြင်းကိုပင် တွေ့နိုင်ပါသည်။ အများစုသည် စစ်ဆေးခြင်း၊ မေးမြန်းခြင်းများမရှိဘဲ၊ ဤဘာသာရေးနေ့ရက်အမှုများကို အများနောက်လိုက်ပြီး စောင့်ထိန်းကြသည်။ ထိုသူများသည် အများလုပ်ဆောင်ကြသောကြောင့် လုပ်ဆောင်ရန် သင့်တော်ပါသည်ဟု မစစ်ဆေးဘဲ ပြုမူကြပေသည်။

ထို့ကြောင့် ဤနေ့ရက်ပွဲနေ့များနှင့် ပတ်သတ်၍ သမ္မာကျမ်းစာက မည်သို့သွန်သင်နေပါကြောင်းကို ယောက်တိုင်းကိုယ်စီလေ့လာ

အပ်ပါသည်။ ဘုရားသခင်စကားတော်က အထောက်အမပေးလျှင် လုပ်ကိုင်ရန်သင့်ပေသည်။ စကားတော်၌ မိန့်မှာမှုမရှိပါက ရှောင်ကြဉ်၍ အပြစ်ကင်းသောသူများအားလည်း သတိပေးအပ်ပါသည်။ အဘယ်သို့ဆိုသော် ကျွန်ုပ်တို့သည် သမ္မာကျမ်းစာ သွန်သင်ချက်များသို့ ပြန်လည်ဝင်ရောက်နိုင်ရန် လူတို့၏ ထုံးစံ၊ ဆင့်ကဲစကားနှင့် လူတို့၏ သွန်သင်ချက်များမှ ခွာထွက်ရပေမည်။ သမ္မာကျမ်း သွန်သင်သောအမှုကို ပြုမှသာ စိတ်ချမှုရှိပါသည်။ လောကနှင့်အတူ ဤအမှုများအပေါ် ရောနှောဝင်ရောက်နေခြင်းမှာ ပျော်ရွှင်စရာ၊ စိတ်ချမ်းသာစရာ ကောင်းနိုင်သော်လည်း လူ၏အလိုလိုက်နေခြင်းလော၊ ဘုရားအလိုလိုက်နေခြင်းလော ဟူသည်ကို သဲကွဲစွာ သိအပ်ပါသည်။

ခရစ်ယာန်စစ်မှန်လျှင် ထိုဘာသာရေးနေ့ရက်၊ ပွဲလမ်းများ၌ ပါဝင်ခြင်းမရှိပါ။ တစ်ဦးတစ်ယောက်က ထိုအမှုများ၌ ပါဝင်နေ၍ မိမိကိုယ်ကို မိမိခရစ်ယာန်ဟု ပြောဆိုလျှင် မှားယွင်းနေခြင်းပင် ဖြစ်သည်။ ခရစ်ယာန်များသည် တစ်မူထူးခြားစေရန် ထိုအမှုများကို ရှောင်ရှားသည်မဟုတ်၊ ထိုအမှုအရာများ၌ ပါဝင်ခြင်းသည် ကျမ်းစာနှင့် ကိုက်ညီခြင်းမရှိပါသဖြင့် ဘုရားသခင်တားမြစ်ခြင်းကြောင့်သာ ရှောင်ရှားကြခြင်းဖြစ်သည်။ ။

## မေးခွန်းများ

၁။ စစ်မှန်သော ခရစ်ယာန်တစ်ယောက်သည် ဘာသာရေးဆိုင်ရာနေ့ရက်များကို စောင့်ထိန်းပါသလား။

၂။ အဘယ်ကြောင့်နည်း။

၃။ ဂလာတိရှိ ခရစ်ယာန်များအား ပေါလုမည်သို့ပြောဆိုပါသနည်း။

၄။ ခရစ်တော်၏မွေးနေ့ကို စောင့်ထိန်းရန် သမ္မာကျမ်းစာသွန်သင်ပါလား။

၅။ ခရစ်တော် မည်သည့်နေ့ရက်တွင် ဖွားမြင်ကြောင်း ကျွန်ုပ်တို့ သိနိုင်ပါသလား။

၆။ ခရစ်စမတ်ပွဲနေ့ကို မည်သူတို့စတင်၍ စောင့်ထိန်းကြသနည်း။

၇။ အဘယ်သော ဘာသာရေးလုပ်ထုံးမှ ပွဲနေ့စောင့်ထိန်းမှုများ စတင်ခဲ့သနည်း။

၈။ အီစတာ တနင်္ဂနွေပွဲလမ်းကား အဘယ်နည်း။

၉။ အခါတွင်း(Lent)ကာလတွင် လူတွေဘာလုပ်တတ်ကြသနည်း။

၁၀။ ထိုသို့ပြုရန် ကျမ်းချက်အထောက်အကူ မည်သည့်နေရာတွင်ရှိသနည်း။

၁၁။ အီစတာ တနင်္ဂနွေ၏ မိုက်မဲသော ဆင့်ကဲလုပ်ရပ်များကားအဘယ်နည်း။

၁၂။ အီစတာ တနင်္ဂနွေသည် မည်သည့်ပွဲနေ့မှ ဆင်းသက်လာသနည်း။

၁၃။ ခရစ်တော်၏ ရှင်ပြန်ထမြောက်ခြင်းကို ပါဝင်ရန် မည်သည့်အချိန်ကို ကျမ်းစာမိန့်မှာသနည်း။

၁၄။ ဘာသာရေးနေ့ရက်များ စောင့်ထိန်းမှုကို လူတွေကြိုးစား၍ ဆန်းစစ်မှု ပြုလုပ်ကြပါသလား။

၁၅။ ဤသို့ပြုလုပ်နိုင်ပါသလား။

၁၆။ ဘာသာရေးလုပ်ထုံးများ၊ ဆင့်ကဲစကားများဖြစ်သော ဘာသာရေးပွဲလမ်းစောင့်ထိန်းမှုမျိုးကို ကာကွယ်ထိန်းသိမ်း နိုင်ရန် မည်သို့ပြုလုပ်အပ်သနည်း။

၁၇။ ဘာသာရေးဆိုင်ရာပွဲလမ်းများ စောင့်ထိန်းမှုပြုလျှင် စစ်မှန်သောခရစ်ယာန် ဖြစ်ပါမည်လား။

* * *

# အခန်း —၂၀
## ဘာသာရေးဆိုင်ရာ ဘွဲ့နာမများ

လူသည် အဆောင်အယောင်ဘွဲ့နာမများကို နှစ်သက်သော သဘောရှိသည်။ မိမိအမည်ရှေ့တွင် ဘွဲ့နာမတပ်နိုင်ရန် ကြိုးစားကြသည်။ ဝိညာဉ်ရေးနှင့် မပတ်သက်လျှင် ထိုဘွဲ့နာမများသည် အကြောင်းမဟုတ်၊ သို့သော် ဝိညာဉ်ရေးနှင့်ပတ်သက်ပါက သမ္မာကျမ်းနှင့်မညီထွေပါ။

ယနေ့ဘာသာရေးဆိုင်ရာ ဘွဲ့နာမများ သုံးဆောင်နေကြခြင်းမှာ သမ္မာကျမ်းစာနှင့်ကိုက်ညီမှုမရှိကြောင်း များ၏။ ထိုသို့ဆိုရာတွင် ကျမ်းစာ၏ အထောက်အကူပေးခြင်း၊ သတ်မှတ်ဖော်ပြထားခြင်း လုံးဝမရှိသောကြောင့်ဖြစ်၏။ ထို့အပြင် လူသားတစ်ယောက်အား ဩဇာအာဏာလွှမ်းမိုးစေခြင်း အဆင့်သို့မြှင့်တင်သည့် ရည်ရွယ်ချက်ဖြင့် သုံးဆောင်သော ဘွဲ့နာမများကို ကျမ်းစာက အပြစ်တင်ရှုံ့ချထားခြင်းကိုပင် တွေ့ရပေသည်။

ပုပ်ရဟန်းမင်းကြီး(pope)ဟူသော ဘွဲ့နာမသည် ကျမ်းစာနှင့် မကိုက်ညီပါ။ လူသားတစ်ယောက်အား ကျမ်းစာက မည်သည့်နေရာ၌မျှ ထိုအဆင့်ထိမြှင့်တင်ခေါ်ဆိုထားခြင်းမတွေ့ရ။ အသင်းတော်ဦးဆောင်သည့်ခေါင်းဆောင်မှာ လူသားတစ်ယောက်ဟုမယူဆနိုင်ပါ။ ထိုအဆင့်သို့မြှင့်တင်ထားသောသူ တစ်ယောက်အား ဦးညွှတ်ခြင်းသည် ကျမ်းစာသွန်သင်မှုမရှိသည့်အဆင့်ကို လက်ခံခြင်းသာဖြစ်၍ လက်ခံအသိအမှတ်ပြုသူပင်လျှင် မှားယွင်းနေပေသည်။ သမ္မာကျမ်းစာ၏ သွန်သင်ချက်မှာ ခရစ်တော်သာလျှင် အသင်းတော်၏ ဦးခေါင်း (ခေါင်းဆောင်) ဖြစ်သည်။

မည်သည့်လူသားမျှမဟုတ်ပါ။ (ကောလောသဲ ၁း၁၈၊ ဖေက် ၁း၂၂၊၂၃)

ဗာဒီနဲလ်၊ ဘီရှော့ပ်၊ အာချ်ဘီရှော့ပ်၊ ဂိုဏ်းချုပ်စသည့်ဘွဲ့နာမများသည်လည်း ကျမ်းစာနှင့်မညီပါ။ အသင်းဂိုဏ်းဂဏ၊ အချို့တို့၏ တင်မြှောက်သော ထိုဘွဲ့နာမများနှင့် ပတ်သတ်၍ ကျမ်းစာ၌ အခြေခံပင်မရှိ။ ကျမ်းစာတွင် ခရစ်တော်သည် အသင်းတော်၏ ဦးခေါင်းဖြစ်ပြီး နေရာဒေသအလိုက်၊ ကွဲ၍ တည်နေသော အသင်းတော် ကွဲတိုင်းတွင် သင်းလူကြီးများ၊ အသင်းထောက်များ ကိုယ်စီရှိကြသည်ကို တွေ့ရသည်။ နေရာဒေသအလိုက် ကွဲပြားကာ တည်နေသော အသင်းတော်ကလေးများအပေါ်၊ သို့မဟုတ် အသင်းတော်တစ်ခုလုံးအပေါ်၊ တစ်ဦးတစ်ယောက်သော်လည်းကောင်း၊ အဖွဲ့အစည်းတစ်ခုကသော်လည်းကောင်း၊ အုပ်ချုပ်ခြင်းမရှိပါ။ တိတုအား ရှင်ပေါလုက 'ငါသည်သင့်ကို မှာထားခဲ့နှင့်သည်အတိုင်း၊ ကရေတေကျွန်း၌ မစုံလင်သမျှတို့ကို ပြင်ဆင်၍ မြို့ရွာများ၌ သင်းအုပ်တို့ကို ခန့်ထားစေခြင်းငှါ ထိုကျွန်း၌ သင့်ကိုငါထားခဲ့သတည်း' (တိတု ၁း၅) ဟူ၍ သွန်သင်ထားသည်။ ဆက်လက်၍ သင်းအုပ်တစ်ဦး ရှိအပ်သော အရည်အချင်းများကို သွန်သင်ထားပါသည်။ ဤသွန်သင်ချက်များတွင် သင်းအုပ်သည် အိမ်ထောင်ကျပြီး ယုံကြည်သောသားသမီးရှိသူဖြစ်ရမည်ဟူ၍ ထင်ရှားစွာ တွေ့ရသည်။ တိမောသေ ပထမစောင် အခန်းသုံးတွင် ဤအချက်ကို သွန်သင်ထားသည်။ ဤထင်ရှားလှသော အချက်သည် များစွာသော ဘာသာရေးအဖွဲ့အစည်းများ၏ ချွတ်ယွင်းချက်တစ်ရပ်ဖြစ်သည်။

ထပ်မံ၍ ဘုရားသခင်တားမြစ်သော ဘွဲ့နာမတစ်ခုမှာ 'အဖ' (Father)ပင်ဖြစ်သည်။ 'မြေကြီးပေါ်မှာ အဘယ်သူကိုမျှ အဖ (Fa-

ther )ဟူ၍ မခေါ်ဝေါ်ကြနှင့်၊ ကောင်းကင်ဘုံ၌ သင်တို့အဖတစ်ပါးတည်း ရှိတော်မူ၏'။ (မဿဲ ၂၃း၉) ဝိညာဉ်ရေးပိုင်ဆိုင်ရာတွင် လူသားတစ်ဦးအား အဖ (Father )ခေါ်ခြင်းသည် ဘုရားသခင်၏ စကားကို တိုက်ရိုက်ဆန့်ကျင်ခြင်းသာဖြစ်၏။ ကျွန်ုပ်တို့အစေခံခြင်းသည် ဘုရားသခင်အား ၊ သို့မဟုတ် လူသားအားဟူသည်ကို သဲကွဲစွာ သိအပ်ပါသည်။

အထက်ပါ ခရစ်တော်၏ မိန့်မှာချက်နှင့် စပ်လျဉ်း၍ တားမြစ်သောဘွဲ့နာမတစ်ခုမှာ 'ဥပဇ္ဈာယ်ဆရာ' (Master)ပင်ဖြစ်သည်။ 'သင်တို့မူကား အရှင်ဘုရား (Rabbi)ဟု ခေါ်ဝေါ်ခြင်းကိုမခံကြနှင့်၊ ခရစ်တော်တည်းဟူသော သင်တို့ ဥပဇ္ဈာယ်ဆရာ (Master)တစ်ပါးတည်းရှိ၏။ သင်တို့အပေါင်းသည် ညီအစ်ကိုချင်း ဖြစ်ကြ၏။ ' (မဿဲ ၂၃း၈) 'ဥပဇ္ဈာယ်ဆရာ (Master)ဟု ခေါ်ဝေါ်ခြင်းကို မခံကြနှင့်၊ ခရစ်တော်တည်းဟူသော သင်တို့ဥပဇ္ဈာယ်ဆရာ(Master)တစ်ပါးတည်းရှိ၏။ (မဿဲ ၂၃း၁၀)ဤသို့တိကျစွာ သွန်သင်ထားသော်လည်း လူသားအချင်းချင်း ခေါ်ဝေါ်နေကြခြင်းများသည် ကျမ်းစာအရ မှားယွင်းစွာ ပြုနေကြခြင်းပင်ဖြစ်၏။

ထောင်သောင်းများစွာသောပုဂ္ဂိုလ်တို့သည် ရယ်ဗရင်(သို့) သိက္ခာရဆရာ (Reverend)ဟူ၍လည်းကောင်း၊ ဝါရင့်သိက္ခာရဆရာကြီး ( Most Right Reverend)ဟူ၍လည်းကောင်း၊ ဝိညာဉ်ရေးဆိုင်ရာ 'ဒေါက်တာ' ဟူ၍လည်းကောင်း ခေါ်ဝေါ်ခြင်းများကို အသုံးပြုနေကြသည်။ 'နာမတော်သည် သန့်ရှင်း၏' (Holy) 'ကြောက်ရွံ့ရိုသေဖွယ်'(Reverend) ဖြစ်၏။ဆာလံ ၁၁၁း၉ ဤတွင် (Reverend)ဟူသော ဘွဲ့နာမသည် ဘုရားသခင်၏ ဘွဲ့နာမဖြစ်ကြောင်း တွေ့ရသည်။ မည်သူသည်

ဘုရားနှင့်တညီတည်း မြင့်တင်ခြင်းခံပြီး ဤနာမကို အခေါ်ခံအပ်သနည်း။ ယနေ့များစွာသော သူတို့သည် ငယ်သားတွေ၏ အထက်ပိုင်းသို့မြှင့်တင်ခြင်းခံယူ၍(Reverend)ဟူသော ဘွဲ့အခေါ်ကို ခံယူနေကြသည်။ ဤသည် ဘုရားရှင်၏ စိတ်တော်နှင့် တွေ့နိုင်ပါမည်လော။

သမ္မာကျမ်းစာ၏ သွန်သင်မိန့်မှာချက်မရှိသည့်အတွက် လူတို့ဖန်တီးကြသော ဘွဲ့နာမများမှာ သမ္မာကျမ်းနှင့် ညီထွေမှုမရှိပါ။ ထိုဘွဲ့နာမများကို သုံးခြင်း၏ မှားယွင်းခြင်းအကြောင်း တစ်ခုမှာ လူသားများအား မြှင့်တင်ပြီး အရှိအသေပေး၍ ပျပ်ဝပ်ရာသို့ ရောက်စေသောကြောင့်ဖြစ်၏။ လူသားသည် ပျပ်ဝပ်ခံရန်မဟုတ်ပါ။ အားလုံးသည် အပြစ်ပြုလုပ်၍ ကယ်တင်ခြင်းလိုအပ်သော အခြေ၌ ရှိကြ၏။ (ရောမ၃း၂၃၊ ၅း၈) လူသားသည် ပျပ်ဝပ်အပ်သူကို ရှာဖွေဝတ်ပြုရမည်ထက် ပျပ်ဝပ်ခြင်းကို ခံယူလို၏။ (မဿဲ ၁၁း၂၃၊၂၄)။ ကော်နေလိအား ပေတရုသည် '........ ချီပင့်လျက် ထလော့၊ ငါကိုယ်တိုင် လူဖြစ်သည်......' (တမန် ၁၀း၂၅-၂၆) ဟုဆိုလျက် ပျပ်ဝပ်ခံခြင်းကို ငြင်းပယ်ခဲ့သည်။ ယနေ့ တရားဟောဆရာများ အဘယ်ကြောင့် ပေတရုကဲ့သို့ မငြင်းအပ်နိုင်သနည်း။

ယနေ့ဘာသာရေးလောကတွင် လူသားသည် တစ်ဦးအပေါ် တစ်ဦး မြှင့်တင်ခြင်းခံယူပြီး ငယ်သားများ၏ အောက်ကျို့မှုကို လိုလားသော ပြဿနာသည် ကြီးမားလှပါသည်။ ခေါ်ဝေါ်ခြင်း ခံယူသော ဘွဲ့နာမအား ဆန်းစစ်ခြင်းမရှိဘဲ၊ ထိုဘွဲ့နာမရှင်ပြောဆိုရာတိုင်းကို လက်ခံအသုံးပြုပြီး စည်းမျဉ်းဥပဒေအဖြစ် သတ်မှတ်ယူတတ်ကြသည်။ အခက်အခဲ တစ်ရပ်မှာ အများသုံးဆောင်နေကြသော ဤဘွဲ့နာမထူး

များသည် အဓိပ္ပာယ်မရှိ၊ မှားယွင်းခြင်းများသာ ဖြစ်သည်ကို လူသားများအား မြင်တွေ့စေနိုင်ရန် ဆောင်ရွက်ခြင်း ဖြစ်သည်။ လူတိုင်းသည် ကိုယ်တိုင် ကျမ်းစာဖတ်၍ ဘုရားသခင် အလိုတော်ကို ကိုယ်တိုင် ရှာဖွေသိရှိနိုင်သည်ကို သိအပ်သည်။ ဘုရားစကားနားထောင်နိုင်ရန် မည်သည့်လူသားကိုမျှ ပျပ်ဝပ်စရာမလိုကြောင်း သိအပ်ပါသည်။

ထို့ကြောင့် သမ္မာကျမ်းစာ သွန်သင်ခြင်းမရှိသော ပုပ်ရဟန်းမင်းကြီး၊ ကာဒီနယ်ဘိရှောပ်၊ ဂိုဏ်းချုပ်၊ ဂိုဏ်းအုပ်၊ အဖ၊ သိက္ခာတော်ရဆရာ၊ သိက္ခာတော်ရဆရာကြီး စသဖြင့်သော ဘွဲ့နာမများကို ယူတင်ဝတ်ဆောင်သည့်သူများသည် ဘုရားသခင်နောက် လိုက်လျှောက်နေခြင်းဟု မိမိကိုယ် မိမိထင်ကြသော်လည်း ဘုရားသခင်နှင့် တစ်ညီတည်းအဆင့်သို့ မြှင့်တင်နေခြင်းသာ ဖြစ်သဖြင့် ဘုရားသခင်နောက်လိုက်နေခြင်း မဟုတ်ပါ။ ဘုရားသခင် သို့မဟုတ် ဘုရားသခင်၏ ဂုဏ်နာမတော်ကို တုယူနေသူ လူသားသည် မည်သူ့အား အရှိအသေပေးရမည်ကို လေးနက်စွာ ဆင်ခြင်အပ်ပါသည်။

## မေးခွန်းများ

၁။ ယနေ့အသုံးပြုလျက်ရှိသော ဘာသာရေးဘွဲ့နာမများအား ဘုရားသခင်ခွင့်ပြုပါသလား။

၂။ အဘယ်ကြောင့် ထိုဘွဲ့နာမများ ကျမ်းစာနှင့်မကိုက်ညီသနည်း။

၃။ အဘယ်ကြောင့် ထိုဘွဲ့နာမများကို အသုံးပြုကြသနည်း။

၄။ ကမ္ဘာပေါ်တွင် မည်သူမျှ ..............၏............ဟုမယူဆနိုင်ပါ။

၅။ အသင်းတော်၏ ခေါင်းဆောင်မှာ မည်သူနည်း။

၆။ ခရစ်တော်အား အာဏာမှ ဆွဲချသောလူသားအား ပေးထားသည့်

ဘွဲ့နာမကား အဘယ်နည်း။

၇။ ခရစ်တော်တည်းသော အသင်းတော် တစ်ခုစီ၌ တွေ့အပ်သော ဦးဆောင်မှုမျိုးကား အဘယ်နည်း။

၈။ အသင်းတော်တစ်ခုကို တစ်ဦးတစ်ယောက်တည်းက ဦးဆောင်သော အမှုသည် ကျမ်းစာနှင့် ကိုက်ညီပါသလား။

၉။ အသင်းလူကြီးတစ်ဦးဖြစ်ရန်၊ မည်သည့်အရည်အချင်းများနှင့် ပြည့်စုံရမည်နည်း။

၁၀။ မြေကြီးပေါ်တွင် မည်သူကိုမျှ .....ဟူ၍ မခေါ်ကြနှင့်၊ ကောင်းကင်ဘုံ၌ သင်တို့အဖတစ်ဦးတည်းရှိ၏။

၁၁။ လူသားကို အဖဟု ခေါ်ဝေါ်ခြင်းသည် မည်သည်ကို ဆန့်ကျင်နေပါသနည်း။

၁၂။ လူတွင် ......... ဟူသော ဘွဲ့နာမသည်လည်း တားမြစ်ထားပါသည်။

၁၃။ အဘယ်ကြောင့် လူသည် ဥပဇ္ဈာယ်ဆရာဟုအခေါ်မခံရအပ်သနည်း။

၁၄။ လူသည် ကျမ်းစာနှင့်အညီ ရယ်ဗရင့် (သို့) သိက္ခာရဆရာဟု အခေါ်ခံနိုင်မည်လား။

၁၅။ 'နာမတော်သည် သန့်ရှင်း (Holy)၏ ကြောက်ရွံ့ရိုသေဖွယ်(Reverend)ဖြစ်၏' ဟူသော ကျမ်းချက်သည် မည်သူ့ကိုတင်ဆိုထားပါသနည်း။

၁၆။ ရယ်ဗရင့် (သို့) သိက္ခာရဆရာကြီးဟု အခေါ်ခံသူသည် .........နှင့် တစ်တန်းတည်း ပြုလုပ်ခြင်းသာ ဖြစ်၏။

* * *

# အခန်း - ၂၉
## မှားယွင်းသော သွန်သင်ချက်များ

ဘာသာရေးအမည်ဖြင့် သွန်သင်သမျှသည် မှန်ကန်ခြင်းရှိသည် မဟုတ်။ ဘုရားသခင်၏ တရားဟောဆရာဟု အမည်ခံသောသူတိုင်း ဘုရားသခင်၏ လူမဟုတ်. မှန်ကန်ခြင်းရှိ၊ မရှိကို သမ္မာကျမ်းစာဖြင့် ယှဉ်ကြည့်မှသာ သိနိုင်သည့်နည်းတူ ဘုရားသခင်၏လူဟုတ်၊ မဟုတ်ကိုလည်း ကျမ်းစာနှင့်ယှဉ်၍ စစ်ဆေးကြည့်ရန် လိုပါသည်။ 'ချစ်သူတို့ ...ခပ်သိမ်းသော စိတ်ဝိညာဉ်တို့ကို မယုံကြနှင့် ၊ စိတ်ဝိညာဉ်တို့သည် ဘုရားသခင်နှင့် စပ်ဆိုင်သည် မစပ်ဆိုင်သည်ကို စုံစမ်းကြလော့။ အကြောင်းမူကား၊ မိစ္ဆာပရောဖက်အများတို့သည် ဤလောကသို့ သွားကြပြီး။' (၁ယော ၄း၁)။

ထို့ကြောင့် အချို့သော မှားယွင်းစွာသွန်သင်ခြင်းများကို အကြမ်းအားဖြင့် ထုတ်ဖော်လေ့လာကြည့်ကြပါအံ့။ တစ်ဦးတစ်ယောက်က မယုံသောကြောင့် မှားယွင်းသည်ဟု သတ်မှတ်သည်မဟုတ်၊ သမ္မာကျမ်းစာ၊ ကိုက်ညီမှုမရှိကြောင်း သွန်သင်သောကြောင့်သာ ဖြစ်သည်။ ကိုယ်တိုင်ကိုယ်ကျ လေ့လာကြပါစို့။

(၁) ကယ်တင်ရမည်၊ သို့မဟုတ် ပျောက်ဆုံးမည်ဟု လူတစ်ဦးအား ဘုရားသခင်သည် ရှေးမဆွမီကပင် ကြိုတင်သတ်မှတ်ထားတော်မူ၏။ ထိုသူသည် ကြိုတင်သတ်မှတ်ခြင်း ခံရသော အခြေအနေကို ပြောင်းလဲသွားစေရန် မည်သို့မှ မစွမ်းဆောင်နိုင်ပါ။ ဤသွန်သင်ချက်မှာ

များယွင်းပါသည်။ အဘယ်ကြောင့်ဟူမူကား၊ သမ္မာကျမ်းသွန်သင်သော ထိုအမှုမှာ အဖွဲ့အစည်းတစ်ခုလုံး၊ လူအစုလိုက်ကို ပြောထားခြင်း ဖြစ်သည်။ တစ်ဦးတစ်ယောက်စီကို ပြောဆိုထားခြင်းမဟုတ်ပါ။ ဖြောင့်မတ်သူတစ်စုကို ကယ်တင်၍ မိုက်မဲသောသူအစုကို ဖျက်ဆီးမည်ဟုသာ ဘုရားက ကြိုတင်သတ်မှတ်ထားပါသည်။ လူတစ်ယောက်သည် မည်သည့်လူအစုတွင် ပါဝင်လိုကြောင်းကို မိမိကိုယ်မိမိဆုံးဖြတ်နိုင်ရန် လူတိုင်းအားခွင့်ပေးထားပါသည်။ ထိုသို့မဟုတ်သော် သမ္မာကျမ်းစာသည် အချည်းနှီးသာဖြစ်၍ အချိန်ဖြုန်းခြင်းသာ အကျိုးဖြစ်တော့မည်။ ပေါလုက 'ဤကမ္ဘာ မတည်မရှိမီ ငါတို့ကို ခရစ်တော်၌ ရွေးကောက်တော်မူသည်နှင့်အညီ ကောင်းကင်ဘုံနှင့်ဆိုင်သော အရာတို့၌ ခပ်သိမ်းသော ဓမ္မမင်္ဂလာ တို့ကို ခရစ်တော်အားဖြင့် ငါတို့အား ပေးသနားတော်မူသော ငါတို့သခင်ယေရှုခရစ်တော်၏ခမည်းတော် ဘုရားသခင်သည် မင်္ဂလာရှိတော် မူစေသတည်း၊ ထိုဘုရားသခင်သည် ချစ်တော်မူသော သားတော်ကြောင့် ငါတို့အား ပေးတော်မူသော ကျေးဇူးတော်၏ ဘုန်းအသရေကို ချီးမွမ်းစေခြင်းငှာ၊ ငါတို့သည် ယေရှုခရစ်အားဖြင့် သားအရာကို ရမည့်အကြောင်း အလိုတော်ရှိသော စေတနာအတိုင်း ရှေးမဆွက ခွဲခန့်မှတ်သားတော်မူ၏။' (ဧဖက် ၁း၄-၆) ဟူ၍သင်ထားသည်။ ကြိုတင်၍ မည်သူက ဖြောင့်မတ်သောလူအစုတွင် ပါဝင်မည်ဟု သွန်သင်သည် မဟုတ်၊ ဖြောင့်မတ်သောလူအစုသာ ကယ်တင်ခြင်းရမည်ဟု ကြိုတင်ခွဲခန့် မှတ်သားထားခြင်း ဖြစ်သည်။ ဖြောင့်မတ်သောလူအစုတွင် ပါဝင်မည်၊ မပါဝင်မည်ကို ဆုံးဖြတ်ရန်သာ ဖြစ်ပါသည်။

(၂) လူသည် အပြစ်နှင့် မွေးဖွားလာသည်ဟူသော သွန်သင်ချက်

မှာ မှားယွင်းပေသည်။ 'အကျွန်ုပ်သည် မွေးစကပင် အပြစ်ပါလျက် ရှိပါ၏။ အမိဝမ်းထဲမှာ ပဋိသန္ဓေယူစဉ်ပင် အပြစ်စွဲပါ၏' (ဆာလံ ၅၁:၅)ကို ထောက်၍ လူအချို့က အထက်ပါ သွန်သင်ချက်ကို သက်သေထူကြသည်။ ဤ(ဆာလံ ၅၁:၅)သည် လွန်စွာ အားနည်းသော မြန်မာဘာသာပြန်တစ်ရပ်ဖြစ်ကြောင်း ထင်ရှားသည်။ လေ့လာသူအား အခြားသော ဘာသာပြန်များနှင့် ယှဉ်၍ကြည့်စေလိုပါသည်။ မူလရှိရင်းစွဲမှ မြန်မာဘာသာပြန်သော် အဖြစ်သင့်ဆုံးမှာ ' အပြစ်၌ ကျွန်ုပ်မွေးဖွားလာခဲ့သည်။ မိခင်သည်လည်း အပြစ်၌ အကျွန်ုပ်အား ပဋိသန္ဓေ ယူဆောင်ခဲ့သည်'ဟူ၍ ဖြစ်ပါသည်။ ဒါဝိဒ်က လူသည် အပြစ်၌(In Sin) မွေးဖွားလာသည်ဟု ဆိုပါသည်။ အပြစ်၌(In Sin) မွေးဖွားခြင်းနှင့် အပြစ်နှင့်(With Sin) မွေးဖွားခြင်းသည် ကွာခြားလှပါသည်။ အပြစ်နှင့်ပြည့်နေသော လောကထဲသို့ လူသည် မွေးဖွားခြင်းကို အပြစ်၌ မွေးဖွားလာသည်။ (In Sin)ဟု မှန်ကန်စွာ သုံးစွဲနိုင်သည်။ အပြစ်ဒုစရိုက်ဖြင့်ပြည့်ဝလျက် မွေးဖွားလာသော လူဟူ၍ ကျမ်းစာ မည်သည့်နေရာ၌မျှ သွန်သင်ခြင်းမရှိပါ။ (မဿဲ ၁၈း၁–၄) ကိုကြည့်သော်၊ အပြစ်နှင့် မွေးလာသည်မှန်လျှင် အဘယ်ကြောင့် မိမိနောက်လိုက်များအား ကလေးငယ်များကဲ့သို့ ခရစ်တော်က ပြောင်းလဲခိုင်းသနည်း။ ဆင်ခြင်ရေတွက်ဆုံးဖြတ်သော အရွယ်မရောက်သေးသည့်ကလေးသည် အပြစ်နှင့် ကင်းလျက်ရှိ၏။ ထိုအရွယ်သို့ရောက်မှသာ ယုံကြည်နိုင်ခြင်း၊ အပြစ်မှ နောင်တရခြင်း၊ ဝန်ခံခြင်း၊ ဗတ္တိဇံအားဖြင့် အပြစ်ဆေးကြောခြင်း အမှုတို့ကို ပြုနိုင်မည်။ (မာကု ၁၆း၁၆၊ တမန် ၁၇း၃၀၊ ရောမ၊ ၁၀း ၁၀–၁၁၊ တမန် ၂၀း၃၈) ဤအမှုများမပါလျှင် လူသည် ကယ်တင်

ခြင်းမရနိုင်ပါ။ မဖြစ်နိုင်သော အရာကိုလည်း ခရစ်တော် သွန်သင်မည်မဟုတ်၊ ထို့ကြောင့် ပျောက်ဆုံးနေသူအား၊ ကယ်တင်ခြင်း ရရန်၊ ဘုရားသခင် လိုအပ်သော အချက်များကို ဖြည့်စွမ်းနိုင်မှု မရှိသေးသော ကလေးငယ်တို့သည် အပြစ်နှင့် ကွင်းလွတ်လျက်သာ ရှိသေးသည်။

(၃)အသင်းတော်များစွာရှိ၍ အသင်းတော်တိုင်းသည် သူ့နည်းနှင့်သူ ကောင်းကြပါသည်။ ဤမှားယွင်းသော သွန်သင်ချက်သည် အသင်းတော်မှာ အဓိကမဟုတ်၊ အရေးမကြီးဟူ၍ ဦးတည်ကာ သွန်သင်ရာရောက်ပါသည်။ သမ္မာကျမ်းကမူ အသင်းတော်တစ်ခုတည်းရှိ၍ ခရစ်တော်အသွေးတော်နှင့် ပေးဝယ်ရသည်အထိ အရေးကြီးကြောင်း သွန်သင်ပါသည်။ (မဿဲ ၁၆း၁၈၊ ဧဖက် ၄း၄၊ တမန် ၂၀း၂၈) လူတို့တည်သော အသင်းတော်အများအပြားရှိ၍ ထိုအသင်းတော်တိုင်းသည် သူ့နည်းနှင့်သူကောင်းကြပါသည်။ ထိုအသင်းတော်တို့မှာ အဓိကမဟုတ်၊ အရေးမကြီးပါဟူသည် မှန်ပါသည်။ သို့သော် ဤအချက်များကို ခရစ်တော်၏ အသင်းတော်အပေါ် ယူတင်၍ မရပါ။

(၄) ယုံကြည်ခြင်းသာလျှင် လူကိုကယ်တင်ပါသည်ဟူသော သွန်သင်ချက်သည် မှားယွင်းပါသည်။ ယုံကြည်ခြင်းသာ ကယ်တင်သည်ဆိုလျှင် အကျွန်ုပ်တို့အား အဘယ်ကြောင့် နောင်တရရန်၊ နှုတ်ဖြင့် ဝန်ခံရန်၊ ဗတ္တိဇံခံရန်၊ ခရစ်ယာန်အသက်တာကို နေထိုင်ရန်၊ ဘုရားသခင်၏ အလုပ်ကို လုပ်ဆောင်ရန်၊ စသည်တို့ကို မိန့်မှာသနည်း။ ယာကုပ်အခန်း(၂)ကို ဖတ်ရှုပါ။ ယုံကြည်ခြင်းသည် အုတ်မြစ်ဖြစ်၍ ယုံကြည်ခြင်းအပေါ် အခြားလိုအပ်ချက်များကို တည်ဆောက်မှုပြုရပါမည်။

(၅) ကယ်တင်ခြင်းရသူသည် ကယ်တင်လွတ်မြောက်မှု အခြေခံ အစဉ်တည်နေသည်ဟူသော သွန်သင်ချက်သည် မှားယွင်း၏၊ ယုံကြည်သူတစ်ဦးအား သေသည့်တိုင်သစ္စာစောင့်ရန် ဗျာဒိတ် ၂း၁၀ တွင် သွန်သင်ပါသည်။အဘယ်ကြောင့် သေသည့်တိုင် သစ္စာစောင့်ရမည်နည်း။ ပျောက်ဆုံးခြင်းမရှိနိုင်တော့၍လား။ ကျမ်းစာအမှန် သွန်သင်သည်မှာ လူသည်ကျေးဇူးတော်မှ ရွေ့လျော့သွားနိုင်သည်။

(၆) ယုံကြည်ခြင်းနှင့် ယနေ့ထူးဆန်းနိမိတ် လက္ခဏာများကိုပြုနိုင်သည်မှာ မှားယွင်းသော သွန်သင်ချက်ဖြစ်သည်။ ထိုသွန်သင်ချက်သာမှန်လျှင် အဘယ်ကြောင့် သေသူကို ရှင်ပြန်ထမြောက်အောင်မပြုသနည်း။ ခြေ၊ လက်၊ မျက်စိတို့ကို ပြန်လည်ကောင်းမွန်အောင်မပြုကြသနည်း။ ယနေ့ ဤအမှုကို ပြုလုပ်ခြင်းမရှိတော့ပါ။ တစ်ချိန်က ဘုရားသခင် နှုတ်ကပတ်တော်တည်စေရန်နှင့် ဘုရားသခင်စေလွှတ်သူဟူ၍ သိနိုင်ရန်အတွက် ပြုလုပ်ခဲ့ကြခြင်းများ ဖြစ်သည်။ နှုတ်ကပတ်တော် အတည်ရှိပြီးဖြစ်သော ယနေ့အခါ ထူးဆန်းနိမိတ်လက္ခဏာလုပ်ဆောင်ခြင်းအမှုသည် မလိုအပ်တော့ပါ။ နှုတ်ကပတ်တော်ကို ယုံကြည်သောသူသည် ထူးဆန်းနိမိတ်လက္ခဏာတစ်ရပ်ကို တွေ့မြင်သည်ရှိသော် ယုံကြည်လိမ့်မည်မဟုတ်ပါ။ (ယော ၂၀း၃၀-၃၁)

(၇) ရေဖြန်းခြင်း၊ ရေလောင်းခြင်းဖြင့် ပြုသော ဗတ္တိဇံသည် မှန်ကန်သည်ဟူသော သွန်သင်ချက်သည်လည်း မှားယွင်း၏။ အဘယ်ကြောင့်ဆိုသော် (ရောမ ၆း၃-၄၊ ကော ၂း၁၂) တို့တွင် ဗတ္တိဇံသည် မြှုပ်နှံခြင်းအမှုဖြစ်သည်ကို တွေ့ရပါသည်။ ဗတ္တိဇံသည် တစ်ပါးတည်းရှိသည်။(ဧဖက် ၄း၅) သင်သည် ရေ၌ မြှုပ်နှံခြင်း မရှိသေးပါက

ထိုတစ်ခုတည်းသော ဗတ္တိခံကို မခံရသေးပါ။

မှားယွင်းသော သွန်သင်ချက်များ အများအပြား ရှိပါသေးသည်။ မှားယွင်းသည်ဟု သတ်မှတ်ရခြင်းမှာ သမ္မာကျမ်းစာ သွန်သင်မှုမရှိသော ကြောင့် ဖြစ်ပါသည်။ ထိုသွန်သင်ချက်များကို ဆက်လက်၍ ဟောပြော နိုင်ခြင်းရှိပြီး များပြားသော လက်ခံယုံကြည်မှုများလည်း ရှိလာနိုင်ပါသည်။ သို့သော်လည်း ထိုမှားယွင်းမှုများသည် မှန်ကန်လာနိုင်ခြင်း ရှိမည်မဟုတ် ပါ။ တစ်ဦးတစ်ယောက်က မှန်ကန်ပါသည်ဟု ဆိုလာသည်နှင့် လက်ခံ ခြင်း မပြုအပ်ပါ။ သမ္မာကျမ်းစာ သွန်သင်ချက်ရှိမှသာ လက်ခံအပ် ပါသည်။ သို့မဟုတ် သင်သည် လှည့်ဖြားခံရ၍ ပျောက်ဆုံးသွားပေမည်။

## မေးခွန်းများ

၁။ ဘာသာရေးအမည်နှင့် သွန်သင်သော သွန်သင်ချက်တိုင်းသည် မှန်ကန်မှုရှိပါသလား။

၂။ သွန်သင်ချက် မှန်မမှန် မည်သို့သိနိုင်မည်နည်း။

၃။ ရှင်ယောဟန်သည် ကျွန်ုပ်တို့အား မည်သို့ လုပ်ဆောင်ရန် တိုက် တွန်းသနည်း။

၄။ အချို့သော သွန်သင်မှုများ အဘယ်ကြောင့် မှားယွင်းရသနည်း။

၅။ ............. သောသူအစုသည် ကယ်တင်ခြင်းရ၍ ...................သော လူအစုသည် ပျောက်ဆုံးမည်ဟု ဘုရားသခင်သည် ရှေးမဆွကပင် ခွဲခန့်မှတ်သားတော်မူသည်။

၆။ တစ်ဦးတစ်ယောက်သည် မည်သည့်လူအစုတွင် ပါဝင်လိမ့်မည်ဟု မည်သူဆုံးဖြတ်ရမည်နည်း။

၇။ အကယ်၍ ကျွန်ုပ်တို့၌ အဆိုးအကောင်းကို ရွေးချယ်လုပ်ဆောင်

နိုင်ခွင့်မရှိလျှင် ကျမ်းစာသွန်သင်ချက်များသည် ........... သာဖြစ်မည်။

၈။ ကလေးသူငယ်များသည် အပြစ်နှင့်မွေးဖွားလာပါသလား။

၉။ ဒါဝိဒ်မင်းကြီးက မိမိသည်အပြစ်နှင့်မွေးဖွားလာသည်ဟု ပြောပါသလား။

၁၀။ ခရစ်တော်က သူ့၏နောက်လိုက်များအား ....................ကဲ့သို့ ပြောင်းလဲခိုင်းပါသည်။

၁၁။ မည်သည့်အချိန်၌ လူတစ်ယောက်သည် အပြစ်နှင့် ဖုံးလွှမ်းလာပါသနည်း။

၁၂။ သမ္မာကျမ်းစာအရ အသင်းတော်အများအပြားရှိပါသလား။

၁၃။ အသင်းဂိုဏ်းဂဏတစ်ခုသည် အခြားဂိုဏ်းဂဏတစ်ခု ကောင်းမွန်သည်နှင့်အညီ ကောင်းမွန်ခြင်း ရှိပါသလား။

၁၄။ ယုံကြည်ရုံမျှနှင့် ကယ်တင်ခြင်းရမည်လား။

၁၅။ ယုံကြည်ခြင်းသည် မည်သည့်အရာကို အကျိုးပြုသနည်း။

၁၆။ ကယ်တင်ခြင်းရရန် လူတစ်ဦးသည် ...................... သည့်တိုင်အောင် ...................... ရမည်။

၁၇။ ယနေ့သေသူများကို အသက်ရှင်အောင်ပြုနိုင်သောသူ ရှိပါသလား။

၁၈။ နိမိတ်လက္ခဏာများကို ပထမရာစုတွင် မည်သည့်အတွက်လုပ်ဆောင်ခဲ့သနည်း။

၁၉။ ယနေ့ ထိုနိမိတ်လက္ခဏာများ အဘယ်ကြောင့် မလိုအပ်တော့သနည်း။

၂၀။ ဗတ္တိဇံဟူသည် အဘယ်နည်း။

၂၁။ မှားယွင်းသောသွန်သင်ချက်များကို ယုံစားမိလျှင် မည်သို့ဖြစ်မည်နည်း။

* * *

# အခန်း-၃၀
## သမ္မာကျမ်းစာ၏ အခြေခံသွန်သင်ချက်များ

ယခုနောက်ဆုံး အခန်းတွင် ယခင်မလေ့လာရသေးသော သမ္မာကျမ်းစာ၏ အခြေခံသွန်သင်ချက်များကို အကြမ်းအားဖြင့် လေ့လာပါမည်။ ဤလေ့လာချက်များသည် အခြေခံသဘောသာရှိသဖြင့် ကိုယ်တိုင်ဆက်လက်လေ့လာသွားရန် လိုပါသည်။ အခြေခံအကြမ်းအားဖြင့် ဟုဆိုရာ၌ အခြားသော ကျမ်းချက်များလောက် အရေးမကြီးဟု မဆိုပါ၊ ကျမ်းချက်အားလုံး အရေးကြီးပါသည်။

(၁)ညီညွတ်မှုကို ကျမ်းစာကသွန်သင်ပါသည်။ ကျွန်ုပ်တို့ တစ်လုံးတစ်ဝတည်းရှိစေရန် ခရစ်တော်ဆုတောင်းခဲ့သည်။ (ယောဟန် ၁၇) ခရစ်တော်၌ အသင်းတော် တစ်ခုတည်းရှိသည်။ အမည်နာမတစ်ခုတည်း ဝတ်ပြုကိုးကွယ်နည်း၊ ကယ်တင်ခြင်းနည်းစဉ် စသည်တို့ တစ်မျိုးတည်းစီသာရှိပါသည်။ အရှင်တစ်ပါး၊ ယုံကြည်ခြင်းတစ်ပါး၊ ဗတ္တိဇံတစ်ပါး၊ အသက်ရှင်ရန် နည်းလမ်းတစ်ခုတည်း၊ ကောင်းကင်နိုင်ငံသို့ သွားရန် တစ်လမ်းတည်းသာရှိပါသည်။ သမ္မာကျမ်းစာ သွန်သင်မှုကို အားလုံးလိုက်နာလိုက်လျှောက်ကြပါက၊ အလုံးစုံ၌ တစ်မျိုးတည်းသာရှိပေမည်။

(၂) ခရစ်ယာန်ဖြစ်ခြင်း၏ ရည်ရွယ်ချက်မှာ အလုပ်အကိုင်ရရှိရန် ၊ တစ်ဦးတစ်ယောက်၏ စီးပွားရေးကောင်းမွန်ရန် စသော ရည်ရွယ်ချက်များ မဟုတ်ပါ။ ကယ်တင်ခြင်းရရန်၊ ဘုရားအလိုတော်ကို

လိုက်လျှောက်ရန်၊ သူတစ်ပါးအား ကူညီမစရန် စသည်တို့သာ ဖြစ်ပါသည်။

(၃) ခရစ်ယာန်တစ်ယောက်၏ ပေးဆပ်ရမည့်အချက်များကို ခရစ်ယာန်မဖြစ်မီ ရေတွက်သင့်ပေမည်။ အပြင်အတားအမျိုးမျိုး၊ နှိပ်စက်ညှဉ်းပန်းမှု၊ အခက်အခဲရင်ဆိုင်ရမည့် အခြေအမျိုးမျိုးကို တွက်ချက်ပြီးဆုံးဖြတ်နိုင်မှသာ ဘုရားသခင်၏ နောက်တော်သို့လိုက်ရန် အဆင်သင့်ရှိပေမည်။ ပေးဆောင်ရမည့်အချက်များ ပေးဆောင်လိုသော ဆန္ဒမရှိပါက ခရစ်ယာန်တစ်ယောက်မဖြစ်လာသင့်ပေ။

(၄) တစ်ခုတည်းသော လမ်းဖြင့်သာ ခရစ်တော်ထဲသို့ ဝင်ရောက်နိုင်ပါသည်။ ထိုလမ်းမှာ ဧဝံဂေလိတရားကို နာခံလိုက်လျှောက်ခြင်းသာဖြစ်သည်။ ထိုတွင်ဗတ္တိဇံဖြင့် အပြစ်ဆေးကြောခြင်းသည် နောက်ဆုံးခြေလှမ်းဖြစ်သည်။ သမ္မာကျမ်းစာက ခရစ်တော်၌ (ထဲသို့) ဗတ္တိဇံခံခြင်းဖြင့် ဝင်ရောက်သည်။(ရောမ ၆း၃-၄) ထို့ကြောင့် ခရစ်ယာန်တစ်ဦးဖြစ်ခြင်းသည် ခရစ်တော်ထဲ၌ ရှိခြင်းပင်ဖြစ်သည်။ တစ်နည်းဆိုလျှင် ခရစ်တော်ထဲသို့ ဗတ္တိဇံဖြင့် ဝင်ရောက်သူဖြစ်ပါသည်။ ရေ၌ မြှုပ်နှံခြင်းမရှိသေးသောသူသည် ခရစ်တော်၌ မရှိသေးပါ၊ ခရစ်ယာန်တစ်ဦးမဟုတ်သေးပါ။ ဝိညာဉ်ရေးဆိုင်ရာ ကောင်းချီးမင်္ဂလာများသည် ခရစ်တော်ထဲ၌သာ ရရှိနိုင်ပါသည်။ ဧဖက် ၁။

(၅) အားလုံးသော တိရိစ္ဆာန်တို့၏အသားသည် သန့်ရှင်း၍စားကောင်းဖွယ်ဖြစ်သည်ဟု ဓမ္မသစ်(ပဋိညာဉ်သစ်)က သွန်သင်ပါသည်။ ဤအချက်ကို ဟမန်တော် ဝတ္ထုအခန်း(၁၀)နှင့် (၁၁)တွင် ပေတရုအား သွန်သင်ခံရပါသည်။ အိမ်ထောင်ပြုခြင်း၊ အသားစားခြင်း

တို့ကို တားမြစ်လာကြလိမ့်မည်ဟု ပေါလုက သွန်သင်ပါသည်။ ဆက်ပြီး 'ကျေးဇူးတော်ကို သိသောစိတ်နှင့်ခံယူလျှင် အဘယ်အရာကိုမျှ မပယ်ရှောင်ရ၊ အကြောင်းမူကား ဘုရားသခင်၏ နှုတ်ကပတ်တရားတော်အားဖြင့်လည်းကောင်း၊ ဆုတောင်းခြင်းအားဖြင့်သော်လည်းကောင်း၊ အရာရာတို့သည် စင်ကြယ်လျက်ရှိကြ၏'ဟု ပေါလုသွန်သင်ပါသည်။ (၁တိ ၄း၅) ပညတ်တော်တရားလက်ထက်တွင် အသားစားခြင်း တားမြစ်မှုများကို သွန်သင်ထားသော်လည်း ယခုပဋိညာဉ်သစ်လက်ထက်တွင် အားလုံးသော အသားတို့သည် စင်ကြယ်၍ စားကောင်းသည်ဟု သွန်သင်သည်။ မသန့်စင်၊ မစင်ကြယ်ဟူ၍ အသားစားခြင်းအမှုကို ငြင်းဆန်သူသည် သမ္မာတရားကို လျစ်လျူရှုခြင်းပင် ဖြစ်သည်။ ကြိုက်နှစ်သက်ခြင်းမရှိ၍ မစားခြင်းကိုမဆိုပါ၊ သူတစ်ပါးအား စားလျှင် အပြစ်ဖြစ်သည်ဟု မသွန်သင်အပ်ပါ။ ဘုရားသခင် သွန်သင်မှုမဟုတ်သောကြောင့် တားမြစ်ခြင်းကို သွန်သင်လျှင် မှားယွင်းပါသည်။

(၆) ရုပ်ဝတ္ထုရှေ့ပျပ်ဝပ်၊ နှုးညွှတ်ခြင်းကို ကျမ်းစာတားမြစ်သည်။ ရုပ်ဝတ္ထုဆိုရာ၌ အရာဝတ္ထု (သို့မဟုတ်) နာမ်ရုပ်အခြေတစ်ခုဖြစ်ရုံသာမက၊ မည်သည့်အရာကိုမဆို အချိန်ပေးခြင်း၊ ဂရုစိုက်ခြင်းတို့သည် မိမိ၏ ရုပ်နာမ်ဝတ္ထုဖြစ်လာပါသည်။ ဤတွင် အလုပ်အကိုင်ငွေရေးကြေးရေး၊ မိသားစု စသည်ဖြင့်တို့လည်း ဖြစ်နိုင်သည်။ ကျမ်းစာသည် ဘုရားသခင်ကိုသာ ဝတ်ပြုပျပ်ဝပ်လျက် ဘုရားနှင့် ဘုရားသခင်၏ နိုင်ငံတော်ကို ရှေးဦးစွာ ထားအပ်ကြောင်း သွန်သင်ပါသည်။ (မဿဲ ၆း၃၃)

(၇) လောကထဲသို့ မည်သူမျှ ခရစ်ယာန်အဖြစ် မွေးဖွားလာ

ခြင်းမရှိ၊ ရေတွက်ဆင်ခြင်တတ်သော အရွယ်ရောက်မှသာ မိမိကိုယ်ပိုင်အသိ၊ မိမိကိုယ်ပိုင်စိတ်ဖြင့်၊ ဧဝံဂေလိတရားကို နာခံလိုက်လျှောက်ခြင်းဖြင့်သာ ခရစ်ယာန်တစ်ဦး ဖြစ်လာပေမည်။ အများထင်သလို ခရစ်ယာန်အမည်အသုံးခံခြင်း၊ မိဘများခရစ်ယာန်ဖြစ်သောကြောင့် သားသမီးများ ခရစ်ယာန်ဖြစ်အပ်ခြင်း စသည်တို့ကြောင့် ခရစ်ယာန်ဖြစ်လာခြင်းမဟုတ်ပါ။

(၈) ဧဝံဂေလိတရားကို နားထောင်လိုက်နာသူသည် သန့်ရှင်းသော ဝိညာဉ်တော်၏ ဆုကျေးဇူးရရှိပါသည်။ (တမန် ၂း၃၈) ဤဆုကျေးဇူးသည် ထူးဆန်းနိမိတ်များ လုပ်ဆောင်နိုင်စွမ်းရှိသည့်ဆု မဟုတ်ပါ။ ထူးဆန်းနိမိတ်လုပ်ဆောင်ခြင်းအမှုသည် နှုတ်ကပတ်တော်တည်စေရန်အတွက်သာဖြစ်ခဲ့၍ ယခုဘုရားသခင် နှုတ်ကပတ်တော် အတည်ရှိပြီးဖြစ်သောကြောင့် မလိုအပ်တော့ပေ၊ ကွယ်ပျောက်ကုန်ဆုံးလေပြီး။

(၉)အားလုံးသေကြေရမည်ဟု ကျမ်းစာ သွန်သင်သည်။ (ဟေဗြဲ ၉း၂၇) မိမိ၏ လုပ်ဆောင်မှု၊ နေထိုင်မှုတိုင်းကို တရားစီရင်ရာနေ့တွင် အစီရင်ခံရပါမည်ဟု လည်းသွန်သင်သည်။ (၂ကော ၅း၁၀) ဤအချက်နှင့်စပ်လျဉ်း၍ ဖြောင့်မတ်သူသည် ထာဝစဉ်ကောင်းကင်နိုင်ငံသို့လည်းကောင်း၊ မိုက်မဲသူသည် ငရဲသို့လည်းကောင်း ရှင်ပြန်ထမြောက်မည်ဟု သွန်သင်ထားပါသည်။ (ယော ၅း၂၈–၂၉၊ မဿဲ ၂၅)

(၁၀) ခရစ်တော်သည် တစ်နေ့ပြန်လာမည်ဟု ကျမ်းစာသွန်သင်သည်။ ဘုရားသခင်သာ သိသော ခရစ်တော်၏ ပြန်လာချိန်ကို မည်သူမျှ မသိနိုင်ပါ။(မဿဲ ၂၄း၃၇–၄၄) ထိုအခါ တစ်လောကလုံးကို မီးဖြင့်ဖျက်ဆီးပါလိမ့်မည်။

သမ္မာကျမ်းစာ သွန်သင်ချက်များကို ဆက်လက်၍ မြောက်မြားစွာ လေ့လာနိုင်ပါသည်။ ဤသင်ခန်းစာများဖြင့် လေ့လာနိုင်သော သမ္မာကျမ်းသွန်သင်ချက်များသည် သင့်အတွက် မှားယွင်းသော သွန်သင်ချက်များကို ရှောင်ရှားပြီး သမ္မာတရား(အမှန်တရား)ကိုသာ လေ့လာလိုသော ဆန္ဒများအပေါ် အခြေခံပေးခြင်းဖြစ်သည်။ တစ်နည်းဆိုသော် သမ္မာတရား(ကျမ်းစာ)၏ သွန်သင်ချက်အမှန်များကိုသာ လေ့လာသွားစေလိုသောအခြေပေါ်သို့ တင်ပေးလိုကြောင်း ဖြစ်သည်။ ဤအတိုင်း အတာအထိ ဘုရားသခင် ကောင်းချီးပေးပါစေသော်....။

## မေးခွန်းများ

၁။ ခရစ်တော်သည် မည်သည့်အတွက် ဆုတောင်းသနည်း။
၂။ ဘုရားသခင်၌ တစ်မျိုးတည်းသော အစီအစဉ်ရှိသည့် အချို့သော အရာများကို ဖော်ပြပါ။
၃။ အဘယ်ကြောင့် လူသည် ခရစ်ယာန်ဖြစ်အပ်ပါသနည်း။
၄။ ခရစ်ယာန်တစ်ယောက် မဖြစ်လာမီ လူသည် အဘယ်အမှုကို ပြုရမည်နည်း။
၅။ ခရစ်တော်အတွက် အဘယ်အမှုကို လိုလားသောစိတ်ဖြင့် ခံယူရမည်နည်း။
၆။ ခရစ်တော်ထဲသို့ မည်သို့ဝင်ရောက်နိုင်ပါသနည်း။
၇။ ဧဝံဂေလိကို လိုက်နာလိုက်လျှောက်ခြင်းတွင် နောက်ဆုံး ခြေလှမ်းကား အဘယ်နည်း။

၈။ ဝိညာဉ်ဆိုင်ရာ ကောင်းချီးမင်္ဂလာများသည် မည်သူ့အတွင်း၌ ရှိသနည်း။

၉။ တမန်တော်ဝတ္ထုအခန်း ၁၀ နှင့် ၁၁ တွင် ပေတရုရှိသော သင်ခန်းစာမှာ အဘယ်နည်း။

၁၀။ အသားစားခြင်းအမှုနှင့် ပတ်သက်၍ ပေါလု မည်သို့ပြောသနည်း။

၁၁။ ဘုရားသခင် တားမြစ်ခြင်းမရှိသော အစားအသောက်အမှုတွင် သူတစ်ပါးအား ....................သွန်သင်လျှင် မှားယွင်းပါသည်။

၁၂။ အဘယ်အရာကို ဝတ်ပြုခြင်းမပြုရန် လူအား တားမြစ်ထားပါသနည်း။

၁၃။ ကျွန်ုပ်တို့အတွက် ရုပ်တု–ဆင်းတု ဖြစ်လာနိုင်သောအရာအချို့ကို ဖော်ပြပါ။

၁၄။ ကျွန်ုပ်တို့သည် ဘုရားသခင်ကို ..................ထားရပေမည်။

၁၅။ လူတိုင်းသည် ......................ရမည်ဖြစ်ပြီး ....................ရာနေ့တွင် ရပါမည်။

* * *